(ပြည်သူ့ခေတ်ဂျာနယ် ဆောင်းပါးများ)

ကောင်းဆက်နိုင်

# အံ့ဩလွန်းလို့ သေတော့မယ် - ၂

ပထမအကြိမ်

၂၀၁၃ ခုနှစ်၊ ဇွန်လ

မျက်နှာဖုံးဒီဇိုင်း

မိုးဇံ

ဖလင်

**AZ**

အုပ်ရေ

၅၀၀

တန်ဖိုး

၁၅၀၀ ကျပ်

ထုတ်ဝေသူ

ဦးဝင်းချို ရွှေဝံစာအုပ်တိုက်
အမှတ် - ၂၁၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဒေါ်ခင်လှ(စာပေလောက) ပုံနှိပ်တိုက် (၀၁၅၇၈)
၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကောင်းဆက်နိုင် ၉၂၇
အုံ့ညှို့လွှမ်းလို့ သေတော့မယ် / ကောင်းဆက်နိုင်
၁၆၆ - စာ၊ ၁၃.၃ x ၂၀.၉ စင်တီမီတာ
(၂) အုံ့ညှို့လွှမ်းလို့ သေတော့မယ်

# မာတိကာ


၁။ အိမ်သာယဉ်ကျေးမှု ၀

၂။ ကြားဖြတ် ရွေးကောက်ပွဲမှာ ပြည်နိုင်ငံကြိုး ရှုံးနိမ့်ရတဲ့ အကြောင်းရင်း ၁၁

၃။ ဥရောပ အလုပ်သမားတစ်ယောက်အကြောင်း ၁၆

၄။ မာလုတာဓာတ် ၂၀

၅။ မမျှတဲ့ ဓာတ်ပေါင်းခန်း ၂၄

၆။ စကားလေး သုံးခွန်းမျှပင် ၂၉

၇။ သန်မစွမ်းတို့ရဲ့ရင်ထဲက စကား ၃၃

၈။ အံ့ဩလွန်းလို့ သေတော့မယ် ၃၇

၉။ ဒေါက်ကောင်းဆက်နိုင် ၄၃

၁၀။ အံ့ဩလွန်းလို့ သေတော့မယ် ၄၇

၁၁။ စားသုံးသူတွေကို ကာကွယ်ဖို့ ၅၁

၁၂။ အံ့ဩလွန်းလို့ သေတော့မယ် ၅၄

၁၃။ ထိုနှစ်ဦး ၅၉

၁၄။ အံ့ဩလွန်းလို့ သေတော့မယ် ၆၈

၁၅။ အံ့ဩလွန်းလို့သေတော့မယ် ၇၃

၁၆။ ပြည်သူ့ဆန္ဒစစ်တမ်း ၇၈

၁၇။ အံ့ဩလွန်းလို့သေတော့မယ် ၈၁

၁၈။ အံ့ဩလွန်းလို့သေတော့မယ် ၈၆

၁၉။ ဥက္ကဋ္ဌကြီးက ဥက္ကဋ္ဌကြီးပါပဲ ခင်ဗျာ ၉၁

၂၀။ အံ့ဩလွန်းလို့သေတော့မယ် ၉၅

၂၁။ အံ့ဩလွန်းလို့သေတော့မယ် ၉၉

၂၂။ နှစ်ထပ်ကွမ်း အမိန့်ကြော်ငြာစာများ ၁၀၄

၂၃။ အံ့ဩလွန်းလို့သေတော့မယ် ၁၀၈

၂၄။ အံ့ဩလွန်းလို့သေတော့မယ် ၁၁၃

၂၅။ အံ့ဩလွန်းလို့သေတော့မယ် ၁၂၁

၂၆။ အံ့ဩလွန်းလို့သေတော့မယ် ၁၂၅

၂၇။ အံ့ဩလွန်းလို့သေတော့မယ် ၁၂၉

၂၈။ အံ့ဩလွန်းလို့သေတော့မယ် ၁၃၃

၂၉။ အံ့ဩလွန်းလို့သေတော့မယ် ၁၃၈

၃၀။ အံ့ဩလွန်းလို့သေတော့မယ် ၁၄၃

၃၁။ အံ့ဩလွန်းလို့သေတော့မယ် ၁၄၇

၃၂။ အံ့ဩလွန်းလို့သေတော့မယ် ၁၅၁

၃၃။ အံ့ဩလွန်းလို့သေတော့မယ် ၁၅၆

၃၄။ အံ့ဩလွန်းလို့သေတော့မယ် ၁၆၀

၃၅။ အံ့ဩလွန်းလို့သေတော့မယ် ၁၆၄

၃၆။ အံ့ဩလွန်းလို့သေတော့မယ် ၁၆၅

# အမှာစာ

'အံ့ဩလွန်းလို့ သေတော့မယ်' အတွဲ (၁) ကို ထပ်ပြီး ပုံနှိပ်ရလောက်အောင် စာဖတ်ပရိသတ်များ အားပေးကြတဲ့အတွက် အံ့ဩလွန်းရပါတယ်။

'အံ့ဩလွန်းလို့သေတော့မယ်'အတွဲ ၁ ဟာ စာပေစိစစ်ရေးရှိစဉ်က စိစစ်ရေးအောက်က ထွက်လာခဲ့တဲ့ စာအုပ်ပါ။ အတွဲ (၂)ကတော့ စိစစ်ရေး မရှိတော့ချိန် ရေးသားခဲ့တဲ့ ဆောင်းပါးများ ဖြစ်တဲ့အတွက် ပိုပြီး သဘောကျပါလိမ့်မယ်။

စာရေးသူများဟာ အမြန် လျှောက်ခွင့်မပြုလို့ အနေးလျှောက်ပြီး ကျင့်သားရနေတဲ့ ဇောင်းထဲက မြင်းတွေနဲ့ တူပါတယ်။ ဇောင်းထဲက လွတ်ရင် ဘယ်လို ပြေးလိုက်မယ်ဆိုတဲ့ စိတ်ကူးရှိပေမယ့် တကယ် ဇောင်းထဲက လွတ်ချိန်မှာ ချက်ချင်း အမြန် လျှောက်လို့ မရကြပါဘူး။ စိတ်ကသာရှိပြီး ခြေထောက်တွေက ထော့နဲ့ ထော့နဲ့ တွေးသာကြည့်ကြပါဗျား။

အံ့ဩလွန်းလို့ သေတော့မယ် အတွဲ (၂) ဆောင်းပါးများဟာ ထော့နဲ့ ထော့နဲ့ ပြေးရင်း ရေးခဲ့သော ဆောင်းပါးများဆိုရင် မမှားပေဘူး။ အနာဂတ် ဆိုတာ ပြောလို့မရလို့ ရေးနိုင်တုန်း ရေးနိုင်သလောက် ရေးခဲ့တာ ဖတ်နိုင် သလောက် ဖတ်ကြည့်ကြပါ။ ကျုပ်တို့ အားလုံးရဲ့ ရည်မှန်းချက်ကတော့ 'လယ်လုပ်သူသာလယ်ပိုင်ခွင့်'ဆိုတဲ့ စကားလို 'ပြည်သူလူထုသည်သာ အာဏာပိုင်ခွင့်' ဖြစ်ကြောင်းပါ။

**ကောင်းဆက်နိုင်**

# အိမ်သာယဉ်ကျေးမှု

'အိမ်သာ'ဆိုသည်နှင့် နှာခေါင်းရှုံ့ချင်သူက များလှပါဘိ။

ကိုယ်လည်း မြန်မာ၊ မြန်မာတောင်မှ ဇာစ်မြစ်က အညာရွာလေး တစ်ရွာကဆိုတော့ ကိုယ့်လူမျိုးအကြောင်း အသိမ်အမွမ ကျန်အောင် သိတာပေါ့။ အင်မတန် ရှုံ့တတ်တဲ့ လူမျိုးပဲဗျာ။ ဘယ်လောက်အထိ ရှုံ့တတ်ကြလဲဆိုတော့ ထွက်ပြီဆိုတာနဲ့ လုံးဝ လှည့်မကြည့် တမ်းပြေးတော့တာမျိုး။ ကိုယ်နဲ့ လုံးဝ မဆိုင်တော့သလို မပတ်သက်ချက်တော့တဲ့ သဘော။

ရှုံ့တတ်တဲ့လူမျိုးဆိုတော့ ရှေးတုန်းက ရွာတွေမှာဆိုရင် လူနေတဲ့ ခြံဝန်းတွေထဲမှာ သူတို့ (အိမ်သာ)ကို မထားဘူး။ ဆယ်တန်းကျောင်းသားဘဝ သာစည်မြို့နဲ့ မလှမ်းမကမ်း ရွာလေးတစ်ရွာက ကျောင်းနေဖက် သူငယ်ချင်းဆီ စာကျက်ရင်း ညအိပ် အလည်သွားခဲ့ ဖူးပါတယ်။ မနက်ခင်း အိမ်သာ ဘယ်မှာလဲ မေးတော့ လယ်ကွင်းဘက်ဆီ လက်ညှိုး ထိုးပြပါတယ်။ စက္ကူ တောင်းတော့ သတင်းစာ ထုတ်ပေးပါတယ်။ အထူးညွှန်သည်မို့ သတင်းစာစက္ကူပေးတာပါ။ အိမ်သာတွေကတော့ သစ်ပင်က ကိုင်းကလေး ချိုးသွားတာ တွေ့ပါတယ်။ ဘယ်တတ်နိုင်မလဲဗျာ။ မိုင်းတွေရှောင်ရင်း လယ်ကွင်းထဲပဲ စက္ကူကိုင်ပြီး ပြေးရတော့တာပေါ့။

လွန်ခဲ့တဲ့ ၄၅ နှစ်လောက်ကဆိုတော့ မြို့ပေါ်တွေမှာလည်း အိမ်သာတွေ အိမ်တိုင်းမှာ ရှိပေမယ့် ပုံစံ အမျိုးမျိုးပါပဲ။ တချို့လည်း တိုက်ရိုက်၊ တွင်းနဲ့ တွင်းထဲမှာ လောက်တွေက တဖွားဖွားနဲ့ နပန်းလုံးနေကြတယ်။ တိုင်လေးတိုင်စိုက် ကြမ်းကျိုးတိုးကျဲတဲခင်း။ လှုပ်လီ

လှုပ်လဲ့ ကျိုးပြီး ပြတ်ကျမလား အောက်မေ့ရတယ်။ တချို့အမိုးမရှိဘူး။ တချို့ပလတ်စတစ်နဲ့ ဖြစ်သလို မိုးထားတယ်။ ဂုန်နီအိတ်ခွံနဲ့ ကာတဲ့သူက ကာ၊ တချို့ 'အုတ်ခနောင်း' ခေါ်တဲ့ ဝါးကိုစိတ်ပြီး မရှုအောင် အချောသယ်ထားတဲ့ တုတ်ချောင်းလေးတွေ မသုံးရသေးတာက တစ်ပုံ။ သုံးပြီးသား တစ်ပုံးထားတယ်။ တချို့ သုံးပြီးသား တုတ်ကို ပြန်ဆေးပြီး သုံးတယ်။ ရှေးမြန်မာဘုန်းကြီးကျောင်းတွေမှာ ကနုတ်တဲ့လို့ ခေါ်တယ်။ (အခုတော့ ဘုန်းကြီးကျောင်း အတော်များများမှာ ရေသုံးနေကြပါပြီ) နောင် တဖြည်းဖြည်းနဲ့ ရေလောင်းအိမ်သာအဆင့်ကို ပြောင်းလာကြပါတယ်။ ပြောင်းရာမှာလည်း အမျိုးမျိုးပဲ။ 'ရေတံလျှောက်' လို့ခေါ်တဲ့ ရေနဲ့ အညစ်အကြေးဆင်းတဲ့ မြောင်းကို ပလတ်စတစ်မိုးကာနဲ့ လုပ်တယ်။ သစ်သားပြားနဲ့ တချို့ သွပ်ပြားနဲ့ တချို့ အုတ်မြောင်းနဲ့တစ်ဖုံ၊ ထန်းပင် ပင်စည်ကို ခြမ်းထားတာနဲ့ တချို့ ဝါးဘိုးဝါးနဲ့ တချို့ စိတ်ကူးစိတ်သန်း အမျိုးမျိုးနဲ့ လုပ်ကြပါတယ်။

အညစ်အကြေးကို ရေလောင်းချတဲ့စနစ်ပေမယ့် တချို့က သန့်ရှင်းမှုကို ရေမသုံးတတ်ဘဲ စက္ကူသုံးတဲ့သူတွေလည်း ရှိပါတယ်။ ဟုတ်ပါတယ်။ ငယ်စဉ်က သုံးခဲ့တဲ့ အကျင့်မရှိဘဲ ကြီးမှ ကိုယ့်အညစ်အကြေးကို လက်နဲ့ထိပြီး ပယ်ပယ်နယ်နယ် ဆေးကြောရမယ်ဆိုတော့ အစိမ်းသက်သက်ဆိုရင် ရွံကြမှာပါပဲ။

## အိမ်သာ ဒဿန

ဒါကြောင့် ထင်ပါရဲ့ မွန်မြတ်တဲ့ စားဖွယ်သောက်ဖွယ်ကနေ စားသောက်ပြီး မကြာခင် ကာလမှာ သွေးမျှော ပုန်းလျှိုးကွယ်လျှိုးနဲ့ မထင်မရှား 'မစင်' ဘဝနဲ့ ထွက်ရတာကို ကိုယ်ချင်းစာစိတ်အပြည့်နဲ့ ကျောင်းအိမ်သာ၊ ကျေးလက်အိမ်သာတွေမှာ လက်ဆင့်ကမ်းခဲ့တဲ့ ကဗျာတစ်ပုဒ်က 'စားတော့ ပြုံးပြုံး၊ ယိုတော့ မုန်းသည်၊ အသုံးမကျ ငါဘဝပါတကား' တဲ့။

အချိန်ရှိခိုက် လုံ့လနိုက်ဆိုသလို မြန်မာလူမျိုးများဟာ အထူးသဖြင့် မြေဖြူခဲပေါ်တဲ့ ကျောင်းအိမ်သာတွေမှာ လက်စွမ်းပြထားကြတာလည်း တွေ့ဖူးပါတယ်။ ဆိတ်ကွယ်ရာ ဆိုတော့ ဝါသနာပါရာကို သဘောရှိ ဖန်တီးကြတာပေါ့။ တချို့လည်း တရားသဘော၊ တချို့လည်း ညစ်ညမ်း၊ တချို့လည်း အနုအလှ၊ တချို့ဆိုရင် လူတွေရဲ့ စိတ်ကိုတောင် ကြိုသိတဲ့သူတွေ ပါတယ်ဗျာ။

အိမ်သာတစ်ခုမှာ ကြုံဖူးတာက မျက်လုံး ရှေ့တည့်တည့်မှာ အပေါ်ကို ညွှန်ပြတဲ့ မြှားကလေးနဲ့အတူ စာတန်းက 'သတိ၊ အပေါ် မော့မကြည့်ရ' တဲ့

ကဲ၊ ကျုပ် အပါအဝင် မြင်ရသူတိုင်း ဘာလုပ်မယ်ထင်လဲ။ တားရင်လုပ်ချင်တဲ့ လူ့သဘောအရ စက္ကန့်မဆိုင်းဘဲ အပေါ်မော့ကြည့်မိတာပေါ့။ အပေါ်မှာ ရေးထားတာက 'ကဲ မကြည့်နဲ့ဆိုတဲ့ကောင် နမပေးယောက်ဖ' တဲ့။ တကယ်သာ ပေးရကြေးဆိုရင် ရေးတဲ့ သူဟာ ရတဲ့ နမတွေ များလွန်းလို့ ရွာတောင် တည်ရတော့မှာပဲ။

## အိမ်သာက ပြောတဲ့ လူနေမှုအဆင့်

အခုတော့ လူနေမှု အဆင့်တွေ ပြောင်းလဲ မြင့်တက်တာ အရမ်း မြန်ဆန်နေပါတယ်။ ပိုက်ဆံ ငွေကြေးချမ်းသာတာ ဆင်းရဲတာနဲ့ မဆိုင်ဘဲ လူနေမှုအဆင့် ဆိုတာဟာ သီးခြား ရှိပါတယ်။ ဘယ်လောက်ပဲ နွမ်းပါးပါစေ၊ အိမ်၊ ဝန်းခြံ၊ မီးဖို၊ အိမ်သာတွေ အမြဲ သပ်ရပ် သန့်ရှင်းတဲ့ အိမ်တွေ တွေ့ဖူးပါတယ်။ အိမ်သာလည်း သူ့အဆင့်နဲ့သူ အမြဲ သန့်ရှင်းအောင် ထားသူတွေ ရှိပါတယ်။

ဘယ်လောက် အကုန်အကျခံထားထား သန့်ရှင်းမှုမရှိရင် လူနေမှုအဆင့်ရှိတယ်လို့ ပြောလို့မရပါဘူး။ ကျွန်တော့ ဟင်း။ မကောင်းချင်နေ အိမ်သာသန့်တဲ့ အိမ်မှာပဲ တည်းချင်ပါတယ်။

ဥရောပကို ကျွန်ုပ်ရောက်သွားတော့ ပထမ ကိုယ့်အခန်းကိုယ် မနေရခင် ဘော်ဒါဆောင် သဘောမျိုး မိုတယ်ပုံစံ နေရခိုက်မှာ 'ဖရော်ဝ' ဆိုတဲ့ အိမ်ရှင် အမျိုးသမီးကြီးဟာ စိတ်ရှည်လက်ရှည်နဲ့ အိမ်သာ (ဘိုထိုင်) ကို ဘယ်လို သန့်ရှင်းရေးလုပ်ပြီး ဘယ်လို အသုံးပြုသင့်တယ်ဆိုတာ သင်ပြပါတယ်။ လက်အိတ်စွပ်လိုက်ပြီး ကျွန်ုပ်တို့ တက်တဲ့ အိမ်သာကို သူက တယုတယနဲ့ ပယ်ပယ်နယ်နယ် တိုက်ချွတ်ပြနေတာ အားတောင် နာမိတယ်။ ဆပ်ပြာရည်၊ လက်ဆေးစရာ၊ လက်သုတ်စရာ အပြည့်အစုံပါပဲ။

အဟုတ်သားပဲဗျာ။ သူ တိုက်ချွတ်ဆေးကြောအပြီး အိမ်သာတက်ရတာ အနံ့အသက် မရှိ၊ စိတ်ပေါ့ပါးလွတ်လပ်ပြီး ကျန်းမာရေး ဘယ်လောက် ကောင်းလိုက်သလဲ။ အခုထိ ဒီသန့်ရှင်းမှု နည်းကမ်းလေးကို အမြဲ လိုက်နာ ကျင့်သုံးမိပါတယ်။

ကိုယ် အသုံးပြုစဉ် စိတ်ချမ်းသာမှုရသလို ကိုယ့်ကိစ္စပြီးရင် ပြီးကာပစ် လုပ်မသွားဘဲ နောက်သုံးမယ့်လူ စိတ်ချမ်းသာမှုရဖို့ အသေအချာ စနစ်တကျ လုပ်သင့်တာပေါ့။

ဥရောပ ဩစတြီးယားနိုင်ငံ (Austria) မှာဆိုရင် MUSIC W.C ဆိုပြီး တူရိယာ ပစ္စည်းတွေ ပြထားတဲ့အပြင် Sound Box အများအပြားနဲ့ ဂန္ထဝင်ဂီတတွေ ဖွင့်ပေးထားတဲ့ သန့်စင်ခန်းတောင် တွေ့မြင်ခဲ့ရဖူးပါတယ်။

## နိုင်ငံရဲ့အဆင့်

ဘတ်စကား ရထားတွေကနေ နိုင်ငံရဲ့ အဆင့်ကို ပြနေသလို အများသုံးအိမ်သာ သန့်စင်ခန်းတွေကလည်း နိုင်ငံရဲ့ အဆင့်ကို ပြနေပါတယ်။

အရင်ကလို တံခါးပိတ်ဝါဒ မဟုတ်တော့ဘဲ နိုင်ငံတကာနဲ့ ကူးလူးဆက်ဆံရတော့မယ်။ လူမျိုးပေါင်းစုံလည်း လာရောက် လည်ပတ်တော့မယ်။

ဒီအချိန်မှာ ကျွန်ုပ်တို့နိုင်ငံရဲ့ အများသုံး သန့်စင်ခန်း၊ အများသုံး နားနေခန်းတွေဟာ အင်မတန် အဆင့်နိမ့်ကျနေတာ တွေ့ရပါတယ်။ အဆင့်နိမ့်တယ်ဆိုတာ အဓိက သန့်ရှင်း တိုက်ချွတ်တဲ့ နည်းစနစ်၊ အနံ့အသက်ပျောက်အောင် ဂရုစိုက်တဲ့ နည်းစနစ်၊ စေတနာထားမှု စိတ်ဝင်စားမှုတွေ နိမ့်နေတာမျိုးပါ။

ခရီးသွားတွေ အသုံးပြုမယ့် မီးရထား၊ ကားဂိတ်တွေ၊ လေဆိပ်တွေက သန့်စင်ခန်းတွေဟာ အဆင့်မီတဲ့အထိ ကြီးကြပ် ဆောင်ရွက်သင့်ပါတယ်။ ပေါင်းသွားတဲ့ ပစ္စည်းတွေ လဲပေးရပါမယ်။ ပြီးခဲ့တဲ့နှစ်က ဟဲဟိုးလေဆိပ်က သန့်စင်ခန်းဆိုရင် (အခုတော့ မသိပါ) တော်တော် ယိုယွင်းပြီး ရုက်ဖွယ် နိမ့်ကျနေတာ တွေ့ရပါတယ်။

အလွန် အရေးကြီးတဲ့ သန့်စင်ခန်းကို စိတ်ဝင်စားသူ အလွန်နည်းတဲ့အတွက် ရုက်စရာ၊ မျက်နှာပူစရာ၊ ကျန်းမာရေးနဲ့ မညီညွတ်တဲ့ အဖြစ်တွေ ကြုံရပါလိမ့်ဦးမယ်။

ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီးမှာ ဖွင့်ထားတဲ့ စားသောက်ဆိုင်တွေရဲ့ သန့်ရှင်းမှု ထိန်းသိမ်းမှုဟာလည်း မနိုင်နင်းတော့တာ တွေ့ရပါတယ်။ အသုံးပြုသူများတာကို အကြောင်းပြလို့ မရပါဘူး။ နိုင်အောင်လုပ်ဖို့က ကိုယ့်တာဝန်ပါ။ ရှုံတတ်တဲ့လူမျိုးဖြစ်တော့ စစ်ဆေးမယ့် တာဝန်ရှိသူများကော ရှုံလို့ စစ်မှ စစ်ကြရဲ့လား။ များများ စစ်ဆေးပေးမှ သန့်ရှင်းလာမှာ ဖြစ်တဲ့အကြောင်း တိုက်တွန်းလိုက်ရပါတယ်။

■

မန္တလေးအလင်း သတင်းဂျာနယ်

အတွဲ ၂၊ အမှတ် ၁၃

၂၇-၇-၂၀၀၂

# ကြားဖြတ် ရွေးကောက်ပွဲမှာ ပြည်ခိုင်ဖြိုး ရှုံးနိမ့်ရတဲ့ အကြောင်းရင်း

ပြည်ခိုင်ဖြိုးပါတီကို မဲ မပေးခဲ့ပေမယ့် ပြည်ခိုင်ဖြိုးပါတီကိုတော့ အခြားပါတီတွေအားလုံးထက် ပို စိတ်ဝင်စားခဲ့ပါတယ်။

အသက်ဆယ်နှစ်အရွယ်ကစလို့ ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းပြီးနောက်ပိုင်း ဗိုလ်ချုပ်ကြီးတွေ အုပ်ချုပ်လိုက်၊ ဗိုလ်ချုပ်ကြီးတွေ ထောင်တဲ့ ပါတီက အုပ်ချုပ်လိုက်၊ ဗိုလ်ချုပ်ကြီးတွေလက်ထဲ အာဏာပြန်ရောက်သွားလိုက်၊ တစ်ခါ လူမှုရေးအသင်းဆိုပြီး ဖွဲ့လိုက်၊ တော်ကြာ နိုင်ငံရေးပါတီအဖြစ် ပြောင်းပြီး အုပ်ချုပ်လိုက်နဲ့ အစဉ်အဆက်လိုက် အချုပ်အခြာအာဏာဟာ အမွေခံပစ္စည်းတစ်ခုလို တစ်လက်ပြီးတစ်လက် ပြောင်းနေတာ ဗိုလ်ချုပ်ကြီးများ ဗိုလ်ချုပ်ကြီးဟောင်းများ စက်ကွင်းက မြန်မာပြည် မလွတ်မြောက်နိုင်တာ မြင်တွေ့နေရပါတယ်။

'ဆရာမောင်ရေစက်' ရေးတဲ့ 'အသင်းကြီးတွင် ပါဝင်ခဲ့စဉ်က' ဆိုတဲ့ စာအုပ်ကို ဖတ်ရတော့ ပြည်ခိုင်ဖြိုးအသင်း တစ်ဖြစ်လဲ ပြည်ခိုင်ဖြိုး ပါတီ အကြောင်းကို မရဲတရဲ အတွင်း မကျတကျ ရေးထားတာ တွေ့ရပါတယ်။

ဖတ်ရင်းနဲ့ စာအုပ်နောက်ဆုံး တစ်နေရာမှာ ပြည်ခိုင်ဖြိုး ဗဟို အတွင်းရေးမှူး ဦးတင်ထွတ်၏ သုံးသပ်ချက်ကို ကောက်နုတ် ဖော်ပြလိုက်သည်ဆိုတဲ့ ပြည်ခိုင်ဖြိုးတို့ရဲ့ ကြားဖြတ် ရွေးကောက်ပွဲ ရှုံးနိမ့်မှုအပေါ် မှန်မှန်ကန်ကန် ရဲရဲဝံ့ဝံ့ ဝေဖန်ထားတာကို

ဖတ်ရတော့ ကိုယ့်မျက်စိကိုယ်တောင် မယုံနိုင်ပါဘူး။ ကောက်နုတ် ဖော်ပြတယ်ဆိုတာတောင် တော်တော် ရှည်နေသေးလို့ ကျုပ်တို့ မဲဆန္ဒရှင် ပြည်သူတွေနဲ့ဆိုင်တဲ့ အပိုင်းလောက်ပဲ မှတ်ချက်ကလေးတွေနဲ့ အတူ ဖော်ပြသွားပါမယ်။

ပြည်နိုင်ငံပြိုင်ပါတီ ဇာတို အတွင်းရေးမှူး ဦးတင်ထွတ်ရဲ့ သုံးသပ်ချက်က ဒီလိုပါ။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ကြားဖြတ် ရွေးကောက်ပွဲတွင် တွေ့ရှိရသော အားနည်းချက်များမှာ

*(က) ပါတီဝင်များ။ ပါတီဝင်များတွင် အာဏာဝင်ပမ်းတက်နေသူများ။ နေရာလိုချင်သူများ။ ထင်ပေါ်လိုသူများ။ ပြည်သူက အမြင်မကြည်လင်သူများ၊ စသည်တို့ ရောထွေးပါဝင်လာပြီး ယုံကြည်ချက်၊ ခံယူချက် ခိုင်မာမှု မရှိသည်ကို တွေ့ရသည်။ ဥပမာ မြို့နယ်တစ်မြို့နယ်တွင် ပါတီဝင်အင်အား '၅၀၀၀၀' (ငါးသောင်း) ကျော် ရှိသော်လည်း မိမိပါတီ ကိုယ်စားလှယ်ကို ဆန္ဒမဲပေးရာတွင် '၄၀၀၀' (လေးထောင်) ကျော်သာရှိပြီး ကျန်ပါတီဝင်များ အခြားပါတီသို့ မဲပေးသည်ကို တွေ့ရသည်။* **(ရေဘူးပေါက်တာ မလိုချင်ဘူး။ ပါတီဝင် များများ လိုချင်တယ် ဆိုတော့ ခပ်လာတုန်းကတော့ အင်အား ငါးသောင်းကျော်ပဲ။ ရေဘူးကယိုနေတော့မဲရုံလည်းရောက်ရော အင်အားလေးထောင်ပဲ ကျန်ပါတော့တယ်။ ပါလာတာ တော်သေးတယ်ဆိုရမှာပါ။ စာရေးသူ)**

*(ခ) ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများ*

*(၁) မဲရုံမှူးဝန်ထမ်းများ။ အချို့ ရုံးဝန်ထမ်းများသည် မိမိတို့ ပါတီမှအပ အခြားပါတီများသို့ ဘက်လိုက်ပြီး ပယ်မဲဖြစ်စေရန်၊ မှန်ကန်သော အခွင့်အရေးမရစေရန် ဆောင်ရွက်ခြင်း။* **(အရင်လို မကြောက်ရလို့ ထင်ပါတယ်။ ရှုံးတဲ့အသင်းကတော့ ဒိုင်ကို မဲတတ်တာပါပဲ။ စာရေးသူ)**

*(၂) ရပ်ကျေးနှင့် မြို့နယ်ကော်မရှင်များ။ NLD ကို လိုလားသူများ။ ဆွေမျိုးများ ပါဝင်နေပြီး မိမိတို့ပါတီ၏ တင်ပြချက်၊ ကန့်ကွက်ချက်များကို မျက်ကွယ်ပြု၍ ဘက်လိုက် ဆုံးဖြတ်ခြင်း။* **(သူတို့နဲ့ကို လွတ်မယ်မထင်ပါဘူး။ စာရေးသူ)**

*(၃) အုပ်ချုပ်ရေးဝန်ထမ်းများ။ အချို့သော ရပ်ကွက်ကျေးရွာအဆင့် အုပ်ချုပ်ရေးမှူးများ၊ စာရေးများ။ မြို့နယ်အဆင့် အုပ်ချုပ်ရေးဝန်ထမ်းများသည် နောက်ကွယ်မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား ဆန့်ကျင် ဖိနှိပ်၍ တစ်ဖက်ပါတီ အသာစီးရစေရန် လှုံ့ဆော်စည်းရုံးခြင်း။* **(အရင် ချုပ်တည်းထားရသမျှ ခုမှ စိတ်ထဲက ... စာရေးသူ)**

*(ဂ) အုပ်ချုပ်ရေး ယန္တရား၏ တန်ပြန် အကျိုးသက်ရောက်မှုများ။*

*တပ်မတော်အစိုးရလက်ထက် ဆောင်ရွက်ခဲ့သော ပြည်သူမကျေနပ်သည့် လုပ်ရပ်များ* **(ဘာများပါလိမ့်။ စာရေးသူ)** *ကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအပေါ် တစ်နယ်လုံး တစ်စည်းပါ အမြင်မကြည်လင်၊ မနှစ်သက်ခြင်းများ တွေ့ရှိရပါသည်။* **(ယေဝမှာ ဟေတုပ္ပဘဝါ- လောက၌ ဖြစ်ဖြစ်သမျှတို့သည် အကြောင်းကြောင့်သာ ဖြစ်၏။ စာရေးသူ)** *ဝန်ကြီးဌာန အကြီးအကဲ အများစုသည် တပ်မတော် အရာရှိကြီးများဖြစ်သည့်ပြင်* **(ယနေ့မှစ၍ နှစ်တစ်ထောင်တိုင်တိုင်။ စာရေးသူ)** *ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး*

ပါတီဝင်များ။ အမှုဆောင်များလည်း ဖြစ်ကြပါသည်။ **(သူလည်းလေ လောကီသားပေမို့ ရှိသမျှ နေရာအားလုံး။ စာရေးသူ)** ထိုတာဝန်ရှိ အကြီးအကဲများအပေါ် မကျေနပ်၊ မနှစ်သက်၊ မကြည်ညိုမှုများသည်လည်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအပေါ် မကောင်းသော ဆိုးကျိုးများ ကျရောက်စေခဲ့ပါသည်။ **(အိမ်ခေါင်မိုးတွေ အားလုံး ပြင်မိုးရမှာလား ခင်ဗျာ။ စာရေးသူ)**

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ သတင်းအား ဖော်ပြမှု အားနည်းခြင်း။ မှောင်ချထားမှုများရှိခြင်း။ **(ဂျာနယ်တွေကို ရည်ညွှန်းတာဆိုရင်တော့ ဂျာနယ်တွေဟာ စာဖတ်သူအကြိုက်ကိုလည်း သိတယ်၊ ဖော်လည်း ဖော်ပြပါတယ်။ စာရေးသူ)**

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် ပြည်သူကြား အမြင်မကြည်လင်အောင် သွေးထိုးသပ်လျှိုမှုများ ပြုလုပ်ခံရခြင်း။ **(အသက် ၁၈ နှစ်အောက်နဲ့ သံဃာတွေကလွဲရင် အားလုံးနီးပါးဟာ '၂၄' သန်း ပြည်ခိုင်ဖြိုးပါတီဝင်တွေ ဖြစ်ပါတယ်။ ဘယ်သူကမှ သွေးထိုးလို့မရတဲ့ အင်အားကြီး ဖြစ်ပါတယ်။ စာရေးသူ)**

ကြားဖြတ် ရွေးကောက်ပွဲအပေါ် သုံးသပ်ချက်များ

NLD ပါတီသည် ဒေါ်အောင်ဆန်းစုကြည်၏ ထင်ပေါ်ကျော်ကြားမှု၊ နိုင်ငံတကာ (အထူးသဖြင့် အနောက်နိုင်ငံများ)၏ အားပေးထောက်ခံမှု၊ နှစ် ၂၀ ခန့် ထိန်းသိမ်းခံရခြင်း အပေါ် သနားကြင်နာမှု **(သနားကြင်နာမှုရဖို့ ဒေါ်စုလို အထိန်းသိမ်းခံလိုက်ဖို့ အကြံပြုချင်ပါတယ်။ စာရေးသူ)** ဗိုလ်ချုပ်အောင်ဆန်းအပေါ် ကြည်ညိုလေးစားမှု **(ဗိုလ်ချုပ်က ဒုတိယအကြိမ် လုပ်ကြံခံရလို့ ကလေးတွေတောင် မသိကြတော့ပါဘူး။ စာရေးသူ)** ဒေါ်အောင်ဆန်းစုကြည် အနိုင်ရလျှင် တိုင်းပြည်တိုးတက်မည် ဟူသော မျှော်လင့်အားကိုးမှု **(ကိုယ့်မိသားစု တိုးတက်အောင် လုပ်သူတွေကို အားမကိုးရဲလို့ ဖြစ်နိုင်ပါတယ်။ စာရေးသူ)**

NLD သည် ပြည်သူတွေ ခံစားနေရသော ဆင်းရဲနွမ်းပါးမှု၊ အလုပ်အကိုင် အခွင့်အလမ်း ရှားပါးမှု၊ အဆင့်ဆင့်သော အစိုးရ၏ အုပ်ချုပ်ရေးယန္တရားအပေါ် မကျေနပ်မှုများကို အခြေခံ၍ ရွေးကောက်ပွဲ စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။ **(ချက်ကောင်းကို မှန်သွားတာကိုး။ စာရေးသူ)**

အချို့သော အစိုးရအုပ်ချုပ်ရေး ယန္တရားအဆင့်ဆင့်၏ အကျင့်ပျက်လာဘ်စားမှု၊ အနိုင်ကျင့်မှု၊ ကိုယ်ကျိုးရှာ မသမာမှုများ ရှိနေခြင်း။ **(အခုမှ ထုတ်ပြောတယ်။ စာရေးသူ)** (Top-down) အထက်မှအောက်သို့ အမိန့်ပေး၊ အမိန့်ခံ စီးဆင်းသည့် 'စစ်အလေ့အထ ရောဂါ' **(စစ်အာဏာရှင်၊ ပဒေသရာဇ်။ စာရေးသူ)** ကို ပြည်သူများရော၊ ဝန်ထမ်းများပါ ကြုံတွေ့ ခံစားနေရ၍ ကောင်းမွန်သော အုပ်ချုပ်ရေး စနစ်အပြောင်းအလဲတက်ကို တမ်းတ မျှော်လင့်နေကြောင်း တွေ့ရှိရပါသည်။ **(သေလုအောင် တမ်းတနေပါသည်။ စာရေးသူ)**

NLD အနိုင်ရလျှင် ပြည်သူများမှ အစိုးရကို ကြောက်ရွံ့နေခြင်းမှ ကင်းလွတ်မည်။ **(ခြောက်တဲ့သူက ခြောက်ထားတာကိုး။ စာရေးသူ)** အုပ်ချုပ်ရေးဌာန အဆင့်ဆင့်၏ အနိုင်ကျင့်ခြင်း။ မတရားပြုမူခြင်းမှ ကင်းလွတ်မည်။ ဝန်ထမ်းများအတွင်း၌လည်း နှစ်ပေါင်း

*များစွာ အမြစ်တွယ်နေသည့် စစ်အုပ်ချုပ်ရေးစနစ် ကင်းစင်ပျောက်မည်ဟု မျှော်လင့်လျက်ရှိကြောင်း တွေ့ရှိပါသည်။* **(မျှော်လင့်တာမဟုတ်၊ သေချာတာပါ ခင်ဗျာ။ စာရေးသူ)**

*ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် လက်ရှိ အစိုးရအပေါ် မိမိတို့တင်မြှောက်ထားသည့် မိမိတို့၏ အစိုးရဟုလည်းကောင်း၊ အဖွဲ့ဝင်များကို ရဲဘော်ရဲဘက်များ၊ လုပ်ဖော်ကိုင်ဖက်များဟုလည်းကောင်း သဘောထားပြီး သက်ညှာသော၊ ကူညီပံ့ပိုးလိုသော၊ အစိုးရ၏ ပြုပြင်မှုခံရမှာကို စိုးရိမ်သော စိတ်ထားဖြင့် အစိုးရအပေါ် ဝေဖန်ခြင်း၊ ထောက်ပြခြင်း ပြုလုပ်ရန် တုံ့နှေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ယင်းလုပ်ရပ်များအပေါ် ပြည်သူများမှ ပါတီအပေါ် အားမလိုအားမရဖြစ်လျက် ရှိပါသည်။* **(အဘတို့အကြိုက် လိုက်ပြီး ထောက်ခံတာ အကျင့်ပါနေလို့ပါ။ စာရေးသူ)**

*NLD ပါတီ အနိုင်ရလျှင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီထက် အစိုးရအပေါ် ဝေဖန်ထောက်ပြ ပြုပြင် ထိန်းကျောင်းပေးနိုင်လိမ့်မည်ဟု အားထား မျှော်လင့်လျက်ရှိကြောင်း တွေ့ရှိရပါသည်။* **(ကိုယ်လုပ်ချင်တာကို NLD က လုပ်ပေးမှာမို့ပါ။ စာရေးသူ)**

*ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ဆောင်ရွက်သင့်သော ရေရှည်လုပ်ငန်းစဉ်များ*

*ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် အစိုးရ၏ အားနည်းချက်ကို ထောက်ပြဝေဖန်ခြင်း၊ ပြည်သူ့ဆန္ဒအမြင်များကို ဖော်ထုတ်ပေးခြင်း၊ ပြည်သူ၏ လိုအပ်ချက်ကို ဖော်ဆောင်ပေးခြင်းပြုသူများကို သူရဲကောင်းများဟု ပြည်သူများက ယူဆနေသည်ကို သတိပြုရန် လိုအပ်ပါသည်။* **(သူရဲကောင်းဖြစ်ချင်တာနဲ့တော့ စိတ်မပါဘဲ မလုပ်ပါနဲ့ မိုင်းနင်းမိမှာ စိုးပါတယ်။ စာရေးသူ)** *နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သော စစ်အငွေ့အသက် မကုန်သေးသော အုပ်ချုပ်ရေးယန္တရားကို ပြည်သူတွေက စိတ်ပျက် ငြီးငွေ့ ရိုးအီနေသော အချိန်ကာလတွင်* **(လုပ်လို့အားရတော့မှ။ စာရေးသူ)** *အစိုးရ မျက်နှာထက် ပြည်သူ အကျိုးကိုသာ ရဲရဲဝံ့ဝံ့ လုပ်ဆောင်ရန် လိုအပ်ပါသည်။* **(နှစ်ပေါင်း ငါးဆယ်ရှိပြီနော်။ စာရေးသူ)**

*အဆင့်ဆင့်သော ပါတီတွင်း၌ ဦးဆောင်မှုကို ခံယူမှုမရှိသော အားနည်းသော ပါတီဝင်များ၊ အမှုဆောင်များကို ပါတီ၏ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူလျက် ပါတီ သန့်စင်ရေးကို ပြုလုပ်ရန် လိုအပ်ပါသည်။* **(ကျန်ပါဦးမည်လား။ စာရေးသူ)**

*၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲသည် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲဖြစ်စဉ်နှင့် တူညီပါသည်။* **(အဲဒီတုန်းက အနိုင်ရပါတီကို အာဏာလည်း မပေးခဲ့ဘူး။ စာရေးသူ)** *ထိုစဉ်အခါက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) သည် မူဝါဒ၊ လမ်းစဉ်၊ ဖွဲ့စည်းမှု ကောင်းမွန်ပြီး ပါတီဝင်အင်အားနှင့် ရန်ပုံငွေလည်း တောင့်တင်းခိုင်မာပါသည်။* **(ရေဘူးပေါက်နှင့် ခပ်ထားသော... စာရေးသူ)** *သို့ရာတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရ၏ ၂၆ နှစ်တာ ကာလအတွင်းတွင် တွေ့ကြုံရသော အထွေထွေ အကျပ်အတည်းများ၊ ပြည်သူတို့၏ အစိုးရအပေါ် မကျေနပ်မှုများ၊ အကျင့်ပျက်ခြစားမှုများ၊* **(နောက်ပိုင်း**

**ပိုဆိုးပါတယ်။ စာရေးသူ)** *အာဏာ အလွဲသုံးစားလုပ်မှုများ၊ တာဝန်ရှိသူများ၏ အခွင့်ထူးခံမှုများကြောင့် ၁၉၉၀ ပြည့် ရွေးကောက်ပွဲတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစည) အနိုင်မရလျှင် ပြီးရော၊ မည်သို့သော NLD လွှတ်တော် ကိုယ်စားလှယ်ပင်ဖြစ်စေ အရည်အချင်း ရှိသည်၊ မရှိသည်ကို မစဉ်းစား မဆင်ခြင်ဘဲ မဲပေးခဲ့ကြသည်။* **(စိတ်နာအောင် လုပ်ထားကြတာကိုး။ စာရေးသူ)** *(တစည) ပါတီသည် အတိတ်၏ အရိပ်မည်း ဖုံးအုပ်ခြင်းကို ခံခဲ့ရပြီး ယနေ့တိုင် နာလန်မထူသည့် ဘဝသို့ ရောက်ခဲ့ရသည်ကို သင်ခန်းစာယူသင့်ပေသည်။* **(တစည ပါတီက အဖော်ရှာနေပါတယ်။ စာရေးသူ)**

*ပြည်သူများသည် အပြောင်းအလဲကို လိုချင်နေသည်ကို ပို၍ ပို၍ သိသာထင်ရှားလာသည်ကို တွေ့ရပါသည်။* **(အသေခံတောင်းခဲ့တာတောင် အခုမှ တွေ့ရှိသတဲ့လား။ စာရေးသူ)** *ယခု ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း သမိုင်းဘီးတစ်ပတ် ပြန်လည်လာသည်ဟု ဆိုရပါမည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် မူဝါဒလမ်းစဉ် ကလည်း ကောင်းသည်။* **(ပြောကြတာပါပဲ။ စာရေးသူ)** *ပါတီဝင်အင်အားနှင့် ရန်ပုံငွေလည်း တောင့်တင်းသည်။* **(ရန်ပုံငွေတွေ ဘယ်လို တောင့်တင်းပုံကိုလည်း ပြည်သူတွေ သိနှင့်ပါပြီ။ စာရင်းထဲက ပါတီဝင်အင်အား ၂၄ သန်း အကြောင်းလည်း ပြည်သူတွေ သိပြီးသားပါ။ စာရေးသူ)**

*သို့ရာတွင် ပြည်သူများ လိုလား တောင့်တသည့် (Change) အပြောင်းအလဲကို ဖော်ဆောင်ပေးနိုင်ခြင်း မရှိသည့်အပြင် ပြည်သူတို့၏ ယုံကြည်မှုနှင့် ထောက်ခံမှု ကျဆင်းလာပေသည်။* **(ပြောင်းစေချင်တာမှ လူကော မူကော အားလုံး တစ်ခုမကျန် ပြောင်းစေချင်နေကြတာပါ။ စာရေးသူ)**

*မမှန်မကန်လုပ်နေသော လူနည်းစု၏ အမုန်းခံမလား။ ပါတီကို အဆုံးခံမလား။ ရွေးချယ်ရတော့မည့် အချိန်အခါဖြစ်ကြောင်း တင်ပြအပ်ပါသည်။* **(ဘယ်ဟာကောင်းလဲ ပြည်သူကိုသာ မေးကြည့်ပါခင်ဗျာ။ ပတ္တမြားမှန်လျှင် နွံမနစ်ပါ။ စာရေးသူ)**

ဒါကတော့ ပြည်ခိုင်ဖြိုးပါတီ ဗဟိုအတွင်းရေးမှူး ဦးတင်ထွတ်ရဲ့ သုံးသပ်ချက်၊ ကောက်နုတ် ဖော်ပြချက်ထဲက တချို့ဖြစ်ပါတယ်။

တစ်ခါတလေကျတော့ လူပြိန်းတွေး တွေးတာက ပိုပြီး နီးစပ်တတ်ပါတယ်။ စာရေးသူ လူပြိန်းတွေး တွေးကြည့်ပါတယ်။ ကြားဖြတ် ရွေးကောက်ပွဲမှာ ပြည်ခိုင်ဖြိုး ရှုံးနိမ့်ရတဲ့ အကြောင်းရင်းက အရင်ကလို ကြိုတင်မဲတွေ ကောက်ယူခွင့် မရှိတော့လို့ ဖြစ်ပါတယ် ခင်ဗျာ။

■ မန္တလေးအလင်း သတင်းဂျာနယ်

အတွဲ ၂ အမှတ် ၁၉

၂၅-၇-၂၀၁၂

# ဥရောပ အလုပ်သမားတစ်ယောက်အကြောင်း

ဥရောပ (အထူးသဖြင့် ဂျာမနီ)က ပြည်သူတွေ၊ ဝန်ထမ်းတွေနဲ့ အစိုးရတွေဟာ လေသမားတွေ မဟုတ်ဘဲ လက်တွေ့သမားတွေပဲ ဖြစ်ပါတယ်။ သူတို့ဟာ လေသမားတွေကြောင့် ဒုက္ခဆင်းရဲရောက်ခဲ့ဖူးပြီမို့ ဝေးဝေးက ရှောင်ကြပါတယ်။

ကိုယ်ကိုယ်တိုင် သူတို့ဆီမှာလည်း အလုပ်သမားတစ်ယောက်အဖြစ် နေထိုင်ခဲ့ရတာမို့ ဘဝမှန်ကို မျက်ဝါးထင်ထင် တွေ့ခဲ့ရဖူးပါတယ်။ အခွင့်အရေး၊ တာဝန်၊ လူမှုဖူလုံရေး၊ ကျန်းမာရေးနဲ့ အလုပ်သမား သမဂ္ဂတွေဟာ လေထဲ၊ စာရွက်ထဲမှာသာ ရှိနေတာ မဟုတ်ဘဲ လက်တွေ့ဘဝမှာ စီးဆင်း လည်ပတ် (run) နေပါတယ်။

သူတို့ဆီမှာ အလုပ်ရှင်နဲ့ အလုပ်သမားကို ထိန်းညှိပေးထားတာက ကိုယ်စားပြုအဖွဲ့ နှစ်ဖွဲ့ဖြစ်တဲ့ အလုပ်ရှင်များ၊ သမဂ္ဂနဲ့ အလုပ်သမား သမဂ္ဂပါပဲ။ အလုပ်ရှင်သမဂ္ဂက အလုပ်ရှင်တွေ ထည့်ဝင်တဲ့ ငွေနဲ့ ရပ်တည်ပါတယ်။ အလုပ်သမား သမဂ္ဂက အလုပ်သမားတွေ ထည့်ဝင်တဲ့ ဝင်ကြေး၊ လစဉ်ကြေးအပြင် အစိုးရထောက်ပံ့ငွေနဲ့လည်း ရပ်တည်ထားပါတယ်။

အလုပ်ရှင် အလုပ်သမား ဥပဒေ၊ လုပ်ငန်းခွင် ဥပဒေနဲ့ လူမှုဖူလုံရေး ဥပဒေတွေကို လွှတ်တော်က ပြဋ္ဌာန်းပါတယ်။

နေ့စဉ် ကုန်စျေးနှုန်း၊ အတက်အကျနဲ့ အိမ်ခန်းငှားခတွေကို အချိုးကျ တွက်ချက်တဲ့ အလုပ်သမားတစ်ယောက်ရဲ့ အနိမ့်ဆုံး လုပ်အားခကို အလုပ်ရှင်သမဂ္ဂနဲ့ အလုပ်သမား သမဂ္ဂ ဆွေးနွေး ညှိနှိုင်းပြီး လွှတ်တော်ကို တင်ပြ အတည်ပြုရပါတယ်။

အလုပ်သမား သမဂ္ဂရုံးက ခရိုင်မြို့တွေ၊ မြို့ကြီးတွေမှာ ဖွင့်လှစ်ထားပါတယ်။ မဝင်

မနေရ မဟုတ်ပါဘူး။ ဆန္ဒမရှိရင် မဝင်ဘဲ နေလို့ရပါတယ်။ ဝင်ရင်တော့ ဝင်ကြေး အနည်းငယ်နဲ့ လစာရဲ့ ၁.၀ ရာခိုင်နှုန်း လစဉ်ကြေး ကောက်ပါတယ်။

အသင်းဝင်ရင် ရလာမယ့် အခွင့်အရေးတွေက အလုပ်ရှင်နဲ့ ပဋိပက္ခဖြစ်ရင် အသင်းက ငှားထားတဲ့ ရှေ့နေတွေက အခမဲ့ လိုက်လံ ဆောင်ရွက်ပေးပါတယ်။

ဥပမာ၊ အလုပ်သမားတစ်ယောက်က ကိုယ့်အပေါ်မှာ အလုပ်ရှင်က မတရားဘူး ထင်ရင် အလုပ်သမားသမဂ္ဂကို အကြောင်းကြားရပါတယ်။ သမဂ္ဂရုံးက အကျိုးအကြောင်း နားထောင်ပြီး အလုပ်ရှင်က ဥပဒေနဲ့မညီ လုပ်တာတွေရှင် အလုပ်ရှင်ကို သတိပေးတဲ့အနေနဲ့ အလုပ်ရုံမှာ သူ ဖျက်ကွက်နေတဲ့ ဥပဒေ အချက်အလက်တွေကို သတိပြုမိအောင် စာရွက် လာကပ်ပါတယ်။ အလုပ်ရှင်က အမြင်မှန်သွားလို့ သမဂ္ဂကို ဆက်သွယ်ရင် သမဂ္ဂက အလုပ်သမားကို အကျိုးအကြောင်း ပြောပြပါတယ်။ အဆင်ပြေတာ များပါတယ်။ အလုပ်ရှင်က ခေါင်းမာနေမယ် ဆိုရင်တော့ သမဂ္ဂနဲ့ ညှိပြီး ဆန္ဒပြနိုင်ပါတယ်။ ဥပဒေ ဘောင်ထဲမှာ ဆန္ဒပြတဲ့အတွက် လုပ်အားခ မဖြတ်ရပါဘူး။ အလုပ်ဖြုတ်ဖို့တော့ ဝေးလာ ဝေးပါပဲ။ အလုပ်သမားတွေ ဆန္ဒပြတာ အလုပ် အမျိုးအစားအလိုက်၊ နိုင်ငံအလိုက် ရက်ကန့်သတ်ချက် ရှိပါတယ်။ (ကောက်ခါငင်ခါ လုပ်လို့ မရပါဘူး) ကြိုတင် အသိပေး ရပါတယ်။ ဒါက အလုပ်ရှင်ကို ထိခိုက်တာထက် ပြည်သူ (Public) ကို မထိခိုက်အောင် ကာကွယ်တာပါ။

အလုပ်ရှင်တစ်ယောက်က အလုပ်သမားတစ်ယောက်ကို အလုပ်ထုတ်ချင်ရင် သုံးလ ကြိုတင် အကြောင်းကြားရပါတယ်။ (အလုပ်သစ်ရှာချိန်ရအောင်ပါ) ထုတ်စာ မပေးမီမှာ သတိပေးစာ နှစ်ကြိမ် ပေးရပါတယ်။ တချို့ အလုပ်ရှင်တွေက အလုပ်ထိခိုက်နိုင်မယ့် အခြေအနေမှာ သုံးလစာ လစာပေးပြီး နောက်နေ့ မလာနဲ့တော့ ဆိုပြီး ခွင့်ပေးလိုက်တာ ရှိတတ်ပါတယ်။

အလုပ်တစ်ခု ခန့်ရင် အလုပ်ရှင်ရော အလုပ်သမားပါ အခွန်တွေကို လစဉ်မျှပြီး ဆောင်ရပါတယ်။ ကျန်းမာရေးအာမခံ၊ လူမှုရေး အာမခံနဲ့ အလုပ်လက်မဲ့ အာမခံ စတာတွေလည်း မျှခံရပါတယ်။

ကျန်းမာရေး အာမခံ ကုမ္ပဏီတွေက အများအပြားရှိတဲ့အနက် မိမိ နှစ်သက်ရာ ကုမ္ပဏီနဲ့ ဆက်သွယ်နိုင်ပါတယ်။ နေထိုင်မကောင်းဖြစ်ရင် ဆေးရုံဆေးခန်းတွေက ကျန်းမာရေး အာမခံ ကုမ္ပဏီကတ်နဲ့ အခမဲ့ ကုသပေးပါတယ်။ စားဆေးသောက်ဆေး ကိုယ့်ဘာသာ ဝယ်ရပါတယ်။ (တကယ်တော့ ဆေးခန်း ဆေးရုံတွေကို အာမခံကုမ္ပဏီက ကုသခတွေ ရှင်းပေးလိုက်တာ ဖြစ်ပါတယ်)

ဆရာဝန်ထောက်ခံချက်နဲ့ ခြောက်ပတ်အထိ လစာအပြည့်နဲ့ ခွင့်ယူလို့ရပါတယ်။ အလုပ်ရှင်က ငြင်းခွင့်မရှိပါဘူး။ တစ်ခုတော့ ရှိပါတယ်။ ရိုးရိုး ဖျားနာတာ မဟုတ်ဘဲ နိုချင်ကပ်ချင်လို့ ခွင့် ခဏခဏ ယူတဲ့ အလုပ်သမားမျိုးကျတော့ ဒီနှစ် စာချုပ်ပြည့်လို့ နောက်နှစ် စာချုပ်တော့မယ်ဆိုရင် မခန့်တော့ဘူးပေါ့ဗျာ။

ဒီလိုနဲ့ အလုပ်ရှင်နဲ့ အလုပ်သမားဟာ တစ်ဦးနဲ့ တစ်ဦး အဆင်မပြေလို့ကို မဖြစ်တော့

ပါဘူး။ ရေရှည်သွားချင်ရင် တစ်ဦးပေါ်တစ်ဦး မညစ်မှ ဖြစ်တာပါ။ တကယ်တော့ အလုပ်ရှင်ကလည်း အလုပ်သမား ခဏ ခဏ ရှာရတဲ့ဒုက္ခ၊ ရလာပြန်တော့လည်း အရည်အသွေး မပြည့်မီတာတို့ ရင်မဆိုင်ချင်သလို အလုပ်သမားတွေဘက်ကလည်း အသားကျနေတဲ့ အလုပ်တစ်ခုကနေ ပြုတ်ပြီး အလုပ်သစ်လိုက်ရှာရတဲ့ ဒုက္ခ မခံစားချင်ပါဘူး။ ဒီတော့ မတည့်လည်း အဆင်ပြေအောင် နေကြရပါတယ်။

## အလုပ်သမား အလုပ်ပြုတ်ရင်

သိပ်ပူပင်ရမယ့် ကိစ္စတော့ မဟုတ်ပါဘူး။ တစ်နှစ်ပြည့်အောင် အလုပ် လုပ်ပြီးတာနဲ့ အလုပ်ပြုတ်ရင် အလုပ်သမားရုံးကို ချက်ချင်း အကြောင်းကြားရပါတယ်။ ဆိုရှယ် (လူမှုဖူလုံရေးကိုလည်း အကြောင်းကြားရပါတယ်) အလုပ်သမားဝန်ကြီးဌာနက သပ်သပ် လူမှုဖူလုံရေးနဲ့ မိခင်၊ ကလေးများ ဝန်ကြီးဌာနက သပ်သပ်ပါ။ အချက်အလက်တွေ မှန်ကန်မှုရှိရင် အလုပ်ပြုတ်ပြီး နောက်ရက်စလို့ လစာရဲ့ ၆၀ ရာခိုင်နှုန်းကို အလုပ်သမားရုံးက လကုန်တာနဲ့ လစဉ် အလုပ်သစ်ရတဲ့နေ့အထိ ထုတ်ပေးပါတယ်။ ဆေးကုသစရိတ် (ကျန်းမာရေးအာမခံ) အတွက်လည်း အလုပ်သမားရုံးက ဆက် တာဝန်ယူသွားပါတယ်။ မိသားစု အနည်းအများအလိုက် စားဝတ်နေရေး မလောက်ဘူးဆိုရင် ဆိုရှယ် (လူမှုဖူလုံရေး) ရုံးက တွက်ချက်ပြီး ထပ်ဆောင်းပေးပါတယ်။ ဥပမာ လူတစ်ယောက် အလုပ်လုပ်စဉ်က မြန်မာငွေ ဆယ်သိန်း လစာ ရခဲ့ရင် အလုပ်ပြုတ်ပြီးတဲ့အခါမှာ အလုပ်သမားရုံးက ခြောက်သိန်း လစဉ် ပေးပါတယ်။ အိမ်လခနဲ့ ကလေး မိသားစု အနည်းအများပေါ် လိုက်ပြီး (လူတန်းစေ့ နေနိုင်ဖို့ ရုပ်ရှင်ကြည့်၊ အဝတ်အစားဝယ်၊ တစ်ခါတစ်ရံ ခရီးသွားဖို့အထိ တွက်ချက်ပြီး) လေးသိန်းလိုရင် လေးသိန်း။ ငါးသိန်းလိုရင် ငါးသိန်း ဆိုရှယ် (လူမှုဖူလုံရေး)က လစဉ် ဆောင်းပေးပါတယ်။ အလုပ်သစ် မရမချင်း ပေးကြတာမို့ ဣန္ဒြေ လုံးဝ မပျက်ပါဘူး။

အလျဉ်းသင့်လို့ ကျုပ်တို့ဆီက အခြေခံ အလုပ်သမားနဲ့ သူတို့ဆီက အခြေခံ အလုပ်သမား ဘယ်လောက် ကွာခြားသလဲဆိုတာ နှိုင်းယှဉ်ပြရမယ်ဆိုရင် သူတို့ဆီက အခြေခံ အလုပ်သမားတစ်ယောက်ရဲ့လစာက မြန်မာငွေ ဆယ်သိန်းဝန်းကျင် အနည်းဆုံးရပါတယ်။ ကားနဲ့ တိုက်ခန်းကောင်းကောင်းနဲ့ လူနေမှုအဆင့် ကျုပ်တို့ဆီက ညွန့်ချုပ်ထက်သာပါတယ်။

ဥရောပက လူတွေဟာ ရှေးကတည်းက သန့်ရှ၊ အခုတော့ ကွန်ပျူတာပါ။ အလွန်အားကိုးပါတယ်။ သန့်ရှနဲ့ ကွန်ပျူတာသာ မရှိရင် သူတို့အနေနဲ့ လိပ်ကို ပက်လက် လှန်ထားသလို နေမှာပဲ။ လမ်းတွေ လမ်းဘေးက သစ်ပင်တွေ၊ လူတွေ၊ တိရစ္ဆာန်တွေ ရှိရှိသမျှ နံပါတ်တွေ ပေးထားတာပဲ။

ဂျာမနီဟာ ဥရောပမှာ အချမ်းသာဆုံးဆိုပေမယ့် အတွက်အချက်မှာ ကျွမ်းကျင်တော့ မိခင်၊ ကလေး။ အလုပ်လက်မဲ့ ထောက်ပံ့ကြေး။ အငြိမ်းစားနဲ့ အဘိုး၊ အဘွား၊ မသန်စွမ်း စတာတွေကို ထောက်ပံ့တဲ့အခါ သူ့အိုးသူ့ဆန် တန်ရုံပါပဲ။ နိုင်ငံရေးသမားတွေ မဲရဖို့

အလွန်အကျွံ ကတိပေးတာမျိုးတွေ၊ မဲဆွယ်တာမျိုး လက်မခံပါဘူး။

စီးပွားရေးပြဿနာတက်နေတဲ့ ဂရိက ထောက်ပံ့ကြေးတွေဟာ ချမ်းသာတဲ့ ဂျာမနီထက် တော်တော်များနေတာကို တွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံမှာ ကျွမ်းကျင်သူ ပညာရှင်တွေ ဘေးဖယ်ခံထားရရင် နိုင်ငံရေးသမားတွေ ထင်ရာလုပ်သလောက် ပြည်သူတွေ ဒုက္ခ ရောက်ရတတ်ပါတယ်။

## လုပ်ငန်းခွင်

အလုပ်ပြုတ်ရင် အလုပ်သမားရုံးက ထောက်ပံ့သလို တစ်ဖက်က အလုပ်လည်း ရှာပေးတယ်။ ကိုယ်တိုင်လည်း ရှာပြရပါတယ်။ အလုပ်ရှာဖွေရေး ကိုယ်စားလှယ်တွေ (အေဂျင်စီ) အများအပြား ရှိပါတယ်။ သူတို့က လုပ်အားခအပေါ်မှာတင်ပြီး ကုပ်သွေးစုပ်လို့ရတာနဲ့ ရပ်တည်ပါတယ်။

အေဂျင်စီကပဲ ခန့်ခန့်၊ ကုမ္ပဏီကပဲ တိုက်ရိုက်ခန့်ခန့် အလုပ်ခွင်ထဲမှာ စီးဖို့ ဖိနပ်၊ အလုပ်ဝတ်စုံ၊ ခေါင်းဆောင်း၊ ပါးစပ် နှာခေါင်းစည်း (Mask)၊ လက်အိတ်၊ လက်ဆေးကာန်းဆပ်ပြာရည်၊ လုပ်ငန်းသုံးကိရိယာ၊ သောက်ရေ၊ မီးဖိုနဲ့ ထမင်းစားဆောင်၊ အဆင့်မြင့်အိမ်သာ၊ အလုပ်ဝတ်စုံလျှော်ဖို့ အဝတ်လျှော်စက်၊ ရာသီဥတုအေးရင် အနွေးပေးစက် လိုလေသေးမရှိ အလုပ်ရှင်က ဝယ်ပေးထားရပါတယ်။ အဲဒီအခွင့်အရေးနဲ့တကွ အလုပ်သမားတွေ အလုပ်လုပ်ရတာ ကျန်းမာရေးနဲ့ ညီ၊ မညီ အဘက်ဘက်က ထောင့်စေ့အောင် ကျန်းမာရေးဌာန အပါအဝင် ဌာနပေါင်းစုံက စစ်ဆေးကြပါတယ်။ အစိုးရကို အခွန်ရှောင်ပြီး တရားမဝင် နိုးခန့်တာ ရှိ၊ မရှိ အရွယ်ရောက်သူ ဖြစ်ရမည် စတဲ့ စည်းကမ်းတွေ လိုက်နာ၊ မလိုက်နာ လစဉ်လိုလို စစ်ဆေးနေကြပါတယ်။ အလုပ်ရှင်မှာ အခက်အခဲရှိလည်း ကူညီ ပါတယ်။ အလုပ်သမားရော၊ အလုပ်ရှင်ကိုရော အစိုးရက ပစ်မထားပါဘူး။ Good Government အစစ်ပါပဲ။ Good Government (ရွှေဘုန်းရှင် ပဒေသရာဇ်မင်း) မဟုတ်ကြပါကြောင်း။

■ မန္တလေးအလင်း သတင်းဂျာနယ်
အတွဲ ၂၊ အမှတ် ၁၇
၂၄-၈-၂၀၁၂

# မာလုတဇာတ်

ငါးရာ့ငါးဆယ်နှိပါတ်က 'မာလုတဇာတ်' ဖြစ်ပါတယ်။ ဒီဇာတ်ကို ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့အကြောင်းက ဒီလိုပါ။

ဘုရားရှင်လက်ထက်က 'ကာဠမထေရ်' နဲ့ 'ဇုဏှမထေရ်' နှစ်ပါးဟာ ကျောင်းတစ်ကျောင်းထဲမှာ သီတင်းသုံးကြပါတယ်။ တစ်နေ့တော့ ကာဠမထေရ်က လဆုတ်ရက်တိုင်းမှာ အအေးဓာတ်ပိုတယ်လို့ ပြောပါတယ်။ ဇုဏှမထေရ်ကတော့ လဆန်းရက်တိုင်းမှာ အအေးဓာတ်ပိုတယ်လို့ ပြောပါတယ်။ သူက မှန်တယ်၊ ကိုယ်က မှန်တယ်လို့ ငြင်းကြရင်းနဲ့ ဘုရားရှင်ရှေ့မှောက် ရောက်ကြပြီး အဆုံးအဖြတ် ခံကြတဲ့အထိ ပြဿနာတက်ကြပါတယ်။

ဘုရားရှင်က ဘယ်လို မိန့်တော်မူလဲဆိုတော့ 'ရဟန်းတို့- သင်တို့ဟာ ဒီပြဿနာမျိုးကို ရှေးတုန်းကလည်း လာမေးခဲ့ကြတဲ့အတွက် ငါဖြေခဲ့ရပြီးပြီလို့ အတိတ်ကိုဆောင်ပြီး ဒီ 'မာလုတဇာတ်' ကို ဟောတော်မူပါတယ်။

**အတိတ် သို့မဟုတ် ခြသေ့နဲ့ကျား**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်မှာပေါ့ဗျာ။ ထီးနန်းစိုးစံသူကတော့ ဗြဟ္မဒတ်မင်းကြီးပေါ့။ ဘုရားအလောင်းကတော့ တောထဲမှာ ရသေ့အဖြစ် အားထုတ်နေပါတယ်။ ဘုရားအလောင်း သီတင်းသုံးတော်မူနေတဲ့ တောထဲမှာပဲ လိုဏ်ဂူတစ်ခုရှိတယ်။ လိုဏ်ဂူထဲမှာ ခြသေ့နဲ့ကျားဟာ (အပြန်အလှန် ထိန်းကျောင်းရင်းနဲ့) မိတ်ဆွေအဖြစ် နေနေကြတယ်။

သူတို့နှစ်ယောက်ဟာ တစ်နေ့ကျတော့ သိပ်အရေးမပါတဲ့ တစ်နည်းအားဖြင့် အဓိက မကျတဲ့ပြဿနာတစ်ခု အကြောင်းပြုပြီး ငြင်းခုံကြတယ်ဗျ။ တခြား အကောင်ပလောင် တွေ ငြင်းခုံကြတာ ပြဿနာမဟုတ်ပေမယ့် တောသုံးတောင်အစိုးရတဲ့ ခြင်္သေ့နဲ့ တောရိုင်း တိရစ္ဆာန်တွေ အားလုံးက ကြောက်ကြရတဲ့ ကိုရွှေကျားနဲ့ အချင်းများကြတာဆိုတော့ အားကြီးတဲ့ နှစ်ကောင်ကြားမှာ လူတွေ အဲလေ၊ တိရစ္ဆာန်တွေ နားငြီးကြတာပေါ့ဗျာ။ သူတို့ သတ်ကြပုတ်ကြရင် မြေစာပင် ဖြစ်မှာလည်း ကြောက်ကြတာပေါ့။

ငြင်းကြတဲ့အကြောင်းလည်း မေးဦးဗျ။ စောစောက ပြောခဲ့သလို ဘုရားရှင်လက်ထက် မှာ 'ကာဠမထေရ်'နဲ့ 'ဇုဏှမထေရ်' နှစ်ပါး ငြင်းခဲ့တဲ့ အတိုင်းပဲ၊ ဒီမထေရ်နှစ်ပါး ဖြစ်လာ မယ့် ခြင်္သေ့နဲ့ကျား ငြင်းကြတာပါ။

ကျားက လဆုတ်ရက်မှာ ချမ်းတယ်တဲ့။

ခြင်္သေ့က လဆန်းပိုင်းမှာ ချမ်းတယ်တဲ့။

ကိုယ်ချမ်း ကိုယ့်ဘာသာ စောင်ခြုံ၊ အဲလေ တိရစ္ဆာန်ဆိုရင်လေကွယ် ချောင်ထဲ တိုးအိပ်ပေါ့။ အခုတော့ ကိုယ်ချမ်းတဲ့အချိန် ကျန်တဲ့သူလည်း လိုက်ချမ်းရမယ်ဆိုတော့ အတ္တ လွှမ်းမိုးသွားတဲ့ သဘောဖြစ်တော့တာကိုး။

ဒါနဲ့ အေးအေးမနေဘဲ တောင်ခြေရင်းမှာ သီတင်းသုံးနေတဲ့ ရသေ့ကြီးဆီမှာ အဆုံး အဖြတ်ခံဖို့ နှစ်ကောင်သား အားအားယားယား သွားကြသတဲ့။

ပတ်ဝန်းကျင်လည်း အနှောင့်အယှက်ဖြစ်၊ ကိုယ်လည်း သိက္ခာကျ အားလုံးရဲ့ တန်ဖိုး ရှိတဲ့အချိန်တွေလည်း ဖြုန်းတီးရာရောက်တဲ့ အတ္တမာနပြိုင်ပွဲကြီးပဲ ပြောပါတော့။

ဒါပေမဲ့ ရသေ့ကြီးဟာ ဂေါတမမြတ်စွာ ဘုရားအလောင်းတော်ဖြစ်တဲ့အတွက် ပြေလည်အောင် ဖြေရှင်းပေးလိုက်ပါတယ်။

ရသေ့ကြီးက 'ချမ်းတယ် အေးတယ်ဆိုတာ လေတိုက်ခတ်မှုကြောင့်လည်း ဖြစ်တတ် တာပဲ၊ လဆုတ်ပိုင်းမှာ လေတိုက်ခတ်ရင် ချမ်းအေးမှာပေါ့၊ လဆန်းပိုင်းမှာ လေတိုက်ခတ် ရင်လည်း လဆန်းပိုင်း ချမ်းအေးမှာပေါ့၊ သင်တို့နှစ်ဦးလုံး ဘယ်သူမှ မရှုံးဘူး' လို့ ဆုံးဖြတ် ပေးလိုက်တော့မှ ပြဿနာ မတက်ကြတော့ဘဲ ပြန်သွားကြတယ်တဲ့ဗျ။

**အချိန်ကို တန်ဖိုးထားတဲ့ သိကြားမင်း**

သိကြားမင်းဟာ လက်ပတ်နာရီမရှိပေမယ့် အချိန်ကို တန်ဖိုးထားပါတယ်။ တစ်ခါက သာသနာ့ငါးထောင်နဲ့ သာသနာ့ခြောက်ထောင် ငြင်းခုံရင်းနဲ့ အဆုံးအဖြတ်ခံဖို့ လူနှစ်ယောက် သူ့ဆီကို ရောက်လာဖူးတယ်တဲ့။

သာသနာ ငါးထောင်သမားမှန်တယ်ဆိုတာ ဗုဒ္ဓဘာသာဝင်အားလုံးသိ ကလေးကအစ သိနေတာပါ။ ဒါပေမဲ့ ဒီလို သေချာပြီးသား ကိစ္စကို အချိန်ဖြုန်းပြီး ငြင်းခုံရပါ့မလားဆိုပြီး မှန်တဲ့သူ 'သာသနာ့ငါးထောင်သမား'ကို ကြိမ်နဲ့ ဆော်လွှတ်လိုက်တယ်တဲ့။

အခုလည်း ဒီနေ့ ဒီအချိန်အခါမှာ တိုင်းပြည်အတွက် တန်ဖိုးရှိနေတယ်။ ငြင်းခုံပြီး အချိန်ဖြုန်းရမယ့်အခါသမယ မဟုတ်ဘူး။ အထူးသဖြင့် နိုင်ငံရေးဇာတ်ခုံပေါ်မှာ သတိအလွန်

ထားသင့်ပါတယ်။ အဆိုတွေ၊ ကန့်ကွက်မှုတွေ၊ စကားလုံးတွေဟာ လူတွေရဲ့သရုပ်သကန်ကို ထင်းထင်းကြီး မြင်သာစေပါတယ်။

နိုင်ငံရေးသိက္ခာရှိပါမှ ကိုယ့်အဖွဲ့အစည်းလည်း ပြည်သူရဲ့ ထောက်ခံမှုကို ရမှာဖြစ်ပါတယ်။ ပြည်သူ အယုံအကြည် ကင်းမဲ့ပြီး အထင်သေးခံရတဲ့ အဖွဲ့အစည်းတစ်ခုဟာ သိကြားမင်းရိုက်တာ ခံရတာထက် ပိုဆိုးပါတယ်။ နိုင်ငံရေးသိက္ခာ ကင်းမဲ့ရင် ကိုယ့်အချင်းချင်းလည်း တစ်ချိန်က 'ဖဆပလ'လို နှစ်ခြမ်း ကွဲနိုင်ပါတယ်။

ရွေးကောက်ပွဲစနစ်ကိုလည်း လက်ရှိစနစ်ကိုပဲ အသားကျအောင် ပြည်သူတွေ ပယ်မဲမရှိ မဲပေးတတ်လာအောင်၊ အခြေခံဥပဒေ အကြောင်းကို အကြမ်းဖျင်းလောက် လူတိုင်းသိအောင် အရင် ပျိုးထောင်စေချင်ပါတယ်။ ဒီအချိန်မှာ ရှုပ်ထွေးတဲ့ ရွေးကောက်ပွဲစံစနစ်နောက်တစ်မျိုးသွင်းလာရင် ကောင်းတာ မကောင်းတာ မဝေဖန်ခင် စနစ်သစ်ကို ကြိုက်သူ မကြိုက်သူ၊ လက်ခံသူ၊ လက်မခံသူ စိတ်[illegible]မ်းကွဲကြတော့မှာ သေချာပါတယ်။

## ဒီအရပ်နဲ့ ဒီဇာတ်

ဒီနေရာမှာ မဲခွဲဝေတာတို့၊ အာဏာ ခွဲဝေတာတို့နဲ့ ပတ်သက်ပြီး ကျုပ်ရဲ့အညာက 'ဖကိုး' ပြောတာကို သတိရမိတယ်ဗျ။ 'ဖကိုး'က...

'ငါတို့လူမျိုးတွေက အလွန်ခံစားလွယ်တတ်တဲ့ လူမျိုးပဲ လူလေးရ၊ နိုင်ငံခြားသားတွေနဲ့ အဆက်အဆံများလာရင်တော့ မသိဘူး။ ခုနေတော့ စပ်တူချင်းဆိုရင် သံသယကလည်း ပွားသေး။ ဒေးတီးပေးရင်လည်း ယုံလွယ်တာမှ နှစ်ယောက်မရှိဘူး။ မတွဲခင်ကတည်းက ကွဲချင်နေတယ်ဆိုတာ ငါတို့လူမျိုးပဲဟ၊ တောင်ဘက်ရွာက လုဒင်ကြီးရယ် ညောင်တိုက ကိုသာဒင်ရယ် ဇာတ်ဝါသနာအိုးနှစ်ယောက် စပ်တူ ဇာတ်ထောင်လိုက်ကြတာ ရှိတဲ့လယ်တွေ ကုန်ပါရောလားဟ၊ သူတို့ဇာတ်စပြတာ ငါတို့ရွာက ဘုန်းကြီးပွဲမှာလေ၊ ကြည့်ဖူးသမျှ ဇာတ်ထဲမှာတော့ အကောင်းဆုံးပဲဟေ့၊ ကြည့်ဖူးတာကလည်း သူတို့ဇာတ်က ပထမဆုံးကိုး။ တော်ကြာ နောက်ခံကားလိပ်တွေ မှားလို့မှား။ တော်ကြာ ဝန်ကြီးတွေ ဝင်လာတာကို နောက်ခံတီးလုံးက ချွတ်နင်းသံနဲ့၊ ရွာကလည်း ပွဲမကြည့်ရတာကြာလို့ ပွဲငတ်နေတော့ ဘာတီးတီး ဘာကက အားပေးတာမှ ဝက်ဝက်ကွဲပေ့၊ ပြဇာတ်က 'ငဘတို့ကို အဘတို့ မ,မည်'တဲ့ မှတ်မိသေးတယ်။ အဘတို့ မ,လိုက်တာ ငဘတွေ ကုန်းကောက်စရာမရှိလို့ လွှမ်းခန်းအရောက် အဆွေးတီးလုံးလေးနဲ့ ပရိသတ်မျက်ရည်ကျလို့ ကောင်းတုန်းရှိသေး ဇာတ်ခေါင်းနှစ်ယောက် ရန်ဖြစ်ရင်း။ သတ်ရင်းပုတ်ရင်းနဲ့ ကားလိပ်ကြားကနေ ဇာတ်စင်ရှေ့ရောက်ပြီး အပြန်အလှန် ထုကြထောင်းကြရော၊ ပရိသတ်က ဇာတ်မမြင်ဖူးတဲ့လူတွေ အစီမံသက်သက်ဆိုတော့ ဇာတ်ဝင်ခန်းအောက်မေ့ပြီး အားပေးကြတာပေါ့။ အတီးသမားတွေကလည်း ဇာတ်တိုက်တုန်းက မပါတဲ့ အခန်းအတွက် ဘာလုပ်ရမှန်းမသိတော့ ဗိန်းမောင်းတီးပေးလိုက်ကြတာပေါ့။ ဇာတ်ခေါင်းနှစ်ယောက် ဘတစ်ပြန်ကျားတစ်ပြန် ဗိန်းမောင်းနဲ့ ထိန်းကျောင်းလိုက်ကြ၊ ပရိသတ်လည်း ဘုမသိ ဘမသိ အားပေးလိုက်ကြနဲ့ ကားဆွဲတဲ့ကောင်က ကားလိပ်အမြန်ချလိုက်လို့ပေါ့ကွာ၊ နောက်မှ

ရန်ဖြစ်တဲ့အကြောင်း၊ မေကြည့်တော့ 'သာရင်ကြီး'က မင်းသမီးကို သူ ဆိုခိုင်းတဲ့သီချင်း မဆိုလို့တဲ့ မောင်ရေ့ မင်းသမီးကို ဖြုတ်ရမယ်တဲ့၊ လူခင်ကြီးကလည်း နှစ်ဦးသဘောတူ ငှားထားတဲ့ကိစ္စမို့ မဖြုတ်နိုင်ဘူး ငြင်းကြတာတဲ့၊ မင်းသမီးကတော့ သူ့ဘာသာသူ ထွက်သွားရှာပါတယ်ကွာ၊ ခုတော့ ဇာတ်လည်းခေါင်းကွဲ၊ အရှက်လည်းရ၊ လယ်တွေလည်း ကုန်တာပေါ့ ငါ့လူရာ'။

■ မန္တလေးအလင်း သတင်းဂျာနယ်

အတွဲ ၂၊ အမှတ် ၂၀

၁၄-၉-၂၀၁၂

## မမျှတဲ့ ဇာတ်ပေါင်းခန်း

**မွေးကံခေသူ**

၁၉၅၂ ခုနှစ်မှာ မွေးခဲ့ပါတယ်။ ၁၉၆၂ ခုနှစ် ၁၀ နှစ်သားအရွယ်ကစလို့ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တော်လှန်ရေးကောင်စီ နက္ခတ်နဲ့ယှဉ်ပြီး လူလားမြောက်ခဲ့ရပါတယ်။ ဘာပဲပြောပြော 'အာဏာရှင် ဇာတ်တော်ကြီး' ကတော့ တရားဝင်နိုင်ငံရေးဇာတ်ခုံမှာ ကန့်လန့်ကာ ချသွားပြီလို့ ဆိုနိုင်ပါတယ်။ ပွဲသိမ်းသွားပြီပေါ့။ သိမ်းသွားပြီဖြစ်တဲ့ ဇာတ်စင်နံဘေးမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ငုတ်တုတ်ကျန်ရစ်ခဲ့သူ နှစ်ဦးကတော့ 'တပ်မတော်' နဲ့ 'ပြည်သူ' နှစ်ဦးပါပဲ။ ပြည်သူလည်း ဆင်းရဲ၊ တပ်မတော်လည်း မွဲ။ ပြည်သူလည်း အဘက်ဘက်မှာနောက်ကျ၊ တပ်မတော်လည်း နည်းစနစ်တွေနိမ့်ကျပြီး နှစ်ဦးစလုံး မပြောင်ရောင်ကြတော့ပါဘူး။

နှစ် ၅၀ လုံးလုံး ပြည်သူ့လက်ထဲကို အာဏာရောက်မလာဘဲ အာဏာရှင်တွေ လက်ပြောင်းပြီး တာဝန်ယူအုပ်ချုပ်ခဲ့ရာမှာ အနုတ်အပေါ် အနုတ်ဆင့် နောက်ဆုံး နုတ်စရာ မကျန်တော့တဲ့ အထိပါပဲ။ ခရိုနီတွေရဲ့ ခေါင်းကိုင်ဖခင်ကြီးများရဲ့ အရည်အချင်းကတော့ လျှပ်စစ်မီးကလေးမှန်အောင်တောင် မဆောင်ရွက်နိုင်တာ အားလုံး အသိပါပဲ။

တပ်မတော်နဲ့ ပြည်သူ ဆင်းရဲကြသလောက် လူလက်တစ်ဆုပ်စာလောက်ကတော့ ကမ္ဘာ့အချမ်းသာဆုံးစာရင်း ဝင်ခဲ့ကြပါတယ်။ လက်အောက်ငယ်သား တပ်မတော်သားတွေဟာ အပင်ပန်းခံ၊ အငြိုငြင်ခံပြီး အသုံးချခံခဲ့ရသလို ပြည်သူတွေဘက်က ကြည့်တော့လည်း အသက် သွေးချွေးတွေ ဆုံးရှုံးခဲ့ကြရပြီး ယုံကြည်ချက်အတွက် ထောင်နန်းစံခဲ့ကြ

ရသူတွေလည်း ရှိခဲ့တာ အားလုံးမျက်မြင်ပါပဲ။ အောက်ခြေမှာ နှစ်ဖက်စလုံး အကျိုးမရှိဘဲ အထိနာခဲ့ကြရပါတယ်။

ခါတော်မီ သူဌေးတစ်ဦးစ နှစ်ဦးစကတော့ အများစု စားခဲ့ကြရတဲ့အတိုင်း အာဏာရှိသူတွေရဲ့ ဘောင်းဘီစလိုက်ဆွဲရင်း ချမ်းသာလာခဲ့တာ ဖြစ်ပါတယ်။ တချို့က အကြွားလွန်ပြီး အရင်းအနှီး မဖြစ်စလောက်လေးကနေ ချမ်းသာလာတာလို့ပြောတော့ ဘယ်လိုအလုပ်မျိုးမို့လဲဆိုတာ ပြည်သူက ခန့်မှန်းလို့ ရသွားတာပေါ့။

ဗိုလ်ချုပ် တည်ထောင် ဖွဲ့စည်းခဲ့တဲ့ တပ်မတော်ဟာ ဗိုလ်ချုပ်အတိုင်းပဲ တည်ကြည်ဖြောင့်မတ်ပါတယ်။ အများပြည်သူရဲ့ လေးစားမှုကို ခံခဲ့ရပါတယ်။ ဘယ်လောက်အထိ အရှိန်အဝါ ကြီးခဲ့လဲဆိုရင် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းပြီး ကာလ အတော်ကြာတဲ့အထိ အရင်အရှိန်နဲ့ ပြည်သူက လေးစားတုန်းပါပဲ။

ဗိုလ်ချုပ်ကို အလေးပြုနေတဲ့ပုံနဲ့ ဗိုလ်ချုပ်ကြီး ဦးနေဝင်း အသုံးချသွားတာ မှတ်မိပါသေးတယ်။ ရုပ်ရှင်တွေမှာလည်း ဇာတ်လိုက်က တပ်မတော်သား။ သီချင်းကဗျာတွေမှာလည်း တပ်မတော်သားများလွန်းလို့ 'တောင်ပြာတန်း'တွေတောင် အငြိမ်မနေရတဲ့အထိ ခေတ်စားခဲ့ပါတယ်။

အားကျခဲ့တဲ့ ကျွန်ုပ်ဟာ **OTS** ဗိုလ်သင်တန်းတောင် ဝင်ဖြေခဲ့ပါသေးတယ်။ လက်တွေ့မှာ အောင်မြင်ပြီး ဆိုက်ကိုဆရာက 'အမိန့်နာခံမည့်သူမဟုတ်' ဆိုတဲ့ မှတ်ချက်နဲ့ အရွေးမခံခဲ့ရဘူး။

## နိုင်ငံရေး ညစ်ပတ်သတဲ့လား

တကယ်တော့ နိုင်ငံရေးဆိုတာ နဂိုဖြူလေးပါ။ လူ့ရဲ့ ခံယူချက်နဲ့ ဓာတ်ပြုပြီးမှ ညစ်ပတ်တယ်၊ အောက်တန်းကျတယ် ဒါမှမဟုတ် မြင့်မြတ်တယ်၊ ဖြောင့်မတ်တယ်ဆိုတဲ့ ရလဒ်တွေ ထွက်လာတာပါ။

ပုလင်းထဲက အရက်လိုပေါ့၊ သူ့ဘာသာသူ ငြိမ်ငြိမ်လေးနေတာပါ။ သောက်တဲ့လူ့ရဲ့ အပေါ်မှုတည်ပြီးတော့ စိတ်ကူးယဉ် ငြိမ်သက်သူရှိသလို အဲ ဝုန်းဒိုင်းကြဲတဲ့ လူတွေနဲ့ ကျတော့ သူ့ခမျာ (အရက်) နာမည်ပျက်ပါလေရော။

ဗကပ၊ တရုတ်ဖြူနဲ့ တိုက်စဉ်က ရှေ့တန်းပြန်တွေကို ပြည်သူက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ပေမယ့် တိုင်းရင်းသားတွေနဲ့ တိုက်တဲ့အခါမှာတော့ ကြိုဆိုဖို့ စိတ်မဝင်စားတော့ပါဘူး။

ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းစမှာတော့ ကျွန်ုပ်သဘောကျသလို ရှိခဲ့ပါတယ်။ အဲဒီခေတ်က တိုက်ပုံ၊ ခေါင်းပေါင်းစ တထောင်ထောင်နဲ့ အမတ်တွေကို မျက်စိနောက်တာလည်းပါတယ်။ ဂေါ်ကီ၊ မစ်ခေးရှိုလိုကော့ဖ် စတဲ့ လက်ဝဲ စာရေးဆရာတွေရဲ့ ပိုးဝင်သွားတာလည်း ပါတယ်။

## နားလည်ဖို့ ခက်တယ်

ဒါပေမဲ့ ကျုပ် ခုထိ နားမလည်နိုင်တာက ပြည်သူ့ရင်သွေး အပြစ်မဲ့တဲ့ တက္ကသိုလ်ကျောင်းသားတွေ အပ်တိုတစ်ချောင်းတောင် မကိုင်ပါဘဲနဲ့ သွေးမြေကျခဲ့ကြရတာရယ်၊ သမိုင်းဝင် ရန်ကုန် တက္ကသ သမဂ္ဂ အဆောက်အအုံကို အဓိပ္ပာယ်မဲ့ မဆီမဆိုင် ဗုံးခွဲပြတာရယ်ပါပဲ။ ပြည်သူတွေ ခမျာ တော်တော်ကို အံ့ဩတုန်လှုပ်ခဲ့ကြရရှာပါတယ်။

အမိန့်ပေးတဲ့သူက နောင်တစ်ချိန် ဘယ်သူမှ သတ္တိရှိရှိ ဝန်မခံဘဲ တစ်ယောက်နဲ့ တစ်ယောက် လွှဲချခဲ့သူနှစ်ဦး သုံးဦးပဲရှိပေမယ့် တပ်မတော်သား အားလုံးကတော့ ပြည်သူတွေရှေ့မှာ မျက်နှာပူစရာ ဖြစ်ခဲ့ရပါတယ်။

ကျုပ်တစ်ဦးတည်းရဲ့ အမြင်မှာတော့ ကိုယ်ထိလက်ရောက် ဆောင်ရွက်ပေးတဲ့ အလယ်ပိုင်း၊ အောက်ပိုင်းက တပ်မတော်သားတွေကို အပြစ်မမြင်ဘူး။ အာဏာတစ်ခု တည်းအတွက်ကြည့်ပြီး ဇက်ရဲလက်ရဲအမိန့်ပေးတဲ့ ထိပ်ဆုံးပုဂ္ဂိုလ်တွေကိုပဲ အပြစ်တင် ချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တပ်မတော်သားများဟာ ပေးတဲ့အမိန့်ကို အမှား အမှန် ဝေဖန်သုံးသပ်ခွင့်မရှိဘဲ အမိန့်ပေးတဲ့အတိုင်း လိုက်နာရတာကိုး။

## ပစ်မှာပဲတဲ့

တစ်ခါက တပ်မတော်သားတစ်ယောက်ကို ကျုပ် စပ်စပ်စုစု မေးဖူးတယ်။ ပစ်မိန့်ပေးရင် ဘာလုပ်မလဲလို့ မေးတာပါ။ သူက စက္ကန့်ပိုင်းလောက်ပဲ စဉ်းစားပြီး လေးလေးပင်ပင် ပြန်ဖြေတယ်ဗျာ။ 'အင်း၊ ပစ်ရမှာပဲ' တဲ့။

တပ်မတော်သားတွေရဲ့အခက်အခဲကို နားလည်စာနာရမှာပေါ့။ ဒီလိုနဲ့ ရှစ်လေးလုံးမှာ နောက်တစ်ကြိမ် ပြည်သူတွေကို မျက်နှာပျက်ပြန်ပါတယ်။ ဒီတစ်ခါတော့ တော်တော် ကြမ်းပါတယ်။

ကမ္ဘာမှာ ဘယ်တပ်မတော်မဆို ဂုဏ်သိက္ခာရှိဖို့ဆိုတာဟာ ခေါင်းဆောင်အပေါ်မှာပဲ မူတည်ပါတယ်။ ခေါင်းဆောင်တစ်ယောက်ဟာ တပ်ရဲ့ဂုဏ်သိက္ခာကို လုံးဝထည့်တွက် ဘဲ အာဏာကို ရယူပိုင်ဆိုင်ဖို့ တစ်ခုတည်းကြည့်ရင် အားလုံး ကံဆိုးမိုးမှောင်ကျပြီပဲ။ ဒီနေ့ တပ်မတော်ဟာ ဒီအဖြစ်ဆိုးကနေ လွတ်မြောက်ပြီး သိက္ခာရှိရှိ ရပ်တည်နေပါပြီ။

## အခန်းကဏ္ဍ

တပ်မတော်ရဲ့ အခန်းကဏ္ဍဟာ ကာကွယ်ရေး ကဏ္ဍပါပဲ။ ဆရာဝန် ကျန်းမာရေးကဏ္ဍ၊ အင်ဂျင်နီယာ ဆောက်လုပ်ရေးကဏ္ဍ၊ ကျောင်းဆရာ ပညာရေးကဏ္ဍ ကိုယ်စီထမ်းဆောင် နေကြပါတယ်။

တပ်မတော်ဟာ ကာကွယ်ရေး အခန်းကဏ္ဍအပြင် နှစ် ၅၀ လုံးလုံး တိုင်းပြည် အုပ်ချုပ်ရေး စတဲ့အခြားကဏ္ဍတွေမှာ အချိန်ကုန်ပြီး ပါဝင် ပတ်သက်ခဲ့ရတာကြောင့် မိမိရဲ့ အဓိက တာဝန်ဖြစ်တဲ့ ကာကွယ်ရေးကဏ္ဍမှာ ခေတ်မီအောင်လုပ်ဖို့ လစ်ဟာခဲ့တယ်။

နိုင်ငံတကာက ကာကွယ်ရေးစနစ်တွေနဲ့ ယှဉ်ရင် သူမတူအောင် နောက်ကျသွားရပါတယ်။

နိုင်ငံတကာ တပ်မတော်တွေရဲ့ ဦးတည်ချက်ဟာ အရေးအတွက်ထက် IT စတဲ့ အရည်အချင်းနဲ့ နည်းစနစ်တွေဆီ သွားနေတာပါ၊ ရိုးရိုး ရဲဘော်တစ်ယောက်ရဲ့ ပညာရေးကို ခုထက် အများကြီး မြှင့်တင်ဖို့ လိုနေပါပြီ။

တပ်မတော်သားတွေ သင်ယူလေ့ကျင့်ထားတဲ့ စစ်ပညာဟာ တကယ်တော့ တိုင်းပြည် အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲမှုတွေမှာ သုံးဖို့ မဟုတ်ပါဘူး။ အပ်လည်း မအပ်စပ်ပါဘူး။

အရပ်ဘက်က နည်းစနစ်တွေ လုပ်နည်းလုပ်ဟန်တွေဟာ စစ်ဘက်မှာ အလုပ်မဖြစ်သလို စစ်ဘက်က လုပ်နည်းလုပ်ဟန်တွေဟာလည်း အရပ်ဘက် တိုင်းပြုပြည်ပြုကဏ္ဍမှာ အလုပ်မဖြစ်ပါဘူး။

အရပ်ဘက်မှာ အထူးသဖြင့် လူတစ်ဦးတစ်ယောက် သို့မဟုတ် လူတစ်စုတည်းရဲ့ ဦးနှောက်နဲ့ အလုပ် မလုပ်ကြပါဘူး။ လူ အများအပြားရဲ့ ဦးနှောက်တွေနဲ့ အပြန်အလှန် ငြင်းခုံရင်း အလုပ်လုပ်ကြပါတယ်။

အရပ်ဘက်မှာ အများက ဝိုင်းဝန်းတာဝန်ယူရတာမို့ 'ရေဘူးပေါက်' တယ်လို့ မရှိစေရအောင် ကြိုတင် စီမံ ဆောင်ရွက်ကြရပါတယ်။

ဘယ်လောက်ပဲတော်တော် ဆရာဝန်က တံတား မဆောက်သင့်ဘူး၊ ဘယ်လောက်ပဲ တော်တဲ့ အင်ဂျင်နီယာဖြစ်ဖြစ် လူနာကို မခွဲစိတ်သင့်ဘူး။

တပ်မတော်သားတွေ ဘယ်လောက် တော်တော် နိုင်ငံရေးမှာ မပါဝင်သင့်ဘူး။ ပါဝင်ချင်ရင် အရင်ဆုံး တပ်မတော်က နုတ်ထွက်ရပါမယ်။ ဒါမှ တပ်မတော်ဟာ သန့်ရှင်းသပ်ရပ်ပြီး သိက္ခာရှိတဲ့ တပ်မတော်အဖြစ် အစဉ် ရပ်တည်နိုင်မှာပါ။

## ဂျမ်းတုံး

ကျွန်ုပ်အမြင်ကတော့ တချို့ပုဂ္ဂိုလ်တွေ လွှတ်တော်ထဲမှာ တပ်မတော် ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း စီစဉ်ခဲ့တာဟာ မလိုတဲ့ဘက် လိမ့်မလာအောင် 'ဂျမ်းတုံး' ခုခဲ့တာလို့ မြင်ပါတယ်။

တပ်မတော်ကို အားလုံးက လေးစားတဲ့ တပ်မတော်အဖြစ် ပြည်သူက မြင်ချင်ပါတယ်။

နှစ် ၅၀ အကျုပ်အတည်းထဲမှာ ပြည်သူအများ ဆင်းရဲပြီး လက်တစ်ဆုပ်စာလောက် ချမ်းသာလာခဲ့သလို တပ်မတော်သား အများစုဟာ ဆင်းရဲပြီး လက်တစ်ဆုပ်စာလောက်သာ ချမ်းသာခဲ့တာ ဆိုတဲ့အကြောင်း ပုံပြင်လေးတစ်ခုပြောရင်း အဆုံးသတ်ချင်ပါတယ်။

ဒီပုံပြင် (ယုံရင်တော့ တကယ့်အဖြစ်ပေါ့) က ရှေးတုန်းက (အမှန်က အဲဒီလောက် မကြာသေးပါဘူး) မြို့တစ်မြို့မှာ ××× နဲ့ ဆက်စပ်တဲ့ ဌာနတစ်ခုရှိသတဲ့။ လူသိပ်များတဲ့ အဲဒီဌာနက ဆရာကြီးအဆင့်တောင် ဘယ်လောက် ချမ်းသာသလဲဆိုတော့ ကိုယ်ပိုင်ဆေးရုံအကြီးကြီးပိုင်ပြီး တိုက်တွေ ကားတွေလောက်ကတော့ စကားထဲ ထည့်မပြောတော့ဘူးတဲ့။ တစ်နေ့တော့ သူတို့ဌာနမှာ အလုပ်လုပ်နေတဲ့ ကောင်လေးတစ်ယောက်ကို

ပ္ပထုတ်လိုက်မိသတဲ့။ ဒီအချိန်မှာ ကောင်လေးကထက်တော့ တခြားဘဝတူတစ်ယောက်နဲ့ ပူးပေါင်းတိုင်ပင်ပြီး တိုင်စာတစ်စောင်ကို ဌာနရဲ့အကြီးဆုံးပုဂ္ဂိုလ်ဆီ ပို့လိုက်ရောတဲ့။ တိုင်စာလက်ခံရရှိတဲ့ ပုဂ္ဂိုလ်ကြီးဟာ အတိုင်ခံရတာထက်တောင် တုန်လှုပ်ချောက်ချားပြီး သွေးတက်သွားတယ်တဲ့။

တိုင်စာပို့ပြီး ၁၀ ရက်လောက်လည်းကြာရော ကောင်လေးအိမ်ကို ငွေ ၁၀ ပုံး ရောက်လာတယ်တဲ့။ ဒါပေမဲ့ ကောင်လေးက ပုဂ္ဂိုလ်ကြီးဆီကို ဖုန်းဆက်ပြီး 'ကျွန်တော့်တိုင်စာကို ဆက်ပြီးတော့ အရေးယူပေးပါ' လို့ ပြောတယ်တဲ့။

ရက်သတ္တပတ် နှစ်ပတ် အခြေအနေ ငြိမ်သက်နေပြီးတော့ နောက်ဆုံး ကောင်လေးအိမ်ကို ပုံး ၃၀၀ (သိန်းသုံးရာ) မမျှော်လင့်ဘဲ ရောက်လာရောတဲ့။ ကောင်လေး နှုတ်ဆိတ်သွားပေမယ့် ဘယ်သူဖွလိုက်လဲ မသိဘူး။ တစ်မြို့လုံး သိသွားတယ်တဲ့။ ကောင်လေးရဲ့ တိုင်စာကို အပြည့်အစုံ မဖော်ပြနိုင်ပေမယ့် ဉာဏ်ကြီးသူတွေများ တွေးယူလို့ရအောင် သဘောလောက်တော့ ပြောလိုက်ပါမယ်။

တိုင်စာက ဒီလို၊ အဲဒီဌာနက တာဝန်ယူထားတဲ့ စီမံကိန်းကြီးမှာ တစ်ခုကို သိန်းထောင်ချီတန်တဲ့ ပစ္စည်းကြီးတွေ ရာထောင်ချီပြီး လုပ်ကြရတာတဲ့၊ စာရင်းနဲ့ အားမရလို့ ၈၀ ရာနှိုင်နှုန်းပဲ တကယ်လုပ်ပြီး ၂၀ ရာနှိုင်နှုန်းကို စာရွက်ပေါ်မှာတင်ဖျောက်ပြီး ဖျောင်ကြတာကို အရေးယူပေးပါလို့ တိုင်လိုက်တာပါပဲ။ အဲဒီပစ္စည်းကလည်း တော်ရုံကြီးတာ မဟုတ်တော့ အခုမှ ပြန်လိုက်ထည့်ဖို့က ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးတဲ့၊ စောစောက စကားခံခဲ့တဲ့အတိုင်း ပုံပြင်ထဲက ပုံပြင်တစ်ခုမို့ ချင့်ချိန်ပြီး ယုံကြပေါ့။ အဲလေ ဖြစ်နိုင်ရင် လုံးလုံး မယုံဖို့ မေတ္တာရပ်ခံလိုက်ပါတယ်။

■ **The Messenger**

အတွဲ ၃၊ အမှတ် ၂၂

၁၄-၉-၂၀၀၂

# စကားလေး သုံးခွန်းမျှပင်

ဆရာ ဘိုကလေးတင့်အောင် ရေးစပ်ပြီး တေးသံရှင် မာမာအေးရဲ့ 'သံယောဇဉ်' သီချင်း တစ်နိုင်ငံလုံး ထိရှ ခံစားခဲ့ရတဲ့ သီချင်းပါ။ 'သံယောဇဉ်' ဆိုတာ စကားလေးသုံးခွန်းတည်း ပေမယ့် အဆမတန်ကြီးမားပြီး စိတ်ဆင်းရဲမှု ပရိဒေဝကို ပေးစွမ်းနိုင်တဲ့အကြောင်း ရေးဖွဲ့ခဲ့တာပါ။ ဆရာ ဘိုကလေးတင့်အောင် ခင်ဗျား။ သူ့လိုပဲ စကားသုံးခွန်းတည်းနဲ့ သူ့ထက်ပို ဒုက္ခပေးနိုင်တာ ရှိသေးတယ်ဗျ။ 'ဥပဒေ' ဆိုတာပေါ့ဗျာ။ လူ့ဘုံလောကမှာ 'ဥပဒေ' တွေ ဘာတွေနဲ့ ရှုပ်တယ်ကွာဆိုပြီး ဘုန်းကြီးဝတ်မယ်များ မကြံနဲ့ ပိုဆိုးသွားမယ်။ အကျဉ်း ၂၂၇ သွယ်၊ အကျယ် ကုဋေ ၉၀၀၀ ရှိတဲ့ ဘုရားဥပဒေတော်ကြီးက စောင့်ကြို နေလိမ့်မယ်။ ဘုန်းကြီးဝတ်လည်း ဝိနည်းဥပဒေနဲ့ မလွတ်ပါဘူး။

သံယောဇဉ်ဆိုတာက ဖြတ်နိုင်လေ ကောင်းလေဖြစ်ပေမယ့် ဥပဒေ ဆိုတာကျတော့ ဖြတ်ကောင်းတဲ့အရာ မဟုတ်ဘူး။ မရှိရင် ပိုဆိုးမယ်။ အရေအတွက်မှာလည်း သံယောဇဉ် က အလွန်ဆုံးရှိမှ ၁၅၀၀ ဆိုရင် ဥပဒေက ၁၆၀၀၀ ထက် မလျော့ဘူး။ အာရုံခြောက်ပါး ထိထိသမျှမှာ ဥပဒေရှိပါတယ်။ 'သူ့နိုင်ငံစေသမျှ ထာဝစဉ် လူ့တိုင်းနေရတာပင်' 'သံယောဇဉ်' သီချင်းထဲက စာသားလေးပါ။ ဝါသနာပါရင် ခံစားကြည့်နိုင်ပါတယ်။

ဥပဒေ (Law) အကြောင်း ပြောမယ်ဆိုရင် Law of Jungle (တောရိုင်းဥပဒေ) က စပြောရရင် ကောင်းမယ်။ နယ်ပယ်တစ်ခု အတွင်းမှာ အများ လက်ခံထားကြတဲ့ စံလို့ ပြောရင် ရနိုင်ပါတယ်။ တောရိုင်းတိရစ္ဆာန် ရိုင်းစိုင်းတယ်ဆိုတာတော့ ပြောဖို့တောင် မလိုပါဘူး။ သူတို့လက်ခံထားတဲ့စံက အားကြီးတဲ့သူက အားငယ်တဲ့သူကို ညှဉ်းဆဲသတ်ဖြတ်

မယ်။ ကိုယ့်ထက် အားကြီးသူနဲ့တွေ့ရင် မဆိုင်းမတွ ထွက်ပြေးမယ်။ ဒီလို ထုံးစံကြီးကိုပဲ တောတွင်း Law လို့ အမည်ပေးခဲ့တာပါ။

## ဥပဒေကို ဘယ်သူတွေ ရေးတာလဲ

လူတွေလည်း Law of Jungle အတိုင်း နေလာရင်းက အသိဉာဏ်တွေမြင့်လာတော့ ညှိညှိနှိုင်းနှိုင်း နေလာကြတယ်။ ဟိုဟာ မလုပ်ကြေး။ သည်ဟာ မလုပ်ကြေး ညှိပြီးနေကြတာ ကြီးကြီးကျယ်ကျယ် ပြောရရင် 'ဥပဒေပြုတယ်' ခေါ်တာပါပဲ။

ဥပဒေကို ဘယ်သူပြုတာလဲ၊ ဘယ်သူတွေ ရေးတာလဲမေးရင် ဖြေတဲ့လူ ခပ်များများ က အမှားချည်းပဲဗျ။ တချို့က လွှတ်တော်က ရေးတယ်။ တချို့က အစိုးရက ရေးတယ် ဖြေတယ်။ တကယ်တမ်းကျတော့ ဥပဒေကို ကိုယ်ပြုလို့ပြုထားမှန်း ပြည်သူတွေ မသိကြဘူး။ ကိုယ့်ပယောဂပါတယ် ဆိုတာ လူတွေ မေ့နေကြတယ်။ လူတွေ မရွေးဘဲ ဘယ်ကိုယ်စားလှယ်မှ လွှတ်တော်ထဲ ဝင်ထိုင်လို့မရဘူး။

ရယ်စရာပြောရဦးမယ်၊ ကျုပ်တို့ပြည်သူတွေ သဘောမတူဘဲနဲ့ ဥပဒေ ဆိုတာ ဖြစ်မလာဘူး။ (သေနတ်နဲ့ချိန်ပြီး သဘောတူခိုင်းရင်တော့ ခေါင်းညိတ်ရမှာပေါ့) ဒါပေမဲ့ အဲဒီဥပဒေဟာ အတုဆိုတာ သေနတ်သမား အပါအဝင် လူတိုင်း သိနေတယ်။ သေနတ်ဆိုတာလည်း ကြာရင် လက်ညောင်းလာတော့ အမြဲ ချိန်မထားနိုင်ဘူး။ အဲဒီအချိန်မှာ ဥပဒေအစစ်ကို ပြန်ဆွေးနွေးကြရဦးမှာပဲ။ ညှိနှိုင်းတယ်ဆိုတာလည်း ရွာရှိလူကုန်တက်ကုန် မစုရုံးနိုင်ဘူး။ လယ်စိုက်ရတာ လိုက်ရနဲ့ မအားလပ်ကြတော့ ရေးတုန်းကအားနေတဲ့လူတွေ လက်ကြောမတင်းတဲ့ လူတွေကို ရွာရဲ့ကိုယ်စား လွှတ်လိုက်တာပဲ။ 'ငါတို့ ဒါတွေလိုချင်တယ်၊ ဘယ်အချက်တွေ မကြိုက်ဘူး။ မင်း အဲဒါသွားပြောခဲ့'နိုင်းလိုက်တာပဲ။

ဥပမာ၊ ကျုပ်တို့တစ်နိုင်ငံလုံးက ပြည်သူအားလုံး လွှတ်တော်ထဲ ဘယ်မှာဆန့်မှာလဲ။ အားလုံးလွှတ်တော်ထဲသွားနေရင် အလုပ်လုပ်မယ့်လူမရှိဘဲ ဝတ်ကုန်မှာပေါ့။ အစကတော့ လူတွေရဲ့ နိုင်းဖတ်ပေါ့ဗျာ။ နောက်တော့ မင်းသားရုံးအောင် တောက်တောက်ပြောင်ပြောင် ဝတ်စားပြီး လူတွေရဲ့အထက်က လက်ညှိုး တထိုးထိုး လုပ်တော့တာပဲ။

ဒါကြောင့် ကိုယ်ရွေးလွှတ်မယ့် ကိုယ်စားလှယ် တစ်နည်း ကိုယ်မဲပေးမယ့် ကိုယ်စားလှယ် အရွေးမမှားဖို့ သိပ် အရေးကြီးပါတယ်။ အရွေးမှားရင် ကိုယ်က လက်အုပ်ချီပြီး ပြန်ကိုးနေရမှာပဲ။ လယ်သမားတစ်ယောက်ဟာ လယ်မြေတွေကို လောဘတကြီးလိုက်ပြီး နည်း အမျိုးမျိုးနဲ့ သိမ်းနေတဲ့ လူတွေပါတဲ့ သို့မဟုတ် နီးစပ်တဲ့ပါတီကို မဲပေးမိရင် ကိုယ့်သေတွင်း ကိုယ် တူးတာပဲဗျ။

## တရားဥပဒေ စိုးမိုးဖို့

အစကောင်းမှ အနှောင်းသေချာတာဗျ။ ဥပဒေတစ်ခုဟာ ဘယ်လိုနည်းနဲ့ သန္ဓေတည်ခဲ့တာလဲဆိုတာ အင်မတန် အရေးကြီးပါတယ်။

ပြည်သူတွေ တစ်ခဲနက် ကျေကျေနပ်နပ်နဲ့ အားပေးထောက်ခံခဲ့တာလား။ လေ့လာပြီးမှ ထောက်ခံတာလား။ ဘာမှမသိဘဲ ရမ်းသမ်းထောက်ခံတာလား။ တိုင်းပြည်ကို

ကိုယ့်အမြင် တင်ခွင့်ရှိလား။ မီဒီယာတွေ သုံးခွင့်ရှိလား။ ဥပဒေပြုရာမှာ ဩဇာကင်းရဲ့လား။ လွတ်လပ်ပြီး အချုပ်အချယ်ကင်းတဲ့ မီဒီယာတွေကြားမှာ ပေါ်ထွက်လာတဲ့ ဥပဒေလား။ ကြိုတ်လုပ်တာလား။ ဒီအချက်တွေ အရေးကြီးပါတယ်။ ဒီအချက်တွေ ညီညွတ်မှ နောင်စိုးမိုးမယ့် တရားဥပဒေ ဖြစ်ပါတယ်။ ဥပဒေကို မတရားနည်းလမ်းနဲ့ ကမ္ဘည်းထိုးခဲ့ရင် တစ်ချိန်မှာ ကျိန်စာသင့်တတ်ပါတယ်။

တချို့ မေးကြတယ်၊ တရားဥပဒေ စိုးမိုးတယ်ဆိုတာ ဘယ်လိုဟာမျိုးလဲတဲ့။ ကျုပ်က တရားဥပဒေ စိုးမိုးတယ် ဆိုတာတော့ မပြောတတ်ဘူးဗျ။ တရားဥပဒေ မစိုးမိုးတာတွေ ပြောပြမယ်။ ပြောင်းပြန်တွေးကြည့်လိုက်ရင် ခင်ဗျား သိချင်တဲ့ တရားဥပဒေ စိုးမိုးတယ် ဆိုတာကို သဘောပေါက်သွားမှာပေါ့လို့။ များလွန်းလို့ ဘယ်က စ,ရပ့်။

ရန်ကုန်မှာ နာမည်ကြီး ကျောင်းတစ်ကျောင်း ရှိတယ်။ ကျောင်းနာမည် တိုတိုလေးပဲ။ အင်္ဂလိပ်အက္ခရာသုံးလုံး။ လူကုံထံနဲ့ လူချမ်းသာရဲ့ သားသမီးတွေများတယ်။ ကျောင်းဝင်ဖို့ သတ်မှတ်ချက်က သက်ဆိုင်ရာ မြို့နယ်ထဲကပဲ ဖြစ်ရမယ်ပေါ့။ ဒါပေမဲ့ အဲဒီ မြို့နယ်ထဲက ကျုပ်မိတ်ဆွေရဲ့ကလေး ဝင်ခွင့် မရရှာပါဘူး။ ဒါပေမဲ့ ပွဲစားကနေတစ်ဆင့် လိုင်းဝင်ပြီး သိန်း ၂၀ ကျော် အကုန်ခံလိုက်ရင် ချောချောမောမော ဝင်ခွင့်ရမယ်။ ဘယ်လောက်ဝေးတဲ့ မြို့နယ်ကပဲဖြစ်ဖြစ်။ ဒါဆို ဒီငွေဟာ ကျောင်းအုပ်ကြီးရဲ့ အထက်ကို ရောက်သွားတာပေါ့။ ဘယ်သူတွေဆီပါလိမ့်။ ကျုပ်မိတ်ဆွေ ဘယ်လိုခံစားရမလဲ။ တရားဥပဒေ မစိုးမိုးပါလားလို့ ခံစားရတာပေါ့။ သမ္မတကြီးက မကြာမီလေးကပဲ Good and Clean အစိုးရလုပ်မယ်လို့ ပြည်သူကို တိုင်တည်ပြီး ပြောတယ်။ သမ္မတကြီးအောက်က တချို့တွေက ဆန့်ကျင်ပြီး Dirty and Bad လုပ်ပစ်တယ်။

ဘယ်လိုမှ ထင်မထားတဲ့ အနုပညာပြိုင်ပွဲမျိုးမှာတောင် လိုင်းဝင်ရင် ဆုရတဲ့ အလေ့အထဖြစ်တာ ကြားခဲ့ဖူးပါတယ်။

အတန်းပိုင်ဆရာမတစ်ယောက်က သူက ကျူရှင်မတက်ဘဲ ပထမရတဲ့ကျောင်းသားရဲ့ အဖြေလွှာပေါ်က အဖြေမှန်ကိုဖျက်ပြီး အမှားထည့်ရေးတဲ့ အဖြစ်မျိုးတွေလည်း မဆန်းတော့ပါဘူး။

မြို့တစ်မြို့မှာ အများက ကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ်တစ်ယောက် (ကျောင်းဆရာ မဟုတ်ပါ) ထံမှာ မိဘတွေက ယုံကြည်စိတ်ချစွာ စာကျက်ဖို့လွှတ်ထားတဲ့ ကျောင်းသူလေးကို အဲဒီပုဂ္ဂိုလ်က သားမယား ပြုကျင့်တယ်။ မိဘတွေက အမှုဖွင့်ပြီးတိုင်တယ်။ ပုဂ္ဂိုလ်က ပိုက်ဆံရှိတော့ ငွေထုပ်နဲ့ ကျေအေးဖို့ကြိုးစားတယ်။ မိဘတွေက လက်မခံဘူး။ ဒီတော့ ငွေထုပ်ကို တရားသူကြီး။ ဆွဲချ၊ မှုခင်းဆရာဝန်နဲ့ ဆိုင်ရာ ဆိုင်ရာ အသီးသီး ခွဲပို့လိုက်တယ်။ အမှုက ကွင်းလုံးကျွတ် လွတ်တယ်။ ပုဂ္ဂိုလ်ကိုလည်း ရပ်ရွာက ဆက်လက် ကြည်ညိုမြဲပဲ။ ကျောင်းသူလေးမှာမှာတော့ နာမည် အစွန်းအထင်း ခံရရှာတယ်။ မိဘတွေ ခေါင်းမဖော်ဝံ့တော့ဘူး။

တရားရုံးတွေကို သွားလိုက်ရင် အမှန်အတိုင်း ဖြစ်ရမယ်ဆိုတဲ့ ယုံကြည်စိတ်ချမှုမျိုး မရှိမချင်း တရားဥပဒေ မစိုးမိုးပါဘူး။

လာဘ်စားတဲ့ တရားသူကြီးတချို့ဟာ ကိုယ့်လိပ်ပြာကိုယ်မလုံတော့ တရားမဏ္ဍိုင်က အာဏာကို အလွန်အကျွံသုံးတဲ့လူတွေကို မလွန်ဆန်နိုင်ပြန်ဘူး။

## ခြသမိုင်းရေးသော Dirty and Bad များ

ရှေးတုန်းက မိုးလေဝသဌာနတောင် နာမည်ပျက်တယ်။ (ခုတော့ မသိပါ) ပိုက်ဆံထိုးပြီးတော့ မုန်တိုင်း ကြေညာနိုင်းတယ်။ (မှောင်ခိုဖမ်းမယ့် သင်္ဘော ထွက်မရအောင်၊ တခြား ကုန်ချိန်မရတဲ့ သင်္ဘော ထွက်မရအောင်) ပိုက်ဆံထိုးပြီး မုန်တိုင်း အစဲနိုင်းတယ်။ (ကိုယ် ထွက်ချင်လို့) တချို့ လမ်းပြင်ဖို့ ကျောက်တွေသဲတွေ မိုးကျကာနီး လမ်းဘေးပုံထားတယ်။ မိုးသည်းတော့ တကယ်မခင်းဘဲနဲ့ စာရွက်ပေါ် လမ်းအခင်းပြီး အပျက်စာရင်းတင်တယ်။ လုပ်အားခ၊ သဲ၊ ကျောက်ဖိုး နှစ်ထပ်ကွမ်းပြီး ထုတ်ယူတယ်။ အရေးယူဖို့ပြောရင် ပြောသူ မောမယ်။ အဆင့်ဆင့် ဆိုပြီးသား ဖြစ်တယ်။ တကယ့် Dirty and Bad ပဲ။

တကယ်အရေးယူပြီး တရားဥပဒေစိုးမိုးရေး တကယ်လုပ်ချင်တယ်ဆိုရင် စာနယ်ဇင်း လွတ်လပ်ခွင့်သာ အပြည့်ပေးလိုက်ပါ။ မကြည့်ချင် မမြင်လျက်သားပါပဲ။ ပြောမဆုံးပေါင် တောသုံးတောင်ပါ။ အရေးယူတာလည်း သိပ်မရှိတော့ လာဘ်ပေးလာဘ်ယူကိစ္စ ခေါင်းထောင်မြဲပါပဲ။ သမ္မတကြီးပြောခဲ့တဲ့ Clean and Good က လေထဲမှာပဲပျောက်သွားခဲ့တာပါ။ မာလိန်မှူးဖြစ်တဲ့ သမ္မတကြီးဟာ ရေအောက်ရောက်နေတဲ့ သင်္ဘောပျက်ကြီးကို ရေပေါ်ရောက်အောင် ဆယ်ပြီးမှ ဆက်မောင်းလို့ရမှာပါ။

စာနယ်ဇင်းသမားတွေဆိုတာ ပြည်သူတွေပြောလို့ သိရတာပါ။ ပြည်သူတွေက အားလုံးသိပါတယ်။ 'ခြ' မွေးနေ့၊ လေးလပတ် 'ခြ' ပွဲတော်၊ 'ခြ' ပရောဂျက်၊ ခြမွေးမြူရေး၊ ခြသားဖောက်လုပ်ငန်း၊ ခြတွေပေါလွန်းလို့ သမ္မတကြီးအတွက်တောင် စိုးရိမ်မိတယ်။ Good and Clean ပြောလို့ဆိုပြီး 'ခြ' တွေ ဝိုင်းကိုက်လိမ့်မယ်။

လူတစ်ယောက်က မတရားဘူးလို့ ခံစားရရင် ဘယ်ကို သွားရမှာလဲ။ ဘယ်ကိုသွားသွား ငွေရှင်လည်းရှိမှ အာဏာလည်းရှိမှ အားကြီးသူ နိုင်တယ်။ Law of Jungle တောရိုင်းဥပဒေဆီ ပြန်ရောက်သွားတယ်။ ဘယ်နေရာဖြစ်ဖြစ် ယုံကြည်စိတ်ချရမှု မရှိဘူး။ ဘဝလုံခြုံမှု မရှိဘူး။ နိုင်ငံသားတစ်ယောက်အနေနဲ့ မှန်ကန်တဲ့ တရားမျှတမှုရဖို့ စိတ်မချရဘူး။ စိတ်မအေးရဘူး။ ဥပဒေဟာ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားလူတန်းစားကို အကာအကွယ် မပေးနိုင်ဘူးဆိုရင် ဒါဟာ တရားဥပဒေ မစိုးမိုးတာပဲ။ ဘာလို့ ဒီလိုဖြစ်တာလဲ။

အဖြေရှိပါတယ်။ တရားဥပဒေ စိုးမိုးစေချင်သူက သမ္မတကြီးနဲ့ လူနည်းစု၊ လူများစုက ဥပဒေ အပေါ်မှာနေပြီး သူဌေးရောဂါတက်နေတဲ့သူတွေ။ ဒါကြောင့်လည်း မီဒီယာ လွတ်လပ်ခွင့်တွေကို ကန့်သတ်ချုပ်ချယ်နေတာပေါ့။ မီဒီယာ မလွတ်လပ်သရွေ့ 'ခြ' တွေက အပြုံးမပျက် 'ခြ' တွေ သောင်းကျန်းနေသရွေ့ တရားဥပဒေ မစိုးမိုးနိုင်ပါကြောင်း။

မန္တလေးအလင်း သတင်းဂျာနယ်

အတွဲ ၂ အမှတ် ၂၁

၂၁-၉-၂၀၁၂

# သန်မစွမ်းတို့ရဲ့ရင်ထဲက စကား

ကျုပ်တို့ရဲ့ညီနောင်သားချင်းတွေဖြစ်တဲ့ 'မသန်စွမ်း' တွေနဲ့ ပတ်သက်လို့ ကျုပ်တို့အားလုံး ဘာတာဝန်မှ မကျေခဲ့ဘူးဆိုတာ ရက်ရက်နဲ့ ဝန်ခံပါရစေ။ အပြစ်တင်ရင်လည်း ခံရမှာပဲ။ လေတွေပဲများပြီး လေထုထဲ ပျောက်သွား။ ကရုဏာတွေ မိုးမွှန်အောင်ပြောပြီး ခဏနေ မေ့ထား။ လှူတာတန်းတာတွေလုပ်ရင် တာဝန်ကျေပြီလားဆိုတော့ လိုအပ်နေတာက စိတ်ဓာတ်ခွန်အားပါ။

တောင်မင်းကို မြောက်မင်းမကာယ်နိုင် ဖြစ်ခဲ့ရတာဆိုရင် ညီအစ်ကိုများက 'မသန်စွမ်း' ဆိုရင် ကျုပ်တို့က 'သန်မစွမ်း' တွေ ဖြစ်နေလို့ပါ။ 'မသန်စွမ်း' ဖြစ်ရတာနဲ့ ပတ်သက်လို့ ဘယ်သူ့ကိုမှ အပြစ်တင်စရာ မရှိပါဘူး။ မိဘတွေရဲ့ အပြစ်လည်း မဟုတ်ပါဘူး။ ဗုဒ္ဓဘာသာ မှာဆိုရင် ကံ၊ ကံ၏အကျိုး။ ကျန်ဘာသာတွေမှာဆိုရင် ဆိုင်ရာ 'ဘုရား' တို့ရဲ့ အလိုတော် အရ ဖြစ်ခဲ့ရတာပါ။ ဒီလိုဖြေသာပေမယ့် ကျုပ်တို့ 'သန်မစွမ်း' ဖြစ်ရတာကျတော့ 'အာဏာ ရှင်ကြီး' တွေရဲ့ အလိုတော်အရ ဖြစ်ခဲ့တာဆိုတော့ မဖြေသာဘူးဗျ။

အာဏာရှင်ကြီးတွေကို သုံးယောက်ပေါင်းမှ ဆယ်တန်းအောင်တယ်၊ တစောက်ကန်း သမားတွေ၊ ပြည်သူ့သင်ပေးတဲ့ စစ်ပညာ ပြည်သူ့ကို ပစ်ဖို့မဟုတ်ဘူး စသဖြင့် အလွန် အကျွံပြောမိတဲ့ အကျိုးဆက်က ယမ်းပုံမီးကျဖြစ်ပြီး ရန်ကုန်တက္ကသိုလ် သမဂ္ဂ အဆောက် အအုံကို ဗုံးခွဲလိုက်တယ်။ နောက်ပြီး စနစ်တကျနဲ့ ပညာရေးကွန်ရက်ကြီး တစ်ခုလုံးကို သင်းသတ်ပစ်တယ်။ ကျောင်းတွေ လယ်ကွင်းထဲပို့လိုက်၊ သင်ရိုးခဏခဏပြောင်းလိုက်၊ ကျောင်း ခဏခဏ ပိတ်လိုက်နဲ့ ကမောက်ကမဖြစ်အောင် တန်ဖိုးလျော့သွားအောင်

ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်တယ်။ အဆောင်တွေ ပေးမနေတော့ဘူး။ ကိုယ့်သားသမီးတွေကျတော့ နိုင်ငံခြားကျောင်းပို့တယ်။ ဒီလိုနဲ့ ကျုပ်တို့ 'သန်မစွမ်း'တွေ ဖြစ်ခဲ့ကြရတာပဲ။

ကျုပ်တို့ဖြစ်ချင်ခဲ့တာက တော်လှန်ရေးသမား။ အာဏာရှင်ကြီးတွေ ကျုပ်တို့ကျောင်းသားတွေကို ဖြစ်စေချင်ခဲ့တာက ပိုင်းကောင်းကျောက်ဖိ ကလေးတွေ။

နိုင်ငံ တစ်နိုင်ငံမှာ ပညာရေး ကမောက်ကမဖြစ်ပြီဆိုမှတော့ အဖတ်ဆယ်မရတဲ့ ပျက်သုဉ်းခြင်းဆီကို အမြန်ဆုံး ရောက်သွားတော့တာပါပဲ။

## ပြဒါးတစ်လမ်း သံတစ်လမ်း

ပျက်သုဉ်းခြင်းရဲ့ ကနဦးအစကတော့ တစ်ချိန်က တပ်မတော် ခေါင်းဆောင်ကြီးများဟာ အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူခဲ့ဖူးရာက ရာထူးစည်းစိမ်ကို ခံတွင်းတွေ့ပြီး အာဏာကို ချင်ခြင်း ဖြစ်သွားရာက အစပြုခဲ့တာပါ။ ဦးနေဝင်း ကိုယ်တိုင် ဗုဒ္ဓ သဘောသာသိရင် အာဏာကို သိမ်းဖြစ်မှာ မဟုတ်ဘူးလို့ မသေမီ ဝန်ခံသွားပါတယ်။

ဖရိုဖရဲဖြစ်နေတဲ့ ဒီမိုကရေစီ အစိုးရလက်ထက်က အာဏာ၊ တစ်နည်းအားဖြင့် ပြည်သူတွေပိုင်တဲ့အာဏာဟာ ၁၉၆၂ ခုနှစ်ကစပြီး ပြည်သူ့လက်ထဲကို ပြန်မရောက်တော့ပါဘူး။ (၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲရဲ့ တရားမျှတမှုဟာ ပြည်သူတွေအတွက် မျှော်လင့်ချက်လှုပ်စီလေး တစ်ချက် လက်ခဲ့ပါရဲ့) နှစ်ပေါင်း ၅၀ နီးပါး တပ်မတော်အရာရှိကြီးများဟာ နာမည် အမျိုးမျိုးပြောင်း၊ အဝတ်အမျိုးမျိုးပြောင်းပြီး အနုနည်း၊ အကြမ်းနည်း နည်းမျိုးစုံ ဖိနှိပ်ချုပ်ချယ်ပြီး ထင်တိုင်းကြဲခဲ့ပါတယ်။ လက်တစ်ဆုပ်စာလောက် ပုဂ္ဂိုလ်တွေ ချမ်းသာ ကြွယ်ဝလာတာကလွဲလို့ တိုင်းပြည်အတွက်ကော တပ်မတော်အတွက်ပါ အကျိုးအမြတ် တစ်စုံတစ်ရာ မရခဲ့ပါဘူး။ ပြည်သူတွေရဲ့ အမုန်းကိုပဲ လှလှပပကြီးခံရတာကို သင်ခန်းစာ မယူနိုင်ရင်တော့ ရှေ့လျှောက် အခြေအနေ ပိုဆိုးဝါးဖို့ပဲရှိပါတယ်။

တကယ်တော့ စစ်တိုက်တဲ့ပညာနဲ့ တိုင်းပြည်အုပ်ချုပ်စီမံတဲ့ သဘောတရားရေး၊ နိုင်ငံရေးတွေဟာ ပြဒါးတစ်လမ်း သံတစ်လမ်းပါပဲ။ ဥပမာ၊ ရေဘူးပေါက်တာ မလိုချင်ဘူး ရေရအောင် ယူလာရမယ်ဆိုတဲ့ သဘောတရားဟာ စစ်အောင်နိုင်ရေး ဖြစ်ချင်ဖြစ်နိုင်ပေမယ့် တိုင်းပြည်ပျက်စီးစေတဲ့ သဘောတရားဖြစ်တာကတော့ သေချာသွားခဲ့ပါပြီ။

အခုကြည့်ပါ။ ပြည်သူတွေမှာ ရေဘူးတွေလည်း ပေါက်မြဲပေါက်၊ ရေကလည်း ငတ်မြဲငတ် မဟုတ်ပါလား။

## ပြင်ဖို့ခက်တာက

ပြင်ကြစို့လို့ ပြောနေချိန်မှာ စံပြအနေနဲ့ အရင်ဆုံး ပြင်ရမှာကတော့ တပ်မတော်ဟာ လက်ရှိ အနေအထားအတိုင်း သိက္ခာရှိပြီး အများကြည်ညိုလေးစားတဲ့ တပ်မတော်အဖြစ် ရပ်တည်နေသင့်ပါတယ်။ မိမိရဲ့တာဝန်ဖြစ်တဲ့ ကာကွယ်ရေးမှာ ထူးချွန်ထက်မြက်အောင် ဆောင်ရွက်သင့်ပါတယ်။ အုပ်ချုပ်ရေးယန္တရားနဲ့ ဌာနဆိုင်ရာတွေမှာ ဖြန့်ကြက်ထားတဲ့ တပ်မတော်အရာရှိတွေနဲ့ အငြိမ်းစားတွေကို ရုပ်သိမ်းပြီး ကာကွယ်ရေး ခေါင်းစဉ်အောက်

မှာပဲ ပြန်လည်နေရာချသင့်ပါတယ်။ ဒါဟာ အရင်ဆုံး တိုင်းပြည်ပုံမှန်ပြန်ဖြစ်ဖို့ ပထမဆုံး လုပ်းသင့်တဲ့ ခြေလှမ်းပါပဲ။ တပ်မတော် အငြိမ်းစားတွေ ပါတီထောင်ပြီး လွှတ်တော် ကိုယ်စားလှယ် အရွေးခံတာက တစ်ကဏ္ဍပါပဲ။ လူတိုင်းရဲ့ မူလ အခွင့်အရေးပါ။

အရပ်ထဲမှာ ပြောကြတယ်၊ စိတ်ဓာတ်တွေပြင်ဖို့ ခက်တယ်တဲ့။ သိပ်မှန်ပါတယ်။ ဥပမာပေးရရင် လူတွေ ကျပ်ညပ်ပြီး ယာဉ်ကြောပိတ်မိနေတဲ့ ဘတ်စ်ကားထဲက ခရီးသည် တွေလို စိတ်ဓာတ်တွေကျဆင်း။ စိတ်တွေတို၊ သည်းခံစိတ်တွေ ခန်းခြောက်ကုန်ပြီး ဘယ်သူ ဘာဖြစ်ဖြစ် ကိုယ်အသက်ရှုချောင်ချင်တဲ့ စိတ်ကလွဲလို့ တခြားဘာမှ မတွေးနိုင်တော့ သလိုပေါ့။

လူက ဆရာဝန် နှလုံးသားက ရောဂါသည်။ လူက အင်ဂျင်နီယာ ဦးနှောက်က အသပြာ။ လူကကျောင်းဆရာ စေတနာက ပွဲစား။ လူကတရားသူကြီး စာရိတ္တက တရားခံ။ လူက စစ်သည် ရည်မှန်းချက်က မိလ္လာ။ ဒီလို အဆီအငေါ်မတည့်တဲ့ စိတ်ဓာတ်တွေနဲ့ ကျုပ်တို့ တစ်တွေဟာ 'သန်မစွမ်း'တွေ ဖြစ်ခဲ့ကြတာ ကြာပါပေါ့လား။ ပြင်ဆိုလို့သာ ပြင်လိုက်ရ စိတ်ရင်းနဲ့ မဟုတ်တော့ လစ်ရင်လစ်သလိုပေါ့။ ဒီနည်းမရတော့ နောက်တစ်နည်း ပေါ်လာဦးမှာပဲ။

ဒီလိုနဲ့ စိတ်ဓာတ်ပျက်ယွင်းနေတဲ့ 'သန်မစွမ်း'တွေဟာ ကိုယ့်ရဲ့ညီအစ်ကို 'မသန်စွမ်း' တွေအပေါ် တာဝန်မကျေနိုင်ခဲ့ကြဘူး။

## ဦးနှောက်နဲ့ ဦးစားပေး

ဥရောပမှာ ကျုပ်ကြုံတွေ့ခဲ့ရတာက ဘယ်ပြဿနာပဲဖြစ်ဖြစ် ခံစားချက်ထက် ဦးနှောက် ကို ဦးစားပေးကြပါတယ်။ ဦးနှောက်ဆိုရာမှာလည်း တစ်ဦးတစ်ယောက်တည်းရဲ့ဦးနှောက် ထက် အားလုံးဝိုင်း အဖြေရှာကြတာပါပဲ။ ဥပမာ၊ လူတစ်ယောက် ရာဇဝတ်မှုကျူးလွန်ရင် အသိုင်းအဝိုင်း တစ်ခုလုံးမှာပါ တာဝန်ရှိတယ်လို့ ခံယူထားပါတယ်။ 'မသန်စွမ်း' ကိစ္စကို လည်း တစ်မျိုးသားလုံးရဲ့ ကိစ္စဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဝိုင်းဝန်း အဖြေရှာကြပါတယ်။

ဘက်ပေါင်းစုံ ဦးနှောက်ပေါင်းစုံက ထွက်လာတဲ့ အဖြေမို့ အင်မတန် ဓမ္မဓိဋ္ဌာန်ကျပါ တယ်။ ရွှေမင်းသား၊ ဖောင်ဒေးရှင်း အပါအဝင် လူမှုရေးကူညီတဲ့ လုပ်ရှားမှု အားလုံးကို ကျေးဇူးတင်ပါတယ်။ ဥရောပမှာတော့ ဒီလို စဉ်းစားကြပါတယ်။ သူတို့ဆီမှာ ငါတို့ အကူအညီယူနေရပါလားဆိုတဲ့ အကူအညီခံဘဝကိုပါ မေ့လျော့သွားစေတဲ့ နည်းလမ်းကို စဉ်းစားပါတယ်။ ကိုယ့်ဘာကိုယ် လျှောက်နိုင်မယ့်နည်းလမ်း ရွေးခဲ့ကြပါတယ်။ အဆောက်အအုံ ဆောက် ဆောက်၊ လမ်း ခင်းခင်း၊ ကားဆိပ်၊ ရထား၊ သင်္ဘောဆိပ်နဲ့ လေဆိပ်ပဲ တည်တည် အရင်ဆုံး တွက်ချက်စဉ်းစားတာက 'မသန်စွမ်း'တွေ ကိုယ့်ဘာသာ အလွယ်တကူ သွားလာနိုင်အောင် ဖြစ်ပါတယ်။

## ဟုတ်မှ ဟုတ်ရဲ့လား

ဂျာမနီ Ptungragr (ဖွန်ရုဂတ်)မှာနေစဉ်က ကျုပ်ရဲ့ အိမ်နီးချင်းဖြစ်ခဲ့ဖူးတဲ့ 'ဟာဘောင်အာ' (Herr Bauer) ဟာ မျက်စိနှစ်ကွင်း အလင်းမရသူ ဖြစ်ပါတယ်။ သူဟာ မနက်စာစားပြီး

တာနဲ့ သူ့ရဲ့လက်စွဲတော် လျှပ်စစ်တုတ်ကလေးနဲ့ လေ့ကားအတိုင်းသွားတာကာ ကြောလို့ပါပဲ။ ဘတ်စကားမှတ်တိုင်နဲ့ ဘူတာ ပလက်ဖောင်းတွေမှာ သူတို့အတွက် အထူးစီစဉ်ပေးထားတဲ့ သင်္ကေတတွေကြောင့် ဘေးကမြင်ရသူတွေအတွက် လျှပ်စစ်တုတ်ကောက်သာ မပါရင် သူဟာ တခြား သာမန်လူတွေလိုပါပဲ။ ကားလမ်းမီးပွိုင့်တွေမှာ ကူးရင်လည်း အသံနဲ့ အချက်ပေးကိရိယာ တပ်ပေးထားတဲ့အတွက် အန္တရာယ်ကင်းကင်း ကူးနိုင်ပါတယ်။ ရထားပေါ်တက်သွားရင်လည်း ဖြောင့်နေတာပါပဲ။ မျက်စိမြင်နေရတဲ့ အတိုင်းပါပဲ။

'ဖရော်ဆာဘီနာ' (Fran Sabina) ဆိုတဲ့ အသက် ၃၀ အရွယ် အမျိုးသမီးကတော့ မြို့အုပ်ချုပ်ရေးရုံးက ဝန်ထမ်းဖြစ်ပြီး အောက်ပိုင်း သိမ်နေရှာပါတယ်။ ရုံးကို ကိုယ်တိုင် ကားမောင်းလာတာပါ။ ကားပေါ်မှာပါတဲ့ ဘီးတပ်ကုလားထိုင်နဲ့ ကားပေါ်ကနေရုံးထဲ ကိုယ့်ဘာသာ ဝင်လာပြီး ကွန်ပျူတာရှေ့မှာ အလုပ်လုပ်ပါတယ်။ တစ်နိုင်ငံလုံးက ကား၊ ရထား၊ ဓာတ်လှေကား၊ စူပါမတ်၊ လမ်းပလက်ဖောင်း၊ အားကစားရုံ၊ ကျောင်း နေရာတိုင်းမှာ ဥပဒေ အရ မသန်စွမ်းတွေအတွက် လွယ်ကူချောမောဖို့ ကြိုတင်စီမံမှု Plan တစ်ခါတည်း ပါဝင်ထည့်သွင်းပါတယ်။ လေတွေမဟုတ်ဘဲ လက်တွေ့လုပ်တာပါ။ အလုပ်သမားဥပဒေမှာ မသန်စွမ်းတွေ အလုပ်လုပ်ချင်ရင် လုပ်နိုင်အောင် စက်ရုံ အလုပ်ရုံနဲ့ ရုံးတွေမှာ အလုပ်နေရာ ၅ ရာခိုင်နှုန်း ချန်လုပ်ထားပြီး ခန့်ပေးရပါတယ်။

ဘယ်သူ့အကူအညီမှ မလိုဘဲ ပုံမှန်ဘဝ ပြန်ရအောင် ဖန်တီး ပေးလိုက်တာပဲ။ ကိုယ့်ဘာသာ နေထိုင်စားသောက်မယ်၊ အလုပ်လုပ်မယ်၊ သူတို့နိုင်ငံကတော့ ခေတ်မီ တိုးတက်တာကိုးလို့ ဆင်ခြေမပေးပါနဲ့။ သူတို့ မတိုးတက်ခင် ရှေးကတည်းက မသန်စွမ်းတွေအတွက် လက်တွေ့ဦးစားပေးခဲ့ကြတာချည်းပါပဲ။ ကျွန်တို့ဆီမှာ မြို့သစ်တွေ လုပ်ခဲ့သမျှ တွေအဆောက်အအုံတွေ ဆောက်ခဲ့သမျှ ဘယ်တုန်းကများ မသန်စွမ်းအတွက်ရယ်လို့ Plan (အစီအစဉ်)ပါခဲ့လို့လဲ။

ကျွန်တို့ ပြည်သူချင်းလည်း မသန်စွမ်းတွေကို သန်ပြီး မစွမ်းတဲ့ ကျွန်တို့က ကူညီ ဖန်တီးပေးနိုင်ခြင်း မရှိခဲ့ဘူး။ ကိုယ့်ဘာသာကိုယ် ငါ့ဒီဘဝစွမ်းပါဦးမလား သံသယဖြစ်မိတယ်။ ကျွန်တို့ စာရေးတယ်ဆိုရင် ကျွန်တို့ရဲ့ ရေးနိုင်တဲ့အစွမ်း (ဦးနှောက်) တွေဟာ ကန့်သတ် ခြင်း ခံခဲ့ရတယ်။ နဖားကြိုးတန်းလန်းနဲ့ နွားဟာ ကိုယ်သွားချင်တဲ့ဘက် သွားမရသလိုပဲ။ ကျွန်တို့ကို ဟိုဟာ မရေးရဘူး။ ဒီဟာ မရေးရဘူးဆိုတာ တကယ်တော့ ခင်ဗျားတို့ကို ဟိုဟာ မဖတ်ရဘူး။ ဒီဟာ မဖတ်ရဘူး ဆိုတာနဲ့ အတူတူပါပဲ။ သန်မစွမ်းဦးနှောက်နဲ့ ရေးတာကို သန်မစွမ်း အသိဉာဏ်နဲ့ ဖတ်ကြပေတော့။

တစ်ခါတစ်ရံ စဉ်းစားမိတယ်။ ဘဝတစ်လျှောက်လုံး နဖားကြိုးတန်းလန်းနဲ့ အစဉ် တစိုက် ကန့်သတ်ချုပ်ချယ်နေတဲ့ အရှင်သခင်နဲ့ နေသားကျလာတော့ ကျန်တဲ့ဘဝ အစိတ်အပိုင်းမှာ နဖားကြိုးမရှိ သခင်မရှိဘဲ နေမှ နေတတ်ပါတော့ မလားလို့။

မန္တလေးအလင်း သတင်းဂျာနယ်

အတွဲ ၂၊ အမှတ် ၂၂

၂၈-၉-၂၀၁၂

# အံ့ဩလွန်းလို့ သေတော့မယ်

## လာဘ်ပေး လာဘ်ယူ ဘယ်ကစ

မနေ့ညက အိပ်မပျော်မီ၊ ဆေးမတိုးတော့တဲ့ လာဘ်ပေး လာဘ်ယူ ရောဂါဆိုးကြီး ဘယ်က ဘယ်လို စတာလဲလို့ တွေးရင်း အိပ်ပျော်သွားခဲ့ပါတယ်။ မနက်အစော လေးနာရီလောက်မှာ အိပ်ရာက နိုးပြီး အိပ်ရာထဲမှာပဲ ဆက်စဉ်းစားပြန်ပါတယ်။ အဖြေကို ကိုယ့်ဘာသာ စဉ်းစားမိပြီး အံ့ဩလွန်းလို့ ဝေါက်ခနဲ အိပ်ရာက ထ ဒီဆောင်းပါး ရေးလိုက်တာပါပဲ။

အခု ဖြစ်နေတာက လာဘ်ယူတဲ့ သူကို ဝိုင်းလက်ညှိုးထိုး အပြစ်ပုံချပြီး ဘယ့်နှယ် လုပ်လိုက်မယ်၊ သည့်နှယ် လုပ်လိုက်မယ် ဝိုင်းကြိမ်းနေကြတာပေါ့လေ။ မှန်ပါတယ်၊ မငြင်း လိုပါဘူး။ ဒါပေမဲ့ ထောင်အတ်လောက်ကတော့ မမှုပါဘူး။ တရုတ်ပြည်မှာ သေဒဏ် ပေးတာတောင် အသေခံစားပါတယ်။ နှစ်ခါပြန်သေလို့ရရင် နှစ်ခါပြန် စားကြဦးမှာပါ။

ကမ္ဘာမှာ အတွေးအခေါ်တွေ မြင့်လာတာနဲ့အမျှ (အဲဒီထဲ ကျုပ်လည်း ပါတယ်နော်) တွေးခေါ်ရာမှာ ဘောင်ကျဉ်းကျဉ်းလေး မတွေးတော့ပါဘူး။ အထူးသဖြင့် လူနဲ့ လူ့ပတ်ဝန်းကျင် ရဲ့ တာဝန်ရှိမှုပါ။ အမေရိကန် ကျောင်းသားတစ်ယောက်က စာသင်ခန်းထဲ ဝင်ပြီး သေနတ် နဲ့ ပစ်သတ်သွားတယ်။ ဒီပြဿနာအတွက် တာဝန်ရှိသူဟာ သေနတ်ပစ်သူ ကျောင်းသား တစ်ဦးတည်းရဲ့ပြဿနာဆိုရင် မှားပါလိမ့်မယ်။ အမေရိကန်လူမျိုး အားလုံးရဲ့ပြဿနာပါ။ ပိုပြီး တိကျအောင် ပြောရရင် ကမ္ဘာ့လူသားမျိုးနွယ်တစ်ခုလုံးရဲ့ ပြဿနာပါ။ သူတို့ ဝိုင်းပြီး အမြှေရှာတာတွေကို လေ့လာကြည့်ရတာ ရက်စက်တဲ့ ဂိမ်းတွေကြောင့်လည်း ပါတယ်။ လက်နက်တွေ ပေါပေါလောလော အလွယ်တကူ ရနိုင်တာလည်း ပါတယ်။ မိဘတွေ

ဆရာ ဆရာမတွေရဲ့ ပညာပေးမှု လျော့ရဲတာလည်းပါတယ်။ လူငယ်အချင်းချင်း ချစ်ကြည်ရင်းနှီးဖို့ လိုအပ်တာလည်းပါတယ်။ သူတို့ရဲ့ ရှုထောင့် အသီးသီးမှာ ကျုပ် အားမရတာတစ်ခုက 'မေတ္တာ' အကြောင်းကို သူတို့ ထဲထဲဝင်ဝင် နက်နက်နဲနဲ သိဖို့ လိုအပ်နေတယ်ဆိုတာပါပဲ။ ကျုပ်တို့နိုင်ငံမှာလည်း မကြာသေးမီက ရုပ်ရှည်ချောမောပြီး အနာဂတ်ရှိတဲ့ အမျိုးသမီး ငယ်လေးတစ်ဦးက အိမ်ဖော်ကို အသက် သေဆုံးတဲ့အထိ ညှဉ်းပန်း သတ်ဖြတ်တဲ့ အမှုအခင်းတစ်ခု ဖြစ်ခဲ့ပါတယ်။ သူ့ကို ကဲ့ရဲ့ ပြစ်တင်ချင်ရင် ကိုယ့်ကိုယ်ကိုယ်လည်း အညီအမျှ ကဲ့ရဲ့ပြစ်တင်လိုက်ပါ။ သူဟာ မြန်မာ အမျိုးသမီးတစ်ယောက် ဖြစ်နေလို့ပါပဲ။ ဘယ်နေရာမှာ အားနည်းလို့လဲ ရှုထောင့် အမျိုးမျိုးက အဖြေရှာကြပြီး နောင် ဒါမျိုးမဖြစ်အောင် ကိုယ့်အမျိုးကိုယ် ကာကွယ်ရပါမယ်။

ကဲ လာဘ်ပေးလာဘ်ယူဆိုတဲ့ အနာရောဂါကြီး ဘယ်ကစဖြစ်ခဲ့တာလဲ အဖြေရှာကြည့်လိုက်တော့ ကျုပ်ရယ် ခင်ဗျားရယ် ပြည်သူတွေရယ် ဟိုး ထိပ်ဆုံးနားက လူတွေရယ် တရားခံ ခင်ဗျ။

## စားပွဲအောက်က လက်များ

အချုပ်ဆိုရရင်တော့ အတ္တတွေက စတာပါ။ ကျုပ်တို့တစ်တွေဟာ သူများထက် ကိုယ်က ပိုမြန်ချင်တယ်၊ ပိုရချင်တယ်၊ ပိုပြီး နိုင်ချင်တယ်၊ ပိုကောင်းကောင်း၊ ရချင်တယ်၊ကိုယ့်သားသမီး ညီအစ်ကို မောင်နှမ မိဘ ဆွေမျိုးသားချင်း သူများထက် နာတစ်ဖျားသာချင်တယ်။ ဒီက စတာ။ သူများထက် မသာမှာစိုးတော့ တံစိုးလက်ဆောင်နဲ့ လာဘ်ငွေတွေထိုးရော။ ဒီလိုနဲ့ ကိုယ့်ရှေ့ရောက်လာတဲ့ လာဘ်ကို မစားချင်လည်း စား။ စားချင်လည်း စားကြရတော့တာပေါ့။ တကယ်တော့ လာဘ်ပေးသူ မရှိရင် ဘယ်သူမှ စားစရာလာဘ်ရှိတော့မှာ မဟုတ်ပါဘူး။ ကျုပ်တို့တစ်သက် ပြန်စဉ်းစားကြည့်။ ပေးခဲ့တဲ့ လာဘ်ငွေတွေ နည်းနည်းနောနောလား။ သားသမီး ကျောင်းကောင်း ရဖို့ ဆေးရုံကို အချိန်မတော် ဝင်ဖို့ ဖုန်း ခဏခဏ မပျက်ဖို့ အမြတ်ခွန်သက်သာဖို့ အမှုနိုင်ဖို့ လုပ်ပြရမှာကို မပြဘဲ ထောက်ခံစာရဖို့ တရားမဝင် ကုန်ပစ္စည်းတွေ သွင်းဖို့ ယာဉ်စည်းကမ်း ဖောက်မိပြီး အဖမ်းမခံရဖို့ စည်ပင်စည်းကမ်း ဖောက်မိလို့ ပလက်ဖောင်းကို အများပိုင်ကနေ ကိုယ်ပိုင်ဖြစ်ဖို့ ဆိုင်မဖွင့် ရတဲ့နေရာတွေမှာ ဆိုင်ဖွင့်ဖို့။ ဈေး မရောင်းရတဲ့ နေရာမှာ ဈေးရောင်းဖို့ ခွင့်ပြုချက်မတင်ဘဲ အိမ်ပြင်ဆောက်ဖို့ ခွင့်ပြုချက် မရှိတဲ့ သုံးလုံးထီတွေ နှစ်လုံးထီတွေရောင်းရဖို့ ဆရာ ဆရာမတွေ ကျောင်းကောင်းရဖို့ ဌာနဆိုင်ရာတွေ နယ်မပြောင်းရဖို့ ရာထူးတက်ဖို့ ပင်စင်သွားချင်လို့ သူများ လယ်မြေတွေ သိမ်းယူဖို့ တစ်နေ့တစ်နေ့ လည်ပတ်နေတဲ့ လာဘ်ငွေတွေ ဘီလီယံပေါင်း များစွာပါပဲ။ ကျုပ်တို့ ခင်ဗျားတို့ ဖျက်ဆီးခဲ့တာပဲ။ ခုတော့ မပေးရင် အလုပ်မဖြစ်တော့ဘူးလေ။ အမှန်ကို ဝန်ခံကြစတမ်းဆိုရင် ကိုယ်ပေးတာ ငြင်းမှာတောင် စိုးတယ် မဟုတ်လား။

တကယ်ဆိုရင် ကျုပ်တို့စိတ်ဓာတ်တွေကိုက နဂို ကောင်းလေးတွေ မဟုတ်ဘူးဗျ။ စည်းကမ်းဖောက်ချင်တဲ့ စိတ်၊ ဥပဒေ မလိုက်နာချင်တဲ့ စိတ်ဓာတ်တွေ မွေးရာပါ

ကိန်းအောင်းနေကြတာကလား။ ဒါကြောင့်လည်း စည်းကမ်းဥပဒေနဲ့ ပြစ်ဒဏ်တွေ သတ်မှတ်ကြရတာပေါ့။ အားလုံးက နဂို သူတော်ကောင်းစိတ်တွေချည်းဆိုရင် ဘယ်မှာ ဥပဒေတွေ လိုဦးမှာ လဲ။ မိဘ ဘိုးဘွား ဆရာသမားတွေ သင်ပြကြလို့သာပေါ့။ ဒါကြောင့် မိဘ ဘိုးဘွားနဲ့ အသက်ကြီးသူများကို ကျေးဇူးတင်ရ ကောင်းမှန်း မသိဘဲ သွေးနားထင် ရောက် နေသူတွေများ တွေ့ရင် ပြောလိုက်စမ်းပါ။ မင်းတို့ကို မိဘ ဘိုးဘွားတွေသာ မသင် ကြားခဲ့ရင် အဝတ် ဝတ်ရမှန်းမသိ အညစ်အကြေး သုတ်သင်ရမှန်းမသိ သားစိမ်း ငါးစိမ်း ချက်စားရမှန်းမသိ၊ မစိုက်တတ် မပျိုးတတ် အိမ်နဲ့ရာနဲ့ နေရကောင်းမှန်း မသိ အရိုင်းအစိုင်း ဘဝရောက်မှာပေါ့လို့။ စည်းကမ်းဖောက်ချင်တဲ့ စိတ်ဓာတ်ခံရှိတဲ့ ကျုပ်တို့က စည်းကမ်း ဖောက်ဖို့ ဓာတ်ခံရှိတဲ့ လုပ်ပိုင်ခွင့်ရှိသူတွေနဲ့ တွေ့တော့ စားပွဲအောက်မှာ လက်ချင်းဆွဲ နှုတ်ဆက်မိတာပေါ့။ ဥပဒေဖောက်ဖျက်သူချင်း အတူတူ လာဘ်ယူသူကို အပြစ်ပေးတဲ့အတိုင်း လာဘ်ပေးသူကိုလည်း ထိထိရောက်ရောက် အပြစ်ပေး သင့်တယ်။

ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ ‘လာဘ်ပေး လာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်း’ ဖတ်ကြည့်တော့ (အကျုံးဝင်ပေမယ့်) လာဘ်ပေးတဲ့ သူ့ရဲ့ကဏ္ဍက မပေါ်လွင် ဘူး။ ရုတ်တရက် ကြည့်ရင် လာဘ်ပေးသူနဲ့ မဆိုင်ဘူးလို့တောင် ထင်မှတ်သွားနိုင်တယ်။ လာဘ်ပေးခြင်းဆိုတဲ့ အောက်တန်းကျတဲ့နည်းနဲ့ လူပေါ် လူဇော် လုပ်ချင်တဲ့သူတွေ ဖတ်ကြည့်ရင် တွန့်ဆုတ်သွားမယ့် ပေါ်လွင် ထင်ရှားတဲ့ ပြဋ္ဌာန်းချက် ပါသင့်ပါတယ်။

## စားပွဲပေါ်က လက်များ

အလယ်အလတ် ဝန်ထမ်းများ အရာရှိများကို သနားမိပါတယ်။ ဘေးက (အရပ်သားများ) က ဖျက်ဆီးတတ်သလို၊ အောက်က (လက်ထောက်များ)လည်း ဖျက်ဆီးတတ်ပါတယ်။ လူလည်ကျတဲ့ တပည့်နဲ့ တွေ့ရင် ဆယ်သိန်းတန်တဲ့ခွင်ကို တပည့် ရှစ်သိန်း ဆရာ(တာဝန်ရှိသူ) နှစ်သိန်းနဲ့ ကျေနပ်ပြီး ပီတိဖြစ်နေတတ် ပါတယ်။

အဲ...အပေါ်က ဖျက်ဆီးတာမျိုး ကျတော့ မပျက်စီးဘဲ မနေဝံ့ဘူးဗျ။ ပရောဂျက်တစ်ခု ချပေးလိုက်ကတည်းက သိန်းတစ်ရာတန် ပရောဂျက်ကို သူ ထုတ်ရတဲ့ ငွေက သိန်းရှစ်ဆယ် ခင်ဗျ။ သိန်းနှစ်ဆယ်ကတော့ အငွေ့ပျံသွားတယ်ဗျာ။ နမြောစရာ။ ဒီတော့ မထူးပါဘူးဆိုပြီး တစ်ရာတန် ပရောဂျက်ကို ခြောက်ဆယ်နဲ့ ဖြစ်အောင် လုပ်လိုက်တာ ခင်ဗျားတို့ ကျုပ်တို့ ပြည်သူတွေကတော့ မိအေး နစ်ခါနာပေါ့ဗျာ။ စားပွဲပေါ်က လက်များကြောင့်ပေါ့။

## လာဘ်ကောင်းစေတဲ့ အဆောင် သို့မဟုတ် ကြိုးနီလက်ဖွဲ့

ကြိုးနီစနစ်နဲ့ လာဘ်ပေးလာဘ်ယူမှုနဲ့က တိုက်ရိုက် အချိုးကျတယ်။ ကြိုးနီရှည်တာ များလေ လာဘ်ပေးလာဘ်ယူ ပိုအားကောင်းလေပါပဲ။ ဒါကြောင့် တရားဥပဒေ စိုးမိုးတဲ့ နိုင်ငံတွေမှာ ကြိုးနီစနစ် တတ်နိုင်သမျှ ပပျောက်အောင် စီစဉ် ပါတယ်။ (လူငယ်များ သိဖို့ ကြိုးနီစနစ် ဆိုတာ တင်းကျပ် ခက်ခဲအောင် လုပ်ထားတဲ့ ရှုပ်ရှက်ရက်ဆန်တဲ့ ရုံး လုပ်ထုံးလုပ်နည်း စနစ်ပါ)

ရုံးတစ်ရုံးမှာ ဘယ်သူရှိမှ ဘယ်သူက ဘာကိုင်ထားတယ်ဆိုတာ သိပ်ရေးကျ သွားပြီ။ သူတို့ရုံးတွေဟာ teamwork စနစ်မူက မိသားစုတစ်စုလိုပဲ ဘယ်သူ လုပ်ထားတဲ့ အလုပ်ဖြစ်ဖြစ် ကျန်တဲ့ သူတွေက ဆက်ဖြေရှင်းပေးသွားနိုင်တယ်။ ဘဏ်တွေမှာဆိုရင် ရုံးခန်းလေးခန်း စားပွဲ ကွန်ပျူတာ အသီးသီးနဲ့ ရှိတယ်ဆိုပါစို့။ သူ့ရုံးခန်း ကိုယ့်ရုံးခန်း သတ်သတ်မှတ်မှတ် မရှိတော့ဘူးဗျာ အံ့ဩစရာပဲ။ ကြုံတဲ့ ဝန်ထမ်းက လွတ်တဲ့အခန်းမှာ Customer ဖောက်သည်ကို ခေါ်ပြီး ဝင်ထိုင်လိုက်တာပဲ။ ကွန်ရက် web က တစ်ခုတည်းဆိုတော့ ဘယ်ကွန်ပျူတာ သုံးသုံး အတူတူပဲ။ ဖောက်သည်ရဲ့ Personal Code သို့မဟုတ် Account Number အကောင့် နံပါတ် ရိုက်ထည့်လိုက်တာနဲ့ သက်ဆိုင်ရာ ဖိုင်ကို ဖတ်လို့ရသွားပါတယ်။ အလုပ်ကိုလည်း တစ်ထိုင်တည်း ပြီးပြတ်အောင် အစွမ်းကုန် လုပ်ပါတယ်။ ကျုပ်တို့ဆီမှာတော့ အခုတော့ မသိပါ (နှာစေးနေပါတယ်) အရင်ကတော့ ဌာနတွေဟာ စားလို့ ရအောင် တမင် ခွင်ချထားတာ တွေ့ရပါတယ်။ ဥပမာ . . . ဌာနဆိုပါတော့ ဦးစီး အရာရှိက သူ ယုံကြည်တဲ့ ဝန်ထမ်းကို ဂရန်ကိစ္စ တစ်ဦးတည်း တာဝန်ယူကိုင်ခိုင်း ထားတယ်။ သူ မရှိရင် အလုပ်မဖြစ်တော့ ဘူး။ သူ အပြင်သွားလည်း ထိုင်စောင့်ပေတော့။ ပြီးတော့မှ ဧည့်သည်ဆီက ပိုက်ဆံ တောင်း ပေးတယ်။ ရုံးဆင်းတော့ တစ်နေ့တာ ရငွေကို ဦးစီးကို အပ်တယ်။ ဦးစီးကမှ သူ့ကို မုန့်ဖိုး ပြန်ပေးတယ်။

နောက် ဥပမာ . . . ရုံး ဆိုပါတော့ (အခုတော့မသိပါ) စာချုပ်ခေါင်း အခွန် ခေါင်းတွေ ရောင်းဖို့ လူတစ်ယောက် တည်းကို တာဝန်ပေးထားတယ်။ ကိုယ် အဆင်ပြေချင်ရင် အလိုက်သိပေတော့ပဲ။ အလိုက် မသိလို့ကတော့ ကိုယ်လိုတဲ့ ခေါင်း ကိုယ်လိုတဲ့အချိန်မှာ မရှိဘူး မှတ်လိုက်။ ရုံးဖွင့်ချိန် ဝယ်ချင်တဲ့အချိန် ဝယ်လို့မရ၊ သူ သတ်မှတ်တဲ့ အချိန်ပဲ ရောင်းတယ်။ သူမရှိရင် ဘာမှ ဆက်လုပ်လို့မရ။

ဒီအကြောင်းတွေ ရေးနေလို့ကတော့ ကျမ်းအထူကြီး တစ်စောင် ဖြစ်သွားလိမ့်မယ်။ စာဖတ်သူက ကျုပ်ထက်တောင် ကြုံဖူးပါလိမ့်မယ်။

## 'အမြစ်တူးဖော်ခြင်း' သို့မဟုတ် 'ကလေးများနှင့် စကားပြောခြင်း'

ထားပါတော့ဗျာ၊ ထားပါတော့။ ဒီရောဂါဆိုးကြီး ဘယ်ကစ ကျုပ်တို့ ခင်ဗျားတို့ကစ ဆိုတာတော့ သိပါပြီ။ ဘာကြောင့် ကြီးထွား။ ကြီးနီစနစ်ကြောင့် ကြီးထွား ဆိုတာလည်း ဟုတ်ပါပြီ။ ဘာကြောင့် ရှင်သန်နေတာလဲ။

လာဘ်ပေးပြီး ချမ်းသာလာတဲ့ သူတွေ၊ လာဘ်စားပြီး ချမ်းသာလာတဲ့ သူတွေကို လူမှု အသိုင်းအဝိုင်းက လက်ခံတဲ့ အပြင် ဦးစားပေး နေရာပေး အလေးအမြတ် ပြုကြလို့ ရှင်သန်နေကြပြီ။ နည်းနည်းပါးပါး လူပြုတန်ပြု ဘွဲ့တံဆိပ်တွေတောင် ရကြပြီး လူ့ကုံထံတွေ အဖြစ်နဲ့ အချိုးခံအမြှောက်ခံ မဟာ့ မဟာကြီးတွေ ဖြစ်နေကြတာကို ကလေးတွေက အားကျ အတုယူ၊ သူ သိန်းတစ်ရာ စားရင် ငါ လက်ထက် သိန်းတစ်ထောင် စားမယ် ဆိုတဲ့ စိတ်တွေ မွေးတော့ တစ်မျိုးဆက်ပြီး တစ်မျိုးဆက် ဆိုးမွေတွေ လက်ဆင့်ကမ်း ဖြစ်သွားခဲ့တာပေါ့။ မကောင်းမှု ဆိုတာတော့ ဆိတ်ကွယ်ရာ မရှိဘူးဗျ။

ဒါတွေဟာ နိုင်ငံရေး စနစ်နဲ့ တစ်နည်းအားဖြင့် အုပ်ချုပ်ရေးစနစ်နဲ့လည်း ဆိုင်တယ် ဆိုတာတော့ အားလုံး သိပြီး ဖြစ်ပါတယ်။

နိုင်ငံက ဆင်းရဲလွန်းတော့ သိက္ခာ ရှိရှိ နေနိုင် စားနိုင်မယ့် လစာငွေကို နိုင်ငံ တော်က မပေးနိုင်တာလည်း ပါတာပေါ့။

ဥပမာ၊ မူလတန်း ဆရာ ဆရာမ တစ်ယောက်ဟာ ဒီနိုင်ငံမှာ ကျပ်တစ်သိန်း ပြည့်အောင် မရပေမယ့် ဖွံ့ဖြိုးပြီး နိုင်ငံ တစ်ခုမှာ မြန်မာငွေနဲ့ ကျပ် ဆယ်သိန်းနဲ့ ညီမျှတဲ့ လစာ ရကြပါတယ်။ ဆယ်သိန်း လစာရတဲ့ ဆရာမက ကလေးတွေရဲ့ ပညာရေးတစ်ခုပဲ အာရုံ စိုက်နေချိန်မှာ ဒီက ဆရာမတွေခမျာ ကျောင်းဈေးဆိုင် ဖွင့်ရောင်းဖို့တို့၊ ကျူရှင်ပြဖို့ တို့ပါ ခေါင်းထဲ ထည့်ထားရပါတယ်။

အဓိက ကတော့ ဒီရောဂါကြီး ဘယ်အထိ လိုက်စားနေပြီလဲ ဆိုတာပါပဲ။

ကျုပ် သိချင်တာက မူလတန်း ကျောင်းသားလေးတွေရဲ့ စိတ်ထဲမှာ ဒီကိစ္စကို ဘယ်လို နားလည်ထားလဲ။ ပတ်ဝန်းကျင်မှာ ပြောကြဆိုကြသံတွေက သူတို့စိတ်ကို ဘယ်လို အရောင်ဆိုးလဲ သိချင်တာပါ။

ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ကျုပ် မိတ်ဆွေ ဆရာဦးသောင်းစိန်က (အခမဲ့) ကူညီပါတယ်။ မူလတန်း သုံးတန်း ကျောင်းသား လေးတန်းကျောင်းသား ကျောင်းသူ စုစုပေါင်း ခြောက်ယောက်ကို မေးခွန်းလေးတွေ အမေးအဖြေ လုပ်ထားတာပါ။ ဖတ်ပြီး ကိုယ့်ဘာသာ အဖြေထုတ်ကြည့်ကြပါ။

ကလေးခြောက်ယောက်ကို 'ပိုက်ဆံ ချမ်းသာ ချင်လား' လို့မေးပါတယ်။ ငါးယောက်က ချမ်းသာချင်တယ် ပြောတယ်။ တစ်ယောက်က ဒီတိုင်းပဲ ကောင်းတယ် ပြောပါတယ်။

'ပိုက်ဆံ အများကြီးရမယ်ဆိုရင် လိမ်ပြောရဲလား' မေးတော့ လိမ်ပြောရဲသူ တစ်ယောက်မှ မပါပါဘူး။ (လူကြီးတွေ ထက် တော်တယ်)

'လူတစ်ယောက်ရဲ့ ပိုက်ဆံ အားလုံး ကိုယ့်ဆီရောက်သွားတဲ့အတွက် အဲဒီလူ ဆင်းရဲသွားတယ်၊ ပိုက်ဆံက သိန်းတစ်ရာ ဆိုပါတော့ သူ့ကို ပိုက်ဆံ ဘယ်လောက် ပြန်ပေးချင်လဲ' မေးတော့ တစ်ယောက်က လုံးလုံး ပြန်မပေးဘူး ပြောပါတယ်။ တစ် ယောက်ကတော့ ငါးသိန်းပေးပြီး ကျွေးမွေးထားမယ် ပြောပြီး ကျန်လေးယောက်က အားလုံး ပြန်ပေးမယ် ပြောပါတယ်။

နောက်တစ်ခုက လာဘ်ငွေနဲ့ အကြံအဖန်ဆိုတဲ့ အဓိပ္ပာယ် မေးတော့ တိကျတဲ့ အဖြေမပေးနိုင်ဘူး။ (တော်သေးတယ်) 'သူများ ပိုက်ဆံကို လိုချင်တာ' လို့တော့ အားလုံး ဖြေကြတယ်။

ကိုယ့်အဖေ အမေ သူများ ပိုက်ဆံတွေ မတရားရပြီး ချမ်းသာသွားပြီ ဆိုပါ တော့။ ကံကောင်းတယ်လို့ ပြောမလား။ ကံမကောင်းဘူးလို့ ပြောမလား။ မေးတော့ သုံးယောက်က ကံကောင်းတယ် ဖြေပြီး သုံးယောက်က ကံမကောင်းတာလို့ ဖြေပါတယ်။

နောက်တစ်ချက်က 'ကလေးတို့ ကျောင်းအုပ်ဆရာမကြီးက သူ့မွေးနေ့ အတွက် ပိုက်ဆံတောင်းရင် ပေးချင်လား။ မပေးချင်ဘူးလား။ မေးတော့ အင်တင်တင်နဲ့ အားလုံးက

ပေးချင်ပါတယ်လို့ ဖြေတယ်၊ ဒါပေမဲ့ 'ငြင်းလို့ရမယ်ဆိုရင် ငြင်းရဲလား' မေးတော့ နှစ်ယောက်က မငြင်းရဲဘူး ဖြေတယ်၊ လေးယောက်က ငြင်းရဲတယ်လို့ ဖြေတယ်။ (ခြောက်ယောက်လုံး ငြင်းရဲတဲ့ နေ့ဟာ ဒီမိုကရေစီ အပြည့်အဝ တရားဥပဒေ စိုးမိုးရေး အပြည့်အဝ ရှိမယ့် နေ့ပဲလို့ တွေးလိုက်မိပါတယ်) ဆရာ ဦးသောင်းစိန်နဲ့ ချစ်စရာ ကလေးငယ်များအား ကျေးဇူးတင်လျက်။

■ ပြည်သူ့ခေတ်ဂျာနယ်
အတွဲ ၃၊ အမှတ် ၁၁၄

# ဒေါက်ကောင်းဆက်နိုင်

တလုံးပေါင်း မှားပါဘူး။ ဒေါက်ကောင်းဆက်နိုင်ပါ။ ဒေါက်တာ ကောင်းဆက်နိုင်ရယ်လို့ မဟုတ်ပါဘဲ ဘာစကြောင့် 'တာ' ကျန်ခဲ့ပြီး 'ဒေါက်ကောင်းဆက်နိုင်'ကြီး ဖြစ်နေရတာလဲ ဆိုတော့ ဒီလိုပါ။

ကျွန်ုပ်ရဲ့ Roots (မျိုးရိုးဇာစ်မြစ်) က အဘိုးဖြစ်သူဟာ သာစည်မြို့နားက ရွာလယ်သမား ပေါ့။ အဘိုးက နေ့ခင်းတစ်ချိန်မှာ ကျွန်ုပ်ရဲ့အဖေဖြစ်လာမယ့် သူ့သားကို မြို့ကျောင်းထား ပေးလိုက်တော့ ကျေးလက် ကျန်းမာရေးမှူး (H.A) ဖြစ်ခဲ့ပါတယ်။ ကျွန်ုပ်အဖေက တစ်ခါ ကျွန်ုပ်ကို ပိုပြီး ကောင်းတဲ့ကျောင်း ထားပေးပြီး ဆယ်တန်းလည်းအောင်ရော ဆေးကျောင်း အတက်ခိုင်းတယ်။ ကျွန်ုပ်ကလည်း သူ့ စိတ်ချမ်းသာအောင် ဆေးကျောင်းကို ကြိုးစား ပမ်းစား တက်ပစ်လိုက်ချင်ပေမယ့် ဆယ်တန်းအောင်မှတ်တွေက တားထားခဲ့တယ်ဗျ။

မေဂျာနဲ့လည်း MSc တက်ပြီး တစ်ခါ Ph.D ဒေါက်တာဘွဲ့ ယူပစ်လိုက်မယ် စိတ်ကူး ခဲ့ပေမယ့် ဂီတနဲ့ အရက်ဘက်ပါသွားလို့ ဒေါက်တာက နီးဖြစ်သွားပြန်တယ်။ နောက်ဆုံး တော့ အကြံရတာနဲ့ ဥရောပနိုင်ငံတစ်ခုက မထင်မရှား တက္ကသိုလ်လေးနဲ့ ချိတ်လိုက်ပြီး အဆင်ပြေသွားပါတယ်။ ဆရာဝန်တွေ၊ ပါရဂူတွေနဲ့ ဆရာတော် ဒေါက်တာတွေကို မျက်နှာ ပူပေမယ့်လည်း တမလွန်ဘဝရောက်နေတဲ့ ဖခင်ကြီး စိတ်ချမ်းသာဖို့အတွက် ဒေါက်တာ ဘွဲ့ဖိုးကို အရစ်ကျသွင်းနေတာ အခုဆိုရင် တစ်ဝက်တိတိ သွင်းပြီးပါပြီ။ ပိုက်ဆံအကြေ မသွင်းရသေးလို့ သူတို့ဆီက ဘွဲ့လက်မှတ် မပို့နိုင်သေးပေမယ့် ကျွန်ုပ် အဆင်ပြေသလို လုပ်နိုင်ကြောင်း အကြောင်းကြားပါတယ်။

ဒါကြောင့် တစ်ဝက်သွင်းပြီးသားငွေလည်း အလကားမဖြစ်ရအောင် တမလွန်က ဖခင်ကြီးလည်း ပျော်နှင့်လို့ရအောင် သိက္ခာရှိရှိ 'ဒေါက်' တစ်လုံးတည်း တပ်နှင့်တာပါ။

ဒီအတွက် မလှောင်ကြစေချင်ပါဘူး။ လူတိုင်း လူတိုင်း ရှုးသွပ်မှုတစ်ခုစီတော့ ရှိတတ်ကြပါတယ်။ ငွေရူး၊ မြေရူး၊ အာဏာရူး၊ နောက်ဆုံးဗျာ ဘုန်းကြီးရူး ရူးနေတဲ့ကိုရင်ကြီး တစ်ပါးတောင် တွေ့ဖူးပါတယ်။ ကျောင်းထိုင်က ခွင့်မပြုလေ သူက ဘုန်းကြီးတွေရှော နေလေပါပဲ။

**အတု ဒီပနီ**

ရူးသွပ်မှု၊ အယောင်ဆောင်မှုတွေနဲ့ အတုတို့ဟာ အကြောင်းအကျိုးဆက်တွေပါပဲ။ မြန်မာနိုင်ငံမှာ သင်္ဘောသားတစ်ယောက်ဖြစ်ဖို့ ငွေတွေ အချိန်တွေ ရင်းပြီး အဆင့်တွေများလွန်းလို့ မတက်နိုင်သူတွေ ဘန်ကောက်ကတစ်ဆင့် သင်္ဘောသွားတက်ကြရတဲ့ တစ်ခေတ်ရှိခဲ့ပါတယ်။ အားလုံးနီးပါး အတုတွေဆိုတော့ အစစ်တွေ ဝင်တိုးဖို့တောင် ခက်ကြရပါတယ်။ ဘဝတွေက ခက်ခဲကြမ်းတမ်းတော့ အဆင်ပြေသူရှိသလို တချို့ပင်လယ်ပြင်မှာပဲ ဘဝနိဂုံးချုပ်ကြရပါတယ်။ အလွန်လည်တဲ့ မြန်မာသင်္ဘောသား အတုလေးတွေ တက်သွားကြတဲ့ သင်္ဘောကလည်း အတုဖြစ်နေတတ်လို့ပါ။ သင်္ဘောအတု ဆိုတဲ့ သဘောက ဒီသင်္ဘောဟာ အကြံအစည်နဲ့ ထွက်တာပါ။ သင်္ဘောပိုင်ရှင်က သူကြီး (ကပ္ပတိန်)၊ ကုန်းချုပ်နဲ့ပေါင်းပြီး သင်္ဘောသားတွေနဲ့အတူ သင်္ဘောကို မြှုပ်လိုက်တာပါ။ ရည်ရွယ်ချက်က သင်္ဘောအာမခံငွေတွေ ထုတ်ယူဖို့ပါပဲ။ ဒီအတိုင်း အလေးချိန်နဲ့ရောင်းတာထက် အဆမတန်အောင် ပိုရလို့ပါ။ သူတို့ သင်္ဘောသားလေးတွေလိုပဲ ကံဆိုးတဲ့ သင်္ဘောသားလေးတွေကျတော့ အေးကျင့်အတုနဲ့ တွေ့ရတာပါပဲ။ စာချုပ်အတုတွေ ယုတ္တိရှိအောင်ချုပ်ပြီး ငါးဖမ်းသင်္ဘောကို အပြီး ရောင်းစားလိုက်တာပါပဲ။ မသေအောင် ထမင်း ကျွေးထားပြီး သေနတ်နဲ့ အစောင့်တွေရဲ့ မျက်စိအောက်မှာ အလုပ် လုပ်ကြရတာပါ။ ငွေဝယ်ကျွန်အတုတွေ ဖြစ်သွားတာပေါ့ဗျာ။

ဥရောပတစ်တိုက်လုံး တုန်လှုပ်သွားအောင် လိမ်သွားတဲ့ ဘဏ်ကျွမ်းကျင်သူ၊ ဂျာမနီတစ်နိုင်ငံလုံး ချောက်ချားသွားတဲ့ 'ဆရာဝန်အတု' တွေလည်း ပေါ်ခဲ့ဖူးပါတယ်။ မသေခင်အသက်အာမခံ သုံးချင်လို့ ကိုယ့်ကိုယ်ကိုယ် 'မသာတု' လုပ်တဲ့သူကလည်း ရှိခဲ့ပြန်တယ်ဗျ။

ဆရာဝန် အတုလေးတွေဟာ ဂျာမန်နာမည်ကြီး ဆေးရုံတစ်ရုံမှာ ဆရာဝန်လက်မှတ်အတုနဲ့ ၇ နှစ် (အတိအကျ မမှတ်မိတော့ပါ) တာဝန်ထမ်းဆောင်ပြီးမှ ပေါ်သွားတာပါ။ သူ့ကို ယုံကြည်ကိုးစားတဲ့ လူနာတွေ အတော်များများဆိုပဲ။ အစိုးရထိပ်တန်း အရာရှိကြီး တစ်ယောက်တောင် သူ့ရဲ့လူနာဖြစ်ခဲ့ဖူးတယ်တဲ့။ ဆရာဝန် မဟုတ်ပေမယ့် ဆေးရုံဝန်ထမ်း အတွေ့အကြုံတော့ ရှိဖူးတယ်တဲ့။ အလွန်ခေတ်မီတဲ့ နိုင်ငံတွေမှာတောင် ဒါမျိုးခံရတယ်ဆိုတော့ ကိုယ့်နိုင်ငံအတွက် စိုးရိမ်စိတ်ဝင်မိပါတယ်။

ဥပဒေ ဘက်တော်သားတွေ နည်းပညာနဲ့ အရည်အချင်းတွေ မြင့်တက်ပြီး အရမ်းခေတ်မီလာတာနဲ့အမျှ ဥပဒေချိုးဖောက်မယ့် လူတွေကလည်း ဉာဏ်ရည်တု လက်ရည်တူ

အမီလိုက်လာနေကြပါတယ်။ Internet Police (အင်တာနက်ရဲ) လည်း မဖြစ်မနေ ထားရပါတော့တယ်။ အတုတွေ အစစ်နဲ့တူလွန်းလို့ ထုတ်ပေးတဲ့ရုံးတွေ၊ ဌာနတွေတောင် မခွဲနိုင်ပါဘူး။ ခရိုင်ရဲရုံးလိုဟာမျိုးမှာ ခေတ်မီနည်းစနစ်တွေနဲ့ အတုအစစ် ခွဲခြားစစ်ဆေးပေးတဲ့ ဌာန သီးသန့် ဖွဲ့ဖက်ထားပေးရပါတယ်။ အွန်လိုင်း (Online) ဘဏ်စာရင်း အလွှဲအပြောင်းတွေကို ကြားထဲကနိုးယူတယ်။ ရထားလက်မှတ်၊ ကားလက်မှတ်အတုတွေ လုပ်တယ်။ အွန်လိုင်း ရာဇဝတ်မှုတွေ မှိုလိုပေါက်လာတယ်။

ကြောက်စရာ အကောင်းဆုံးကတော့ ဆရာဝန်အတုနဲ့ ကျောင်းဆရာအတု ပါပဲ။ ဆရာဝန်အတုက လူသတ်မယ်။ ကျောင်းဆရာအတုက တစ်မျိုးသားလုံး အညွန့်တုံးအောင် လုပ်မယ်။ ဘာကျန်သေးလဲ။

## အနံ့ရနေတယ်

ဒါတွေပြောရတဲ့ အကြောင်းရင်းက အစိုးရအဖွဲ့ အပါအဝင် တစ်နိုင်ငံလုံး ဘယ်တော့ အလိမ်ခံရမလဲ ရင်တထိတ်ထိတ်နဲ့ မြင်နေရလို့ပါပဲ။ အနံ့ကတော့ ရနေတယ်ဗျ။

ပြောသာပြောတယ်၊ အလိမ်ခံရမယ့် သူများဟာ သူတို့ကို သတိပေးရင် ကျေးဇူးမတင် လက်မခံတဲ့အပြင် သူ အလိမ်ခံရမယ့် ကိစ္စကို နှောင့်ယှက်တယ်ဆိုပြီး သိပ်စိတ်ဆိုးတတ်ကြတာကလား။ ကျုပ်မိတ်ဆွေတစ်ယောက် သူ့အဖေ သစ်ကုမ္ပဏီကြီးတစ်ခုရဲ့ အဝယ်တော်အဖြစ် ငွေထုပ်ကြီးပိုက်ပြီး ရောက်လာစဉ်က သစ်လောကမှာ နာမည်ပျက်နေတဲ့ လူလိမ်တစ်ယောက်နဲ့ တပူးပူး တတွဲတွဲ လုပ်စဉ်မှာ သတိပေးဖို့ အကူအညီတောင်းတယ်။ သူ့စကားထက် ကျုပ်စကားကို အမြဲ အလေးထားတယ်ဆိုပြီး ခေါ်သွားတာပါ။ ကံကောင်းလို့ လက်သီးစာ မမိတာဗျ။ ပြောလိုက်သေးတယ်။ ငါ့ဘာသာငါ အလိမ်ခံရတော့ ဘာဖြစ်လဲတဲ့။ ဟုတ်ပါရဲ့ သူ့ဘာသာ အလိမ်ခံတာ၊ ဒါပေမဲ့ ပိုက်ဆံက ကုမ္ပဏီ ပိုက်ဆံ၊ သူ့ဟာ တစ်ပြားမှမပါ။

ခုလည်း အစိုးရနဲ့တကွ ကုမ္ပဏီတွေ၊ ပုဂ္ဂလိကကျောင်းတွေ သူ့ဘာသာ အလိမ်ခံတာမျိုးဖြစ်ပေမယ့် နစ်နာမှာက ပြည်သူ့ဘဏ္ဍာ၊ တိုင်းပြည် အနာဂတ်နဲ့ ကံကြမ္မာတွေပါပဲ။

ဥပမာဗျာ၊ အခုချိန်မှာ တိုင်းပြည်ရဲ့ပညာရေး၊ ကျန်းမာရေး စတဲ့ အတတ်ပညာ မျက်နှာစာမှာ နိုင်ငံအသီးသီးက နိုင်ငံခြားသား အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ တွေ့မြင်လာရတာဟာ နိုင်ငံအတွက် အလားအလာ သိပ်ကောင်းပါတယ်။ ကိုယ့်မှာ ဘာမှမရှိရင် ရှိတဲ့နေရာ၊ အနောက်တင်မဟုတ်ဘူး၊ အရပ်ရှစ်မျက်နှာ မျှော်ရမှာပေါ့။ ဒါပေမဲ့ အတုတွေတော့ မပါစေချင်ဘူး။ (ဆရာဝန်အတုက ဆေးတုနဲ့ကုလိုက်တော့ လူမမာ သေဖို့ပဲရှိတာပေါ့) အစိုးရအနေနဲ့ကလည်း ပုဂ္ဂလိက ကုမ္ပဏီတွေ၊ ကျောင်းတွေဟာ နိုင်ငံခြားသား ကျွမ်းကျင်သူတွေကို သူ့ဘာသာခေါ်တာပဲ ဆိုတဲ့ အမြင်နဲ့ မဆိုင်သလို သေးထွက်မနေဘဲ အသိအမှတ်ပြုလက်မှတ်တွေ၊ လုပ်ခဲ့ဖူးတဲ့ အတွေ့အကြုံတွေ၊ အမှန် ဟုတ်၊ မဟုတ် တရားဝင် စုံစမ်းခြင်း၊ အရေးယူကြခြင်းများ ပြုသင့်ပါတယ်။

အထူးသဖြင့် ကလေးတွေ အတွက် စိုးရိမ်မိတာက (အထင်ကြီးခွင့်မရတာ ကြာလို့

လားမသိပါ) အဖြူဆိုရင် မိဘတွေက အထင်တကြီးရှိနေတော့ တွေ့ကရာလူကို ထုံးသုတ်ခေါ်လာပြီး လောဘသားတချို့ ရိုက်စားလုပ်မှာ ဒေါက်ကောင်းဆက်နိုင် အနေနဲ့ အမှန်ပင် စိတ်ပူမိကြောင်းပါ ခင်ဗျာ။

*(ဝန်ခံချက်။ ။ ကျွဲဆောင်းပါးပါ ဒေါက်တာဘွဲ့နှင့် ပတ်သက်၍ ကျွန်ုပ်လေးစားသော ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတကြီး ဦးသိန်းစိန် ဦးကျော်သူ စသော ပုဂ္ဂိုလ်များ မဆိုလိုပါကြောင်း)*

■ မန္တလေးအလင်း သတင်းဂျာနယ်

အတွဲ ၂၊ အမှတ် ၂၄

၁၂-၁၀-၂၀၁၂

# အံ့ဩလွန်းလို့ သေတော့မယ်

**နှလုံးသားစစ်တမ်း . com**

လူတွေဟာ ကိုယ့်နှလုံးသားထဲမှာ ဘာရှိလဲ၊ ဘာတွေကို ဘယ်လို ယုံကြည်နေလဲ၊ ဘာကို ကြိုက်လဲ၊ ဘာမကြိုက်ဘူးလဲ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်လူမျိုးရဲ့ သဘောထားတွေကော ဘယ်လိုရှိလဲ အမြဲဆန်းစစ်လေ့လာမှုတွေ လုပ်သင့်ပါတယ်။ ဒါမှ ရှေ့ဆက် ဘယ်လို ချီတက်ရမယ်ဆိုတာ အသေအချာ သိမှာပေါ့။

သဘော ဆန္ဒဖော်ပြမှုနဲ့ ပတ်သက်လို့ အခုလို ချုပ်ချယ်ကန့်သတ်မှုတွေ မရှိတော့တဲ့ အချိန်မှာ ဒီတာဝန်ဟာ မီဒီယာတွေရဲ့ ပခုံးပေါ် ကျရောက်နေပါတယ်။ မီဒီယာတွေက တက်တက်ကြွကြွ ကူညီကြမှသာလျှင် ပြည်သူတွေရဲ့ မြုပ်နေတဲ့ သဘောထား ဆန္ဒတွေ ပွင့်လင်း ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူ့ခေတ် ဗိုင်းတော်သားများ အပါအဝင် စာနယ်ဇင်း၊ ရေဒီယို ရုပ်မြင်သံကြားနဲ့ နိုင်ငံပိုင် သတင်းစာများကိုပါ တိုက်တွန်း လိုက်ပါတယ်။ ပြည်သူ့ဆန္ဒ သဘောထားတွေကို ကြောက်ရွံ့ခြင်း လောင်းရိပ်အောက်ကနေ လွတ်မြောက်ပြီး အညွန့်အခက်တွေ ဝေဆာလာအောင် မြှေတောင်မြှောက်ပေး ကြစေလိုပါတယ်။

Weekly Eleven 26-9-2012 မှာ ဖော်ပြတဲ့ မဏ္ဍိုင်အသီးသီးနဲ့ ပတ်သက်ပြီး 'Eleven Media Group' ဝက်ဆိုက်ဘ်မှာ ကောက်ယူထားတဲ့ စစ်တမ်းကိုလည်း ဖတ်ရှုလိုက်ရပါတယ်။

ပြည်သူ့ခေတ် (အမှတ် ၁၁၃) ကတောင် ဖော်ပြပေးရတဲ့ ဆရာ ကျော်အေးထွန်း

ရဲ့ ဗီပြင်လုတဲ့ 'ကောင်းဆက်နိုင်ရဲ့ ၁၃-၉-၂၀၁၂ နေ့ထုတ် ပြည်သူ့ခေတ်ဂျာနယ် ဆန္ဒသဘောထား စစ်တမ်း။ အချက် ၈ ချက် အတွက် ဆန္ဒ သဘောထား ထုတ်ဖော်လိုက်ပါတယ်' ဆိုတဲ့ ခေါင်းပါးလည်း ကျေးဇူးတင် ဝမ်းမြောက်စွာ ဖတ်လိုက်ရပါတယ်ဗျာ။ မပြောလို့ မဖြစ်တာ တစ်ခုလည်း ဖတ်လိုက်မိတယ်ဗျ။ 'ကိုယ်တို့က မြို့စွန် နေတဲ့ သူဆိုတော့ အမှိုက်ကိစ္စ ပြဿနာ မရှိ၍ ဤမေးခွန်း မဖြေလိုပါ' ဆိုတာပါ။ မြို့စွန်က အမှိုက်လည်း အစိုးရက တာဝန်ယူရမှာပေါ့။ စည်းကမ်း ရှိကြရမှာပေါ့။ ကျွန်ုပ်ရဲ့ အဘိုးက ရွာလေးတစ်ရွာမှာ နွားနဲ့ ဖက်ရုန်းခဲ့ရတဲ့ လယ်သမားဆိုတော့ ကျွန်ုပ်ရင်ထဲမှာ ခံစားမှုတစ်ခု ရှိတယ်ဗျာ။ ပြောပြမယ်။

မြို့က လူများဟာ စကားအလှ သုံးကြလွန်းတယ်ဗျာ။ ကျေးဇူးရှင် တောင်သူဦးကြီးတွေတဲ့။ ထမင်းရှင်တွေလို့တောင် မြှောက်ပြောသေးတယ်။ လက်တွေ့ကျတော့ ကောင်းပေ့ဆိုတာတွေ မြို့တွေမှာပဲ တွေ့ရတယ်။ ထမင်းရှင်တွေကိုတော့ လူချင်း မတူသလို ပစ်ထားရက်ကြတယ်။

မီးမရှိ ရေမရှိ ဖုန်းမရှိ လမ်း ကောင်းကောင်း မရှိ ရှေးနှစ်ပေါင်း တစ်ရာက အတိုင်း ပစ်ထားခဲ့ကြတာ မဟုတ်လား။ တော်တော် လူလည်ကျတဲ့ မြို့ကြီးသားတွေပဲ ထမင်းရှင်လို့ ပါးစပ်က ပြောပြီး စိတ်ထဲက တော်တော်နုံအတဲ့ နိုင်းဖတ်တွေပဲလို့ ရယ်သွမ်းသွေးနေတယ် မဟုတ်လား။ ဥရောပရောက်မှ ကျွန်ုပ် သိရတာက ကျုပ်တို့ဆီနဲ့ ပြောင်းပြန်ပဲ။ သူတို့ဆီမှာ ရွာတွေကို ကောင်းပေ့ညွှန့်ပေ့ဆိုတာ ဦးစားပေးတဲ့အပြင် သက်ကြီးပိုင်းတွေ အနားယူဖို့ လူကြီးများ (စီနီယာ) အတွက် အဆောက်အအုံကြီးဆို ဟိန်းနေတယ်ဗျာ ရွာတွေမှာ။ ပြောချင်တာက မြို့ကြီး မြို့စွန် မြို့လေး။ ကျေးရွာ ဇနပုဒ် ရယ်လို့ မရှိပါဘူးဗျာ။ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်သူချည်းပါပဲ။ တာဝန်ယူထားရင် အားလုံးအတွက် မခွဲမခြား တာဝန်ကျေအောင် ထမ်းရမှာပဲ။

ဥပမာ၊ ရန်ကုန်က စည်ပင်ဟာ မြို့ကလေးတစ်မြို့ဖြစ်တဲ့ ကလောမြို့လေးကို နမူနာယူသင့်တယ်။

ကလော စည်ပင်ဟာ ကွန်တိန်နာ ပုံးတွေကို ချိတ်ဆွဲ သွန်ယူတဲ့ ယန္တရားသုံးတယ်။ မြို့ကလည်း သန့်ပြန့်ပြီး ခေါင်းဆောင်ကနေ အလုပ်သမားထိအောင် တာဝန်ကျေတဲ့ အပြင် စိတ်နှစ်ပြီး လုပ်နေကြတာ မြင်တွေ့ခဲ့ဖူးတယ်ဗျာ။

ဒီတစ်ပတ် စစ်တမ်းလည်း ဝိုင်းဝန်း ကောက်ပေးကြ ဝေဖန်ပေးကြပါဦး။ 'Kaung125@gmail' ကိုဖြစ်ဖြစ် 'Peoplesage 2010@gmail' ဖြစ်ဖြစ် စာတိုက်လိပ်စာနဲ့ ဖြစ်ဖြစ် Comment (သဘောမှတ်ချက်) တွေကို လေးစားစွာ မျှော်နေမယ်ဗျာ။

**သီတင်းကျွတ်တော့မယ်၊**
**သီတင်းကျွတ် မှာ ချောက်အိုးဖောက်သံ ကြားရင် သွေး လန့်၊ မလန့်**
**ကျွန်ုပ်သဘော** – မလန့်ပါ။

**ဘာကြောင့်** – ကျုပ်ဟာ သွေးနှနှ သားနှနှ မီးနေသည် အမျိုးသမီး မဟုတ်ဘဲ တိုင်းပြည်အတွက် လိုအပ်ရင် ဝင်တိုက်မယ့် စစ်သားလောင်းကြီး ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာလည်း နှစ်သစ်ကူးပြီး နောက်နေ့မှာ တစ်ညလုံး ဖောက်ထားတဲ့ ဗျောက်အိုးက စက္ကူတွေ လမ်းတိုင်း ဖုံးနေလို့ လမ်းကိုတောင် မမြင်ရပါဘူး။ တစ်ယောက်မှ ကြောက်တယ် လန့်တယ် မကြားဖူးပါ။

**နိုင်ငံရဲ့မြို့တော်အဖြစ် နေပြည်တော်နဲ့ ရန်ကုန် ဘယ်ဟာ ပိုနှစ်သက်**

**ကျွန်ုပ်သဘော** – ရန်ကုန်ကို ပိုနှစ်သက်ပါတယ်။

**ဘာကြောင့်** – ရန်ကုန်က သမိုင်း ရှိပါတယ်။ ကုန်း ရေ လေ ဆိပ်ကမ်းတွေနဲ့ အစဉ်အလာရှိပြီးတဲ့အပြင် ရွှေတိဂုံဘုရားကိုလည်း ဖူးမြော်နိုင်ပါတယ်။ နေပြည်တော်ကိုတော့ 'ရုံးမြို့တော်' အဖြစ် သဘောကျပါတယ်။

**နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေကြမ်းကို သဘော ကျ၊ မကျ**

**ကျွန်ုပ်သဘော** – သဘောမကျပါ။

**ဘာကြောင့်** – အမျိုးချထားပုံက မြန်မာ အရင်းရှင် လက်တစ်ဆုပ်စာ ကောင်းစားဖို့အတွက် နိုင်ငံခြား အရင်းအနှီး မြှုပ်နှံမည့်သူများ တွန့်ဆုတ် သွားနိုင်ပါတယ်။ အပေါက်မျိုးစုံကနေ နည်းမျိုးစုံနဲ့ ဝင်လာမယ့် ခရိုနီတွေနဲ့ ပုဂ္ဂလိကရေး ကင်းရှင်းအောင်နေဖို့က အစိုးရတိုင်း သတိထားရမယ့်အချက် ဖြစ်ပါတယ်။

**ငြိမ်းချမ်းစွာ ဆန္ဒ ဖော်ထုတ်ခွင့် တောင်းခံရာမှာ ဥပဒေရဲ့မျှတမှု ရပါသလား**

**ကျွန်ုပ်သဘော** – မရပါ။

**ဘာကြောင့်** – ခွင့်ပြုမိန့် ပေးရမယ့်သူများဟာ အဂတိတစ်မျိုးဖြစ်တဲ့ 'ဘယာဂတိ' ကို လိုက်စားနေကြပုံ ပေါ်ပါတယ်။ ဆန္ဒပြမယ့်သူတွေက ကိုယ့်တာဝန် ကိုယ်ယူ ပြီး စည်းကမ်း ဥပဒေနဲ့အညီ ခွင့်တောင်းလာတာကို ပြည်သူတွေရဲ့မြင်ကွင်းမှာ မျှတအောင် စီစဉ်မပေးနိုင်ခဲ့ရင် အုပ်ချုပ်သူများဘက်က ချတ်ယွင်းတဲ့ သဘောလို ထင်မြင်မိပါတယ်။ အစိုးရကို ဆန့်ကျင်မယ့် ဆန္ဒပြမှုမျိုးကိုတောင် နွေးထွေးစွာ ခွင့်ပြုသင့်တာပါ။ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့လိုဟာမျိုး ခွင့်မပြုတာကတော့ဗျာ ကိုယ့်မြန်မာလူမျိုးတွေ လူရာ အသွင်း မခံရသလို ခံစားရပြီး ဝမ်းနည်းမိပါတယ်။

**တက္ကသိုလ်နဲ့ ကောလိပ်များမှာ လုံလောက်တဲ့ အဆောင်တွေ ထားသင့်၊ မသင့်**

**ကျွန်ုပ်သဘော** – ထားသင့်ပါတယ်။

**ဘာကြောင့်** – တက္ကသိုလ် ကျောင်းသား ကျောင်းသူလေးတွေ ဆိုတာ တိုင်းပြည်ရဲ့ 'အိမ်ရှေ့စံ' လေးတွေပါပဲ။ အနာဂတ်ရဲ့ ခေါင်းဆောင် အိမ်ရှေ့စံလေးတွေဟာ လိုက်ဖက်တဲ့

ချုပ်ဝတ်တန်ဆာလိုပါတယ်။ အဆောင်မရှိတဲ့ တက္ကသိုလ် ကျောင်းသားလေးတွေဟာ 'လန်ကွတ်တီ' ဝတ်ထားတဲ့ အိမ်ရှေ့စံလေးတွေနဲ့ တူပါတယ်။

**ပြည်ပ အားကိုး သင့်၊ မကိုးသင့်**

**ကျွန်ုပ်သဘော –** အကျိုးရှိမယ်ဆိုရင် အားကိုးသင့်ပါတယ်။

**ဘာကြောင့် –** အကျိုးရှိမယ်ဆိုရင် ပြည်ပတောင် မဟုတ်ဘူး။ အင်္ဂလိပ်ထိတောင် အားကိုးသင့်ပါတယ်။ အားကိုးချင်တိုင်း လွယ်တာမှတ်လို့ဗျာ။ သိပြီ မဟုတ်လား။ ကိုယ့်ကို အရေပြား ဆုတ်မယ့်လူမျိုးကိုတော့ ဝေးဝေးက ရှောင်ချင်ပါတယ်ဗျာ။

■ ပြည်သူ့ခေတ်ဂျာနယ်
အတွဲ ၃၊ အမှတ် ၁၁၅

# စားသုံးသူတွေကို ကာကွယ်ဖို့

တစ်နေ့မှာ ဥရောပ မြို့ကြီးတစ်မြို့ရဲ့ လမ်းမကြီးဘေးမှာ အာရှ စားသောက်ကုန်ပစ္စည်းဆိုင်တွေလို့ လျှောက်သွားလိုက်ပါတယ်။ နာမည်က 'မဲခေါင်'ဖြစ်ပြီး ပိုင်ရှင်က ထိုင်းလူမျိုးတွေဖြစ်ပါတယ်။ ထိုင်း၊ လူမျိုးနှယ် တရုတ်ဆိုရင် ပိုမှန်မယ်ထင်ပါတယ်။

ဆိုင်ထဲဝင်မယ်လုပ်တော့ ဆိုင်ခဏပိတ်ထားပါတယ်တဲ့။ ဆိုင်ရှေ့မှာတော့ ကားတစ်စီးရပ်ထားပြီး ယူနီဖောင်း ဝတ်ထားသူများက ဆိုင်ထဲက ပစ္စည်းတွေကို ကားပေါ်ပစ်တင်နေတာတွေ့ရပါတယ်။ စုံစမ်းကြည့်တော့ ရက်လွန်နေတဲ့ ပစ္စည်းတွေရယ်၊ ရက်လွန်တာကို ပြန်ပြင်ရေးထားတဲ့ ပစ္စည်းတွေရယ် စားသုံးသူအတွက် အန္တရာယ်ဖြစ်နိုင်မယ့် စားသောက်ကုန်မှန်သမျှကို စားသုံးသူကာကွယ်ရေးအဖွဲ့က သိမ်းဆည်းပြီး ဖျက်ဆီးဖို့အတွက် ကားပေါ်တင်နေတာ ဖြစ်ပါတယ်။ ဆိုင်ရှင်ကတော့ မငိုရုံတစ်မည်ပါပဲ။

ကျုပ်တို့ အာရှတိုက်သားတွေဟာ ဥရောပတိုက်သားတွေ အမြင်မှာ သိပ်ကြမ်းတယ်လို့ထင်ကြပါတယ်။ ဒီကြားထဲ တချို့ နိုင်ငံကလူတွေ ခွေးသားစားတော့ မင်းတို့မြန်မာတွေကော ခွေးသားစားလား မကြာခဏ အမေးခံရပါတယ်။ အဆိပ်ရှိတာ မရှိတာကော၊ တွင်းအောင်းတွေကော၊ ကုန်း။ လေ၊ ရေ ကျောရိုးရှိ ကျောရိုးမဲ့ အင်းဆက်ပါမကျန်စေရဘူး။ ကုန်ကုန်ပြောရရင် လူ့သိက္ခာကို ထိပါးနိုင်တဲ့ စားနည်းမျိုးလည်း ကြားဖူးတယ်ဗျ။ တခြား မဟုတ်ဘူး 'ချေးဆီ' တဲ့။ ဘယ်ဒေသ ဘယ်လူမျိုးတွေဆိုတာတော့ မရေးတော့ပါဘူး။ ဒီလိုဗျ။ 'ချေးတွင်း'နဲ့ မလှမ်းမကမ်း နှစ်တောင်လောက်အကွာမှာ နှစ်တောင်လောက်အနက်တူးပြီး အပေါက်သေးသေး ဖောက်ထားတဲ့ ဝါးကျည်တောက်ကို နှစ်ပေါက်မြှုပ်ထား၊

တာ။ ဝါးကျည်တောက်ထဲ လာစုတဲ့ အဆီကို စားကြရတာ။ ငှက်သိုက်နဲ့ မလဲနိုင်လောက်အောင် ကောင်းတယ်ဆိုပဲ။ (တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားရတာဖြစ်ပါတယ်။ ကိုယ်တွေ့မဟုတ်ပါ) ကမ်းကုန်သွားပြီပေါ့ဗျာ။ ဒီတော့ အစားအသောက်တွေ သန့်ရှင်းဖို့ အန္တရာယ်ဖြစ်နိုင်တာတွေကို ရှောင်ဖို့ ကာကွယ်ဖို့ဆိုတာ ကျုပ်တို့ အာရှတိုက်သားတွေ ဘယ် အလေးထားကြမှာလဲ။

ဒါပေမဲ့ ဒုတိယ ကမ္ဘာစစ်အပြီးမှာတော့ အာရှနိုင်ငံတချို့မှာလည်း အမြင်တွေပြောင်းလဲပြီး အစားအသောက်ကဏ္ဍ အရေးကြီးတာ သတိပြုမိလာကြပါတယ်။ အစားအသောက်ဟာ လူမျိုးတစ်မျိုးရဲ့ ကျန်းမာရေး၊ ကာယဉာဏ ဖွံ့ဖြိုးရေးအတွက် သော့ချက်ဖြစ်ပြီး နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်တယ်ဆိုတာ ဇောင်းပေးပြီး ဆောင်ရွက်လာကြပါတယ်။

ဒီမှာတင် စားသုံးသူ ကာကွယ်ရေး အဖွဲ့အစည်းတွေ ပေါ်ပေါက်လာပါတယ်။ အစိုးရဌာနတွေကလည်း အစားအစာနဲ့ ဆေးဝါးကွပ်ကဲရေး စစ်ဆေးရေး၊ ကျန်းမာရေးဌာနတွေကလည်း စားသောက်ကုန်လုပ်ငန်း ကြီးကြပ် စစ်ဆေးရေးတွေကို ထိထိရောက်ရောက် ဆောင်ရွက်လာကြပါတယ်။ ဥရောပမှာတော့ စားသုံးသူ ကာကွယ်ရေးအဖွဲ့တွေဟာ မြို့တိုင်း နယ်တိုင်းမှာ ရှိပါတယ်။

စားသုံးသူ ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်က တော်တော် ကျယ်ဝန်းပါတယ်။ ဒါကြောင့် စားသုံးသူ ကဏ္ဍဟာ ကျယ်ဝန်းတာပါ။ အခကြေးငွေယူပြီး ဝန်ဆောင်မှုပေးတဲ့လုပ်ငန်းမှန်သမျှ ပါဝင်ပါတယ်။ ဥပမာ ဘတ်စကား၊ ရထား၊ လေယာဉ်၊ သင်္ဘော၊ ဟိုတယ်၊ တည်းခိုဆောင်၊ စားသောက်ဆိုင်၊ စားသောက်ကုန်ထုတ်လုပ်ရေး၊ ဆေးဆိုင်အားလုံးမှ ကား အရောင်းပြခန်းတွေအထိ ဓာတ်ခွဲခန်း၊ ဆေးရုံ၊ ဆေးခန်း၊ ဆံပင်ညှပ်ဆိုင်၊ ပရိဘောဂဆိုင်၊ အမှိုက်သိမ်းလုပ်ငန်းမှစ၍ လမ်းခင်း၊ တံတားဆောက် အားလုံးပါပဲ။

ထုတ်လုပ်ရေးဆိုရင်လည်း တိုင်းရင်းဆေး၊ အနောက်တိုင်းဆေး၊ စားစရာ လူအသုံးအဆောင်ပစ္စည်း ထုတ်လုပ်မှုတွေ။

ကြော်ငြာဆိုရင်လည်း အန္တရာယ်ပေးနိုင်တဲ့ ကြော်ငြာတွေ ဝဆေး၊ ပိန်ဆေး၊ အရက်ကြော်ငြာ၊ ဆေးလိပ်ကြော်ငြာတွေ။ ကိုယ့်ပစ္စည်း အစွံထုတ်ချင်တဲ့အတွက် ပြည်သူကို လှည့်ဖြားတဲ့ကြော်ငြာတွေ၊ ကံစမ်းမဲအတုတွေ၊ ကားတွေမဲဖောက်။ ကိုယ့်တပည့်သားချင်း နာမည်နဲ့ မဲပေါက်တယ်ကြော်ငြာ။ ရိုးသားနံ့အတဲ့ ပြည်သူတွေက အဟုတ်မှတ်ပြီး ဝယ်သုံးကြ။ ဆင်းရဲမွဲတေမှုကြောင့် အကျိုးသင့် အကြောင်းသင့် ဖြစ်နိုင် မဖြစ်နိုင် မစဉ်းစားနိုင်ကြတော့တဲ့ ပြည်သူတွေအတွက် စားသုံးသူ ကာကွယ်ရေး အသင်းအဖွဲ့က ကြားဝင်ပေးရမှာဖြစ်ပါတယ်။ ဥပမာ၊ ကံစမ်းမဲဖောက်တဲ့ လုပ်ငန်းရှင်တွေဟာ ကံစမ်းမဲဖွင့်မယ့်နေ့ မဲနှိုက်တဲ့ကိစ္စကို စားသုံးသူ ကာကွယ်ရေး ရှေ့မှောက်မှာ မှန်မှန်ကန်ကန် စနစ်တကျ ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

တကယ်တော့ စားသုံးသူ ကာကွယ်ရေးအဖွဲ့ ဖြစ်လာရတဲ့ အခြေခံအကြောင်းရင်းက စီးပွားရေးသမားတွေရဲ့ မတော်လောဘကြောင့် ဖြစ်လာရတာပါ။ ကိုယ်ရောင်းတဲ့ပစ္စည်း

ကြောင့် လူတစ်ယောက်ကို ဒုက္ခိတ ဖြစ်သွားမှန်းသိလည်း ဆက်ရောင်းချင်တဲ့စိတ်၊ ကိုယ်ကျိုးမစွန့်ချင်တဲ့ စိတ်တွေကြောင့်ပါပဲ။

စားသုံးသူတွေ ထိခိုက်နစ်နာနေရတာဟာ ဆင်းရဲမွဲတေမှုနဲ့လည်း အကျိုးအကြောင်း ဆက်နွှယ်နေပါတယ်။ ဆင်းရဲတော့ ဈေးပေါတာ ဝယ်သုံးရ၊ ဈေးပေါတာ ဝယ်သုံးရတော့ အန္တရာယ်ကို လက်ယပ်ခေါ်သလိုဖြစ်ရပါတယ်။

တစ်ခါက ဧရာတ်ဆီတွေ ထုတ်ရောင်းတဲ့ လုပ်ငန်းတစ်ခုကို ရောက်သွားပါတယ်။ ဧရာတ်ဆီလို့ အမည်ပေးထားတဲ့ ဆေးရည်ဟာ နိုင်ငံတကာမှာ တွင်ကျယ်နေတဲ့ ဆေးပါ။ ခရမ်းချဉ်သီးအနှစ် သို့မဟုတ် ဧရာတ်သီး၊ အနှစ်၊ သကြားနဲ့ ရှာလကာရည်တို့ ပေါင်းစပ်ထုတ်လုပ်ရတာပါ။ ဒါပေမဲ့ မျက်မြင်ကြုံတွေ့ခဲ့ရတဲ့ ဧရာတ်ဆီ လုပ်ငန်းကတော့ အားလုံး အတုတွေချည်းပါပဲ။ ဂျုံကိုကျိုပြီး ဆေးသကြား။ ဆိုးဆေးအနီရောင်တွေနဲ့ အတုလုပ်ရောင်းတာပါ။

ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်မရခဲ့တဲ့ စစ်အုပ်ချုပ်မှုအောက်မှာ နှစ်ပေါင်းများစွာ လူတွေဟာ အတုတွေ စားရင်း။ အတုတွေ သုံးရင်း မပြောဝံ့ မဆိုဝံ့နဲ့ နေလာခဲ့ကြရပါတယ်။

တရုတ်နို့မှုန့်အတုကြောင့် ကလေးတွေ ဘယ်နှယောက် သေဆုံးခဲ့လဲ။ ဂရုတစိုက် စာရင်းကောက်ပေးမယ့်သူတောင် မရှိခဲ့ပါဘူး။ ဝက်နားရွက်တောင် အတု လုပ်ရောင်းတယ်တဲ့ဗျာ။ လူတွေမှ ဟုတ်ကြသေးရဲ့လား မေးစရာပါ။ တရုတ် ဆေးအတုတွေလည်း ဆင်းရဲတဲ့ မြန်မာပြည်မှာ တွင်ကျယ်နေလိုက်ကြတာ အသည်းယားစရာပါ။ ဘယ်သူ သေသေ ငတေမာပြီးရောဗျာ။ ထောင်မကြောက်၊ တန်းမကြောက်၊ ငရဲမကြောက်တွေပဲဗျာ။

တချို့ လူမမာတွေများ။ တရုတ်အစာလေး မှိုဲပြီး တရုတ်ဆေးလေး သုံးဆောင်လိုက်တာ ဒုက္ခမြန်မြန်ငြိမ်းပြီး ခန္ဓာ သိမ်းတော့တာပေါ့ဗျာ။

ယမကာသမားတွေ ကြည့်လိုက်လည်း လူရုပ်နဲ့မတူရှာပါဘူးဗျာ။ ပြည်တွင်းဖြစ် အရက်တွေလည်း အထိန်းအကွပ်မဲ့၊ ငွေနဲ့ခင်းပြီး ဥပဒေ လက်တစ်လုံးခြား မီဒီယာတွေ ကတောင် ကြော်ငြာလိုက်သေးဗျာ။ ဆိုင်ရာ ပိုင်ရာတွေကို အိတ်ထဲ ထည့်ထားနိုင်ကြတာကိုး။ ဒါကြောင့် အရက်သမားတွေမှာ အရက်တုတွေသောက်ပြီး ဟောတစ်ယောက် ဟောတစ်ယောက် ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝပြောင်းကြရရှာတယ်ဗျာ။

စားဆီတောင်မှ ဆိုင်တွေက စွန့်ပစ်လိုက်တဲ့ ဆီဟောင်းတွေကို ဓာတုဗေဒ ပစ္စည်းတွေနဲ့ အရောင်ချွတ်ရောင်းလိုရောင်း။ ကျုပ်တို့နိုင်ငံ ဆင်းရဲသား ဆင်းရဲသူတွေမှာ သေတွင်းနှုတ်ခမ်း လမ်းလျှောက်နေကြရရှာပါတယ်။

စားသုံးသူ ကာကွယ်ရေး အသင်းကြီးဟာ လျှင်လည်းလျှင်ပါမှ၊ ဉာဏ်နီဉာဏ်နက်တွေကို ဉာဏ်ထက်ထက်နဲ့ ဖော်နိုင်မှ ကျုပ်တို့လူမျိုး ရေတိမ်မနစ်ဘဲ အသက်ဝဝ ရှူနိုင်ကြမှာဖြစ်ကြောင်း အားပေးရင်း တိုက်တွန်းလိုက်ရပါတယ်ဗျာ။

■ **မန္တလေးအလင်း သတင်းဂျာနယ်**

**အတွဲ ၂၊ အမှတ် ၂၅**

**၁၉-၁၀-၂၀၀၂**

# အံ့ဩလွန်းလို့ သေတော့မယ်

### ယာဉ်အို ယာဉ်ဟောင်း အပ်လိုက်ပါ

'အဆိုးမြင် ဝါဒီများကို ကျေးဇူးတင်ကြ' လို့တောင် ဆောင်းပါးလေး ရေးပြီး ဝေငှ လိုက်ချင်ပါတယ်။ 'ကိုယ့်ပေါင် ကိုယ်လှန် ထောင်းတယ်' ဆိုလာရင်လည်း 'ဆန်ရင်း နာနာ ဖွပ်ရမယ်' ဆိုတဲ့ စကားနဲ့ ကာကွယ်ရမှာပါပဲ။

အဆိုးတွေက များလွန်းနေတော့လည်း မျက်စိဖွင့်ကြည့်လိုက်တာနဲ့ အဆိုးတွေပဲ မြင်နေရတာ မဆန်းပါဘူး။ ဒီအဆိုးတွေကို ထောက်ပြတဲ့လူ ရှိမှလည်း ကောင်းအောင်ပြင်ဖို့ သတိရကြမှာပါ။ ဆိုးမှန်းသိလျက်နဲ့ မျက်စိမှိတ်ပြီး ကောင်းတယ်ချည်း အကြိုက်လိုက်ပြောနေရင် ပုံပြင်ထဲကလို ကိုယ်လုံးတီးနဲ့ ရှင်ဘုရင်ကြီးဟာ ဘယ်တော့မှ အဝတ်ကပ်မှာ မဟုတ်တော့ဘူး။

### ကားလမ်းတွေပေါ်မှာ ဖြစ်ချင်တိုင်း ဖြစ်နေကြတာတွေ

ရန်ကုန်မြို့ရဲ့ လမ်းပေါ်မှာ ကားစီးသွားလိုက်တာနဲ့ သွားလာနေတဲ့ ကားတွေကို မြင်ရတာဟာ ကျုပ်တို့နိုင်ငံရဲ့ အဆင့်အတန်းကို ကွင်းကွင်းကွက်ကွက် သရုပ်ပြနေသလိုပါပဲ။ လိုက်ဖက်တဲ့ စကားလုံး တောင် စဉ်းစားလို့မရဘူး။ အနီးစပ်ဆုံး ပြောရရင် စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ၊ ဝရုတ်သုတ်ခ ဝရုန်းသုန်းကား။ ဖရိုဖရဲ ထိန်းမနိုင် သိမ်းမရ၊ ကမောက်ကမ၊ သရဲနှဘဲစီး။ ကစဉ့်ကလျား ဖြစ်နေတယ် ပြောလည်း သူတို့ကို မမီသေးဘူး။ တောမီးလောင်လို့ လန့်ပြီး ပြေးလာတဲ့ နွားရိုင်းအုပ် ဒါမှမဟုတ် ငရဲပြည်က လွတ်လာတဲ့ ငရဲသားတွေ တစ်ကောင်နဲ့

တစ်ကောင် တစ်ယောက်နဲ့တစ်ယောက် နင်းခွ ကန်ကျောက်ပြီး ပြေးလွှားနေတာနဲ့ တူတယ်ဆိုရင်လည်း သိပ်မမှန်သေးဘူး။ ဒီ့ထက်ကို ဆိုးပါတယ်။

ဒီလို ကားလမ်းတွေပေါ်မှာ ယဉ်တွေ ဖြစ်ချင်တိုင်း ဖြစ်နေကြတာနဲ့ ပတ်သက်လို့ စာနယ်ဇင်းတွေမှာ ဝေဖန်မှုတွေ များခဲ့ပါတယ်။ ဒါပေမဲ့ အရင် အစိုးရ လက်ထက်က ဝေဖန်ရင် ဆတ်ဆတ်ထိ မခံနိုင်ဘဲ၊ ဝေဖန်သူကို နှိပ်ကွပ်လေ့ရှိပါတယ်။ အခု ကာလမှာတော့ ဝေဖန်သူကို အန္တရာယ်မပြုပေမယ့် ဝေဖန်မှုတွေကို လျစ်လျူရှုထားတာလား။ တဖက်အားပဲ နည်းတာလား၊ ဒါမှမဟုတ် အကောင်းဘက်ကို ပြုပြင် စီမံနိုင်တဲ့ အရည်အချင်းပဲ မရှိတာလား။ ဂရုမစိုက်တာကတော့ အရင်အတိုင်းပါပဲ။

ဝေဖန်သူ အများစုက ကားစီးရေ များလာလို့ ဆိုတဲ့ အကြောင်းပြချက်ကိုတော့ လက်မခံကြဘူးဗျာ။ ကားစီးရေ ဘယ်လောက် များတယ်ပြောပြော သူများ တိုင်းပြည် မြို့ကြီး တစ်မြို့ရဲ့ ရပ်ကွက်တစ်ခု စာလောက်ပဲရှိတာပါ။ မှန်ပါတယ်၊ လက်ရှိ ကားစီးရေက 'ထိုင်း' ရဲ့ အပုံ ၂၀ ပုံ ၁ ပုံပဲ ရှိပါတယ်။

တချို့က စီမံ အုပ်ချုပ်တဲ့သူတွေ မလုပ်တတ် မကိုင်တတ်လို့လို့ ပြောပါတယ်။ တချို့က လူတွေ၊ ယာဉ်မောင်း သူတွေ စည်းကမ်းမရှိလို့လို့ ဆိုပါတယ်။ အသားလွတ် သိမ်းကျုံး ပြောတယ်လို့ မထင်ပါနဲ့၊ စီမံ အုပ်ချုပ်သူကော ယာဉ်မောင်းသူတွေကော၊ ခရီးသည်တွေကော ကုန်ကုန်ပြောရရင် ပလက်ဖောင်းပေါ် ဈေးရောင်းနေတဲ့ သူတွေကော အားလုံးရဲ့ လိုအပ်ချက်၊ ညံ့ဖျင်းမှုနဲ့ တာဝန်မဲ့မှုတွေကြောင့်ပါပဲ။

ဒီလို ဖြစ်ရတာက ကျုပ်တို့ တိုင်းပြည် ဖြစ်နေပုံက ယာဉ်အိုယာဉ်ဟောင်းကြီးနဲ့ တူနေလို့ပါပဲ။ ဟောင်းစုတ်နေတဲ့ ယာဉ်အိုကြီးဟာ ဟိုနားက ဖောက်လိုက် သည်နားက ဖောက်လိုက်၊ ဒီဟာ ကောင်းသွားတော့ ဟိုဟာပျက်၊ ဟိုဟာကောင်းတော့ ဒီဟာပျက်မကွက်နှစ် အိုကြီးလည်း ချွေးပြန်။ ယာဉ်အိုကြီးက ဘယ်လိုလုပ် ကောင်းနိုင်မလဲ။ လဲတော့လဲပါရဲ့ ဒီဝပ်ရှော့ ထဲမှာရှိတဲ့ ပစ္စည်းတွေနဲ့ပဲ လဲနေတာကိုး။ အကောင်းဆုံး အကြံပေးရရင်တော့ ဘာမှ လဲဖို့ ကြိုးစားမနေနဲ့တော့၊ ဒီယာဉ်အို ယာဉ်ဟောင်းကြီး တစ်ခုလုံး ဆွဲသွားပြီး သံရည်ကျိုစက်ကိုသာ အမြန်ပို့လိုက်ပေတော့။ ပြီးတော့ မျိုးဆက်သစ် စလစ် ကိုင်ပြီးတော့ အသစ်ဆုံး မော်ဒယ် ၂၀၁၂ မော်ဒယ်သာ မှာပေတော့။ ဒီယာဉ်အိုကြီးနဲ့တော့ ဘာဆိုဘာမှ လုပ်မရဘူးဆိုတာ အမြင်မှန် မြန်မြန်ရလေ တိုင်းပြည် မြန်မြန် တိုးတက်လေဆိုတာ သိစေချင်တယ်ဗျာ။

■

လမ်းပေါ်မှာ ကားနှစ်စီး ရင်ဆိုင်တိုက်ရာမှာ ယဉ်မောင်းတွေ စည်းကမ်းမဲ့တာလည်း မှန်ပါတယ်။ တာဝန်ရှိသူတွေရဲ့ စီမံမှု အကွက်ချမှု လစ်ဟာတာလည်း ပါပါတယ်။ ယာဉ်မောင်းသူတွေအပေါ်ချည်း အပြစ်ပုံချဖို့ မသင့်ဘူး။ အမြော်အမြင် ရှိဖို့ဆိုရင် ရှည်ရှည်ဝေးဝေးက စပြောရမှာ ပါပဲ။

ယာဉ်ပိုင်ရှင် အမည်ကို အမြတ်ခွန် ရှောင်လိုတဲ့ သဘောနဲ့ မပြောင်းလဲတဲ့ ထားတာဟာ ထိထိရောက်ရောက် အရေးယူမှာ အတားအဆီးတစ်ခု ဖြစ်နေပါတယ်။ ဒီပျော့ကွက်ကို

ဥပဒေ ပညာရှင်တွေနဲ့ ညှိနှိုင်းပြီး နည်းဥပဒေ ပြဋ္ဌာန်းသင့်ပါတယ်။ ဥပမာ၊ ကာလတစ်ခု သတ်မှတ်ပြီး လက်လွှဲအပြီး သတ်မှတ်ကာလအတွင်း၊ အမည်မပြောင်းလဲရင် ပိုင်ရှင်ဟောင်း ပိုင်ရှင်သစ် နှစ်ဦးစလုံးကို ထိရောက်မယ့် ဒဏ်ငွေ အဆောင်နိုင်းတာမျိုးပါ။

ယာဉ်မောင်းလိုင်စင် ထုတ်ပေးရာမှာလည်း ဟာကွက်တွေ ရှိပါတယ်။ တစ်ချိန်က ဆိုရင် မမောင်းတတ်တဲ့လူကို ဝင်ဖြေစရာမလိုတဲ့ အိမ်တိုင်ရာရောက် လိုင်စင် လာပို့ပေးတဲ့ထိ လာဘ်ပေးလာဘ်ယူတွေ ရှိခဲ့ပါတယ်။ ဒီလာဘ်ပေး လာဘ်ယူကိစ္စတွေ တရားဥပဒေ မစိုးမိုးတာတွေဟာ အုပ်ချုပ်ရေးပိုင်းကို တော်တော် ထိခိုက်ပါတယ်။ ယာဉ်တိုက်မှု ဖြစ်တယ်။ ယာဉ်မောင်း ထွက်ပြေးတယ်။ နာမည်အသစ်နဲ့ မှတ်ပုံတင် လုပ်လာတယ်။ လိုင်စင် ဖြေတယ်။ လိုင်စင်ရပြီး ကားပြန်မောင်းတယ်။ လိုင်စင် ဖြေရာမှာ ယာဉ်မောင်း သင်တန်း မတက်တဲ့ ဝင်ခွင့် မပြုသင့်တော့ပါဘူး။ သင်တန်း တစ်လတက်ရင်တောင် ယာဉ်စည်းကမ်းနဲ့ ယာဉ်မောင်း တတ်ကျွမ်းမှု နည်းနေပါသေးတယ်။

■

ယာဉ်မောင်း သင်တန်းတွေကလည်း နိုင်ငံတကာ စံချိန်နဲ့ကြည့်ရင် အဆင့် မရှိပါဘူး။ တစ်လ သင်တန်းမှာ ယာဉ်စည်းကမ်း လမ်းစည်းကမ်းအကြောင်း သင်တာ အလွန်ဆုံးရှိရင် မိနစ် ၃၀ ပါပဲ။ မြန်မြန် လမ်းပေါ်တက် အမောင်းခိုင်းပြီး ဖြတ်လမ်းနည်းနဲ့ လီဗာနင်း တတ်ရုံ၊ ကွေ့တတ်ရုံပါပဲ။ ဒါကြောင့် တချို့က မြန်မြန် မောင်းတာကို ကျွမ်းကျင်တယ် ထင်ပါတယ်။ မဝင်ရမယ့် ယာဉ်ကြောထဲ လက်ထောင် ခေါင်းတော့ပြီး လူလည်ကျတာ ဖွတ်ဝင်တာကို ကျွမ်းကျင်တယ် ထင်ပါတယ်။ သင်တန်းဆရာက မီးဝါ အဖြတ်ခိုင်းပါတယ်။

ဘယ်သင်တန်းမှာမှ ကားမောင်းရင် ခါးပတ်ပတ်ဖို့ ထည့်တောင် မပြောပါဘူး။ ဖွံ့ဖြိုးတဲ့ နိုင်ငံတိုင်းမှာတော့ မောင်းသူ စီးသူ အားလုံး ခါးပတ် ပတ်ရပါတယ်။ မပတ်ရင် ဒဏ်ရိုက်ပါတယ်။

ဆေးလိပ်၊ ကွမ်း။ အရက်၊ ဖုန်းပြောတာ စတဲ့ ယာဉ်အန္တရာယ်ဖြစ်စေတဲ့ အကြောင်းတွေလည်း သင်ကြားခြင်း မရှိပါဘူး။ တကယ်တော့ ယာဉ်မောင်း တစ်ယောက်ဟာ ရှေ့မြင်ကွင်းကို တစ်စက္ကန့်တောင် အာရုံပြတ်သွားလို့ မရပါဘူး။ တစ်နာရီ ၃၀ မိုင်နှုန်း မောင်းနေတဲ့ ကားဟာ ဖြတ်ခနဲ တစ်စက္ကန့်ဆိုတာနဲ့ ၄၄ ပေ ရောက်ပြီးသွားပါပြီ။ ဆိုလိုတာက တိုက်စရာရှိရင် တိုက်ပြီးသွားပါပြီ။ ကွမ်းလည်း ငုံ့ထွေးရတဲ့အတွက် အန္တရာယ်များတဲ့ အထဲပါပါတယ်။

■

ကားတွေ သွင်းမယ်ဆိုရင် ရှိထားသင့်တာတွေက ကားပတ်ကင်တွေ၊ လူကူး မီးပွိုင့်တွေ၊ လူကူး မြေအောက် သို့မဟုတ် ခုံးကျော်တွေ။ ကားလမ်းနစ်ထပ်တွေပါပဲ။ ကားပတ်ကင်က တစ်ရပ်ကွက် တစ်ခုနှုန်း လောက်တောင် ဖန်တီးပေးဖို့ လိုလာပါပြီ။ တချို့ နိုင်ငံတွေမှာ တွေ့ဖူးတာတော့ တန်ဖိုးနည်း ကားပတ်ကင်တွေဖြစ်ပြီး အမိုးအကာ မရှိ သုံးထပ် ပတ်ကင်တွေပါ။

■

လူလေးဆယ်၊ ငါးဆယ်ရဲ့ အသက်ကို တာဝန်ယူထားရတဲ့ ယာဉ်မောင်း တစ်ယောက်ကို လိုင်စင်ရှိရုံနဲ့ အလုပ်မခန့် သင့်ပါ။ ခြောက်လလောက် သင်တန်းပေးမယ့် သင်တန်းဆင်း လက်မှတ်လိုမျိုး ရှိသင့်ပါတယ်။ မရှိခဲ့ရင် အစိုးရက သင်တန်းတွေ ဖွင့်ပေးပါ။ ယာဉ်တိုက်မှု ဖြစ်ခဲ့ခြင်း ရှိ မရှိ လူနဲ့ မှတ်ပုံတင် ကိုက်ညီခြင်း ရှိ မရှိ (တချို့ ကိုယ့်ညီ သို့မဟုတ် အစ်ကိုရဲ့ မှတ်ပုံတင် သို့မဟုတ် လိုင်စင် ကို သုံးနေတတ်ပါတယ်) အသေးစိတ် စစ်ဆေးရပါမယ်။ အလုပ်မခန့်မီ စမ်းသပ်ကာလမှာ တာဝန်ရှိသူတွေ စီးနင်းလိုက်ပါပြီး ကျွမ်းကျင်ရုံမကဘဲ စည်းကမ်း လိုက်နာသူမျိုးကိုပဲ ခန့်သင့်ပါတယ်။ စိတ်ပိုင်းဆိုင်ရာကိုလည်း စစ်ဆေးသင့်ပါတယ်။ ဒါတွေ ပြည့်စုံအောင်လုပ်ပြီး တစ်ဖက်မှာ မိသားစု စားဝတ်နေရေး လုံခြုံမှု အပြည့်ရှိတဲ့ လစာငွေ ပေးသင့်ပါတယ်။

ဘတ်စကားတစ်စီး လိုင်းစထွက်လာတာကို စဉ်းစားကြည့်ကြရအောင်။ စထွက် ပြီဆိုတာနဲ့ ကားအုံနာ၊ ယာဉ်မောင်း။ ယာဉ်နောက်လိုက်နဲ့ လိုင်း တာဝန်ခံတွေ ဘာအကြောင်း တွေးမယ်ထင်လဲ။ ခရီးသည် လုံခြုံရေးလား။ ကား ကြံ့ခိုင်ရေးလား။ လုံးဝ မဟုတ်ပါဘူး။ လိုင်းစ ထွက်ကတည်းက လိုင်းသိမ်းချိန်ထိ တစ်ခုတည်းသော သူတို့ စဉ်းစားတဲ့အရာက 'ငွေ' 'ငွေ' ပါပဲ။ ခရီးသည်တွေရဲ့ အသက် မပြောနဲ့ ကိုယ့် အသက် အန္တရာယ်တောင် ကိုယ် စဉ်းစားဖြစ်ရဲ့လား မသိပါဘူး။

■

ဘတ်စကားတွေ စည်းကမ်းရှိဖို့က ကိုယ်ရကိုယ်ယူ စနစ်ကနေ ပြောင်းလဲတဲ့ အမြင် ကားလက်မှတ်ရောင်း လက်မှတ်စစ် စနစ် ပြန်သုံးပြီး ခေါက်ရေနဲ့ ခွဲဝေယူတဲ့ စနစ် ကျင့်သုံးမှုဖြစ်ပါမယ်။ ဒီအခါမှာ ၅ မိနစ် တစ်စီး ၁၀ မိနစ်တစ်စီး၊ မှတ်တိုင်တိုင်း (လူရှိရင် တားတား မတားတား) ရပ်ပြီး သူ့အချိန်နဲ့သူ သတ်မှတ်နိုင်ပါမယ်။ ခရီးသည် လုတင်ခြင်း၊ ကျော်တက်ခြင်း စတဲ့ ရပ်ပျက်ဆင်းပျက် ကိစ္စတွေ လျော့ပါး သွားပါမယ်။ Taxi တွေ စည်းကမ်းရှိဖို့က တက္ကစီ ကုမ္ပဏီကြီးတွေ ပေါ်ပေါက်လာဖို့ လိုပါတယ်။ တက္ကစီ ယာဉ်မောင်း တွေဟာ တစ်နေ့တာ ငှားခ လျော့ကျလာရင် ဇာခြေရှုရ မောင်းနိုင်လာကြမှာ ဖြစ်ပါတယ်။

ယာဉ်စည်းကမ်းနဲ့ ပတ်သက်လို့ တာဝန်ရှိသူတွေဟာ လက်တွေ့ကျကျ ကွင်းဆင်း ဆောင်ရွက်တဲ့ သတင်းတွေ သိပ်မကြားရပါဘူး။ သတင်းစာ ရုပ်မြင်သံကြားကနေ သတိ ပေး နှိုးဆော်တာလောက်ပဲ တွေ့ရပါတယ်။

■

အချုပ်ဆိုရရင်တော့ တာဝန်ရှိသူတွေ မစွမ်းဆောင်နိုင်တာ အားလုံး မျက်မြင်ပါပဲ။ တိုးတက်တဲ့ နိုင်ငံတွေမှာတော့ တာဝန်မကျေရင် တာဝန်ရှိသူဟာ သိက္ခာရှိရှိနဲ့ နုတ်ထွက်ပြီး အခြားလူလုပ်ဖို့ ဖယ်ပေးပါတယ်။ ရန်ကုန်မြို့ရဲ့ ပလက်ဖောင်းပေါ်မှာ ဈေးရောင်းတယ်။ လမ်းမလျှောက်သာဘူး။ ခြေကျင်သမားက ပလက်ဖောင်းပေါ်က ဆင်းလျှောက်ရတယ်။ သူလည်း အန္တရာယ် ရှိ၊ ယာဉ်မောင်းသူလည်း အခက်အခဲဖြစ်တယ်။ ခြောက်လမ်းသွား လမ်းကြီးတွေကို ကားပါကင်သဖွယ် ဘယ်ညာ ရပ်ထားကြတယ်။ လမ်းကျဉ်းသွားပြီး ယဉ်တိုက်မှုတွေ ဖြစ်တယ်။

ရှဉ့်လည်း လျှောက်စေချင်ပါတယ်။ ပျားစွဲဖို့ အခွင့်အရေးလေးတော့ ပေးကြပါ။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ 'တိုးရစ်' တွေနဲ့ စည်ကားတဲ့ 'ခေါက်ဆန် လမ်းမကြီး' **(Kao San)** ရှိပါတယ်။ ညနေက စလို့ ပလက်ဖောင်း ဈေးသည်တွေ ပြည့်နှက် နေပါတယ်။ ကားမဝင်ရတော့ ပါဘူး။ ဒါပေမဲ့ ညပိုင်းမှာ ဆိုင်တွေ အပြီး ရှင်းပေးခဲ့ရပါတယ်။ မနက်စော စည်ပင်က သန့်ရှင်းရေးဝင်ပြီး ကားတွေ သွားလာနေပြီ။ ဈေး လုံးဝ မရောင်းရတော့ပါဘူး။ ရှဉ့်လျှောက် ပျားစွဲပါ။

တာဝန်ရှိတဲ့အပိုင်း သို့မဟုတ် ယာဉ်အိုဟောင်းကြီးကတော့ စောစောက ပြော ခဲ့သလို သံရည်ကျိုစက် ပို့သင့်ပါပြီ။ တာဝန်မရှိတဲ့ ပြည်သူတွေကလည်း လက်ရှိ စိတ်ခေတ် အဟောင်းကြီးကို စွန့်ပစ်သင့်ပြီး စိတ်သစ် လူသစ်နဲ့...။

■ ပြည်သူ့ခေတ်ဂျာနယ်
တွဲ ၃၊ အမှတ် ၁၁၆

# ထိုနှစ်ဦး

ထိုနှစ်ဦးအနက် တစ်ဦးကတော့ နိုင်ငံရဲ့ အမြင့်ဆုံးရာထူးကို ရရှိထားသူဖြစ်ပါတယ်။ ယခင်အုပ်ချုပ်သူတွေရဲ့ ကောင်းမွေဆိုးမွေကို ခံယူခဲ့ပြီး ဆိုးမွေမှန်သမျှကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဖြေရှင်းတွေ တိုက်ကျွေးခဲ့ရသူဆိုရင်လည်း မမှားပါဘူး။

သူ့ကို လက်လွှဲခဲ့ကြသူများဟာ ဆက်ခံသူ ရွေးချယ်ရာမှာ နည်းနည်းမှ အမှားခံရဲမယ် မထင်ပါဘူး။ ကိုယ့်ဘဝစည်းစိမ်နဲ့တကွ မိသားစုတွေရဲ့ လုံခြုံရေးပါ ပုံအပ်လိုက်ရတာ ဖြစ်ပါတယ်။ အမှားမခံနိုင်တဲ့အတွက် ကိုယ်နဲ့ဆန့်ကျင်ဘက် စရိုက်ရှိသူကို ရွေးချယ်ခဲ့ကြတာပါ။ အနေအထိုင်၊ အပြောအဆို၊ စိတ်နေသဘောထား၊ မျက်နှာအသွင်အပြင်နဲ့ ခန္ဓာကြွယ်ဝမှုက အစ ကိုယ်နဲ့မတူညီသူကို ရှာဖို့ဆိုတာ မလွယ်ပါဘူး။ ကံအားလျော်စွာ ရှားရှား ပါးပါး တစ်ယောက်ကိုတော့ တွေ့ခဲ့ကြပါတယ်။

ပျော့ပျောင်းတဲ့ အသွင်အပြင်ရှိရမယ်။ ဒါပေမဲ့ စိတ်ဓာတ်ကတော့ ကြံ့ခိုင်ပြီး ဆုံးဖြတ်ချက် ပြတ်သားရမယ်။ ဒီလိုမှ မဟုတ်ရင် ကိုယ်ကိုးရာသမားတွေ နောက်ပြန်လှည့်ဖို့ ကြိုးစားရင် တားဆီးနိုင်မှာ မဟုတ်ပါဘူး။ ဒါဆိုရင် အငြိမ်းစားယူသွားသူများက နောက်ပြန်မလှည့်ချင်ဘူးလားလို့ မေးစရာရှိပါတယ်။ သူတို့နေရာမှာ ကျုပ်တို့ အစားထိုးပြီး စဉ်းစားကြည့်ပါ။ ကျုပ်သာ သူဆိုရင်တော့ ကျန်တဲ့ဘဝ အစိတ်အပိုင်းမှာ မိသားစုနဲ့အတူ တရားဥပဒေစိုးမိုးမှုနဲ့ ဘဝလုံခြုံမှုရှိတဲ့ ဒီမိုကရေစီ အရိပ်အောက်မှာပဲ နေသွားချင်ပါတယ်။

အကာယံရှိမှုများ ကိုယ် ရွေးချယ်လွှဲအပ်ခဲ့သူဟာ ဒီမိုကရေစီကို ကြေညာပြီး နောက်ပိုင်းမှာ အပြောမှား အဆိုမှားနဲ့ ပြည်သူ လက်မခံနိုင်တဲ့ လုပ်ရပ်မျိုး မှားယွင်းပြီး လုပ်ခဲ့

မိရင် ဆန္ဒပြအုံကြွမှုတွေကတစ်ဆင့် အနားယူသွားပြီဖြစ်တဲ့ လူကြီးမင်းတွေကိုပါ ထိပါး ပြီး အန္တရာယ်ဖြစ်စေနိုင်ပါတယ်။

နောက်ကွယ်က ကြိုးကိုင်မှုမဟုတ်တောင် စီနီယာဟောင်းတွေကို မလွန်ဆန်နိုင်တဲ့ အလေ့အထ ရှိတတ်တယ်ဆိုတာ ပြည်သူက သဘောပေါက် နားလည်ထားပါတယ်။ ဒီအတွက်တော့ စိုးရိမ်ပူပန်စရာ မလိုလောက်ဘူးလို့ စာရေးသူ သုံးသပ်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ နောက်ပြန်လှည့်လို့ ပြည်သူနဲ့ထိပ်တိုက်တိုးရင် အန္တရာယ် လက်ယပ်ခေါ်သလို ဖြစ်နိုင်ပါတယ်။ ပြည်သူတွေအကြိုက် တစ်ချိုးတစ်ခု ပြောင်းလဲသွား ခြင်းသည်သာ သူတို့အတွက် အနေချောင်မှာ ဖြစ်ပါတယ်။

သမ္မတကြီး ဦးသိန်းစိန်ရဲ့ တည်ငြိမ်အေးချမ်းတဲ့ မျက်နှာသွင်ပြင်ဟာ ဗိုလ်ချုပ်ဟောင်း တစ်ယောက်မှ ဟုတ်ပါလေစလို့တောင် ထင်ရလောက်အောင် ပြည်သူတွေရဲ့အမြင်မှာ အထူးအဆန်းဖြစ်ခဲ့ပြီး အထိုက်အလျောက်တော့ အယုံကြည်မှု ရှိစေခဲ့ပါတယ်။

ဆင်းရဲမွဲတေမှုတွေနဲ့ ဖိနှိပ်ချုပ်ချယ်မှုတွေကြားမှာ မွန်းကျပ်နေတဲ့ ပြည်သူတွေရဲ့ ပူပန်မှုကို လုံးလုံးပြေပျောက်စေဖို့ကတော့ တော်တော်ကြိုးစားရမှာပါ။ ဒီပုပ်ထဲက ဒီပဲပါ။ လာပြန်ပြီ နောက်ထပ် ဗိုလ်ချုပ်ဟောင်းဆိုပြီး စိတ်ဓာတ် ကျဆင်းနေချိန်မှာ တိုင်းပြည်ရဲ့ ယုံကြည်မှုရဖို့တာဝန်ဟာ ဦးသိန်းစိန်ပခုံးပေါ် ရောက်လာပါတယ်။ မှန်တော့လည်း မှန်ပါ တယ်။ ဒီလောက် တိုင်းပြည် မွဲသွားတာတောင် ဗိုလ်ချုပ်ဟောင်းကြီးတွေဟာ တိုင်းပြည် ကို ဦးဆောင်ဖို့ အုပ်ချုပ်ဖို့ သူတို့မှာပဲ အရည်အချင်းရှိတယ်၊ အရပ်သားတွေနဲ့ လားလား မှ မထိုက်တန်ဘူးဆိုတဲ့ ဘဝင်စိတ်ကြီးကလည်း တစ်ရွေးသားမှ မလျော့ကြသေးဘဲကိုး။

တစ်ဖက်မှာ သမ္မတကြီး ဦးသိန်းစိန်ဟာ အရင်လူတွေလုပ်ခဲ့တဲ့ အလွန်အကျွံလုပ်ရပ် တွေ၊ ညာဖြန်းခဲ့တဲ့ စကားတွေ၊ မောက်မာတဲ့ အပြုအမူတွေကို ပြေလျော့သွားဖို့ ကြိုးပမ်း ရတာဟာ အတော်ကို ခေါင်းကိုက်စရာပါ။ ပြည်သူ့ နောက်ပြီး နိုင်ငံတကာက လေးစား ဖို့ထက် အသိအမှတ်ပြုအောင်တောင် သတိကြီးစွာ ရှန်းကန်ခဲ့ရပါတယ်။ ဒီကြားထဲ တရုတ် မျက်နှာလည်း ကြည့်ရပါသေးတယ်။ စိတ်ဓာတ်စစ်ဆင်ရေး နည်းလမ်းတစ်ခု အနေနဲ့ သမ္မတကြီးရဲ့ ပထမဆုံးရိုက်ချက်ကတော့ တော်တော်ပြင်းပါတယ်။ ဗိုလ်ချုပ် အောင်ဆန်းဓာတ်ပုံရဲ့ရှေ့မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ လက်ဆွဲနှုတ်ဆက်နေတဲ့ ဓာတ်ပုံ သတင်းစာမျက်နှာဖုံးတွေမှာ ပါလာတော့ ပြည်သူတွေ အရိုက်ထိသွားပါတယ်။ ကမ္ဘာ ကလည်း တအံ့တသြပေါ့။ စာနယ်ဇင်းတွေကလည်း ရိုက်စား။ အားလုံး ရိုက်စားပါရော။

ကားတွေကို ရေပေါ်ဆီတွေ လက်ဝါးကြီးအုပ်ထားရာက ထိန်းချုပ်မှုတွေလျှော့ချ လိုက်ပြီး လူတိုင်း ကားစီးနိုင်ရေး မက်လုံးထပ်ပေးပါတယ်။ ဆက်သွယ်ရေးပိုင်းမှာလည်း စျေးလျှော့နိုင်အောင် ကြိုးစားပေမယ့် လုပ်ဆောင်မှု နှေးကွေးညံ့ဖျင်းမှုကြောင့် တခြား ဆင်းရဲတဲ့နိုင်ငံလောက်တောင် အများသုံးနိုင်တဲ့စျေး (သူတို့အခေါ် ဖုန်းသုံးစွဲမှုသိပ်သည်းဆ) ထိ မအောင်မြင်ခဲ့ပါဘူး။ ဒါပေမဲ့ အခြေအနေမှန်ကို မသိသူများကတော့ ယခင် ရွှေနဲ့ စက်ဝယ်တဲ့ဖုန်းကို နှစ်သိန်း၊ နှစ်သိန်းခွဲနဲ့ရတော့ ကျေနပ်သူများပါတယ်။ အခွန်နှုန်းတွေ

လျှော့ပေါ့ပေးတယ်။ ဆင်းရဲနွမ်းပါးသူတွေကို ငွေထုတ်ချေးတယ်။ ခရိုနီတွေကို မသိမသာ ရှောင်တယ်။

နိုင်ငံရေး အကျဉ်းသားတွေ လွှတ်ပေးပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီကို ကြားဖြတ်ရွေးကောက်ပွဲဝင်နိုင်အောင် လမ်းခင်းပေးတယ်။ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပစဉ် ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ကိုယ်စားလှယ်တွေနိုင်ဖို့ ဆုတောင်းတဲ့ အထဲမှာ သမ္မတကြီး ပါကောင်းပါနိုင်ပါတယ်။ NLD ကိုယ်စားလှယ်တွေ အရွေးခံရပြီး လွှတ်တော်ထဲရောက်လာတော့ လွှတ်တော်လည်း အင်္ဂါစုံသွားပြီး ပြည်သူတွေရဲ့ စိတ်ဝင်စားမှု ခံခဲ့ရပါတယ်။ နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှုလည်း ရခဲ့ပါတယ်။

အစိုးရအဖွဲ့အတွင်း ဝန်ကြီးအဆင့် အပြောင်းအလဲများ လုပ်ခဲ့ပါတယ်။ ဆင်ဆာ တည်းဖြတ်ခြင်းလည်း မရှိတော့ပြီ။ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့် ပြုခဲ့တယ်။ ပြည်တွင်း ငြိမ်းချမ်းရေးရဖို့ သရုပ်ပြ ဟန်ပြ မဟုတ်ကြောင်း တကယ်ပင် နက်နက်ရှိုင်းရှိုင်း လိုလား ကြောင်း ပေါ်လွင်အောင် ပြခဲ့တယ်။ (အဖြေကတော့ မထွက်သေးပါ)။

နိုင်ငံတကာကို သွားရောက်လည်ပတ်ခဲ့ပြီး နိုင်ငံရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်ဖို့ ကြိုးစားတယ်။ ယဉ်ကျေးပြီး နိမ့်ချတဲ့ ရုပ်ပုံလွှာနဲ့ တိုင်းပြည်ကို မိန့်ခွန်းပြောတယ်။ ပရိသတ် ကြားမှာ နှစ်လိုဖွယ်အပြုံးနဲ့ ရင်းနှီးမှု ရယူတယ်။ မမော်မကြွား မစားမရှိုင်းတဲ့အတွက် မထင်မှတ်လောက်အောင် ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုကို အချိန်တိုတိုအတွင်းမှာ ရခဲ့ပါတယ်။ စိတ်တည်ငြိမ်အေးချမ်းစွာ မိန့်ခွန်းပြောကြားခဲ့သလို အင်တာဗျူးများကို ဖြေကြားပေးခြင်းအားဖြင့် အရည်အချင်းရှိတဲ့ ခေါင်းဆောင်ဖြစ်ကြောင်း ပြသနိုင်ခဲ့ပါ တယ်။ မိန့်ခွန်းပြောရာမှာဖြစ်ဖြစ်၊ အင်တာဗျူးရာမှာဖြစ်ဖြစ် နားထောင်သူ သို့မဟုတ် မေးတဲ့သူတွေ စိတ်ကျေနပ်မှုရအောင် ပြောနိုင်ဖြေနိုင်ဖို့ဆိုတာ စိတ်ရင်းစိတ်ဓာတ်က ပကတိ ရိုးသားဖြူစင်တဲ့အပြင် အတွေ့အကြုံ အတွေးအခေါ်နဲ့ စိတ်စေတနာကလည်း ကောင်းပါမှ အရည်အချင်းပြည့်ပါမယ်။ ရိုးသားမှု မရှိသူ၊ အပြစ်ရှိသူ၊ လောဘ၊ ဒေါသ ကြီးမားသူ၊ မာယာပရိယာယ်များပြီး ကောက်ကျစ်သူများဟာ ဘယ်တော့မှ တော်တည့် မှန်ကန်တဲ့ အဖြေစကားမျိုး ထွက်လာမှာ မဟုတ်ပါဘူး။

ဒီလိုနဲ့ မကြာသေးမီကပဲ ဇာတ်ရှိန်ရဲ့ အထွတ်အထိပ်ကို ရောက်လာပါတယ်။ ကမ္ဘာ့ ကုလသမဂ္ဂ အထွေထွေ ညီလာခံ ၆၇ ကြိမ်မြောက်ကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှာ ကျင်းပခဲ့တာမှာ သမ္မတကြီးဦးသိန်းစိန် တက်ရောက်ခဲ့ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ဟာလည်း အမေရိကန် ကွန်ဂရက်လွှတ်တော်က ချီးမြှင့်တဲ့ ရွှေတံဆိပ်ဆုကို လက်ခံယူဖို့နဲ့ သမ္မတ အိုဘားမား နဲ့ တွေ့ဆုံဖို့ အမေရိကန်နိုင်ငံကို ရောက်ရှိနေပါတယ်။

ကမ္ဘာ့အမြင့်ဆုံး နိုင်ငံရေးစင်မြင့်ထက်မှာ မြန်မာ့ခေါင်းဆောင်နှစ်ဦး ရောက်ရှိနေ တာဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦးလည်း အပြန်အလှန် လေးစားမှုတွေကို ကမ္ဘာ့အလယ်မှာ ပြသနိုင်ခဲ့ကြပါတယ်။

သမ္မတကြီးရဲ့ မိန့်ခွန်းထဲမှာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း

ဦးသန့်ကိုလည်း ဂုဏ်ပြုစကား ထည့်သွင်း ပြောကြားခဲ့ပါတယ်။ နယူးယောက်ရောက်ခိုက် အထင်ကရပုဂ္ဂိုလ်များနဲ့ တွေ့ဆုံဖြစ်ခဲ့တဲ့ Asia Society အသင်း၊ ဘီဘီစီ၊ ဗွီအိုအေ၊ ဒီဗွီဘီ၊ အာရ်အက်ဖ်အေနဲ့ မြန်မာနေရှင်နယ်တီဗွီတို့ကိုလည်း တွေ့ဆုံမေးမြန်းခွင့် ပေးခဲ့ပါတယ်။

ကုလသမဂ္ဂ မြန်မာဝန်ထမ်းတွေ၊ အမေရိကန် မြန်မာ ဗုဒ္ဓဘာသာအသင်း၊ မြန်မာဆေးပညာရှင်အသင်း၊ ကုန်သည်ကြီးများအသင်း၊ မြန်မာ တရုတ် ချစ်ကြည်ရေး အသင်းများက မြန်မာ မိသားစုတွေနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ ၂၀၁၂ အောက်တိုဘာ ၁ ရက်နေ့မှာတော့ ရန်ကုန်မြို့ ပြန်ရောက်ခဲ့ရာမှာ ပြည်သူက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပါတယ်။

တာဝန်ကျေတဲ့အပြင် ပိုလို့တောင်နေခဲ့ပါတယ်။

အရင်လူတွေရဲ့ အမှားတွေ၊ အရာမဝင်တာတွေ၊ ညံ့ဖျင်းမှုတွေ အားလုံးကို ပြန်ပြီး ချေဖျက်ပေးရတာ အလွန်မှ ပင်ပန်းပါတယ်။

ကျုပ်သဘောအကျဆုံးကတော့ မြန်မာဘာသာနဲ့ မိန့်ခွန်းပြောပြီး မြန်မာဘာသာနဲ့ ပြန်ဖြေသွားတာတွေပါပဲ။ မှန်ပါတယ်။ သူများဘာသာစကားကို မိခင်ဘာသာစကားအတိုင်း ကျွမ်းကျွမ်းကျင်ကျင် ပြောတဲ့ အလေ့အကျင့် မရှိရင် အကောင်းဆုံးက (နိုင်ငံအတွက် အရေးကြီးတဲ့ အကြောင်းအရာတွေကို) ကိုယ့်ဘာသာစကားနဲ့ ပြောခြင်းဟာ တစ်ပန်းသာပါတယ်။ သမ္မတကြီးအနေနဲ့ အင်္ဂလိပ်စကားနဲ့ ပြောမယ်ဆိုရင် ပြောနိုင်ပါတယ်။ ဥရောပခေါင်းဆောင်တွေဟာ အင်္ဂလိပ်လို တတ်ကျွမ်းပေမယ့် အရေးကြီးတဲ့ အခမ်းအနားတွေ၊ တွေ့ဆုံပွဲတွေမှာတော့ မိခင်စကားနဲ့ပဲ ပြောကြပါတယ်။

သမ္မတကြီးဟာ စကားပြောရာမှာလည်း ပရိယာယ်မသုံးဘဲ ရိုးရိုးနဲ့တည့်တိုးပဲ ပြောသွားပါတယ်။ 'ကျွန်တော်တို့မှာ အရင်းအနှီးမရှိဘူး။ နည်းပညာမရှိဘူး။ လူ့စွမ်းအားအရင်းအမြစ်လည်း မရှိပါ...' နားထောင်ပြီး ကျုပ်တို့ရင်ထဲလည်း မကောင်းဖြစ်ရပါတယ်။ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်အနေနဲ့ ထည်ထည်ဝါဝါ ခေါင်းမော့ပြီး မသွားနိုင်ခဲ့ပါဘူး။

သမ္မတကြီးဟာ 'အယူသမား' မဟုတ်ဘဲ 'အပေးသမား' သက်သက်ဆိုတာ ပေါ်လွင်နေပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့ရိုးသားမှု မြင့်မြတ်မှုကို နိုင်ငံတကာက လေးစား ဂုဏ်ပြုခဲ့ကြပါတယ်။ 'ဟင်နရီကစ်ဆင်းဂျား'က 'တိုင်းပြည်တစ်ပြည်၏ သွားနေသော လမ်းကြောင်းအား ပြုပြင်ရသည့် နိုင်ငံခေါင်းဆောင်သည် လေးစားထိုက်တဲ့ ခေါင်းဆောင်ဖြစ်တယ်'လို့ ချီးကျူးခဲ့ပါတယ်။

ဘီဘီစီ တွေ့ဆုံခန်းမှာလည်း 'မြန်မာပြည်သူတွေက ဒေါ်အောင်ဆန်းစုကြည်ကို အနာဂတ် မြန်မာနိုင်ငံရဲ့ သမ္မတအဖြစ် မြင်ချင်တယ်ဆိုရင် သူ့အနေနဲ့ လက်မခံနိုင်စရာ မရှိဘူး'လို့ သမ္မတကြီးက ဖြေကြားခဲ့ပါတယ်။

နောက်ပြီး တွေ့ဆုံ ဆွေးနွေးမှုတစ်ခုမှာ သမ္မတကြီးက 'မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရုံ၊ လွှတ်တော်တွေ ပေါ်ပေါက်လာရုံ၊ နောက်တစ်ခါ ရွေးကောက်ပွဲတွေ လုပ်ရုံနဲ့ အောင်မြင်မှုရမှာ မဟုတ်ပါ

ဘူး။ ဒါကြောင့် မြန်မာ့ လူ့အဖွဲ့အစည်းအတွင်းမှာ ကာလရှည်ကြာပျောက်ဆုံးနေတဲ့ ဒီမိုကရေစီ ယဉ်ကျေးမှုတစ်ရပ် ပြန်လည် အသက်သွင်းရမှာ ဖြစ်ပါတယ်'လို့ ပြောခဲ့ပါတယ်။

'ဒီမိုကရေစီ ယဉ်ကျေးမှုတစ်ရပ်' အလွန်ကျယ်ဝန်းပြီး အဓိပ္ပာယ်နက်ရှိုင်းတဲ့စကား ဖြစ်ပါတယ်။ လူတွေရဲ့နေ့စဉ်ဘဝ၊ မွေးဖွားခြင်းမှသည် သေဆုံးခြင်းတိုင်အောင် ဒီမိုကရေစီနဲ့ ပတ်သက်နေရမယ်လို့ အကြမ်းဖျင်းဆိုလိုပါတယ်။ မူလတန်းစာသင်ကျောင်း သင်ခန်းစာမှသည် တက္ကသိုလ်ကောလိပ်၊ တပ်မတော်ဆိုင်ရာ သင်တန်း၊ တက္ကသိုလ်များပါမကျန် ဒီမိုကရေစီ သဘောတရားတွေ အသက်သွင်းဖို့ ဖြစ်ပါတယ်။ ဒီစကားတွေအတွက် တာဝန်လည်း ကြီးပါတယ်။

ဘာပဲဖြစ်ဖြစ် သမ္မတကြီးနဲ့ ပတ်သက်လို့ စိတ်ငြိမ်းချမ်းမှု ရပါတယ်။ နောက်အစိုးရဟာ ဦးသိန်းစိန်အစိုးရဖြစ်စေ၊ အခြား အစိုးရဖြစ်စေ သစ္စာရှိပြီး ဖြောင့်မတ်မှန်ကန်စွာနဲ့ အာဏာလွှဲပြောင်းခံရလိမ့်မယ်ဆိုတာ သံသယရှိစရာ မလိုတော့ပါဘူး။

ထိုနှစ်ဦးအနက် နောက်တစ်ဦးကတော့ အများသိတဲ့အတိုင်း ကမ္ဘာကျော် ဒီမိုကရေစီ စိတ်ဝိညာဉ်ရဲ့ စံပြပုဂ္ဂိုလ် သို့မဟုတ် 'သံမဏိလိပ်ပြာ' လို့ အများသိထားတဲ့ နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် အကြောင်း ရေးဖို့ပါပဲ။

ဒေါ်အောင်ဆန်းစုကြည်အကြောင်း မရေးခင် ၁၉၉၀ ခုနှစ်နောက်ပိုင်း မြန်မာပြည်သူတွေ လူးလိမ့်နေအောင် ခံနေကြရတဲ့ကာလက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ရုန်းကန်မှုကို တခြားနိုင်ငံတွေက ဘယ်လို သိသွားကြတယ်ဆိုတာ ရေးပြချင်ပါသေးတယ်။

ဒီမိုကရေစီ ကြိုးပမ်းမှုရဲ့ ပြယုဂ်အဖြစ် လူသိအများဆုံးက ဒေါ်အောင်ဆန်းစုကြည် ဖြစ်သလို ဥရောပနိုင်ငံတွေက ကိုဇာဂနာ(ကိုသူရ)ကိုလည်း သိကြတယ်ဗျာ။ သိရုံတင် မဟုတ်ဘဲ လေးစားကြပါတယ်။

တစ်နေ့ ဂျာမနီနိုင်ငံ ဖွန်ရှာတတ်မြို့ (PFUNGSTADT) နေအိမ်မှာ အလုပ်က ပြန်လာ ထမင်းစားပြီး တီဗွီ ဖွင့်ကြည့်တော့ တစ်နိုင်ငံလုံးက စောင့်ကြည့်ကြတဲ့ နာမည်ကြီးရှိုး Show တစ်ခုရှိတယ်ဗျာ။ အလွန်အောင်မြင်ကျော်ကြားတဲ့ ဟာသသရုပ်ဆောင် Mitta Meier အသံထွက်က 'မစ်တာမိုင်ယာ'၊ မမေ့အောင် 'မေတ္တာမာယာ'လို့ မှတ်ထားမိပါတယ်။ အထူးရှိုးပွဲတဲ့ဗျ။ နောက်ခံကားချပ်ကြီးကိုကြည့်လိုက်တော့ ထုံးစံအတိုင်း မထေ့တထေ့ပြုံးနေတဲ့ ကိုဇာဂနာ ပုံကြီးဗျ။ ဒါနဲ့ ပန်းကန်ဆေးနေတဲ့ ဇနီးသည်ကို နောက်မှဆေးပြီး အမြန်လာဖို့ခေါ်ရတော့တာပေါ့။ ဇနီးဖြစ်သူကလည်း တီဗွီကြည့်ရင်း တအံ့တဩနဲ့ မင်တက်မိနေတယ်။

ကျုပ်ကတော့ ဖုန်းထဲမှာရှိသမျှ မြန်မာတွေအားလုံးကို မေးလ် (Mail) ပို့ပြီးသွားပြီ။

ဒီတစ်နေ့တော့ ဟာသသရုပ်ဆောင်'မေတ္တာမာရာ'ဟာ ရယ်စရာတစ်ခန်းမှမပြောတော့ဘဲ တည်ကြည်လေးနက်တဲ့မျက်နှာနဲ့ 'ကိုဇာဂနာ'ကြီးရဲ့ ဂုဏ်ပုဒ်တွေကို တန်းစီပြီးချီးကျူးနေတယ်ဗျာ။ ကျုပ်တို့ ခင်ဗျားတို့ အားလုံးသိပြီးမို့ မရေးတော့ဘူး။ သူက မြန်မာနိုင်ငံကို ကမ္ဘာ့မြေပုံမှာ ထောက်ပြပြီး ရှစ်လေးလုံး အရေးအခင်းနဲ့ စစ်အာဏာရှင်တွေအကြောင်း

နည်းနည်းရှင်းပြပြီးတော့ ကိုဇာဂနာဟာ သူလို ဟာသသရုပ်ဆောင်တစ်ဦးဖြစ်ပေမယ့် သူနဲ့မတူဘဲ ရဲစွမ်းသတ္တိရှိပြီး လူမျိုးအတွက်လည်း အနစ်နာခံ၊ အနှိပ်စက်ခံနေရတဲ့ အကြောင်း။ သူကိုယ်တိုင် လေးစားလွန်းလို့ မြန်မာပြည်မှာ ဇာဂနာနေတဲ့ ထောင်ပတ်ဝန်းကျင်အထိ သွားကြည့်ရင်းနဲ့ ဗီဒီယိုရိုက်ခဲ့တာတွေ ပြန်ပြတယ်။ သူ့အတွက် သူ့ရဲကောင်းတစ်ဦးပါတဲ့။

သူတို့မျာလည်း စစ်အာဏာရှင်တိုင်းပြည်ဖြစ်တဲ့ ကျုပ်တို့နိုင်ငံထဲ ရောက်နေခိုက်မှာ ကျုပ်တို့နဲ့ဘာမှ မထူးခြားဘူး။ ကျုပ်တို့နည်းတူ အထိတ်ထိတ်အလန့်လန့်နဲ့ သနားစရာကောင်းပါတယ်။ ဒါကြောင့် စဉ်းစားမိတာ ဗြော် စနစ်ပဲ အပြစ်တင်ရမှာပဲ။ လူတွေကိုတော့ မုန်းတီးစရာ မလိုပါဘူး။ အာဏာရှင်စနစ်နဲ့ ဒေါသစိတ်တွေကို ရွံမုန်းမိပါတယ်။ ဒီစနစ်ထဲရောက်သွားရင် အုပ်ချုပ်သူဟာလည်း ဘီလူးစိတ် ဝင်သွားတာပဲ။ ပြည်သူမှာလည်း ကြောက်ရွံ့စိတ် သိမ်ငယ်စိတ်တွေ ဝင်သွားတော့တာပါပဲ။

မြန်မာ့ ဒီမိုကရေစီ အရေးအတွက် ကိုဇာဂနာရဲ့အခွေကိုလည်း ဝယ်ယူအားပေးဖို့ ကြော်ငြာတယ်။ (‘မရယ်နိုင်ရာသော ဟာသသရုပ်ဆောင်’တဲ့ ကြာပြီဆိုတော့ မှားရင် ခွင့်လွှတ်ပါ) အင်တာနက်မှာလည်း တင်တယ်။ အလှူငွေ ထည့်နိုင်ကြောင်းလည်း ပြောတယ်။ အားတက်သရောကို ကူညီတာပါ။

ကျုပ်တို့မှာ အခက်အခဲတစ်ခုရှိတာက ‘မြန်မာ’ ဆိုရင် အာပေါက်အောင်ပြောပြလည်း မသိကြဘူး။ (တချို့စိတ်မရှည်သူများကတော့ ကမ္ဘာ့မြေပုံစာရွက် အိတ်ထဲထည့်ထားပြီး ကြုံရင် ထောက်ပြပါတယ်) ‘ဘားမား’ ဆိုလည်း မသိဘူး။ အိမ်နီးချင်းတိုင်းပြည်အားလုံးသိတယ်၊ မြန်မာကိုပဲ ကွက်ပြီး မသိတာ။ (ဂုဏ်ယူရမလိုတောင် ဖြစ်နေပါလား) အဲ ‘ဘရ္မားမား’ဆိုရင်တော့ တချို့တလေ သိတယ်။

ဒါပေမဲ့ (ဒေါ်)အောင်ဆန်းစုကြည် ဆိုလို့ကတော့ လူကြီးလူငယ် အာရှ၊ အာဖရိက၊ ဆိုမာလီ၊ အီသီယိုပီးယား၊ အာရပ်နိုင်ငံတွေအားလုံး သိကြတယ်ဗျား။ ကျုပ်တို့လည်း ဝမ်းသာအားရနဲ့ (ဒေါ်)အောင်ဆန်းစုကြည်ကိုပဲ မြေပုံညွှန်း လုပ်ကြရတာပေါ့ဗျာ။ အဲသူ့တိုင်းပြည်ပဲဆိုတော့မှ လေကုန် သက်သာသွားတယ်။

ကျုပ်တို့နိုင်ငံ၊ တိုင်းပြည်ကသာ ဖွတ်တက်နေတာ၊ နိဘယ်ဆုရှင်တောင် မွေးထုတ်ထားတာနော်။ မကြာခင်ကာလမှာ နှစ်ယောက်၊ သုံးယောက်တောင် ဖြစ်လာနိုင်တယ်ဗျ။ ဘယ်သူလဲဆိုတာတော့ ကိုယ့်ဘာသာ တွေးကြည့်ကြပေါ့ဗျာ။ ဒါပေမဲ့ ၂၀၁၅ ခုနှစ်အထိ လိမ်လိမ်မာမာ နေမှနော်။ ညင်ညင်သာသာ လွှဲမယ်ဆိုရင် ရမှာပဲ။

တစ်ရက်တော့ အားလပ်ရက်တွေ ညှိပြီး ကျုပ်တို့ စုံတွဲသုံးတွဲ ဘယ်လ်ဂျီယံနိုင်ငံကို သွားလည်ပတ်ကြတယ်ဗျ။ ဂျာမနီကတစ်ဆင့်သွားတာ။ အိမ်နီးချင်းတိုင်းပြည်ဆိုတော့ အဝေးပြေးဘတ်စ်နဲ့ ညသွား မနက်စောစောရောက်ပါတယ်။ ကော်ဖီဆိုင်မှာ မနက်စာစားကြပြီး ဒီမှာ တိုးရစ်တွေလို မြေပုံလေးတွေကိုကိုင်ပြီး မေးရင်း မြန်းရင်းနဲ့ ဘရပ်ဆဲလ် (ခေါ်) ဘရုဆဲလ်မြို့က နန်းတော်ကြီး နောက်မှ အရင်ဆုံး အထင်ကရ ဥရောပသမဂ္ဂ အဆောက်အအုံကြီးကို သွားလှေလာကြမယ်ပေါ့။

ဘတ်စကားပေါ်ကလည်း ဆင်းကြရော နေရာမှာတင် ဟင်ခနဲ ဟာခနဲ ဖြစ်ကုန်ပြီး ပါးစပ်အဟောင်းသားနဲ့ လက်ညှိုးတထိုးထိုး။ ပြီးတော့ (မကြီးမငယ်နဲ့) ခုန်ပေါက်မြူးထူးပြီး ဓာတ်ပုံတွေ ရိုက်ကြတော့တာပဲ။ ဘယ်သူမဆို ကျုပ်တို့နေရာမှာရှိရင် ကျုပ်တို့လိုပဲ မြူးထူးကုန်ကြမှာဗျ။ ဥရောပသမဂ္ဂ ဂိတ်ပေါက် ဘယ်ဟာလဲ မေးစရာတောင် မလိုတော့ဘူးဗျာ။ ကျုပ်တို့ခြေလှမ်းတွေက အဲဒီ ထူးခြားဝမ်းသာစရာကောင်းတဲ့ ဧရာမ E BORAD ကြီးပေါ်မှာတော့ E ရုပ်ပေါ်ဖော်ထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဧရာမဓာတ်ပုံကြီး နှစ်ပုံအောက်က စာတန်းတွေကတော့ မှတ်မိသလောက် 'သူမရဲ့ သတ္တိဗျတ္တိနှင့် အရှုံးမပေးသောစိတ်ဓာတ်အား ဂုဏ်ပြုပါ၏' အဓိပ္ပာယ်ရတဲ့ စာတန်းတွေ။ ကျုပ်တို့စိတ်ထဲမှာ မမျှော်လင့်ဘဲ တွေ့လိုက်ရတာဆိုတော့ ခံစားမှုတွေ ပေါင်းစုံ တဖျပ်ဖျပ်နဲ့ ခံစားရပြီး ကျုပ်တို့အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် စကားတောင်မပြောနိုင်တော့ဘဲ ထုံကြဲနေတော့တာပဲ။ ဝမ်းသာတယ်၊ ပီတိဖြစ်တယ်၊ ဂုဏ်ယူတယ်၊ အတ္တရှိတယ်၊ ညီညွတ်တယ်၊ သူ့လိုမလုပ်နိုင်လို့ အားနာတယ်၊ လေးစားတယ် စုံလို့ပါပဲ။ ဥရောပတိုက်သားတွေက တော်ရုံတန်ရုံ အထင်ကြီးတတ်တဲ့လူတွေမှ မဟုတ်ဘဲကလားဗျာ။ မေ့ရလွန်းလို့ မမေ့နိုင်တဲ့ နေ့တစ်နေ့ပါပဲ။

စစ်အာဏာရှင်ကြီးတွေရဲ့ ပညာမပါတဲ့ ကလေးကလားလုပ်ရပ်တွေ ယောက်ျားမဆန်လှတဲ့ ဥပဒေမဲ့ နည်းလမ်းတွေက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှိပြီးသားဂုဏ်ရောင်ကို ထပ်ပြီး အရောင်တင်ပေးလိုက်သလို ဖြစ်ခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးအဖြစ် ချစ်ကြတာမှန်ပေမယ့် ဗိုလ်ချုပ်ရဲ့သမီး မဖြစ်ခဲ့ရင်ကောလို့ စစ်စစ်ပေါက်ပေါက် တွေးကြည့်တော့ ချစ်ကြမှာပဲဗျ။ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့က ဗိုလ်ချုပ်ရဲ့သားသမီးတိုင်းကို ချစ်တာမှ မဟုတ်ဘဲ။ ကိုယ့်အတွက် အနစ်နာခံပေးသူ၊ ကိုယ်ကျိုးစွန့်သူ၊ ရိုးသားသူ စတဲ့ အချက်တွေကြောင့် ချစ်ကြတာကိုး။

ဒေါ်အောင်ဆန်းစုကြည်ဟာ ဘာကြောင့် ကမ္ဘာ့စံပြ 'အိုင်ကွန်' အဆင့်ထိရောက်အောင် ထူးချွန်ပြောင်မြောက်သွားခဲ့သလဲ။ အဖြေက ရိုးရိုးရှင်းရှင်းကလေးပါ။ သူ့ရဲ့စိတ်က ဖြူစင်ရိုးသားမှု ရာနှုန်းပြည့်နီးပါး ရှိလို့ပါ။ ဘာလို့ ရာနှုန်းပြည့်လို့ မပြောတာလဲဆိုတော့ ရာနှုန်းပြည့်ဆိုရင် အရိယာတို့ရဲ့ စိတ်မို့ပါ။ မိန့်ခွန်းပြောရာမှာဖြစ်စေ၊ တွေ့ဆုံမေးမြန်းရာမှာဖြစ်စေ၊ စာရေးသားရာမှာဖြစ်စေ ကာယကံရှင်မှာ အပြစ်ရှိနေခဲ့ရင် သို့မဟုတ် ဘယ်လိုလှည့်စားလိုက်မယ်ဆိုတဲ့ အတွေးတွေရှိနေခဲ့ရင် သို့မဟုတ် လောဘ ဒေါသ မောဟတရားတွေ ပေကျံညစ်ညူးနေခဲ့မယ်ဆိုရင် ဖော်ပြမှုတွေဟာ မရှင်းလင်း မပြတ်သားတော့ဘဲ နိမ့်ကျနေမှာဖြစ်ပါတယ်။

ငါဟာ အရှိအရှိအတိုင်းပဲ ပြောမယ်ဆိုတာနဲ့ တုံ့ပြန်မှုက မြန်ဆန်သွက်လက်ပြီး အကောင်းဆုံး ရလဒ်တွေ ထွက်လာပါတော့တယ်။ ဒါဟာ ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူးဖြေရာမှာ ဘာကြောင့် တုံ့ဆိုင်းခြင်းမရှိဘဲ ထက်မြက်တဲ့အဖြေတွေ ထွက်လာတာလဲဆိုတဲ့ မေးခွန်းရဲ့အဖြေပါပဲ။ အင်္ဂလိပ်စကား ကျွမ်းကျင်မှုကြောင့်ချည်း မဟုတ်ပါဘူး။ ပြည်သူတွေရဲ့ လွတ်မြောက်ရေးနဲ့ တိုင်းပြည်အကျိုးကိုပဲ တစိုက်မတ်မတ် တွေးနေ

ခြင်းကလည်း သမာဓိအားကို ကောင်းစေပါတယ်။ စိတ်ထဲမှာ ရှင်းနေတဲ့အတွက် အတွေး အခေါ် မြင့်မားပြီး သာမန်လူတွေထက် ထိုးဖောက်ပြီး မြင်နိုင် တွေးနိုင်ပါတယ်။

ဆိုလိုတာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အဆင့်ဟာ မြန်မာနိုင်ငံအတွက် ဒီမိုကရေစီရေး ဆောင်ရွက်တဲ့အဆင့်ထက် ကျော်လွန်ပြီး ကမ္ဘာ့ရဲ့ ဒီမိုကရေစီ ခိုင်မြဲဖို့ ဖွံ့ဖြိုးဖို့ ပြယုဂ် အဖြစ် ကမ္ဘာ့ခေါင်းဆောင်တွေက ဂုဏ်ယူလေးစားစွာ ပိုင်းပြီး အသိအမှတ်ပြုတဲ့ သဘောပါ။

နှိုဘယ်ဆုရပြီးနောက် ကြားဖြတ်ရွေးကောက်ပွဲမှာ NLD အပြတ်အသတ်အနိုင်ရ ခဲ့ပြန်ပြီး နိုင်ငံတကာက အုတ်အော်သောင်းတင်းနဲ့ ဂုဏ်ပြုခဲ့ကြတယ်။ အမေရိကန်နိုင်ငံကို သွားရောက်ပြီး အမေရိကန် ကွန်ဂရက်က ချီးမြှင့်တဲ့ ကွန်ဂရက်ရွှေတံဆိပ်ဆုနဲ့တကွ အခြား ဆုများစွာကို လက်ခံခဲ့ချိန်မှာတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေး အရှိန် အဟုန်ဟာ ပိုပြီး မြင့်မားခဲ့ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် သမ္မတကြီး ဦးသိန်းစိန်လည်း ၆၇ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတက်ဖို့ အမေရိကန်နိုင်ငံကို ရောက်ရှိချိန်ဖြစ်ပါတယ်။ နိုင်ငံခေါင်းဆောင် နှစ်ဦး တစ်နိုင်ငံတည်း ရောက်နေခိုက်မှာ အလုပ်သင့်ဆုံးအလုပ်ကို ဒေါ်အောင်ဆန်းစုကြည် မဆိုင်းမတွ လုပ်ခဲ့ပါတယ်။ သမ္မတကြီး တည်းခိုတဲ့ ဟိုတယ်မှာ သွားရောက်တွေ့ဆုံခဲ့ ပါတယ်။ ဂါရဝတရား (လေးစားထိုက်သူကို) ဆိုတာဟာ အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်တွေမှာ တွေ့ရတတ်ပါတယ်။

အမေရိကန်သမ္မတ အိုဘားမား အစရှိတဲ့ ကမ္ဘာ့ကျော်ကြားသူများ အများအပြား နဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံသူတိုင်းက ဒေါ်အောင်ဆန်းစုကြည်ကို ချစ်ခင်လေးစား ပြီး မြတ်နိုးဂုဏ်ယူတဲ့ အကြည့်တွေနဲ့ ကြည့်ကြပါတယ်။ အလွန်အောင်မြင်တဲ့ ခရီးစဉ် တစ်ခုပါပဲ။

ခေါင်းဆောင်နှစ်ဦးရဲ့ အောင်မြင်တဲ့ ခရီးစဉ်ဆိုရင် ပိုပြည့်စုံပါလိမ့်မယ်။

ဒေါ်အောင်ဆန်းစုကြည် အမေရိကန်နိုင်ငံ ရောက်ခိုက်မှာ ပြောခဲ့တဲ့စကားတွေ ကတော့ အများကြီးပါပဲ။ ထူးခြားတာတွေကတော့ 'အမေရိကန်နဲ့ နှစ်နိုင်ငံကြား ဆက်ဆံ ရေး ပုံမှန်ဖြစ်ရေးကို လိုလားတယ်'ပြောပါတယ်။ 'စီးပွားရေး ဖွင့်ပေးချိန်တန်ပြီ'လို့ ပြောပါတယ်။

'သူ့အပေါ် ဖိနှိပ် နှိပ်ကွပ်တာတွေကို အာဃာတ မထားဘူး'ပြောပါတယ်။ 'ဒီပဲယင်း အရေးအခင်းဖြစ်စဉ်ကိုတော့ ပွင့်ပွင့်လင်းလင်း ပြောပြခဲ့ပါတယ်။' 'တစ်ချိန်ချိန်မှာ သမ္မတ လောင်းတစ်ဦး ဖြစ်လာနိုင်ဖို့ မျှော်လင့်ကြောင်း' ပြောပါတယ်။

တရုတ်နဲ့ ပတ်သက်လို့ 'ပြည်သူအချင်းချင်းကြားမှာ ဆက်ဆံရေးကောင်းအောင် တည်ဆောက်ဖို့ လိုနေတယ်'လို့ ထောက်ပြပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစံနှုန်းနဲ့ ပတ်သက်ပြီး 'ကိုယ့်နိုင်ငံသားတွေအတွက် လုံခြုံစိတ်ချရတဲ့ နေရာတစ်ခု မဖြစ်လာသေး ကြောင်း' ပြောပါတယ်။

'လက်ရှိ ကျွန်မတို့နိုင်ငံရဲ့ တရားစီရင်ရေးစနစ်အကြောင်း ပြောမယ်ဆိုရင် လက်တွေ့ မှာမျှတတဲ့ တရားစီရင်ရေးစနစ်ဆိုတာ မရှိသေးပါဘူး'လို့ ပြောခဲ့ပါတယ်။ 'ကျွန်မတို့ရဲ့

ဒီနိုင်ငံတော် ထူထောင်ရေး လုပ်ငန်းစဉ်တွေဟာ သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်ခဲ့တဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေကြောင့် ဖြစ်ပေါ်လာရတာပါ’လို့ ပြောပါတယ်။

‘ပြည်တွင်းငြိမ်းချမ်းရေးရဖို့ ကျွန်မတို့ နိုင်ငံရေးအမြတ်မထုတ်ချင်ဘူး။ တိုင်းရင်းသားရော၊ အစိုးရဘက်ကရော လိုလားမယ်ဆိုရင် အချိန်မရွေး အဆင်သင့်ပဲ၊ ကျွန်မတို့ကို သုံးချင်ရင်သုံးပါ’လို့လည်း ပြောကြားခဲ့ပါကြောင်း ....။

■ မန္တလေးအလင်း သတင်းဂျာနယ်

အတွဲ ၂၊ အမှတ် ၂၆၊ ၂၇

၂၆-၁၀-၂၀၁၂၊ ၂-၁၁-၂၀၁၂

# အံ့ဩလွန်းလို့ သေတော့မယ်

## ပထမအတွေးနဲ့ တတိယအတွေး

တွေးခေါ်သုံးသပ်မှု တစ်ခုဟာ စ, တွေးမိစဉ်မှာတော့ မှန်သလိုလိုနဲ့ ဒုတိယအကြိမ် ထပ်တွေးကြည့်တော့ ဇဝေဇဝါ ဖြစ်သွား တတ်တာမျိုး ရှိပါတယ်။ ဒီအတွေးကိုပဲ နောက်ထပ် တတိယအကြိမ်မြောက် ပြန်လှန် သုံးသပ်ကြည့်တဲ့ အခါကျတော့ ရလဒ်က ပထမအကြိမ် ရလဒ်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သွားတတ်တာမျိုးလည်း ကြုံရဖူးပါတယ်။

ဒါကြောင့် လူကြီးသူမ ပညာရှိတွေက ပြဿနာတစ်ခုကို တစ်ကြိမ်တည်း စဉ်းစား ဆုံးဖြတ်တာမျိုး မလုပ်သင့်ဘူးလို့ ဆုံးမကြပါတယ်။

ပထမဆုံး တွေးမိတာကတော့ ကျုပ်တို့ ပြည်သူတွေဟာ ၂၀၀၈ အခြေခံ ဥပဒေကို အသေအချာ မလေ့လာကြဘဲနဲ့ တချို့ဆိုရင် မြင်တောင် မမြင်ဖူးပါဘဲနဲ့ ၉၂.၄၈ ရာခိုင်နှုန်းကြီးများတောင် ထောက်ခံမဲတွေ ထည့်ခဲ့ကြတယ်ဆိုတော့ (တောင်းပန်ပါတယ်) တော်တော်နုံတာပဲလို့ တွေးခဲ့မိပါတယ်။ တော်တော် ကြာလာလို့ နောက်တစ်ကြိမ် သုံးသပ် ကြည့်တော့ ပြည်သူတွေ နုံတယ်လို့တွေးမိတာ ဟုတ်မှဟုတ်ပါ့မလားလို့ ဇဝေဇဝါ ဖြစ်လာ ပြီဗျာ။

သမ္မတဦးသိန်းစိန်အစိုးရ တက်လာပြီး တစ်နှစ်ကျော် အကြာမှာတော့ တတိယအကြိမ် ပြန်သုံးသပ်မိပြီး ပြည်သူတွေ မနုံဘဲ နုံတဲ့သူက ကျုပ် ဖြစ်နေပါတယ်။

ခံရတာများလို့ ထင်ပါတယ်။ အလွန်လည်ဝယ်ပြီး အရမ်းတွက်ချက်တတ်တဲ့ ပြည်သူ တွေပဲဗျာ။ အံ့ဩရပါတယ်။ ဘယ်လောက်ထိ ခန့်မှန်းတာတော်သလဲ ဆိုရင် အခြေခံဥပဒေ

စာအုပ်တောင် လှန်ကြည့်စရာ မလိုဘူး။ အခြေခံဥပဒေ (မူကြမ်း) ဖြစ်လာဖို့ ၁၈ နှစ်နီးပါး အချိန် ယူထားတယ်ဆိုတော့ ကန့်ကွက်မဲ များသွားလို့ ပြန်ပြင်ရရင် သွားပေဦးတော့ နောက်ထပ် ၁၈ နှစ် နေပေဦးတော့။ စစ်အာဏာရှင် အောက်မှာ နောက်ထပ် ၁၈ နှစ်။ ၁၈ ရက်တောင် မနေချင်ဘူးဆိုတော့ ထည့်တယ်ဗျာ ထောက်ခံမဲ။ တီးတယ်လေ လက်မှုပ် တွေ။

ဒီလိုနဲ့ ကန့်ကွက်မှုတွေ ဝေဖန်မှုတွေ ကြားထဲကနေ ထောက်ခံမဲ ၉၂.၄၈ ရာခိုင်နှုန်းနဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ထွက်လာတယ်။ ၂၀၀၈ ခုနှစ် မေလ ၂၆ ရက်နေ့မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ လက်မှတ်နဲ့ ဆန္ဒခံယူပွဲ ရလဒ် ကြေညာချက် ထွက်လာပါတယ်။

ဆန္ဒခံယူပွဲ ရလဒ် ကြေညာအပြီး သုံးရက်မြောက်နေ့ ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်နေ့မှာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းလိုက်ကြောင်း ကြေညာချက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ လက်မှတ်နဲ့ ထွက်လာပါတယ်။

## ဘွားမခတ်ကြေးနော်

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ ရလဒ်နဲ့ ပတ်သက်လို့ ဘွားအခတ်ခံထားရဖူးတဲ့ ပြည်သူတွေဟာ နောက်တစ်ခါ ဘွားခတ်ဦးမှာကို စိုးရိမ်ပူပန်နေကြပါတယ်။ ရွေးကောက်ပွဲ ရလဒ်အတည်ဖြစ်မှ အာဏာလွှဲပြောင်းမှု အထမြောက်ပြီး စစ်အုပ်ချုပ်ရေးအောက်က လွတ်မြောက်မယ်ဆိုတာ လည်း တွက်တတ်သွားပါပြီ။

စစ် အုပ်ချုပ်ရေးရဲ့ အရသာကို ကောင်းကောင်းကြီး မြည်းစမ်းဖူးတဲ့ ပြည်သူတွေဟာ စစ်အုပ်ချုပ်ရေး မဟုတ်ရင်ပြီးရော၊ ဖဲစကားနဲ့ ပြောရရင် ဘာလာလာ ခေါင်းတော့မယ် အခြေအနေ ဖြစ်နေပါပြီ။

စစ်အရာရှိကြီးများ တည်ထောင်ခဲ့တဲ့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ကြီးဟာလည်း အသင်းဝင် ဦးရေ ၂၄ သန်းနဲ့ အုံကြွစရာ ကောင်းလောက်အောင် တောင့်တင်း ခိုင်မာလာရာက နိုင်ငံရေးပါတီအဖြစ် ပြောင်းလဲခဲ့ပါပြီ။ အဓိက အတိုက်အခံ အင်အားစု ဖြစ်တဲ့ NLD ကလည်း ရွေးကောက်ပွဲ ၂၀၁၀ မဝင်ဖြစ်တော့ပါဘူး။ အဘက်ဘက် က အသာစီးရနေတဲ့ စစ် အရာရှိကြီးများက ယူနီဖောင်းချွတ်ပြီး သေနတ်တွေ အမြင်မှာ ထားခဲ့မယ်၊ နိုင်ငံရေး အဆောက်အအုံထဲ ဝင်လာပါရစေဆိုတော့ ပြည်သူတွေက ဝမ်းသာ အားရ လက်ကမ်း ကြိုဆိုခဲ့ကြပါတယ်။ (တခြားနည်းလည်း မမြင်ပါ)။

ပြည်သူတွေရဲ့ အဲဒီ ကာလက ဉာဏ်ရည်ကို ချီးကျူးမိပါတယ်။ ရတဲ့ အခွင့်အရေး မှန်သမျှ အကုန်ယူပြီး ပြည်ခိုင်ဖြိုး အမတ်လောင်းတွေကို မဲပေးခဲ့ကြပါတယ်။ ပြည်သူတွေဟာ ဘာ အခွင့်အရေးမှ မရရင်တောင် ပြည်ခိုင်ဖြိုးကိုပဲ သေချာပေါက် မဲထည့်ခဲ့ကြမှာ ဖြစ်ပါ တယ်။ ပြည်သူတွေ တွက်တဲ့အတိုင်း ပြည်ခိုင်ဖြိုးဟာ အာဏာရ ပါတီ ဖြစ်သွားတော့ န.အ.ဖ အဖွဲ့ ဖျက်သိမ်းပြီး အာဏာ လွှဲဖြစ်ခဲ့ပါတယ်။

## လိုချင်တာ ရပြီးရင်

လူတွေဟာ ကိုယ်လိုချင်တာကို မရ ရအောင် နည်းပေါင်းစုံသုံးပြီး ရယူတတ်ကြပါတယ်။ ပညာရှိတွေက ဒီလိုလူမျိုးကို အကောင်းအဆိုး ခွဲခြားပြီးမှ ချီးကျူးသင့်သူကို ချီးကျူးကြပေမယ့် ဉာဏ်နည်း သူများကတော့ သိမ်းကျုံးပြီး အထင်ကြီး အားကျတတ် ပါတယ်။

လူတွေဟာ ကိုယ်လိုချင်တာ ရဖို့ဆိုရင် ဘာကိုမှ မမြင်တော့ဘဲ အားထုတ်ခဲ့ရာက လိုချင်တာရပြီး ပြန်တော့ နောက်ထပ် လိုချင်တာတစ်ခု ထပ်ရှိပါတယ်။ အဲဒါက တခြား မဟုတ်ပါဘူး။ သူ ရရှိခဲ့တာဟာ တရားမျှတတယ်ဆိုတဲ့ အသိအမှတ်ပြုမှု လိုချင်တာပါပဲ။

တရားမျှတပါတယ်ဆိုတဲ့ ပတ်ဝန်းကျင်ရဲ့ အသိအမှတ်ပြုမှုကို ရဖို့ဆိုတာက ခံစားမှုနဲ့ ဆိုင်တဲ့ ကိစ္စဆိုတော့ အခက်တကာ့ အခက်ဆုံးပါပဲ။ ငွေတို့ အာဏာတို့နဲ့ ဖန်တီးလို့ မရနိုင်ပါဘူး။ ရတယ်လို့ ဆိုတဲ့လူရှိခဲ့ရင် အဲဒါဟာ အပေါ်ယံပါပဲ ရင်ထဲအထိ မရောက်နိုင်ပါဘူး။ နှိမ့်ချမှု၊ သဘောထားကြီးမှုနဲ့ အလိုနည်းမှု စတာတွေကို လက်တွေ့ လုပ်ပြဖို့လိုပါတယ်။ ကိုယ်ပိုင်ဆိုင်ဖို့ကြိုးစားစဉ်က မရိုးဖြောင့်တာရှိခဲ့ရင် ဖြေဆေးက တော်တော် အစွမ်းထက်ဖို့ လိုပါတယ်။ လူတွေ ထင်မထားတာကို လျှင်လျှင်မြန်မြန် လက်တွေ့ လုပ်ပြဖို့ လိုလာပါပြီ။

ဦးသိန်းစိန် အစိုးရဟာ NLD ကို လွှတ်တော်ထဲ ဝင်နိုင်ဖို့ ကန့်သတ်မှုတွေ ပယ်ဖျက်ပြီး လမ်းဖွင့် ပေးခဲ့ပါတယ်။ နိုင်ငံရေး အကျဉ်းသားတွေ လွှတ်ပေးတယ်။ ပြည်ပရောက်နေသူ နိုင်ငံသားတွေကို ပြန်လာဖို့ ဖိတ်ခေါ်တယ်။ စာနယ်ဇင်း လွတ်လပ်ခွင့် ပေးတယ်။ ဖိနှိပ် ကန့်သတ် ချုပ်ချယ်မှု အတော်များများကို ဖြေလျှော့ ပေးခဲ့တယ်။

လူမလိုင်လွှာတွေ လက်ဝါးကြီးအုပ်ထားတဲ့ ကားဈေးကွက်ကို အများ ပြည်သူ ဝယ်ယူသုံးစွဲနိုင်အောင် စီစဉ်ပေးနိုင်ခဲ့တယ်။ အားလုံး အံ့အားသင့်စရာတွေချည်းပါ။

သမ္မတကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးတွေ ဖြစ်စေချင်ပေမယ့် ဖြစ်မလာဘဲ မအောင်မြင်တဲ့ ကဏ္ဍကတော့ ဆက်သွယ်ရေး ကဏ္ဍပါပဲ။ လက်ကိုင်ဖုန်းတွေဟာလည်း တစ်ချိန်က လူမလိုင်လွှာတွေ လက်ဝါးကြီး အုပ်ထားတဲ့ ဈေးကွက်တစ်ခုပါပဲ။ သူနဲ့ တိုက် ဆောက် ကားစီးနိုင်ခဲ့သူတွေ ဒီနေ့အထိ အထင်ကရပါပဲ။ သူများ နိုင်ငံမှာ အလကားပေးတဲ့ ဆင်းကတ် (SIM) တွေဟာ အဲဒီအချိန်က ပြည်သူတွေ ရွှေနဲ့ စက်ဝယ်ခဲ့ကြရပါတယ်။ ကဏ္ဍမျိုးစုံ တိုးတက်ဖို့အတွက် ထိပ်ဆုံးကနေ ဦးဆောင် ပြောင်းလဲရမယ့် ဆက်သွယ်ရေး ကဏ္ဍဟာ ဆင်းကတ် (SIM) တစ်ကတ် နှစ်သိန်းနဲ့ နောက်ဆုံးမှာ အနေးကွေးဆုံးနဲ့ ဝန်ဆောင်မှုတွေ ပေးနေတာဟာ ပြည်သူတွေကို စိတ်ပျက် အားလျော့စေခဲ့ပါတယ်။

ဒီဆက်သွယ်ရေး ကဏ္ဍနဲ့ ပုဂ္ဂလိက သတင်းစာ မရှိတာကြောင့်သာ မဟုတ်ရင် ပြည်သူတွေဟာ ဦးသိန်းစိန် အစိုးရရဲ့ နိုင်ငံရေးနဲ့ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု အပေါ်မှာ အပြည့်အဝ ယုံကြည် အားထားကြမှာ ဖြစ်ပါတယ်။

## ငါးကလေး ပုံပြင်

အလွန်လည်တဲ့ ငါးလေးတစ်ကောင်ဟာ စုးဝင်နေတဲ့ ငါးမျှားချိတ်ကို ရှန်းမနေတော့ဘဲ ဆွဲတဲ့နောက်ကို မျှောပြီး လိုက်သွားပါတယ်။ ပြီးမှ ငါးမျှားတံ ကိုင်ထားသူကို နိုင်ငံတကာ မြင်ကွင်းအရောက် ခေါ်သွားပါတယ်။

အားလုံးက ဝိုင်းကြည့်နေချိန်မှာ ငါးမျှားတံ ကိုင်ထားသူက သဘောထား ကြီးစွာနဲ့ ငါးလေးကို လွှတ်ပေးလိုက်ရပါတယ်။ ဒီအခါမှာ ငါးလေးဟာ ဘဝတူ ငါးလေးတွေဆီကို ကူးခတ်သွားပြီး ပူးပေါင်းလိုက်ပါတယ်။ ဒီငါးလေးလိုပဲ အလွန်လည်တဲ့ ပြည်သူတွေပါ။

၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲမှာ ရလဒ်ဟာ ဘွာခတ်လို့မရတဲ့ အခြေအနေပါ။ ဒီလို အခြေအနေမှာ NLD ပါတီက ရွေးကောက်ပွဲမှာ အပြတ်အသတ် အနိုင်ရခဲ့ပါတယ်။

တကယ်တော့ ကြားဖြတ် ရွေးကောက်ပွဲမှာ NLD အနိုင်ရပြီး နိုင်ငံ ရေးစီးကြောင်းထဲ ဝင်လာတာဟာ အာဏာရပါတီရဲ့ ခေါင်းကြီးပိုင်းများအတွက် ကံကောင်းတယ်ဆိုရင် မမှားပါဘူး။ ကြားဖြတ် ရွေးကောက်ပွဲမှာ နိုင်ငံတကာ လေ့လာသူများကို ခွင့်ပြုပြီး ကြိုတင်မဲစတဲ့ ရွေးကောက်ပွဲ မသမာမှုတွေလည်း ကင်းရှင်းတဲ့အတွက် ပိုပြီးတော့ အရောင်တင်ပေးသလို ဖြစ်ခဲ့ပါတယ်။ လွှတ်တော် အသီးသီးနဲ့ အစိုးရအဖွဲ့ဟာ နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှုနဲ့ အားပေးမှုကို လျှင်လျှင်မြန်မြန် ရခဲ့ကြပါတယ်။ အတိုက်အခံ အပေါ်မှာ သဘောထားကြီးမှုကို အများက လေးစားပါတယ်။

တကယ်တော့ ပြည်သူတွေဟာ တိုင်းပြည်ကို ချစ်ကြပါတယ်။ ကိုယ်တစ်ယောက်တည်း ထူးပြီး တိုင်းပြည် ချစ်တယ်ဆိုလာရင်တော့ အကြွားလွန်တာပဲ ဖြစ်ပါမယ်။ ကုန်ကုန်ပြောရရင် အမြစ်သားတောင်မှ အမြစ်ဟာအမြစ်ပဲ တိုင်းပြည်အတွက် လိုအပ်လာရင် အကျိုးပြုချင်စိတ် ရှိမှာပါပဲ။ တကယ် ချစ်မချစ်က ဘာကိုကြည့်ပြီး သိနိုင်လဲဆိုတော့ ကိုယ့်အကျိုး၊ ကိုယ့်အာဏာ၊ ကိုယ့်ရာထူး စွန့်သင့်တဲ့ အချိန်မှာ စွန့်နိုင် မစွန့်နိုင် ကြည့်ပြီး သိနိုင်ပါတယ်။

ပြည်သူတွေရဲ့ အရည်အချင်းကလည်း မနိမ့်ပါဘူး။ အဖိနှိပ်ခံဘဝမှာ အခွင့်မသာခဲ့လို့သာပါ။ အခု ပြောမယ့် စိတ်ဓာတ်တချို့ပြင်လိုက်ရင် ဘယ်သူ့ မျက်နှာမှ မော့ကြည့်စရာ၊ အားကိုးစရာ လိုမယ် မထင်ပါဘူး။ ပြင်ရမယ့် စိတ်ဓာတ်တွေက...

နောက်လိုက်တောင် မလုပ်ဖူးဘဲ နေ့ချင်းညချင်း ခေါင်းဆောင်လုပ်ချင်တဲ့ ဘဝင်စိတ်။

Team work ခေါ် စုပေါင်းစိတ်ဓာတ်နဲ့ မလုပ်ချင်ဘဲ တစ်ကိုယ်တည်း တော်ချင်တဲ့ တစ်ကိုယ်တော်စိတ်၊ ရှေ့မနေ နောက်မလိုက် ဘေးတိုက်လိုက်ချင်တဲ့ ကန့်လန့် စိတ်။

ဒီနေ့မှ သိတဲ့ အလုပ်ကို အတွေ့အကြုံ မယူဘဲ ဒီနေ့မှာပဲ ကျွမ်းကျင် ထောင်ချင်တဲ့ စိတ်ကူးယဉ်စိတ်။

မေတ္တာဆိုတဲ့ အဓိပ္ပာယ်တောင် မသိဘဲ မေတ္တာ မပေးတတ်သူက လူအများရဲ့ လေးစားကြည်ညို ချစ်ခင်မှုကို ခံချင်တဲ့ ပေါ်ပြူလာစိတ်။

လူတစ်ယောက် သို့မဟုတ် အဖွဲ့ တစ်ဖွဲ့ နည်းနည်းအောင်မြင်တာနဲ့ အများကြီး ဝိုင်းအုံ့ အထင်ကြီးပြီး အခိုက်အတန့်လေး မအောင်မြင်ရုံနဲ့ မတန်တဆနှိမ့်ချ ဝိုင်းပယ်တတ်တဲ့ ကလေးကလား စိတ်။

ကိုယ့် ပတ်ဝန်းကျင် ကိုယ့်လူမျိုးနဲ့ ကိုယ့်တိုင်းပြည် ကောင်းစားမှ ကိုယ်လည်း ကောင်းစားမယ်ဆိုတာ မမြင်တတ်တဲ့ မောဟစိတ်။

နိုင်ငံရေးကို နိုင်ငံ ကြီးပွား တိုးတက်ရေးလို့ မခံယူဘဲ ကိုယ့်မိသားစု ကြီးပွား တိုးတက်ရေးအတွက် စားကျက်တစ်ခုလို ထင်တဲ့ သိုက်သမားစိတ်တွေပါပဲ။

■ **ပြည်သူ့ခေတ်ဂျာနယ်**
**အတွဲ ၃၊ အမှတ် ၁၁၇**

# အံ့ဩလွန်းလို့ သေတော့မယ်

## သူငယ်ချင်း ခြောက်ယောက်

တစ်ယောက်က ကျွန်ုပ်၊ ကျန်တဲ့ ငါးယောက် က ၁။ NLD (ရွှေးငြိမ်း) ၂။ ပြည်နိုင်ဖြိုး (လက်ရှိ လွှတ်တော် ကိုယ်စားလှယ်) ၃။ ထွေးအုပ် (ငြိမ်း) ၄။ ဗိုလ်မှူးကြီး (ငြိမ်း) ၅။ ခရိုနီ (ငြိမ်း) ဖြစ်ပါတယ်။ ကျွန်ုပ်တို့မြို့မှာ ပုဂ္ဂလိကကျောင်းတွေ ပြည်သူပိုင် မသိမ်းခင်က သူငယ်တန်းကစပြီး အင်္ဂလိပ်လိုသင်တဲ့ ပုဂ္ဂလိကကျောင်း ရှိခဲ့ဖူးပါတယ်။ သာသနာပြု ကျောင်း မဟုတ်ပါဘူး။ ကျောင်းအုပ် ဆရာကြီးက ဗုဒ္ဓဘာသာပေမယ့် ရှေး B.A ဘွဲ့ရပြီး အင်္ဂလိပ်စာ အရမ်းတော်ပါတယ်။ စည်းကမ်းကြီးပြီး သာသနာပြု ကျောင်းတွေနဲ့ တစ်ပုံစံ တည်းမို့ ဆရာကြီးရဲ့နာမည်ရှေ့မှာ 'စိန့်' တပ်ပြီး ကျောင်းကို နာမည်ပြောင် ခေါ်ခဲ့ပါတယ်။ သူငယ်တန်းကနေ ၇ တန်းထိအောင် တစ်ခန်းတည်းနေလာခဲ့တဲ့ သူငယ်ချင်းတွေဟာ နှစ်ပေါင်းများစွာ ကွဲကွာပြီးမှ ကျောင်းဟောင်းနဲ့ ၁၅ မိနစ်လောက် လျှောက်ရင်ရောက်တဲ့ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ထိုင်မိနေကြတာမျိုးဟာ အင်မတန် ကြုံတောင့် ကြုံခဲ အဖြစ်မျိုးပါ။ ဒီသူငယ်ချင်း ခြောက်ယောက်ဟာ စာတော်တာချင်း တူပါတယ်။ အကျင့် စာရိတ္တ ကောင်းတာချင်း၊ ရန်မဖြစ်တတ်တာချင်း၊ သနားကြင်နာတတ်တာချင်းလည်း တူကြပါတယ်။ တည်ကြည်အေးချမ်းတာချင်း တူကြပေမယ့် ကျွန်ုပ် တစ်ယောက်ကတော့ ငွေဖောက်ပြီး စတတ်နောက်တတ်သူ ဖြစ်နေပါတယ်။ မကောင်းတဲ့အကျင့်လို့ မထင်ပါနဲ့ အင်မတန် ချစ်စရာကောင်းတဲ့ အကျင့်ပါ။ ဒါကြောင့် သူတို့ချင်း ဘာဖြစ်ဖြစ် ကျွန်ုပ်ကိုတော့ အားလုံးက အမြဲ ချစ်ခင်ကြပါတယ်။

အခု အဘိုးကြီးဖော်ဝင်ကာစ ဒီသူငယ်ချင်း ခြောက်ယောက်ကြားမှာ တလောဆီက အင်မတန် ကြမ်းတမ်းခက်ထန်တဲ့ မုန်တိုင်းကြီးတစ်ခု မွှေယမ်း တိုက်ခိုက် သွားခဲ့ပါသေးတယ်။ အခုတော့ မုန်တိုင်းကြီးက အားကုန်အားပြတ် ဖြစ်သွားပြီး တိတ်ဆိတ်ငြိမ်သက်သွားလို့ လေပြည်စဲသွေး နေချိန် ဖြစ်ပါတယ်။ လောဘ၊ ဒေါသ၊ မောဟ မာန်မာနနဲ့ အာဃာတကြောင့် ပြင်းထန်ခဲ့တဲ့ မုန်တိုင်းကြားမှာ မုန်တိုင်းနဲ့အတူ လွင့်ပါခဲ့ကြ ရတဲ့ လူသားတွေမှာ အများစုကတော့ အဖြစ်ဆိုး အမျိုးမျိုး ကြုံတွေ့ခဲ့ရပါတယ်။ တချို့ကတော့ ဒီမုန်တိုင်းကြားမှာပဲ စင်ပေါ်ရောက်သွားသူတွေ လူနည်းစု အဖြစ် ရှိခဲ့ကြပါတယ်။ မုန်တိုင်းကြောင့် တစ်ယောက်နဲ့တစ်ယောက် ထိမိ ခိုက်မိ တာတွေလည်း မိတ်ဆွေ သူငယ်ချင်းတွေ ကြားထဲမှာတောင် ရှိခဲ့တာပေါ့။ အခုလို ငြိမ်သက်သွားခဲ့ချိန်မှာတော့ ပုဂ္ဂိုလ်ချင်းကြောင့် မဟုတ်ဘဲ မုန်တိုင်းကြောင့်ဆိုတာ နားလည်ခဲ့ရတဲ့ အတွက် အာဃာတတွေလည်း မရှိတော့သလောက်ပါပဲ။

**စာရေးဆရာ**

ကျုပ်က ဘယ်ပါတီမှလည်း မဝင်ဖူးပါဘူး။ ဒါမှလည်း ပါတီအားလုံးကို လွတ်လွတ်လပ်လပ် ထေ့နိုင် လှောင်နိုင်မှာ မဟုတ်လား။ နိုင်ငံရေးကိုတော့ ပါတီတွေ အားလုံးထက်တောင် စိတ်ဝင်စားပါတယ်။

တစ်ချိန်မှာ 'မှသားဖော်စက်' တစ်လုံးဝယ်ပြီး လွှတ်တော်ကိုယ်စားလှယ်တွေကို တစ်ယောက်ချင်း 'ဘာကြောင့် လွှတ်တော်ကိုယ်စားလှယ် လုပ်ချင်တာလဲ' လို့ လိုက်မေးဖို့ ကြံထားတော့ လွှတ်တော်ကိုယ်စားလှယ်လည်း မလုပ်ဖုံ့ပါဘူးဗျာ။ တော်ကြာ ကိုယ့်စက်နဲ့ကိုယ် ပြန်မိနေမှဖြင့်။

သူငယ်ချင်းတွေကို ကျုပ် ရှင်းပြတဲ့ စာရေးဆရာအကြောင်းက ဒီလိုပါ။ စာဖတ်သူတွေဟာ စာရေးဆရာတွေထက် တစ်ခုမဟုတ် တစ်ခု သာပါတယ်။ စာဖတ် ပရိသတ်ထုကြီးဟာ ပညာရှိကြီးပါ။ ပညာရှိ သတိဖြစ်ခဲမို့ ပညာမရှိတရှိ စာရေးဆရာတွေက စာဖတ်သူတွေရဲ့ တစ်ထောင့် တစ်နေရာမှာ အိပ်ပျော်နေတဲ့ အတွေးကို လှုပ်နှိုးရုံပါပဲ။ ရှိနှင့်ပြီး အတွေးတွေက ငိုက်မျဉ်း အိပ်ပျော်နေခဲ့တာကိုး။

စာရေးဆရာနဲ့ တခြားလူတွေ ကွဲပြားပုံကို သိစေချင်လို့ ကျုပ်က သူငယ်ချင်းတွေကို မေးလိုက်ပါတယ်။ မင်းတို့ရဲ့ အဖြစ်ချင်ဆုံးနဲ့ မဖြစ်ချင်ဆုံးက ဘာတွေလဲလို့။ တစ်ယောက် တစ်ပေါက် ဖြေကြတာပေါ့။ 'ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတအဖြစ် မြင်ချင်တယ်' 'နောက်တစ်ကြိမ် ထပ်ပြီး အမတ်ဖြစ်ချင်တယ်' 'စီမံကိန်း အကြီးကြီးရပြီး ကျိကျိတက် ချမ်းသာချင်တယ်' 'ခု ဖြစ်နေတဲ့ ရောဂါ အမြန်ပျောက်ချင်တယ်' 'နိုင်ငံခြားသွားနေချင်တယ်' အမျိုးမျိုးပါ။

မဖြစ်ချင်ဆုံးကတော့ ဆင်တူပါတယ်။ 'စီးပွားပျက်ပြီး စားရမဲ့ သောက်ရမဲ့ ဘဝ မရောက်ချင်ဘူး' 'ရောဂါ မဖြစ်ချင်ဘူး' ဒါပါပဲ။

စာရေးဆရာ တစ်ယောက် တွေးတာကျတော့ ဒါတွေမဟုတ်ဘူး။ လူတစ်ယောက်

သို့မဟုတ် သတ္တဝါတစ်ယောက် မိနစ် စက္ကန့်နဲ့အမျှ အဖြစ်ချင်ဆုံးဆန္ဒက အသက်ရှင်ဖို့ပါပဲ။ မဖြစ်ချင်ဆုံးက သေဖို့ပါပဲ။ ဒီလို နိုက်ပြီး တွေးတာ စားရေးဆရာတွေပါ။

## NLD (ရွှေးငြိမ်း)

ရွှေးငြိမ်းဆိုတာကတော့ သူ့ကို ကျုပ်က ပြောင်ခေါ်ခဲ့တာပါ။ သူ့ခမျာ ၁၉၉၀ ရွေးကောက်ပွဲမှာ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ပြည်သူက ရွေးချယ်တင်မြှောက်ခဲ့ပေမယ့် နအဖက အာဏာလွှဲမပေးတော့ အမတ်ဖြစ်ဖြစ်ချင်းမှာပဲ အငြိမ်းစား ယူရသလို ဖြစ်ခဲ့လို့ပါ။ သူ့ရဲ့ အသွင်အပြင်က အသားညိုပြီး အရပ်ရှည်ပြီး အမြဲတက်ကြွ နေပါတယ်။ ဘယ်လို ခုတ်ခုတ် ဘယ်လို သတ်သတ် ချက်ချင်း ပြန်ပေါက်လာတဲ့ သစ်ပင်နဲ့ တူပါတယ်။ သူဟာ ထောင်ထဲကို ဝင်လိုက် ထွက်လိုက်ပါပဲ။

သူကိုယ်တိုင်က ရှေ့နေဆိုတော့ လာဖမ်းရင် ပထမတော့ 'မင်းတို့ ဖမ်းဝရမ်းပါလား' လို့ မေးပါသေးတယ်တဲ့။ အားလုံး သူ့ကို ပြုံးပြီး ကြည့်ကြတယ်တဲ့။ နောက်ပိုင်း လာဖမ်းတော့ သူက လေကုန်ခံပြီး မမေးတော့ဘူးတဲ့။ မမေးတဲ့အပြင် သူကတောင် ပြန်နောက်လိုက်သေးတယ်တဲ့။ 'ဘယ်နှနှစ် အမိန့်ချထားပြီလဲ၊ ငါ့လည်း ပြောကြပါဦး'

သူက တစ်ခုတော့ စိတ်ပျက်မိတယ်တဲ့။ 'လွှတ်တော် ကျင်းပဖို့ကိစ္စ ဆွေးနွေးဖို့ဆိုပြီး ခေါ်သွားတာကွာ တပ်ထဲမှာ ချုပ်ထားတာကို။ ငါ့ကလေးတွေက အဖေ မရှိတော့ စာမေးပွဲတွေကျ ဖြစ်ချင်သလို ဖြစ်နေတာပေါ့ကွာ၊ ဘာပုဒ်မမှ မတပ်ဘဲ တစ်နှစ်လောက်တောင် ကြာတယ်ကွာ၊ အဲဒီတုန်းကတော့ တကယ့် မင်းမဲ့စရိုက်ပါပဲ'

ကျုပ်က သူ့ကို ကြားဖြတ် မေးခွန်း မေးလိုက်ပါတယ်။ 'တရားသူကြီးဆိုလို့ကွာ၊ မင်းတို့ ရှေ့နေတွေ တရားသူကြီးတွေကို လာဘ်ပေးရသေးလား' ဆိုတော့ သူက ကိုယ်ရှိန် သတ်လိုက်ပြီး 'မင်းက လျှောက်ရေးမယ့်ကောင်ဆိုတော့ အမှုပတ်တော့ မခံဘူးကွာ၊ မင်းကိုငါ အထာလေးနဲ့ ပြောမယ်၊ ကျုပ် တစ်သောင်းတန်တွေထွက်လာပြီးမှ စီရင်ထုံးတွေ ခဏ ခဏ မပြရတော့ဘူးကွ' သူ ဘာပြောလိုက်တယ်ဆိုတာ ကျန်တဲ့ လေးယောက် မသိဘူး။ ကျုပ် တစ်ယောက်ပဲသိတယ်။ သူက တစ်ခါက ကျုပ်ကို ပြောဖူးတယ်။ လာဘ်ပေးတဲ့ပုံလေ။ 'တရားသူကြီးမင်း ခင်ဗျား၊ ကျေးဇူးပြုပြီး ဒီစီရင်ထုံးလေး တင်ပြပါ ရစေ၊ ဒီအမှုနဲ့ ဆက်နွှယ်မှုရှိပြီး လေ့လာသင့်တဲ့ စီရင်ထုံးမို့ပါ'။ တရားသူကြီးက စီရင်ထုံး စာအုပ်လှန်ကြည့်လိုက်တော့ ညှပ်ထားတဲ့ ငွေစက္ကူတွေ တွေ့တာပေါ့။ တရားသူကြီးက သူ့ကို ပြန်မေးတယ်တဲ့။ 'ရှေ့နေကြီးတင်တဲ့ စီရင်ထုံးက အလွန် ကောင်းပါတယ်၊ အလားတူ စီရင်ထုံး ရှိသေးလား' လို့ မေးတယ်တဲ့။

## ပြည်နိုင်ဖြိုး (လွှတ်တော် ကိုယ်စားလှယ်)

သူငယ်စဉ်က အမြဲ ပြုံးရယ်နေတတ်သူ ဖြစ်ပြီး ဒီလို ဦးနှောက်ခြောက်ရမယ့် နိုင်ငံရေး အလုပ်တွေ လွှတ်တော် ကိုယ်စားလှယ် ဆိုတာမျိုး လုပ်မယ်လို့ သိပ်မထင်ရပါ။ တ.စ.ည တုန်းကလည်း သူ ဝင်အရွေးခံရာမှာ NLD သူငယ်ချင်းကို ရှုံးခဲ့ဖူးပါတယ်။ သူ့စီးပွားရေးက

ချည်ကုန်သည်ဖြစ်ပြီး အဆင်ပြေပါတယ်။ အခု ပြည်နိုင်ငံဖြိုးကနေ ဝင်အရွေးခံရာမှာတော့ လွှတ်တော် ကိုယ်စားလှယ် ဖြစ်လာခဲ့ပြီး တိုင်းရေး ပြည်ရေးတွေ ဆွေးနွေးဝေဖန်နေတာ ရုပ်မြင်သံကြားကနေ အမြဲ တွေ့ရပါတယ်။

ကျုပ်က ဘယ်ပါတီဝင်မှ မဟုတ်လို့ပဲလား မသိပါ၊ NLD တို့ ပြည်နိုင်ငံဖြိုးတို့ကို သူတို့ ခေါင်းဆောင်တွေ ဝေဖန်သုံးသပ်ချက်၊ ဆုံးဖြတ်ချက်တွေနဲ့ ပတ်သက်ပြီး သူတို့ထက် ပိုပြီး သဘောပေါက်လွယ်ပါတယ်။ သူတို့တွေဟာ သူတို့ ခေါင်းဆောင်တွေရဲ့ သုံးသပ်ချက် ဆုံးဖြတ်ချက်တွေကို သဘောမပေါက်တာတွေ ရှိနေတတ်ပါတယ်။

**ထွေးအုပ် (ငြိမ်း)**

သူ့ရဲ့ အရင်အလုပ်ဟာ မြို့နယ် စီမံကိန်းမှူးပါ။ ထွေအုပ် (မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး) ဘက်ကို ရောက်သွားပြီး အရင်အလုပ်ထက် မထင်မှတ်ဘဲ အစစ အရာရာ ကောင်းလွန်းနေပါတယ်။ ကောင်းလွန်းတဲ့အတွက် အသောက်အစားများပြီး အသည်းဝေဒနာ ခံစားနေရပါတယ်။

NLD သူငယ်ချင်းနဲ့ အမြဲထိပ်တိုက် တွေ့ခဲ့ရတာပေါ့။ သူ့ကို ဝန်းရံထားတဲ့ ဓနစည်းစိမ်တွေကြောင့် ငယ်စဉ် စိတ်ဓာတ်နဲ့ ဆန့်ကျင်တဲ့ သဘောထား တင်းမာသူ တစ်ယောက် ဖြစ်ခဲ့ပါတယ်။ အထူးသဖြင့်တော့ ကလေးကလားဆန်တဲ့ ကိစ္စတွေ ဖြစ်တဲ့ အာဇာနည်နေ့ ပိတ်ပင်တာတို့ လွတ်လပ်ရေးနေ့ ပိတ်ပင်တာတို့ မြို့လူထုရဲ့ ငြိုငြင်မှုကို ခံခဲ့ရပါတယ်။ အခုတော့လည်း သူ မဟုတ်သလိုပါပဲ။ အငြိမ်းစားယူပြီးတဲ့ အချိန်မှာ ဝန်းရံပြီးဝေးလို့နှုတ်ဆက်သူတောင် မရှိတော့တဲ့ သနားစရာ ရောဂါသည်တစ ရောက်နေရှာပါပြီ။

**ဗိုလ်မှူးကြီး (ငြိမ်း)**

သူဟာ ငယ်စဉ်က နူးညံ့တဲ့စိတ် ရှိပြီး ပြောရင် ယုံလွယ်သူ ဖြစ်ပါတယ်။ သူငယ်ချင်းတွေ အဏိကို အများဆုံးခံရသူပါ။ သူ့ကိုလည်း စစ်သားတစ်ယောက် ဖြစ်ဖို့ ဘယ်သူမှ ထင်မထား ခဲ့ပါဘူး။ တပ်ထဲမှာလည်း ရဲဘော်ရဲဘက်တွေရဲ့ ချစ်ခင်လေးစားမှု ခံခဲ့ရပါတယ်။ လူမှန် တစ်ယောက်ပါပဲ။ သူလည်း အရက်ကြိုက်ပါတယ်။ သူ စုဆောင်းခဲ့တဲ့ ငွေလေးတွေဟာ တစ်နေ့တော့ အသည်းပါရဂူတွေဆီ ရောက်မှာပါ။

**ခရိုနီ (ငြိမ်း)**

အငြိမ်းစား ခရိုနီတစ်ယောက်ပါ။ သူ့အကြောင်း တကယ်ရေးမယ်ဆိုရင် စာအုပ် အထူကြီး ဖြစ်သွားပါမယ်။ တစ်ချိန်က သူဟာ ကျုပ်တို့ထဲမှာ အနွမ်းပါးဆုံး သူငယ်ချင်းပါ။ တည်ငြိမ် အေးချမ်းပါတယ်။ သူ့ကြည့်ရတာ ချမ်းသာချင်စိတ် မရှိဘူးလို့တောင် ထင်ရပါတယ်။ ပိန်ညှော်ညှော်လေးပါ။ ခုတော့လည်း ဗိုက်ရွှဲ ကုပ်ထူပေါ့။

တစ်ချိန်မှာ ကျုပ်စီးပွားပျက်ပြီး နွမ်းပါးသွားခဲ့စဉ်က သူနဲ့အတူ လက်တွဲပြီး အာဏာရှင် တွေရဲ့ ဘောင်းဘီစဆွဲရင်း အချိုကြီးဖန်ဖို့ ခေါ်ရာပါတယ်။ (အဲဒီ အချိန်မှာကို သူက

တော်တော် ချမ်းသာနေပါပြီ) သူက စေတနာနဲ့ ခေါ်တာမှန်ပေမယ့် မသတီလွန်းလို့ ပြတ်ပြတ်သားသား ငြင်းခဲ့ပါတယ်။ နောက်ပိုင်းတော့ သူဟာ လောဘတွေ တက်လာပြီး ငွေသာလျှင် အဓိကဆိုတဲ့ 'ပိုက်ဆံ သရဏံ ဂစ္ဆာမိ' ဖြစ်သွားပါတယ်။

လူတွေရဲ့ အော်ကလီဆန်မှုကိုလည်း တစ်ခုတည်းသော သူ့ရဲ့ အားကိုးစရာ ဖြစ်တဲ့ ငွေနဲ့ပဲ ဖြေရှင်းပါတယ်။ အလှူတွေ ပေးတယ်၊ ဟိုလူ့လိုက်ကျွေး၊ သည်လူ့ လိုက်ကျွေး လှုဝင်ဆုံအောင် ကြိုးစားရှာတယ်။ သူ ကျွေးတိုင်း ကျွန်ုပ် ငြင်းခဲ့ပါတယ်။ ဒီနေ့လည်း အေးအေးချမ်းချမ်း လက်ဖက်ရည် သောက်နေကြရာမှာ သူရှင်းမယ့် အကြောင်း ဟိုဟာ စားပါ ဒီဟာစားပါ လုပ်နေတာကို စိတ်မသက်သာနဲ့ ကြည့်နေကြရပါတယ်။

ဘာပဲဖြစ်ဖြစ် မှန်တိုင်းကတော့ စဲသွားပါပြီဗျာ။ နောက်တစ်ကြိမ် ထန်မလာဖို့ပဲ အကာအကွယ် လုပ်ထားကြရမှာပေါ့။

■ ပြည်သူ့ခေတ်ဂျာနယ်
အတွဲ ၃၊ အမှတ် ၁၁၈

# ပြည်သူ့ဆန္ဒစစ်တမ်း

ပြည်သူ့ဆန္ဒစစ်တမ်း ကောက်ယူဖို့ မီဒီယာအားလုံး၊ အင်တာနက် ဘလော့ဂါများနဲ့ ပြည်သူ အားလုံးကို ထပ်မံ နှိုးဆော်လိုက်ပါတယ်။

တချို့ဂျာနယ်တွေကလည်း စတင်လှုပ်ရှားနေကြပြီး ပြည်သူတွေသဘောကျ စိတ်ဝင် စားကြတာ တွေ့ရပါတယ်။ စာရေးသူရဲ့ e-mail ၊ ဂျာနယ်တွေရဲ့ e-mail တွေကိုလည်း ဆန္ဒသဘောထားတွေ ပို့ကြစေလိုပါတယ်။

နမူနာအဖြစ်နဲ့ စာရေးသူ စိတ်ဝင်စားတဲ့ အချက်အလက်တချို့ကို တင်ပြရင်း ဆွေးနွေး ဖို့ ဖိတ်ခေါ်ပါတယ်။ သဘောထားဆိုတာ တစ်ယောက်နဲ့တစ်ယောက်နဲ့ ထပ်တူကျဖို့ ခဲယဉ်းပါတယ်။ မတူညီတဲ့ အမြင်တွေကို အခင်အမင် မပျက် သဘောထားကြီးကြီး ဆွေးနွေးနိုင်တာဟာ နိုင်ငံကြီးသားတွေရဲ့ စရိုက် လက္ခဏာပါ။

'အပြန်အလှန် ကူညီတဲ့ အနေနဲ့ 'မြစ်ဆုံဆည်' လို ဆည်ကြီးတစ်ခု ယန်စီမြစ်ပေါ်မှာ သွားဆောက်ပေးသင့်၊ မသင့်'

**ကျွန်ုပ်သဘောထား** - သွားဆောက်ပေးသင့်ပါတယ်။

**ဘာကြောင့်** - သူတို့က ကျုပ်တို့ရဲ့ အသည်းနှလုံးဖြစ်တဲ့ 'ဧရာဝတီ' ကို ဆောက်ရမှ ဆိုတော့ ကျုပ်တို့ကလည်း အပြန်အလှန် ကူညီတဲ့အနေနဲ့ သွားဆောက်ပေးသင့်ပါတယ်။ ရှိသမျှစည်းစိမ် ရောင်းချထုခွဲပြီး ရှယ်ယာ ထည့်ချင်ပါတယ်။

'တရုတ်ပြည်လုပ် အစားအသောက်၊ ဆေးဝါးနဲ့ လူသုံးကုန်ပစ္စည်းတွေအပေါ် ယုံကြည်မှု ရှိ၊ မရှိ'

**ကျွန်ုပ်သဘောထား** - ယုံကြည်မှု မရှိပါ။

**ဘာကြောင့်** - သူတို့ချင်းတောင် ညှာတာမှုမရှိဘဲ သေဒဏ်အကျခံပြီး အတုပေါင်းစုံ လုပ်ပါတယ်။ နို့မှုန့်အစ ဝက်နားရွက်အထိ အတုပေါင်းစုံပါ။ ကိုယ့်အသက်ကို နမြောရင် ကင်းကင်းရှင်းရှင်း နေသင့်ပါတယ်။

'ရှိဟင်ဂျာပြဿနာမှာ နိုင်ငံရေး အမြတ်ထုတ်သင့်၊ မသင့်'

**ကျွန်ုပ်သဘောထား** - လက်သီးလက်မောင်းတန်းပြီး ဝင်အမြတ်ထုတ်ချင်ပေမယ့် လက်တွေ့မှာတော့ အမြတ်မထုတ်ဖြစ်ပါဘူး။

**ဘာကြောင့်** - အမြတ်ရမှာကနည်းနည်း၊ မြှောက်ပေးသလိုဖြစ်ပြီး အခြေအနေဆိုးလို့ ဒိုင်ဝိုက်သွားရင် အရင်းပါ ပြုတ်သွားနိုင်ပါတယ်။

'ဆန္ဒထုတ်ဖော်ခွင့်ပြုခြင်းနှင့် ပတ်သက်၍ မရောမျှတမှု ရှိ၊ မရှိ'

**ကျွန်ုပ်သဘောထား** - မရှိပါ။

**ဘာကြောင့်** - အဆုံးအဖြတ်ပေးရမယ့် တာဝန်ရှိသူနေရာမှာ ဝင်ကြည့်ပါတယ်။ ခွင့်ပြုသင့်လျက်နဲ့ ခွင့်မပြုခဲ့ရင်လည်း ရာထူးကို ထိခိုက်စေနိုင်တဲ့ နည်းဥပဒေပြဋ္ဌာန်း ပေးဖို့ လိုအပ်ပါတယ်။ ဒါမှ တရားမျှတ လာပါမယ်။

'အရည်အချင်း ဘယ်သူက ပိုရှိပါသလဲ (ဘင်္ဂလားဒေ့ရှ် ဆက်သွယ်ရေး)၊ မြန်မာ့ ဆက်သွယ်ရေး)'

**ကျွန်ုပ်သဘောထား** - ဘင်္ဂလားဒေ့ရှ် ဆက်သွယ်ရေးက အရည်အချင်းရှိပါတယ်။

**ဘာကြောင့်** - အောက်တိုဘာ ၁၂ ရက်နေ့ သတင်းစာ ရှင်းလင်းပွဲမှာ သမ္မတကြီး ပြောခဲ့သလိုပါပဲ။ ဘင်္ဂလားဒေ့ရှ်မှာ လယ်သမားတစ်ယောက် ခါးမှာ ဖုန်းချိတ်ပြီးသွားနိုင် တဲ့အဆင့်မျိုး ရောက်နေပါတယ်။ အိန္ဒိယ၊ တရုတ်နဲ့ ထိုင်းမှာလည်း ဒီလိုပါပဲ။ သူတို့ဆီက ဆက်သွယ်ရေးက အရည်အချင်းရှိတဲ့အပြင် တစ်ဦးတစ်ယောက် တစ်ဖွဲ့ လူနည်းစု ကောင်းစားရေးထက် အများပြည်သူ ကောင်းစားရေးကို ကိုယ်ကျိုးမဖက်ဘဲ ဆောင်ရွက် နိုင်ခဲ့ပါတယ်။ မလုပ်နိုင်သူတွေ နေရာမှာ လုပ်နိုင်သူတွေကို အစားထိုးဖို့ လိုကောင်းလိုပါ လိမ့်မယ်။

'နောက်ငါးနှစ်သက်တမ်းမှာ ဘယ်သူ့ကို သမ္မတအဖြစ် မြင်ချင်ပါသလဲ (ဦးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည်)'

**ကျွန်ုပ်သဘောထား** - ဒေါ်အောင်ဆန်းစုကြည်ပါ။

**ဘာကြောင့်** - ဝန်ကြီးချုပ်ဦးနုနောက်ပိုင်းမှာ အရပ်သား တစ်ယောက်တလေမှ တိုင်းပြည်ခေါင်းဆောင် ဖြစ်ခွင့်မရခဲ့ပါဘူး။ နှစ်ပေါင်း ငါးဆယ်လုံးလုံး ခုချိန်ထိ စစ်ဘက် သို့မဟုတ် စစ်ဘက် အငြိမ်းစားတွေချည်း အုပ်ချုပ်လာခဲ့တာပါ။ အကျိုးရလဒ်ကလည်း သိကြတဲ့အတိုင်းပါပဲ။ အရပ်သားခေါင်းဆောင်တွေအတွက် အလှည့်ကလေး ပေးစေချင် တာပါ။ သမ္မတကြီးကလည်း သက်တမ်းတစ်ခုပဲ လုပ်မယ် ဆုံးဖြတ်ထားတယ်လို့ ကြားမိ လို့ပါ။

'ဒီနေ့ မြန်မာနိုင်ငံ ဒီမိုကရေစီ ရပြီလား။ မရသေးဘူးလား'

**ကျွန်ုပ်သဘောထား** - မရသေးပါ။

**ဘာကြောင့်** - သုံးမတ် ဒီမိုကရေစီလို့ ခေါ်ရမလား။ လွှတ်တော်ထဲမှာ အရပ်သား ကိုယ်စားလှယ်တွေချည်း သန့်သန့် ထိုင်ခွင့်မရသေးပါဘူး။ နိုင်ငံရေး အကျဉ်းသားတွေ ထောင်ထဲမှာ ရှိနေပါသေးတယ်။ အခြေခံဥပဒေ မပြင်ဆင်ရသေးပါဘူး။ ဆန္ဒထုတ်ဖော်ခွင့်တွေကို ပညာသားပါပါ ပိတ်ပင်ထားပါတယ်။

'အစိုးရမီဒီယာများ သတင်းဖော်ပြရာတွင် လွတ်လပ်မှု ရှိ မရှိ'

**ကျွန်ုပ်သဘောထား** - လွတ်လပ်မှု မရှိပါ။

**ဘာကြောင့်** - အများဖတ်ကြ ရှုစား နားထောင်ကြရတဲ့ အတိုင်းပါပဲ။ ကျုပ်အပါအဝင် ပြည်သူတွေဟာ အစိုးရအဖွဲ့ အာဏာရပါတီရဲ့ သတင်းတွေကို စိတ်ဝင်စားသလို အတိုက်အခံအဖွဲ့ ပါတီတွေနဲ့ ၈၈ မျိုးဆက်ကျောင်းသားများ စတဲ့ အဖွဲ့အစည်း အားလုံးကိုလည်း စိတ်ဝင်စားကြပါတယ်။ ပြည်သူပိုင် သို့မဟုတ် အစိုးရမီဒီယာတွေဟာ သတင်းတွေ ပွင့်လင်းမြင်သာစွာ မျှမျှတတ ဖော်ပြခွင့်မရအောင် တစ်စုံတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်က ဩဇာအာဏာသုံးပြီး ထိန်းချုပ်ထားတယ်လို့ ယူဆရပါတယ်။ ဒါကြောင့် ဥပမာ၊ အစိုးရ သတင်းစာများဟာ ဆေးရောင်စုံ ဖြစ်လာတာကလွဲလို့ သိသာထင်ရှားတဲ့ တိုးတက်မှု မတွေ့ရပါဘူး။ အစိုးရမီဒီယာအားလုံးမှာ အရင်အာဏာရှင် အငွေ့အသက်တွေ ကျန်နေပါသေးတယ်။

'ရခိုင်ပြည်နယ် ပဋိပက္ခပြဿနာ ဘယ်သူမှာ တာဝန်ရှိသလဲ (အစိုးရမှာလား။ ရခိုင်ပြည်သူတွေမှာလား)'

**ကျွန်ုပ်သဘောထား** - အစိုးရမှာ တာဝန်ရှိပါတယ်။

**ဘာကြောင့်** - အစိုးရ တာဝန်ယူထားတဲ့ တာဝန်တွေထဲမှာ 'တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေး' ပါဝင်ပါတယ်။ ပဋိပက္ခကို မဖြေရှင်းနိုင်ဘဲ ပိုပြီးဆိုးဝါးလာပါတယ်။ တကယ့် ဒီမိုကရေစီအစိုးရ အစစ်အမှန်ဆိုရင်တော့ ဒီလိုဖြစ်ရပ်မျိုးမှာ ပြည်သူကျေနပ်အောင် တာဝန်ရှိသူ တစ်ယောက်ယောက်တော့ နုတ်ထွက်ရစမြဲပါ။ ကဲ ဘယ်သူ့စံပြအဖြစ် နုတ်ထွက်ရဲလဲ။

■ အိပ်(စ်)ပရက်(စ်)တိုင်း(မ်)ဂျာနယ်

၁၄-၁၁-၂၀၁၂

# အံ့ဩလွန်းလို့ သေတော့မယ်

**ဒါဝတ်ပြီးမှ ဗုဒ္ဓဂါယာ သွားပါ**

မြန်မာပြည်မှာ တန်ခိုးကြီး ဘုရားတွေရှိလျက်နဲ့ အိန္ဒိယထိသွားပြီး ဘုရားဖူးတယ်ဆိုတော့ ဘာများထူးလို့လဲ။

ဒီလို ခနဲ့တဲ့တဲ့ မေးခွန်းမျိုး သူများကို မေးနေကျဆိုတော့ ဒီတစ်ခါ ကိုယ့် အမေးခံရရင် ဘယ်လို ပြန်ဖြေရမယ်ဆိုတာ အိန္ဒိယမှာ သီတင်းသုံးနေတဲ့ ဆရာတော်တွေကို မေးထားရပါတယ်။

ထူးတာပေါ့။ (ကိုယ်က ရောက်ပြီးပြီဆိုတော့) ဆရာတော်များရဲ့ အဆိုအမိန့် အရ သံဝေဇနီယလေးဌာနနဲ့ အဝိဇဟိတ လေးဌာနတို့ကို လာရောက် ဖူးမြော်ပြီး 'သံဝေဂဉာဏ်' ရယူနိုင်သူများဟာ အပါယ်တံခါး ပိတ်မယ်လို့ မြတ်စွာဘုရားရဲ့ ဗျာဒိတ်စကား ရှိခဲ့ပါတယ်။ 'သံဝေဂဉာဏ်' ရမှနော်။ မဟုတ်ရင်တော့ ဆယ်ခေါက် ရောက်လည်း အပါယ်တံခါးက ပွင့်မြဲပွင့်နေမှာပါပဲ။ သံချေးတောင်တက်သွား နိုင်ပါတယ်။

စာရေးသူကော သံဝေဂဉာဏ် ရခဲ့လားမေးရင် မရခဲ့ဘူး ဖြေရမှာပါပဲ။ ဘာကြောင့်လဲ ဆိုတော့ ကုသိုလ်ရေးကို ဖန်းပြီး စီးပွားရေးဆန်ဆန် ရိုက်စား လုပ်နေတဲ့ ဘုရားဖူး ပို့ဆောင်ရေး လုပ်ငန်းနဲ့ သွားခဲ့ရလို့ပါပဲ။

ဒါကြောင့် စာဖတ်သူတွေ မရှိမကို ဘုရားဖူး သွားတော့မယ်ဆိုရင် ငွေကိုးသိန်း လောက်ကုန်ပြီး ကိုယ့်လို မခံစားရအောင် သတိပေးလိုက်ပါတယ်။

## ပြန်လာသူတွေကို မေးပါ

အမှန်ကန်ဆုံးနဲ့ အကောင်းဆုံးကတော့ လက်တွေ့ ဘုရားဖူးပြီး ပြန်လာသူတွေကို မေးမြန်းစုံစမ်းပါ။ ပို့ဆောင်တဲ့ အဖွဲ့ရဲ့ ဝန်ဆောင်မှုကို မေးပါ။

ဈေးနှုန်း မကြည့်ပါနဲ့။ စာရေးသူရဲ့ ပထမအမှားက ဈေးနှုန်းကြည့်တာ ပါပဲပါတယ်။ ပရိုမိုးရှင်း ငါးသောင်းလျှော့တယ်။ ကုမ္ပဏီကလည်း နာမည်ကြီးတယ်ဆိုတော့ မထင်မိတဲ့အပြင် ကျေးဇူးတောင် တင်ချင်သလိုပါပဲ။

လက်စသတ်တော့ ပို့ဆောင်ရေး အဖွဲ့ ၆၀ လောက် ရှိလာပြီး အပြိုင်အဆိုင်တွေများလာလို့ ဈေးလျှော့ပြီး လူများများနဲ့ ရိုက်စား လုပ်တာကို။ ဒါကြောင့် ဈေးလျှော့မယ်၊ လူဦးရေ အကန့်အသတ်မရှိ လက်ခံမယ်ဆိုရင် ခံရတော့မယ်ဆိုတာ သဘောပေါက်ပါ။

စာရေးသူရဲ့ ပထမ ခရီးစဉ်က 'ရန်ကုန် - ဂါယာ' ပါ။ အမှန်ပြောရရင် ဂါယာမှာမရိပ်မိသေးဘူး။ ညစာ ဘူဖေးနဲ့ နံနက်စာ အုန်းနို့ခေါက်ဆွဲကို ဘူဖေး ကျွေးပါတယ်။ ဟိုတယ်လို့ ဆိုင်းဘုတ်တပ်ထားတဲ့ သာမန်အဆောက်အဦမှာ ညအိပ်ရပါတယ်။ ဂါယာမှာ 'မဟာ ဗောဓိစေတီ ပင်နဲ့ ရွှေပလ္လင်' ကို ရောက်တာစ ဦးတိုက်ရုံဖူးပြီး အပြန်ခရီးကျမှ ကြာကြာဖူးရမှာ ဖြစ်ပါတယ်။ အစီအစဉ် ဆွဲမထားဘဲ ကြုံရာ ပေါင်းလွှတ်နေတာပါ။

အမှန်ကတော့ ကျွန်တို့အဖွဲ့က နောက်ဆုံး ရှေ့မှာ ကျိုးသွင်းထားတဲ့နှစ်ဖွဲ့ နဲ့ပေါင်းပြီးလူတစ်ရာနီးပါးလောက်ကို ဘတ်စ်ကားလေးစီးနဲ့ ဖြစ်ကတတ်ဆန်း ရိုက်လွှတ်လိုက်တာပါပဲ။ ဒါကြောင့် ဂါယာက ကျိုးသွင်းတဲ့နေရာမို့ အစားအသောက် ကောင်းအောင် လုပ်ထားပါတယ်။ ဆက်ဆံရေးလည်း မဆိုးသေးပါဘူး။ ရှေ့က နှစ်ဖွဲ့ကတော့ သနားစရာ ဟိုအကြောင်းမြဒီအကြောင်းမြနဲ့ ဂါယာမှာပဲ လေးရက်လောက် အနုပ်ခံထားရရှာပါတယ်။ ဒါကြောင့် ခရီးစဉ် အစီအစဉ် စာရွက် ဘယ်သူ့မှ ပေးမထားပါဘူး။

ခရီးစဉ် စာရွက်ရအောင် တောင်းထားပါ။

လူတစ်ရာလောက် ပေါင်းလွှတ်လိုက်တော့ သူတို့အတွက် (လုပ်ငန်းရှင် အတွက်) တော့ ကိုက်တာပေါ့။ ခရီးသည်တွေမှာတော့ ဘုရားဖူးသွားရင်း ငရဲခံရတော့တာပါပဲ။ တချို့လည်း ပြည်ပ မထွက်ဖူးကြတော့ သူတို့လုပ်သမျှ အရုပ်လိုပဲ အဟုတ်ထင်နေတာပေါ့။ ဒီလိုနည်းနဲ့ သူတို့အဖွဲ့ ရိုက်ခဲ့တာ မနှစ်က ဘုရားဖူး ထောင်ဂဏန်း တော်တော်များများ ခံကြရပါတယ်။ အတွေ့အကြုံရှိတဲ့ လူတွေကတော့ သူတို့လုပ်ရပ်ကို မြန်မြန်သဘောပေါက်ပြီး မြန်မြန် ခေါ်သထွက်ကြရောဗျ။ ဟုတ်တယ်။ ရှေ့ဆုံးက ကျွန်ပဲ။

အတွေ့အကြုံ သိပ်ရှိပုံမရတဲ့ ရည်းလမ်းညွှန် (ဂိုက်) ခြောက်ယောက်မှာ ခေါင်းဆောင်က ဘာသာခြားဗျာ။ ကိုင်းမှတ်ကရော။ ကျွန် ကားပေါ်မှာ ပါလာတဲ့ ချာတိတ်ကတော့ ဗုဒ္ဓဘာသာဆိုပေမယ့် စာရွက်ဖတ်ပြီး ပြောနေရရှာတယ်။ ဒါတောင် 'လဇ္ဇီ' နဲ့ 'ဝဇ္ဇလီ' မကွဲရှာဘူး။ ဆက်ဆံရေး ကောင်းလားဆိုတော့ အနုတ်လက္ခဏာ။ ရေတောင်းရင် မေ့ချင်ယောင်ဆောင်တယ်။ မျက်နှာက ရှစ်ခေါက်ချိုး။

ဝန်ဆောင်မှုကတော့ တော်တော်သင်ယူရဦးမှာပါ။ အလုပ်ရှင်ကလည်း ဈေးပေါတာ ရှာထားတာဗျ။ ၁၅ ရက်ခန့် တစ်ခုလုံးမှ ဒေါ်လာတစ်ရာ ကြေရှာတယ်။ မြန်မာ့ရိုးရာ လာဘ်ပေးလာဘ်ယူက အဲဒီအထိ ထွန်းကားတယ်။

ဒီတော့ လက်သိပ်ထိုး မုန့်ဖိုးလေး ပေးထားတဲ့ လူကိုပဲ ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်။ ကျန်တဲ့သူ အပေါ်တော့ ခပ်ရိုင်းရိုင်းပဲ။ အင်းလေ၊ အလုပ်ရှင်က လုပ်ချင် သလိုလုပ်၊ ဖြစ်ချင်သလိုဖြစ်၊ သွန်သင်မှုမရှိဘဲ တာဝန်မဲ့ ထည့်လွှတ်လိုက်တာကိုး။

လူ တစ်ရာလောက် အုပ်စုကို အိမ်သာ တစ်လုံးပဲရှိတဲ့ ခပ်ညံ့ညံ့ စားသောက်ဆိုင်မှာ ရပ်၊ ကြုံရာနေရာက ကြော်လှော် လာတာတွေကို ခွဲတမ်းနဲ့ ကျွေး။ တန်းစီ တိုးဝှေ့ပြီး အလုအယက် စားကြရတော့ ဘယ်လို ပုံပန်းတွေ ဖြစ် ကုန်ပြီလဲ တွေးသာ ကြည့်ပါတော့။ ဝေသာလီ ဘီလူးကျသလို နေမှာပေါ့။

အလုပ်ရှင် ကိုယ်တိုင် မလိုက်နိုင်ဘဲ အလုပ်သမားတွေနဲ့ ပစ်ထားတော့ ည အိပ်ဖို့ ဘုန်းကြီးကျောင်း ရောက်ပြီဆိုရင် အခန်းသော့တွေကိုင်ပြီး လမ်းမှာ ကျုပ်တို့လို အများ အတွက် အကွန့်တက်တဲ့ သူတွေလက်ထဲ တော်တော်နဲ့ သော့မပေးဘဲ ညှဉ်းထားပါတယ်။ ငါးသောင်းလျှော့ပြီး ငါးသိန်းဖိုးလောက် စိတ်ညစ်ရပါတယ်။

ကြာတော့ ထမင်းလည်း တန်းမစီချင်၊ အခန်းသော့လည်း မတောင်းချင်တော့ လောက်အောင် ခံစားရပါတယ်။

**မန္တလေးက ဘီးတပ်ကုလားထိုင်**
**အဘွားနဲ့ သူ့ယောက်ျား**

အခံရဆုံးကတော့ သူတို့ နှစ်ယောက်ပါပဲ။ တန်းလည်း မစီနိုင်၊ ထိုင်နေတော့လည်း ဘယ်သူမှ လာချမပေးတော့၊ အမြင်မတော်သူ (ကျုပ်ပါပဲ) သွားချပေးရပါတယ်။ ကိုယ့် အတွက်တော့ နောက်မှပေါ့။

ညအိပ်တော့ အဘိုးနဲ့ အဘွားကို တစ်ခန်းတည်းမပေးဘဲ ခွဲထားတော့၊ တစ်ယောက် ကျန်းမာရေး တစ်ယောက် စိတ်ပူပြီး နှစ်ယောက်လုံး အိပ်မပျော်ကြဘူး။ အဘိုးကို ကျုပ် အခန်းထဲ ခေါ်ထားရတော့ အိပ်မပျော်ရှာဘဲ ငုတ်တုတ်ထိုင်နေတာ ဘာလို့လဲ မေးတော့မှ သူ့ရဲ့ ပူပန်မှုကို ပြောရှာတယ်။ ဒါနဲ့ အဘိုးကို ခေါ်သွားပြီး 'ဂိုက်' တွေနဲ့ ထိပ်တိုက် (ကျုပ်နဲ့ပဲ) သွားပြောကြတယ်။ တော်တော် အတိုက်အခံပြောမှ အဘိုးအဘွား တစ်ခန်းတည်း စီစဉ် ပေးတယ်။

နေရာတိုင်း ကျုပ်နဲ့ပဲ ထိပ်တိုက်တွေ့တော့၊ ကျုပ်အပေါ် တော်တော် ချစ်ကြရှာတယ်။ တွေ့ရင် မျက်နှာလွှဲသွားကြတယ်။

ထပ်တွေ့ပြန်ပြီဗျာ။ ဘယ်လိုမှ စားမရတဲ့ ဟင်းတွေနဲ့ 'ပြီးကပျက်' နေ့လယ်စာ ကျွေးရာမှာ တစ်ယောက်ကို ကြက်ရိုးကြော် နှစ်တုံး ခွဲတမ်းနဲ့။ ဘယ်ဘက်လှည့် ဝါးလို့

ဖဲ့လို့မှ မရတဲ့ ကျောက်ခဲလို မာကျောတဲ့ ကြက်ကြော်ပါ။ ကျုပ်ကပြောတော့ 'ကြက်မှာ အရိုး လူမှာအမျိုး' ဆိုပြီး မာဆတ်ဆတ် ပြန်ပြောတယ်။

'ကာလကတ္တားမြို့' ရောက်တော့ အင်္ဂလိပ် ဘုရင်မကြီး နေခဲ့တဲ့ စံအိမ် ပြတိုက်ကို ဝင်ကြေးများလို့ ထင်ပါရဲ့ ဝင်ခွင့်မရှိဘူးလို့ ပြောင်လိမ်ပြီး ဝင်မပြဘူးဗျ။ ကျန်တဲ့ ဘုရားဖူး အဖွဲ့တွေနဲ့ဆုံတော့ အလိမ်ပေါ်တယ်။ စာဆိုတော် 'ရာဘင်ဒြာ နတ်တဂိုး' ရဲ့ အိမ်ကတော့ ဝေလာဝေးပေါ့။

Science City ခေါ်တဲ့ ကလေးကစားကွင်း ခေါ်သွားတယ်။ လူကြီးတွေ ပင်ပန်းပြီး စိတ်ပျက် စိတ်ဆင်းရဲကြရပြန်ရော။

အလုပ်ရှင် အမျိုးသမီးငယ်ကဆို သူ့အလုပ်သမားတွေ အတိုင်းပဲ ယဉ်ကျေးမှု မရှိပါဘူး။ ကျုပ်က အပြန်လေယာဉ် အတက် Hand Carry အကြောင်း မေးတော့။ ဘာပြောတယ် မှတ်လဲ။ လက်နှစ်ဖက်အပြင် ဝါသနာပါရင် လည်ပင်းမှာပါ ဆွဲသွားလို့ရတယ် ဆိုပဲ။ ဘုရား ဘုရား။ ပိုင်ရှင်တွေက ဗုဒ္ဓဘာသာဝင် မြန်မာမှ ဟုတ်ရဲ့လား။ သံသယ ဝင်မိတယ်ဗျာ။ အလုပ်ရှင် အလုပ်သမား တစ်ပုံစံတည်းပါပဲ။ အဆိုးဆုံးကတော့ လူတွေ အများကြီး ပေါင်းလွတ်တဲ့အပြင် ဘုရားဖူးတွေကို နလပိန်းတုံးတွေ အချဉ်တွေလို ဆက်ဆံတာ ခံရခက်တယ်။ ဒီပုံစံနဲ့ ဘယ်လိုလုပ် သံဝေဂဉာဏ်ရမှာလဲ။ လူရိုက်ချင်စိတ် တောင်ပေါက်ရဲ့။

## VIP တဲ့ဗျား

ဒီခေတ်ထဲ VIP ရယ်လို့ မရှိတော့ဘူးလို့ ထင်တာဗျ။ လူတွေများလွန်းလို့ စိတ်ညစ်ကြတဲ့ ကြားထဲမှာ တစ်ယောက် တစ်သိန်းခွဲ ပိုပေးပြီး VIP တံဆိပ်ကပ်လာတဲ့ လူက ရှိသေး။ ၁၂ ယောက်တောင်ဗျာ။ VIP နဲ့ တစ်စက်မှ မတူပါဘူးဗျာ။ အဲ အရုပ်ဆိုးတာ ကတော့ တူချင်ရင်တူလို့ ရနိုင်တယ်ပေါ့ဗျာ။

သူတို့မှာ VIP ဆိုတာ ပေါလွင်အောင် လူတောထဲ မတိုးဝှေ့ကြရဘူး။ ခါးတ ထောက်ထောက်နဲ့။ အိန္ဒိယလူမျိုး ထမင်းဆိုင်တွေကလည်း ခပ်ချာချာဆိုတော့ VIP အတွက် သီးသန့်နေရာဆိုလို့ လယ်ကွင်းထဲမှာပဲ ရှိတာ။

ခရီးသည်တွေက အစအရာရာ အဆင်မပြေတဲ့ ကြားထဲမှာ ခွဲခြား ဆက်ဆံခံရတော့ ပိုပြီး စိတ်တိုတာပေါ့။

နိုင်ငံတကာမှာ VIP ဆိုတာ နိုင်ငံအတွက် ပိုအလုပ်လုပ်ပေးပြီး ပိုပြီး တာဝန်ခံ ရတဲ့ သူတွေကိုပြောတာ။

ကျုပ်တို့ လူမျိုးမှာကျမှ VIP ဆိုတာ သူများမျက်နှာမွဲပေါ် စကြဲလျှောက်ချင်သူတွေ ဖြစ်တော့သကိုး။

ဒီတော့ ကိုယ်လိုက်မယ့် ပို့ဆောင်ရေး အဖွဲ့မှာ VIP ပါမပါ အရင်မေးကြည့်ဦးပေါ့။ ပါတယ်ဆိုရင် ဝေးဝေးက ရှောင်ပါ။ အမှိုက်တွေဗျ။

## စရိုက်တွေ ပေါ်ကုန်ပြီ

လူတွေများပြီး ဒုက္ခတွေ ကြုံတော့မှ ကျုပ်တို့မြန်မာလူမျိုးတွေရဲ့ စရိုက်တွေ ပေါ်တော့တာပဲ။ တန်းစီရမယ့် နေရာမှာ အလုအယက် ပြုတိုးတယ်။ ကျော်တက် တယ်။ လူကြီးသူမ ဦးစားပေးရမှန်း မသိဘူး။ တစ်ကိုယ်ကောင်းဆန်တယ်။ တစ်ယောက်ကို တစ်ယောက် ယဉ်ကျေး သိမ်မွေ့မှု မရှိဘူး။

'ဘုရားစူး ဘုရားဖူး' တွေဆိုတော့ အပါယ်တံခါး ပိတ်ဖို့ နေနေသာသာ မိုဟာသွား ဖို့သာ ရှိလို့ ဘုရားဖူး ပို့ဆောင်ရေးကို ရွေးချယ်ရာမှာ လက်တွေ့ပြန်လာ သူတွေကို မေးမြန်း စုံစမ်းပြီးမှ သွားကြဖို့ တိုက်တွန်း လိုက်ပါတယ်ဗျာ။

(ဒါတွေက လွဲရင်တော့ ဘုရားဖူးရတာ တစ်သက်တာ မကြုံဖူးတဲ့ စိတ် ချမ်းသာ ကြည်နူးမှုရခဲ့တာ အမှန်ပါပဲ)

*(လေးစားသော ပုဂ္ဂိုလ်များအနက်မှ တစ်ဦးဖြစ်သည့် ဆရာမောင်ဝံသ၏ ကျန်းမာရေး အခြေအနေ ကြားသိရ၍ အားလျော့မိသော်လည်း၊ တစ်ဖက်တွင် ဆရာဟာ နေ့စဉ် ဗုဒ္ဓတရားအတွက် အချိန်ပေးထားကြောင်း သိရ၍ စိတ်အေး ရပါသည်။ ဆရာ အမြန် ကျန်းမာပါစေ)*

■ ပြည်သူ့ခေတ်ဂျာနယ်
အတွဲ ၃၊ အမှတ် ၁၁၉

# အံ့သြလွန်းလို့ သေတော့မယ်

**တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေး ကော်မတီသို့ အိတ်ဖွင့် ပေးစာ**

တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေး ကော်မတီ (တရား/ တည်ငြိမ်) ဟာ သူ့ရဲ့ တာဝန်ကို ဝတ်ကျေတမ်းကျေ မဟုတ်ဘဲ စိတ်ပါလက်ပါ ကြိုးစား ဆောင်ရွက်နေတာကို ပြည်သူတွေ မြင်တွေ့နေရပါတယ်။

တရားဥပဒေ စိုးမိုးမှု မရှိရခြင်းဟာ လာဘ်ပေးလာဘ်ယူမှု တစ်နည်းအားဖြင့် အဂတိလိုက်စားမှုကြောင့် ဆိုတာလည်း သိရပါပြီ။ အာဏာရှိသူတွေက အာဏာကို အလွန်အကျွံသုံးစွဲပြီး ဥပဒေရဲ့အထက်မှာ ရောက်ရှိနေမှု ဆိုတာလည်း ငြင်းလို့မရပါဘူး။ ကြိုးနီစနစ်ကြောင့် ဆိုတာလည်း အမှန်ပါပဲ။ လက်ဖက်ရည်ဖိုးလို့ အမည်တပ်ထားတဲ့ လာဘ်ငွေပေးပြီး အလွယ်ကြိုက် အမြန်ကြိုက်လှတဲ့ ကျုပ်တို့ ပြည်သူတွေကြောင့်ဆိုတာလည်း ဝန်ခံရမှာပါပဲ။

မဟုတ်ရင် မခံဘူးဆိုတဲ့ မဟုတ်မခံ စိတ်ရှိဖို့တော့ ဝေးပါသေးတယ်။ မဟုတ်တာနဲ့ ပျော်ပျော်ကြီးခံမယ် ဆိုတဲ့ ပျော့ညံ့စိတ်ကိုတောင် မဖယ်ရှားနိုင်ကြသေးပါဘူး။ တရားမဲ့ ဥပဒေမဲ့ လုပ်ရပ်ကို ငြိမ်ခံလိုက်ခြင်းဟာ တရားဥပဒေ စိုးမိုးမှု ပျက်ပြားအောင် ပူးပေါင်းပါဝင်လိုက်တာ ဖြစ်ပါတယ်၊ ဟုတ်ပါတယ်၊ ခံလည်း ခံရသေးတယ်၊ ပူးပေါင်း ကြံစည်တယ်လို့လည်း၊ အစွပ်စွဲ ခံရသေးတာ မှန်ပါတယ်။

ဥပမာ၊ ကားပစ္စည်းဆိုင် တစ်ဆိုင်ရှေ့မှာ လက်ထိပ်တန်းလန်းနဲ့ တရားခံ တစ်ယောက်က ရဲနဲ့အတူလာပြီး သူ ခိုးခဲ့တဲ့ပစ္စည်း ဒီဆိုင်မှာ ရောင်းခဲ့ပါတယ်လို့ မဟုတ်တာနဲ့ လက်ညှိုးထိုး စွပ်စွဲလိုက်ပြီ ဆိုပါစို့။ ဆိုင်ရှင်ဖြစ်သူဟာ တရားဥပဒေ ဘောင်ထဲကနေ မဟုတ်မခံစိတ်နဲ့

ရင်ဆိုင်ဖြေရှင်းမလား။ ဒါမှမဟုတ် တရား ဥပဒေ ဘောင်အပြင်ဘက်ကနေ ကိုယ်လည်း တကယ်မဝယ်ရပါဘဲနဲ့ (ညှိပြီးတော့) ငွေ လေး ငါးသိန်းပေးပြီး ရှင်းလိုက်မလား။ ဒုတိယ နည်းသုံးမယ့် လူက ပိုများပါတယ်။ အုံညြစရာ သိပ်ကောင်းပါတယ်။ မေးဖူးစမ်းဖူးသမျှတော့ ဆယ်ယောက် မေးကြည့်ရင် ဆယ်ယောက်လုံးက ဒုတိယ နည်းသုံးပြီး ဖြေရှင်းမယ့် သူချည်းပါပဲ။ တရားဥပဒေ ဘောင်အတွင်းက ရင်ဆိုင် ဖြေရှင်းဖို့ စဉ်းစားတဲ့လူ တစ်ယောက် တလေတောင် မပါပါဘူး။ ဘာကြောင့်လဲ လေ့လာကြည့်ရအောင်၊ ပထမအချက် သူဟာ ဥပဒေ စိုးမိုးမှုကို ယိုင်လဲအောင် လုပ်လိုက်မိပြီဆိုတာ သူကိုယ်သူ မသိပါဘူး။ ဒုတိယ ရင်ဆိုင်ဖြေရှင်းရင်လည်း ဒီငွေပမာဏလောက် ကုန်သွားနိုင်ပြီး စိတ်ဆင်းရဲမှုပါ ခံရဦးမယ်လို့ ပြောကြပါတယ်။

တရားဥပဒေ စိုးမိုးမှု မရှိလို့ တစ်နည်းအားဖြင့် ရင်ဆိုင်ဖြေရှင်းရင် အမှန်တရားကို ကာကွယ်ပေးမှု အားနည်းလို့ ဒုတိယနည်းဖြစ်တဲ့ အလွယ်ရှင်းတဲ့နည်း သုံးပါတယ်။ (ဒီငွေက မြန်ရှာရင် ရပါတယ်တဲ့။ အလုပ်ပျက် အကိုင်ပျက်ရင် စီးပွားတစ်ခုလုံး ပျက်သွားနိုင်တယ်လို့ ပြောကြပါတယ်)

ဒီတော့ ဥပဒေမစိုးမိုးလို့ လူတွေက ဖောက်လိုက်၊ လူတွေဖောက်လို့ ဥပဒေက ယိုင်သွားလိုက်၊ ဂျာဒေးကို သူ့အမေ ရိုက်လိုက်၊ မှန်လုံးကို စတ္တုကြာပ်လိုက်၊ ကြက်ဥနဲ့ ကြက်မ ဘယ်ကစ၊ ကြက်ဥက စခဲ့တာလား။ ကြက်မက စခဲ့တာလား အဖြေရှာနေရသလို ဖြစ်နေပါတယ်။

တရား/တည်ငြိမ်အဖွဲ့က ရန်ကုန်က တရားရုံးတွေ လေ့လာလိုက်၊ မန္တလေးက တရားရုံးတွေ လေ့လာလိုက်နဲ့ တွေ့မြင်ရတော့ ခါတိုင်း ပစ်အထားခံရတာနဲ့ စာရင်တော့ အားတက်မိပါတယ်။ ဒါပေမဲ့ ဆင်ကို အကောင်လိုက် တွေ့နေရပါလျက်နဲ့ ဆင်ခြေရာ ရှာနေရသလို ဘေးကကြည့်ရင်း အူယားနေပါတယ်။

'ဘုတ်တလှုတ်တောက်တဲ့' ကစားသလိုပါပဲ။ မျက်စိကို အဝတ်စည်းပြီး လိုက်ရိုက်တာ ဘေးကမြင်ရတော့ ညာဘက်တိုး ဘယ်ဘက်တိုး။ မိတော့မယ်၊ မိတော့မယ်၊ အားမလို အားမရပေါ့။

လာဘ်ပေးလာဘ်ယူ ပပျောက်ရေး ဥပဒေရဲ့ ရှင်းလင်း ရေးသားချက်တွေမှာ 'လာဘ်ပေးသူသည်လည်း လာဘ်ယူသူ အလားတူ ပြစ်ဒဏ်ကျခံရမယ်' ဆိုတာ သည့်ထက် ပိုပြီး ပေါ်လွင်အောင် ရေးသားသင့်ပါတယ်။ လာဘ်ပေးသူရှိနေသရွေ့ လာဘ်ယူသူက ပျောက်သွားမယ် မထင်ပါဘူး။

မတရားသော ဥပဒေမှန်သမျှ အခြေခံ ဥပဒေက အစ ဖယ်ရှားနိုင်ဖို့ လိုပါတယ်။ မတရားသော ဥပဒေ ဖယ်ရှားပြီး တရားသော ဥပဒေ အစားထိုးရပါမယ်။ တရားသော ဥပဒေများက မျှတစွာ စိုးမိုးနိုင်မှ မျှတတဲ့ တရားဥပဒေစိုးမိုးရေး ပေါ်ထွန်းမှာပါ။ မျှတစွာ စိုးမိုးရေးဆိုတဲ့ အနက်အဓိပ္ပာယ်ကတော့ လက်နက်ကိုင် အဖွဲ့အစည်းတွေ အပေါ် မှာပါ ဥပဒေသက်ရောက်မှု ရှိစေဖို့ပါပဲ။ အင်ဂျင်တစ်လုံးတည်းမှာ ပင်နယံအားလုံး ညီညွတ်နေဖို့ လိုပါတယ်။ ပင်နယံတစ်ခုက မလည်ဘဲ ရပ်နေရင် အဆင်မပြေပါဘူး။

## မငြင်းပါနဲ့တော့

လာဘ်ပေးလို့ ယူတာပဲဖြစ်ဖြစ် မပေးဘဲ ယူတာပဲဖြစ်ဖြစ် ဘယ်ဌာနက လာဘ်စား ညလဲ မမေးပါနဲ့။ အချိန်ကုန် သက်သာအောင် မစားတဲ့ ဌာနပဲ မေးပါ။

တရား/တည်ငြိမ်အဖွဲ့ အနေနဲ့ လာဘ်ပေးလာဘ်ယူ ကိစ္စတွေ ဖော်ထုတ်ဖို့ မီဒီယာတွေကို ဖိတ်ခေါ်တာ ကြားမိပါတယ်။ ကျုပ်တို့ကလည်း ဖော်ထုတ်ချင်ပါတယ်။ မီဒီယာတွေအတွက် အကာအကွယ်ကောင်းတဲ့ ဥပဒေ အမြန်ဆုံး ထွက်လာအောင် အရင်ဆောင်ရွက်ပေးစေလိုပါတယ်။ ဒါမှ မဟုတ်ရင်တော့ သူနို့က လူပြန်ဟစ်ပြီး တရားတပေါင်တွေရောက်၊ စာရေးချိန် မရတော့ရင် ထမင်းငတ်မှာပါ။

အခုတော့ ရေးပြီဆိုရင် တစ်ချိန်တုန်းကဆိုတဲ့ စကားလေး ခံခဲ့ပြီး ရေးရပါတယ်။

အင်း။ အဲဒီ တစ်ချိန်တုန်းကပဲ ဆိုပါတော့ဗျာ။

ဆရာတော်တစ်ပါးရေမှာ သာသနာရေး ဦးစီးဌာနကတော့ ကင်းရှင်းလောက်ပါတယ်လို့ သွားလျှောက်မိတာ အနားမှာရှိတဲ့ကြိမ်နဲ့ ဆော်တယ်ဗျာ။ လူကိုမထိလို့ တော်သေးတယ်။ (တစ်ချိန်တုန်းကပါ)

မိုးလေဝသ ကတော့ လွတ်လောက်ပါတယ် ပြောတော့၊ ကမ်းရိုးတန်းက ကုန်သည်က အသံထွက်အောင် ရယ်တယ်ဗျာ။ (တစ်ချိန်တုန်းကပါ)

ဒီလောက် မိုးခါးရေသောက်နေကြတဲ့ အထဲမှာ ဘာကြောင့် တရားရေး မဏ္ဍိုင်ကို ပစ်မှတ်ထားပြီး ဆောင်ရွက် နေရတာလဲဆိုတော့ တရားရေးမဏ္ဍိုင် ဆိုတာက တခြားလူတွေ လဲရင်ထူပေးရမယ့် မဏ္ဍိုင်လေ၊ သူကမှလဲနေရင် သူများကို ဘယ်လိုလုပ် ထူနိုင်တော့မှာလဲ။

## ဗိုလ်ကာတွန်းတွေ

သည်လောက် တစ်နိုင်ငံလုံး သိနေတာတောင် မစားရပါဘူးလို့ ငြင်းနေသေးတယ်တဲ့ဗျာ။ ကျုပ်က ရယ်စရာ 'ဗိုလ် ကာတွန်း' ဇာတ်ကားကို သွားသတိရမိတယ်။ သရုပ်ဆောင်မင်းသားက 'ဖိုးပါကြီး' နှစ်ကိုယ်ခွဲဗျ။ ကြောက်တတ်တဲ့ ဖိုးပါကြီးက လူဆိုးဖိုးပါကြီး ယောင်ဆောင်ကာမှ လူတွေ ရဲတွေ ဝိုင်းလိုက်ကြတာ အိမ်လေးတစ်အိမ်ထဲ ပိတ်မိနေတယ်။ အပြင်မှာ လူအုပ်ကြီးနဲ့ ဝိုင်းထားပြီး 'ဟေ့ အထဲမှာ ဘယ်သူလဲဟေ့' ဝိုင်းမေးတော့၊ အထဲကနေ ဖိုးပါကြီးက ဘာလုပ်တယ်ထင်လဲ၊ မျက်နှာသေလေးနဲ့ 'ဘယ်၊ ဘယ်သူမှ မရှိပါဘူး ခင်ဗျ' တဲ့။ ပရိသတ်တွေက တဝါးဝါး ပွဲကျသွားတာပေါ့။

အခုလည်း တရားရေး မဏ္ဍိုင်က ပုဂ္ဂိုလ်တွေက 'ဘယ်၊ ဘယ်သူမှ မစားပါဘူး ခင်ဗျ' ဆိုတော့ ပြည်သူအပေါင်းက ရယ်ရအခက် ငိုရအခက်ပေါ့ဗျာ။

တစ်ချိန်တုန်းကပေါ့ဗျာ။

ရွာတစ်ရွာမှာ မျက်နှာကြီး တစ်ယောက်က သူ့ဆီ စာလာကျက်တဲ့ ကျောင်းသူလေးကို မတရား ကျင့်လိုက်တယ်။ မိဘတွေက မခံမရပ်ဖြစ်ပြီး တိုင်တယ်ဗျာ။ မျက်နှာကြီးလည်း အချုပ်ထဲတော့ ခဏ ဝင်ရတာပေါ့။ ကလေးမလေး မိဘတွေကို သွားညှိတယ်၊

ဥပမာ သိန်း ၂၀ ပေါ့ဗျာ။ မိဘတွေက လုံးဝ လက်မခံဘဲ အပြစ်ပေးဖို့ကိုပဲ မျှော်လင့်တယ်။ ဒီတော့ မျက်နှာကြီးက သိန်း ၂၀ ကို ဝေငရေး လုပ်လိုက်တယ်။ တစ်ပြုံတစ်မကြီးကို ထောင့်စေ့အောင် ဝေလိုက်တယ်။ အားလုံးက ဝိုင်းပြီး သက်သေခံပစ္စည်းတွေကို လဲပေးတယ်။ အစကနေ အဆုံးထိ ပြင်ပြီး ကကြိုးပြောင်းပစ်တယ်။ အမှု အသွားအလာ ပြောင်းပြန်ဖြစ်သွားပြီး ကွင်းလုံးကျွတ်လွတ် သွားတယ်။ အဲဒီ ကျောင်းသူလေး ကိုယ့်သမီးလေး ဆိုရင် စာဖတ်သူတွေ ဘယ်လိုနေမလဲ၊ ကိုယ်ချင်းစာကြည့်ပါ။

ငွေကြေး ဆင်းရဲတာက တစ်ချိန်မှာ ချမ်းသာနိုင်တယ်။ စာရိတ္တနဲ့ ကိုယ်ကျင့်တရား ဆင်းရဲတာက ဆေးမရှိဘူး။ ဝဋ် အတုံ့အလှည့်က စောင့်နေလိမ့်မယ်။ ဒီလောက်တောင် အသည်းနှလုံး မရှိကြတော့တဲ့သူတွေဟာ မြင့်မြတ်တဲ့ အလုပ်တစ်ခုဖြစ်တဲ့ အမှုအကို ဝန်ခံပြီး အမှန်ပြန်ပြင်ဖို့ဆိုတာ သံသယ ဖြစ်မိပါတယ်။

တကယ်တော့ လူ့နာဟာ မျက်ဖြူ ဆိုက်နေပါပြီ။ တရားဥပဒေ စိုးမိုးရေး ဆိုတာ အသက်ငွေ့ငွေ့ပဲ ကျန်တဲ့ အချိန်မှာ ကုစားဖို့အတွက် 'တရား/တည်ငြိမ်' အဖွဲ့ လက်ထဲ ရောက်လာတာပါ။ စားလိုက်ကြတာမှ ဝက်ဝက်ကွဲပါပဲ။ တရားဝင်တယ်လို့ အထင်ရောက်ပြီး ပြောင်ပြောင်တင်းတင်း ဘယ်လောက်ကျမယ်လို့ ဈေးတောင် ခေါ်ကြသတဲ့။

တရားရုံးတွေကို လေ့လာတာထက် တရားရုံးတွေကို လေ့လာကြည့်စေချင် ပါတယ်။ ဆယ်ယောက်ကို စစ်မေးရင် ဆယ်ယောက်လုံး မပေးရတဲ့ သူ မပေးရတဲ့ နေရာ မရှိပါဘူး။ နိုင်လည်းပေး ရှုံးလည်း (အရှုံးမနာအောင်) ပေးပါပဲ။ တရားခံတွေ တရားခံရဲ့ မိသားစုတွေ၊ တရားလိုတွေ တရားလိုရဲ့ မိသားစုတွေ၊ တရားပြိုင်တွေ သူတို့ရဲ့ မိသားစုတွေ မေးကြည့်ပါ။ အဖြေက သူတို့ဆီမှာ ရှိပါတယ်။ မျက်မြင် သက်သေ တွေလည်း ရှိနိုင်ပါတယ်။

## မပေးဘဲ ယူနေသူများ

လာဘ်ပေးသူ မရှိဘဲ ယူနေသူများကတော့ အစိုးရဘဏ္ဍာ တစ်နည်းအားဖြင့် ပြည်သူတွေရဲ့ ဘဏ္ဍာကို လိုက်စားနေသူ တွေပါပဲ။

စီမံကိန်းချပေးရသူတွေ (တစ်ချိန်ကနေ၃) တချို့ဟာ စင်ကာပူမှာတောင် အိမ်ဝယ်ထား တဲ့အထိ ချမ်းသာတယ်လို့ ကြားဖူးပါတယ်။ စီမံကိန်း မရခဲ့တဲ့ စီးပွားရေး ပြိုင်ဘက်တွေကို မေးကြည့်ပါ။ ဘယ်သူ့ကို ဘယ်လောက် မပေးနိုင်လို့ ဆိုတာ ပေါ်လာမှာပါ။ သိန်းတစ်ထောင် တန် စီမံကိန်းဟာ တကယ်သုံးစွဲခဲ့တာ သိန်း ၃၅၀ သိန်းလောက်ပဲ ရှိပါတယ်။ အစ္စည်အသွေး မမီပါဘူး။ မြင်ကောင်းအောင်ပဲ လုပ်ကြပါတယ်။ သိန်းတစ်ထောင် ပြည်သူ့ငွေဟာ သိန်း ၆၅၀ တောင် နစ်နာသွားပါတယ်။ ဘယ်လို ဖြစ်တာလဲဆိုတော့ ၁၀၀၀-၃၀၀=၇၀၀-၃၅၀=၃၅၀ မိုလို့ပါ။ (တစ်ချိန်ကပါ)

ပြည်သူတွေ အားလုံးသိပြီးသားပါ။ တရား/တည်ငြိမ်အဖွဲ့ကတော့ စုံစမ်းဆဲပေါ့။ ဒီအတိုင်း စုံစမ်းလို့ မရပါဘူး။ တိုင်လာသူက နိုင်မှာရင် စသုံးလုံးနဲ့ အစုံစမ်းခိုင်းပါ။ အထူး ကျွမ်းကျင်ကြပါတယ်။ နိုင်းမယ့်သူ မရှိလို့ပါ။ လုံးဝကို စုံစမ်းမယ့်သူမရှိ လွှတ်နေကြ လို့ပါ။ တစ်ယောက်ယောက် အစုံစမ်းခံရတယ်ဆိုရင်၊ အားလုံး သိသွားရင် ဆင်ခြင်ကြမယ်

ထင်ပါတယ်။ အနည်းဆုံး လိုင်စင်ရထားသလို ပြောင်ပြောင်ကြီး စားဝှံကြတော့မယ် မထင်ပါဘူး။

တစ်လက်စတည်း အားလုံးရဲ့ ကိုယ်စားတိုင်လိုက်ပါရစေ။ တရားဥပဒေကြောင်း အရ ပေးသင့်ပါလျက်နဲ့ မနိုင်လုံတဲ့ အကြောင်းပြချက်နဲ့ လွှတ်လပ်စွာနဲ့ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခွင့်ကို ပိတ်ပင်သူ သက်ဆိုင်ရာ အရာရှိဟာ တရားဥပဒေ စိုးမိုးရေးကို ပျက်ပြယ်အောင် လုပ်တာဖြစ်တဲ့ အတွက် ထိုက်သင့်သလို အရေးယူခြင်း၊ ရှုတ်ချခြင်းများ ပြုလုပ်ပေးပါရန် တိုင်ကြားအပ်ပါကြောင်း။

**■ ပြည်သူ့ခေတ်ဂျာနယ်**
**အတွဲ ၃၊ အမှတ် ၁၂၀**

# ဥက္ကဋ္ဌကြီးက ဥက္ကဋ္ဌကြီးပါပဲခင်ဗျာ

**သမ္မတကြီးခင်ဗျား၊ အဲလေ ဥက္ကဋ္ဌကြီးခင်ဗျား၊ ဟာ ဘယ်လိုခေါ်ရမှန်းတောင် မသိတော့ပါဘူးခင်ဗျ။ 'သမ္မတဥက္ကဋ္ဌကြီး' ခေါ်ရမလား၊ 'ဥက္ကဋ္ဌသမ္မတကြီး' ခေါ်ရမလား။ ဒါမှမဟုတ် နှစ်ခုပေါင်းပြီး 'သမ္မဋ္ဌ' သို့မဟုတ် 'ဥက္ကတ' ဘယ်ဟာမှ သိပ်မနိပ်ပါဘူးခင်ဗျား။**

'သမ္မတ ဥက္ကဋ္ဌကြီး' လို့ပဲ ခေါ်ပါရစေ ခင်ဗျာ။

ကျွန်တော်ဟာ သမ္မတဥက္ကဋ္ဌကြီးကို အစဉ်တစိုက် လေးစားခဲ့ပါတယ်။ လက်ခုပ်တီးခဲ့ပါတယ်။

လူတွေက နားမလည် ပါးမလည် ပြောကြဆိုကြပေမယ့် ကျွန်တော်ကတော့ နားမယောင်မိပါဘူး။ ဘယ်သူတွေ ဘာပြောပြော သမ္မတဥက္ကဋ္ဌကြီး ဘက်ကပါပဲ။ ရှင်းရှင်းပြောရရင် အာဏာရ သမ္မတဥက္ကဋ္ဌကြီးနဲ့ အာဏာရ ပါတီကြီးဘက်ကပါပဲ ခင်ဗျာ။ အာဏာရပါတီကြီးနဲ့ အာဏာရ ဥက္ကဋ္ဌကြီး ဘာလုပ်လုပ် တင့်တယ်တယ်လို့ပဲ ကျွန်တော် ယုံကြည် ပါတယ်။

၂၁-၁၀-၂၀၁၂ သတင်းစာရှင်းလင်းပွဲမှာ သမ္မတဥက္ကဋ္ဌကြီး မိန့်ကြားသလို သမ္မတဥက္ကဋ္ဌကြီးအနေနဲ့ ပါတီအတိုင်ပင်ခံအဖွဲ့နဲ့ တိုင်ပင်လို့ မရပါဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း ၃ နိုင်ငံတော် သမ္မတနှင့် ဒုသမ္မတများ (ဆိုင်ရာအခန်း) အပိုဒ် ၆၄ မှာ **'နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် နိုင်ငံရေးပါတီ တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း**

**ယင်းပါတီအဖွဲ့အစည်း၏ပါတီလုပ်ငန်းတွင်ပါဝင်ဆောင်ရွက်ခြင်းမပြုရ** လို့ဆိုထားတယ်လို့ ပြောပါတယ်။

ဒါပေမဲ့ သမ္မတဥက္ကဋ္ဌကြီးအနေနဲ့ ပါတီဥက္ကဋ္ဌအမည်ခံထားတော့ ပါတီရဲ့ကောင်းကျိုးဆိုးကျိုးက သမ္မတဥက္ကဋ္ဌကြီးရဲ့ တာဝန်ဖြစ်နေတာ ကမ္ဘာက သိပါတယ်။ ဒါကြောင့် အတိုင်ပင်ခံအဖွဲ့နဲ့ အကြောင်းအကျိုး သက်ဆိုင်နေတဲ့အပြင် သူတို့နဲ့ 'သမ္မတဥက္ကဋ္ဌကြီး' လူသိရှင်ကြား တိုင်ပင်သင့်ပါတယ် ခင်ဗျာ။ မဟုတ်ရင်တော့ 'ပါတီမကောင်း ဥက္ကဋ္ဌကြီးခေါင်း'ပါပဲ။ (ရှင်းလင်းပွဲက 'ပါတီဥက္ကဋ္ဌ ကိစ္စ' နိုင်ငံပိုင် သတင်းစာမှာ မထည့်တာလည်း သင့်မြတ်မှန်ကန်ပါတယ်)

အခြေခံဥပဒေထဲမှာ 'ပါတီလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ'လို့သာပါတာ မြန်မာစာတတ်သူတိုင်း အထင်အရှား သိနိုင်ပါတယ်ခင်ဗျာ။ 'မတိုင်ပင်ရ' 'အစည်းအဝေးမတက်ရ' 'ရန်ပုံငွေ ရှာမပေးရ' 'စည်းရုံးမပေးရ' စတာတွေ တစ်ခုမှ မပါတဲ့အတွက် သမ္မတဥက္ကဋ္ဌကြီးအနေနဲ့ လိပ်ပြာသန့်သန့်နဲ့ ရှောင်တိမ်းပြီး လုပ်သွားနိုင်ပါတယ် ခင်ဗျာ။ ကျွန်တော် တိုက်တွန်းပါရစေ။

သမ္မတဥက္ကဋ္ဌကြီး အနေနဲ့ ယခင်အစိုးရ၏ လုပ်ဆောင်မှုများသည် တိုင်းပြည်၏ အကျိုးအတွက် ရေးရှုဆောင်ရွက်ခဲ့ခြင်းသာဖြစ်တယ်လို့ မိန့်ကြားတာလည်း ကျွန်တော်သဘောပေါက်ပါတယ်။ ကျွန်တော်တင် မဟုတ်ပါဘူး။ မကြာသေးခင်ကမှ လွတ်လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေ၊ ၈၈ ခုနှစ် ပတ်ဝန်းကျင်က မှုဆိုးမတွေ၊ ရဟန်းသံဃာတွေ၊ နယ်စပ် (သို့မဟုတ်) တိုင်းတစ်ပါး ရောက်သွားသူတွေ သဘောပေါက်တဲ့သူတွေလည်း အများကြီး ရှိပါတယ် ခင်ဗျာ။ နောက်ပြီး သမ္မတ ဥက္ကဋ္ဌကြီးက ယခင်အစိုးရ သို့မဟုတ် တပ်မတော်အစိုးရရဲ့ ကျေးဇူးကို ခဏခဏ ဖော်တယ်ဆိုပြီး ကိုယ်ချင်းမစာ ဝေဖန်သူတွေရှိကြပါတယ်။ ကျွန်တော်ကတော့ ကိုယ်ချင်းစာတတ်သူဖြစ်လို့ သမ္မတဥက္ကဋ္ဌကြီး ဦးသိန်းစိန်ကနေ ဗိုလ်ချုပ်ကြီးသိန်းစိန် ပါဝင်ခဲ့တဲ့ အစိုးရကို ကျေးဇူးတင်ခြင်းဟာဖြင့် တော်တော်သဘာဝကျတယ်လို့ နားလည်ပါတယ် ခင်ဗျာ။ ဝေဖန်သူတွေက လူ့သဘာဝကို နားမလည်ကြလို့ပါ။

ပညာရေးနဲ့ ပတ်သက်ပြီး မေးလိုက်တဲ့အခါတိုင်းမှာ သမ္မတဥက္ကဋ္ဌကြီးဖြစ်ဖြစ်၊ ဝန်ကြီး၊ ဒုဝန်ကြီးဖြစ်ဖြစ် 'ဂွျန်ဟော့ကင်း'ဆိုတဲ့ အဖြေ ထွက်လာတာ သတိထားမိပါတယ်။ ကျွန်တော့်ကို တစ်ယောက်ယောက်က မင်းတို့နိုင်ငံ ပညာရေး ဘယ်လိုလဲလို့မေးရင် ကျွန်တော်လည်း 'ဂွျန်ဟော့ကင်း'လို့ပဲ ပြန်ဖြေမိမှာပါပဲ။ ဘာမသိ ညာမသိပေမယ့်လည်း ကြားရတဲ့သူအဖို့ အားရှိစေတဲ့ စကားလုံးဖြစ်နေပါတယ်။ 'ဘိုးမင်းခေါင်'ဆိုတဲ့ နာမည်လိုပဲ တကယ် အားရှိပါတယ်။

ကျန်းမာရေးအဆင့်အကြောင်း ပြောရင်းနဲ့ ဒီကနေ့ ဂျပန်လူမျိုးတွေရဲ့သက်တမ်းက ပျမ်းမျှ ၈၆ နှစ်လို့ သိရပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ ပျမ်းမျှသက်တမ်းက ၆၆ နှစ်မို့ လူဖြစ်တာချင်းအတူတူ မြန်မာက ဂျပန်ထက် အနှစ် ၂၀ လောက်စောပြီး

သေနေတယ်လို့ သမ္မတဉက္ကဋ္ဌကြီးက ဝမ်းနည်းစကား ဆိုပါတယ်။ ကျွန်တော်ကတော့ ဒီလိုမမြင်ဘူးခင်ဗျ။ သမ္မတကြီးရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို သွားပြီး အထောက်အကူ ပြုနေတာ တွေ့ရပါတယ်။ အကောင်းမြင်လွန်းတယ်ပဲပြောပြော အနှစ် ၂၀ လောက် စောပြီးသေခြင်းဟာ အနှစ် ၂၀ လောက် ဆင်းရဲနွမ်းပါးမှု သက်သာသွားတာပါပဲ။

နောက်တစ်ခုက သမ္မတဉက္ကဋ္ဌကြီးရဲ့ သက်တမ်းကိစ္စပါပဲ။ 'ဒီကနေ့အထိတော့ ကျွန်တော်သည် ကျွန်တော့်ကျန်းမာရေးအရ သက်တမ်းတစ်ခုပဲ လုပ်မယ်လို့ ကျွန်တော် ဆုံးဖြတ်ထားပြီး ဖြစ်ပါတယ်'လို့ ဆိုပါတယ်။ ကျွန်တော်လည်း စိတ်မကောင်းစွာနဲ့ပဲ သမ္မတဉက္ကဋ္ဌကြီးကို နှုတ်ဆက်မလို့ ပြင်နေတုန်းမှာ ထပ်ကြားရပြန်တယ်။ 'သို့သော် လည်းပဲ တိုင်းပြည်ရဲ့ အခြေအနေ၊ ပြည်သူရဲ့ဆန္ဒ ဒါတွေ ကျွန်တော်တို့ ဖြစ်လာလို့ရှိရင် ကျွန်တော်တို့ စဉ်းစားပါ့မယ်'ဆိုတော့ နှုတ်ဆက်ဖို့မြှောက်ထားတဲ့လက် ပြန်ချရတော့ မလို ဘာလုပ်ရမှန်းမသိ ဖြစ်သွားပါတယ်။ ဩော် ဒီလိုလည်း ရှိသကိုးလို့ ဗဟုသုတရလိုက် ပြန်ပါတယ်။ ဆုံးဖြတ်ချက်ဆိုတိုင်းလည်း ပြင်လို့မရဘူး မထင်စကောင်းဘူးခင်ဗျ။ 'ဆုံးဖြတ် ချက် အရှင်'ဆိုတာလည်း ရှိသေးတာပေ့ါ။ ခုနကလိုပေ့ါ။ 'ပါတီလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခြင်း မပြုရ' ဆိုတာဟာ 'ပါတီဉက္ကဋ္ဌ မလုပ်ရ'လို့မှ မပါတာ ဟုတ်ပေတာပေ့ါ။

ဆွေမျိုးပေါက်ဖော်ကြီးအကြောင်း ပြောပါမယ်။ အလွန်ခင်စရာကောင်းသလို အတု ယူစရာတွေလည်း အများကြီးပါ။ စီးပွားရေး ဦးနှောက် သိပ်ကောင်းပါတယ်။ အတွက် အချက်လည်း တော်ပါတယ်။ အာဏာရှင်တွေ တန်ခိုးထွားနေတဲ့အချိန်မှာ ပြည်သူတွေ ဘက်ကနေ အာဏာရှင်စနစ် မြန်မြန်ချုပ်ငြိမ်းသွားအောင် ရည်ရွယ်ပြီး နိုင်ငံတကာက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ အရေးယူမှုတွေ လုပ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ သူက အာဏာရှင်တွေဘက်ကနေ ဗီတိုအာဏာသုံးပြီး ကာကွယ်ပေးပါတယ်။ နောက်ပြီး မြစ်ဆုံ ဆည်၊ လက်ပံတောင်းတောင် ရှိသမျှ မြေပေါ်မြေအောက် သံယံဇာတတွေ ကူညီပြီး ထုတ်ပေးပါတယ်။ ချေးငွေတွေလည်း ဘယ်လောက်ထိ ချေးလဲဆိုရင် စီးပွားရေးပိတ်ဆို့ တာတွေသာ ပြန်ဖွင့်တာ နောက်ကျရင် အကြွေးသိမ်းလို့ရပါပြီ။ ကျွန်တော်ဖြင့် ကျေးဇူး တင်လွန်းလို့ ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ယန်စီမြစ်ပေါ်မှာ ဆည် သွားဆောက်ပေးဖို့အထိ တောင် စိတ်ကူးမိပါတယ်။ ဒါပေမဲ့ သူသာ ကုလသမဂ္ဂမှာ ဗီတိုအာဏာနဲ့ အာဏာရှင် တွေကို အကာအကွယ်မပေးခဲ့ရင် ကျွန်တော်တို့ ဒီထက်စောပြီး ဒီမိုကရေစီ အစိုးရ ဖြစ်လာမှာ အမှန်ပါပဲ။ အနောက်နိုင်ငံတွေ အနေနဲ့လည်း စီးပွားရေး ပိတ်ချင်လို့ပိတ်တာ မဟုတ်ပါဘူး။ ဒီနေ့ အာဏာရှင် ဆင်းသွားရင် နောက်နေ့ စီးပွားရေး ဖွင့်ချင်လို့ စောင့်နေ ကြတာ အားလုံးအမြင်ပါပဲ။

ကချင်ပြည်နယ်မှာ ဖြစ်နေတဲ့ စစ်ရေးပဋိပက္ခဟာလည်း နှစ်ပေါင်း ၆၀ လောက်ရှိပြီ မို့ ကမ္ဘာမှာ အရှည်ကြာဆုံး ပဋိပက္ခလို့ ဆိုနိုင်ကြောင်း သမ္မတဉက္ကဋ္ဌကြီးက မိန့်ကြားပါ တယ်။ မှန်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ တည့်အောင်ပေါင်းနိုင်ပြီး ကိုယ့်အိမ်သားချင်း ကျမှ ပဋိပက္ခဖြစ်ရင်း ဒီနေ့ထိ ညှိနှိုင်းလို့မရတာ ဝမ်းနည်းစရာပါပဲ။ ငြိမ်းချမ်းရေး ဆန္ဒပြ သူတွေကို အရေးယူတာလည်း ကမ္ဘာ့ကချီးကျူးကြမှာပါ။

သမ္မတဥက္ကဋ္ဌကြီးရဲ့ အစိုးရအဖွဲ့မှာ ဆက်သွယ်ရေးကဏ္ဍနဲ့ ပတ်သက်လို့ တစ်ခုခုတော့ မှားနေပြီထင်ပါတယ်ခင်ဗျာ။ ဘယ်နေရာတွေမှာ လက်ဆမျှားသွားခဲ့လို့ ဖုန်းတွေ ဒီလောက် ဈေးကြီးနေတာလဲ စဉ်းစားမရပါ။ 'ဘင်္ဂလားဒေ့ရှ်' မှာဖြစ်ဖြစ် ဆက်သွယ်ရေးကဏ္ဍကို သွားရောက်လေ့လာ နည်းခံသင့်ပါတယ် ခင်ဗျာ။

တပ်မတော်ရဲ့ နိုင်ငံရေးအခန်းကဏ္ဍကိုတော့ သမ္မတဥက္ကဋ္ဌကြီးပြောသလို လက်ရှိ ဒီမိုကရေစီစံနှုန်း တိုင်းတာလို့ ရနိုင်ပါတယ်။ ဒီမိုကရေစီ မရင့်သန်ခင် လွှတ်တော်ထဲမှာ မိုးပေါ်ကျအမတ်တွေ များမယ်။ မိုးပေါ်ကျအမတ်တွေ နည်းနည်းလာမှသာ ဒီမိုကရေစီ ရင့်သန်တယ်လို့ ပြောနိုင်မှာ ဖြစ်ပါတယ်။ မိုးနတ်မင်းကြီးပေါ် တည်ပါတယ်။

'သမ္မတဥက္ကဋ္ဌကြီး' သတင်းစာ ရှင်းလင်းပွဲမှာ မိန့်ကြားတဲ့အနက်က တစ်ချက်ကို ကျွန်တော် ဉာဏ်ကစားကြည့်ပါတယ်။ ဥပမာ၊ သမ္မတဥက္ကဋ္ဌကြီးရဲ့ 'ဆုံးဖြတ်ချက်အရှင်' တို့ 'ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ' ဆိုတာဟာ 'ပါတီဥက္ကဋ္ဌ မလုပ်ရ' လို့ ဆိုလိုတာမဟုတ်တို့ ... ဆိုတဲ့ ဉာဏ်ကို အားကျလို့ ဖြစ်ပါတယ်။ သမ္မတဥက္ကဋ္ဌကြီးက ပြောပါတယ်။ **'ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ရေး မပြင်ရေးသည် ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော်ထဲမှာရှိနေတဲ့ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ဆန္ဒအပေါ်မှာပဲ မူတည်တယ်လို့ ကျွန်တော်တို့ ပြောရမှာ ဖြစ်ပါတယ်'**။ 'ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့' လို့ ပြောပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ရေး မပြင်ရေးမှာ **ပြည်သူတွေ ရွေးချယ်တင်မြှောက်ထားတဲ့** ကိုယ်စားလှယ်တွေရဲ့ ဆန္ဒဖြစ်ပြီး ပြည်သူတွေ ရွေးချယ်ထားခြင်းမရှိဘဲ လွှတ်တော်ထဲ ရောက်နေတဲ့ ကိုယ်စားလှယ်များ မပါဝင်ဆိုတဲ့ အဓိပ္ပာယ် ရောက်နေပါတယ် ခင်ဗျာ။ ဒါကလည်း ကျွန်တော့်အနေနဲ့ အတုမြင် အတတ်သင် လက်တစ်လုံးခြား ဉာဏ်ကစားကြည့်ခြင်းမျှသာ ဖြစ်ပါကြောင်း။

■ **အိပ်(စ်)ပရက်(စ်)တိုင်း(မ်)ဂျာနယ်**

**၂၀-၁၁-၂၀၁၂**

# အံ့ဩလွန်းလို့ သေတော့မယ်

**မတိုက်ဆိုင်ရင် ခွင့်လွှတ်ပါ**

မတိုက်ဆိုင်လို့ စိတ်ဆိုးတယ်ဆိုတာလည်း ရှိတာပေါ့ဗျာ။ စိတ်ဆိုးတာမှ အကြီးအကျယ် စိတ်ဆိုးဖူးတာတွေ ရှိပါတယ်။

အမှန်ကတော့ 'မတရား-အဓမ္မ' တွေအကြောင်း ရေးရင်းနဲ့ စဉ်းစားမိတယ်။ ဘယ်တော့မှ ဆုံးမှာ မဟုတ်ဘူးလို့။ ကိုယ်သာ ရေးရင်းနဲ့ သေသွားမယ် 'မတရား-အဓမ္မ' တွေကတော့ ကမ္ဘာပျက်မှပဲ ပါသွားတော့မှာပဲ။ လူရှိသမျှ အတ္တတွေရှိမယ် အတ္တကြောင့် အဓမ္မတွေ ဖြစ်နေဦးမှာပါပဲ။ ဒီတော့ တရားဓမ္မသာလျှင် ကိုယ့်အတွက် အဖြေပဲဆိုပြီး တွေးရင်းနဲ့ စာအုပ်နှစ်အုပ် ဆွဲထုတ်လိုက်ပါတယ်။ တစ်အုပ်က သီရိလင်္ကာဆရာတော် **walpola rahula** ရေးတဲ့ **'what the buddha taught'** ဆိုတဲ့ စာအုပ်ရယ်၊ နောက်တစ်အုပ်က အဲဒီ မူရင်းစာအုပ်ကို ဦးကိုလေး (ဗေဿာမောင်) မြန်မာပြန်ထားတဲ့ 'မြတ်ဗုဒ္ဓဒေသနာ' ဆိုတဲ့ စာအုပ်ရယ် ဖြစ်ပါတယ်။ စာရေးသူဟာ စာအုပ်တစ်အုပ် ဖတ်တော့မယ်ဆိုရင် ကြောင်တစ်ကောင် ကြွက်ရသလိုပဲ ရှေ့ဖုံးကြည့်လိုက် နောက်ကျောဖုံးကြည့်လိုက် ရှေ့က လှန်ကြည့်လိုက် နောက်က လှန်ကြည့်လိုက် လုပ်တဲ့အကျင့် ရှိပါတယ်။

ဒါနဲ့ နောက်က လှန်ကြည့်တဲ့အခါ ဘာသွားတွေ့တယ်မှတ်လဲ၊ ဗုဒ္ဓ ဟောကြားခဲ့တဲ့ 'The Ten Duties of the King' မြန်မာလို "မင်းကျင့်တရားဆယ်ပါး" ကို သွားတွေ့တယ်။ စာဖတ်သူလိုပါပဲ ကျုပ်လည်း ပြုံးမိပါတယ်။

တစ်ချိန်တုန်းက 'မင်းကျင့်တရား ဆယ်ပါး' ဟောတဲ့ ဆရာတော်ကြီးတွေကို စိတ်အနှောင့်အယှက် အပေးခံရတဲ့ ကာလတစ်ခု ရှိခဲ့ဖူးတာကို။

ကျုပ်သာ 'ရှင်ဘုရင်' ဆိုရင် ဆရာတော်ကြီးတွေ ဟောရင် မသိချင်ယောင် ဆောင်နေလိုက်မှာပဲ။ ဆွမ်းတောင်ပင့်ပြီး ကပ်လိုက်ဦးမယ်။ ဟုတ်တယ်လေ။ ဆရာတော်ကြီးတွေ ဟောတာကိုသွားပြီး အနှောင့်အယှက်ပေးရင် လူကြားထဲ အထုပ်ဖြည်ပြသလိုဖြစ်ပြီး ဆယ်ပါးထဲမှာ တစ်ပါးမှ မကိုက်ညီဘူးဆိုတာ လူသိရှင်ကြား ဖြစ်သွားမှာပေါ့။ ခုတော့ မင်းကျင့်တရား ဆယ်ပါးဆိုတဲ့ အသံကြားရင် စိတ်ဆိုးတဲ့လူက စိတ်ဆိုး၊ ဟားတဲ့လူကဟား ဖြစ်ကုန်တာပေါ့။ အမှန်ကတော့ ဗုဒ္ဓက မင်းကောင်းမင်းမြတ်တွေ ပေါ်ထွန်းပြီး တိုင်းသူပြည်သားတွေ စိတ်ချမ်းသာမှု ရစေဖို့ ဟောကြားခဲ့တဲ့ တရားတော် ဖြစ်ပါတယ်။ ဒီတော့ဗျာ ခုခေတ်က ရှင်ဘုရင်တစ်ပါးတည်း တာဝန်ခံရတဲ့ခေတ် မဟုတ်တော့ဘူး။ ဒီမိုကရေစီခေတ်ဆိုတော့ အများ ညီညာအုပ်ချုပ်တဲ့ ခေတ်ဖြစ်တယ်။ သမ္မတကြီးနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှစ်ဦးတို့နဲ့သာ သက်ဆိုင်တာ မဟုတ်တော့ဘဲ 'မင်းကျင့်တရားဆယ်ပါး' ဟာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေး စတဲ့ ကဏ္ဍ အသီးသီးက တာဝန်ရှိသူအားလုံးနဲ့ သက်ဆိုင်နေပါတယ်။

ခေတ်လူငယ်တွေ လေ့လာဖို့ အနာဂတ်မှာ ခေါင်းဆောင်ဖြစ်မယ့်သူတွေ လေ့လာဖို့ တိုင်းပြည်အတွက် ကျားဖမ်းမယ်၊ ဆင်ဖမ်းမယ် ကြုံးဝါးပြီး ကြွက်နဲ့ တွေ့တော့ လန့်ပြီး မေ့လဲသွားသူတွေ ဖတ်ဖို့၊ တရားရေး အဆောက်အအုံတွေ ပြိုလဲလို့ မျှဉ်းအောက်မှာ ညပ်ပိပြီး ကရိန်း (ဝန်ချီစက်) အလာကို စောင့်နေရတဲ့ ပုဂ္ဂိုလ်တွေ ဖတ်ဖို့၊ ပြည်သူတွေရဲ့ မဲကို နည်းအမျိုးမျိုးနဲ့ ယူပြီး ထမင်းဆိပ် တက်လို့ ငိုက်မျဉ်းနေတဲ့ ကိုယ်စားလှယ် ကြီးတွေ ဖတ်ဖို့ အင်္ဂလိပ် မြန်မာ နှစ်ဘာသာနဲ့ ကူးရေးပြီး ပြန်လည် ဆန်းသစ်လိုက်ပါတယ်။ အနည်းဆုံး တစ်ပါးလောက်တော့ ကြိုးစားကြည့်ဖို့ အကြံပေး လိုက်ပါတယ်။

**The first of the 'Ten Duties of the King'** is liberality, generosity, charity *(dana)*. The ruler should not have craving and attachment to wealth and property, but should give it away for the welfare of the people.

**၁။** 'ဒါန' ရက်ရောခြင်း။ သဒ္ဓါတရားရှိခြင်း။ ပေးကမ်းစွန့်ကြဲခြင်း။ အုပ်စိုးသူသည် ဓနကြေးငွေ ပစ္စည်းဥစ္စာ၌ စွဲလမ်း တပ်မက်ခြင်း။ လိုချင်တောင့်တခြင်း မရှိရ။ လူအများ ကောင်းကျိုးအတွက် စွန့်ကြဲ ပေးကမ်းရသည်။

**Second:** A high moral character *(sila)*. He should never destroy life, cheat, steal and exploit others, commit adultery, utter falsehood, and take intoxi- cating drinks. That is, he must at least observe the Five Precepts of the layman.

**၂။** 'သီလ' မြင့်မားသော အကျင့်သီလ၊ စာရိတ္တ၊ သက်ရှိသတ္တဝါများကို ဖျက်ဆီး သတ်ဖြတ်ခြင်း။ သူတစ်ပါး ဥစ္စာပစ္စည်းကို လိမ်လည် ကောက်ကျစ် ခိုးယူခြင်း။ ခေါင်းပုံဖြတ်ခြင်း။

သူတစ်ပါးသားမယားကို ပြစ်မှားကျူးလွန်ခြင်း၊ မဟုတ်မမှန် ပြောဆိုခြင်း၊ သေရက်သောက်စား မှုးယစ်ခြင်းတို့ကို လုံးဝ ရှောင်ကြဉ်ရမည်။ အနည်းဆုံး လူ့ဝတ်ကြောင်တို့၏ အကျင့်သိက္ခာဖြစ်သော ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းရမည်။

**Third:** Sacrificing everything for the good of the people *(pariccāga)*, he must be prepared to give up all personal comforts, name and fame, and even his life, in the interest of the people.

**၃။** 'ပရိစ္စာဂ' လူအများ ကောင်းကျိုးအတွက် အရာရာ စွန့်လွှတ်နိုင်ရမည်။ လူထု အကျိုးကျေးဇူးကို ရှေးရှု၍ မိမိ တစ်ကိုယ်ရေ ကောင်းစားမှု၊ မိမိ၏ နာမည်ကောင်းမှု၊ ကျော်ကြားမှု စသည်တို့အပြင် မိမိအသက်ကိုပင် စွန့်လွှတ်နိုင်ရန် ဝန်မလေးဘဲ အဆင်သင့် ဖြစ်နေကြရမည်။

**Fourth:** Honesty and integrity *(ajjava)*. He must be free from fear or favour in the discharge of his duties, must be sincere in his intentions, and must not deceive the public.

**၄။** 'အဇ္ဇဝ' ရိုးသားဖြောင့်မတ်ခြင်း။ တော်တည့်မှန်ကန်ခြင်း။ မိမိဝတ္တရား ဆောင်ရွက်ရာတွင် စိုးရိမ်ကြောက်လန့်ခြင်း၊ မျက်နှာလိုက်ခြင်း ကင်းရှင်းစေရမည်။ စေတနာရည်ရွယ်ချက် သန့်ရှင်းစွာထား၍ အများပြည်သူများအား လိမ်လည်လှည့်ဖြားခြင်း မပြုရ။

**Fifth:** Kindness and gentleness *(maddava)*. He must posses a genial temperament.

**၅။** 'မဒ္ဒဝ' ကြင်နာ သနားခြင်း။ နူးညံ့ သိမ်မွေ့ခြင်း။ သင့်မြတ်ကောင်းမွန်သော စိတ်သဘောထားရှိခြင်း။

**Sixth:** Austerity in habits *(tapa)*. He must lead a simple life, and should not indulge in a life of luxury. He must have self- control.

**၆။** 'တပ' မြိုးခြံစွာ နေထိုင်ခြင်း။ ရိုးရိုးနေထိုင် ရိုးရိုးဝတ်စားဆင်ယင်၍ စည်းစိမ် ယစ်မူးစွာ နေထိုင်မှုကို ရှောင်ကြဉ်ရမည်။ မိမိကိုယ်မိမိ ချုပ်နှိမ်နိုင်ရမည်။

**Seventh:** Freedom from hatred, ill-will, enmity *(akkodha)*.He should bear no grudge against anybody.

**၇။** 'အက္ကောဓ' အမျက်ထွက်ခြင်း၊ မလို မုန်းတီးခြင်း။ ရန်ငြိုးဖွဲ့ခြင်းမှ ကင်းခြင်း။ မည်သူ့အပေါ်မှ ရန်လိုမှု ရန်ငြိုးထားမှု မရှိစေရ။

**Eighth:** Non-violence *(avihimsā)*, which means not only that he should harm nobody, but also that he should try to promoıe peace by avoiding and preventing war, and everything which involves violence and destruction of life.

**၈။** 'အဝိဟိံသ' ညှဉ်းဆဲ နှိပ်စက်မှု မပြုခြင်း။ ဤတွင် မည်သူ့ကိုမျှ အန္တရာယ် မဖြစ်စေရုံသာမဟုတ်၊ မည်သည့် စစ်မက် ဖက်ပြိုင်မှုနှင့်တကွ မည်သည့် အကြမ်းဖက်မှုမျိုး

သတ်ဖြတ်မှုမျိုးမျှ မဖြစ်ပွားစေရန် ကာကွယ် တားမြစ် ရှောင်ရှား၍ ငြိမ်းချမ်းရေးကို ထူထောင် တည်ဆောက်ရမည်။

**Ninth:** Patience, forbearance, tolerance, understanding *(khanti)*. He must be able to bear hardships, difficulties and insults without losing his temper.

**၉။** 'ခန္တီ' စိတ်လက်ရှည်ခြင်း။ အောင့်အည်းခြင်း။ သည်းညည်းခံခြင်း။ နားလည်မှု ရှိခြင်း။ အခက်အခဲများ။ ဒုက္ခဆင်းရဲခြင်း များနှင့် မထီမဲ့မြင်ပြုမှု စော်ကားရန်စမှု များကို အမျက်ဒေါသ မထွက်ဘဲ ရင်ဆိုင်နိုင်ရမည်။ သည်းခံနိုင်ရမည်။

**Tenth:** Non-opposition, non-obstruction *(avirodha)*, that is to say that he should not oppose the will of the people, should not obstruct any measures that are conducive to the welfare of the people. In other words he should rule in harmony with his people.

**၁၀။** 'အဝိရောဓ' မဆန့်ကျင်ခြင်း။ မပိတ်ပင်ခြင်း။ လူအများ၏ ဆန္ဒသဘောကို မဆန့်ကျင်ရ။ လူအများအတွက် အကျိုးရှိစေမည့် လုပ်ငန်းဆောင်တာများကို မပိတ်ပင် မတားဆီးရ။ တိုင်းသူ ပြည်သား လူအများနှင့် သဘောညီညွတ်စွာ အုပ်ချုပ်ရမည်ဟု ဆိုလိုသည်။

ဒီ အသင်သုတော်ကောင်း အပေါင်းတို့...၊ မြတ်ဗုဒ္ဓဟောကြားသည့် မင်းကျင့်တရား ဆယ်ပါးဟာ တကယ်တော့ ခေတ်ခွဲခန်းထဲမှာ အက်စစ်၊ အယ်လ်ကာလီ ခွဲခြားရတဲ့ 'လစ်တမတ်စက္ကူ' လိုပါပဲ။ အစိုးရကောင်း။ ခေါင်းဆောင်ကောင်း ဟုတ်မဟုတ် ကြိုတင် ခွဲခြားလို့တောင် ရနိုင်ပါတယ်။

သင်ဟာ တိုင်းပြည်ကို တကယ် ချစ်ပါသလား။ တကယ်ချစ်လျှင် ကိုယ့်ကိုယ်ကိုယ် အသီဆုံးမို့ ဘုရားဟောနှင့် မညီသူများ ဝင်ရောက် အရွေးမခံကြပါနှင့်။

ကျုပ်ကတော့ စိတ်ကူးထဲမှာတောင် မင်းကျင့်တရား တစ်ပါးတလေညီဖို့ကိုယ့်ကိုယ်ကိုယ် မယုံကြည်တဲ့အတွက် အများပြည်သူ စိတ်ချမ်းသာစေခြင်း အလို့ငှာ လာမယ့် ရွေးကောက်ပွဲမှာ သမ္မတလောင်းအဖြစ် ဝင်အရွေးခံဖို့ မပြောနဲ့ ရပ်ကွက် ဥက္ကဋ္ဌတောင် ဝင်ရောက် အရွေးခံမှာ မဟုတ်ကြောင်း အားလုံး စိတ်အေးချမ်းသာဖို့ပြတ်ပြတ်သားသား ကြေညာလိုက်ပါကြောင်း။

■ **ပြည်သူ့ခေတ်ဂျာနယ်**

**အတွဲ ၃၊ အမှတ် ၁၂၁**

# အံ့ဩလွန်းလို့ သေတော့မယ်

**ရာဇောဝါဒဇာတ်**

အစကတော့ ဒီတစ်ပတ် 'ဆရာတော် ရာပိုလာ ရာဟုလာ' ရေးတဲ့ (What the Buddha Taught) (ဗုဒ္ဓ သင်ခဲ့သမျှ) ခေါင်းစဉ်အောက်မှာ လေ့လာ ဆွေးနွေး ချင်ခဲ့တာပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့ အပတ်က လူတွေ မေ့သလောက် ဖြစ်နေခဲ့တဲ့ 'မင်းကျင့်တရားဆယ်ပါး' အကြောင်း စခဲ့မိတော့ စိတ်ဝင်တစား တုံ့ပြန် ဆွေးနွေးလာကြပါတယ်။ ဒါကလည်း တစ်ချိန်တုန်းက 'မင်းကျင့်တရား ဆယ်ပါး' ဆိုရင် မိုင်းတုံး ဆယ်လုံးကျနေတာပါပဲ။ 'တိုးတိုးဖွင့်ဟဲ့၊ အကျယ်ကြီး မဖွင့်နဲ့' စသဖြင့် နိုးကြောင်နိုးဝှက် နာခဲ့ကြရတဲ့ တရား တစ်ပုဒ် မဟုတ်ပါလား။ ဒါကြောင့် ပြီးခဲ့တဲ့အပတ်က စကားပလ္လွင် ခံခဲ့ရပါတယ်။ 'မတိုက်ဆိုင်ရင် ခွင့်လွှတ်ပါ' လို့။ မြတ်ဗုဒ္ဓရဲ့ တရားတော်ကို နာကြားပြီးဖြစ်စေ၊ ဖတ်ပြီးတော့ဖြစ်စေ အေးချမ်း သွားရမယ့်အစား စိတ်တိုတယ်၊ စိတ်ဆိုးတယ် ဆိုတာက မဖြစ်သင့်ဘူး မဟုတ်လား။

မင်းကျင့်တရား၊ ဆယ်ပါးနဲ့ ပတ်သက်ပြီး ဆွေးနွေးလာကြတာကတော့ ရှေးက ရှင်ဘုရင် တစ်ပါးတည်းရဲ့ တာဝန်၊ အခုခေတ်တော့ လူအများနဲ့ အုပ်ချုပ်တဲ့ခေတ် ဆိုတော့ မင်းကျင့်တရားနဲ့ အုပ်ချုပ်သူတွေ မညီညွတ်ခဲ့ရင် ဘယ်လို ဆိုးကျိုးတွေ ဖြစ်လာနိုင်ပါသလဲ ဆိုတာပါပဲ။

မင်းကျင့်တရားနဲ့ မညီရင် ပြည်သူတွေ စိတ်ဆင်းရဲရမယ်။ တိုင်းပြည်နွမ်းပါးမယ်။ သူများအောက်ကျမယ်၊ ပညာရေး ကျန်းမာရေး စီးပွားရေး စစ်ရေး အားလုံး ချွတ်ခြုံကျမယ်။ ဗုဒ္ဓရဲ့ တရားတွေထဲမှာတော့ မင်းကျင့်တရားနဲ့ မညီရင် သက်ရှိ မပြောနဲ့ သက်မဲ့တွေက

တောင်သိတယ်။ သဘာဝတွေ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်တယ်။ ရေရလိုတဲ့ နေရာမှာ မိုးခေါင်တယ်။ ရေမလိုတဲ့နေရာ ရေကြီးမယ်။ ငလျင်ဘေး လေဘေးတွေ ဆိုက်ရောက်မယ်၊ စစ်မက်တွေ ထူပြောမယ်။

ငါးရာ့ငါးဆယ် နိပါတ်တော်ထဲမှာတော့ 'ရာဇောဝါဒဇာတ်' ဆိုတာ ဟောကြားခဲ့ဖူးပါတယ်။ မြတ်စွာဘုရားက ကောသလ မင်းကြီးကို ဆုံးမတော်မူချင်လို့ ဟောတော်မူခဲ့တာပါပဲ။

တရာဏာသီပြည်မှာ ဗြဟ္မဒတ် မင်းကြီး စိုးစံချိန်က ဖြစ်ပါတယ်။ ဘုရားလောင်းကတော့ ပုဏ္ဏားမျိုး ဖြစ်ပါတယ်။ အရွယ်ရောက်ချိန်မှာ ရသေ့ဝတ်ပြီး ဟိမဝန္တာမှာ သီတင်းသုံးပါတယ်။ သစ်မြစ်သစ်ဥနဲ့ သစ်သီးပဲ သုံးဆောင်ပါတယ်။

အဲဒီအချိန်မှာ ရှင်ဘုရင်က မင်းကျင့်တရားနဲ့အညီ အုပ်ချုပ်ပါတယ်။ သူ့ကိုယ်သူလည်း တရားနဲ့ ညီတယ်လို့ ယုံကြည်မှု အပြည့်ရှိတာကြောင့် ရုပ်ဖျက်ပြီး ဆင်းရဲသားအသွင်နဲ့ တိုင်းပြည်အနှံ့ လှည့်လည် စုံစမ်းပါတယ်။ ရှင်ဘုရင်အပေါ် အပြစ်တင် တဲ့သူ တစ်ယောက်တလေများ ရှိလေသလား သိချင်တာပါ။ အခုခေတ်စကားနဲ့ ပြောရရင် ပြည်သူ့အသံကို လိုက်နားထောင်တာပါ။ တစ်တိုင်းပြည်လုံးမှာ တစ်ယောက်မှ မရှိတာနဲ့ ဟိမဝန္တာမှာ ရှိလိုရှိငြား ဝင်ပြီး စုံစမ်းပါတယ်။ ဒီမှာတင် ဘုရားလောင်း ရသေ့နဲ့ တွေ့ဆုံပါတယ်။

ရသေ့ကြီးက ရှင်ဘုရင်မှန်း မသိပါဘူး။ ညောင်သီးမှည့်နဲ့ သောက်ရေပေးပြီး ဧည့်ဝတ်ပြုပါတယ်။ ညောင်သီးက ထူးခြား လွန်ကဲပြီး ချိုမြိန်နေတာကြောင့် ရှင်ဘုရင်က ရသေ့ကို မေးပါတယ်။ 'ဒီညောင်သီးက အဘယ်ကြောင့် သည်လောက် ချိုမြိန်နေရတာပါလဲ' လို့ မေးတော့ ရသေ့ကြီးက 'အသင်ဆင်းရဲသား၊ တိုင်းပြည် အုပ်ချုပ်မင်းလုပ်သောသူ တရားစောင့်လို့ ဖြစ်ပါတယ်' လို့ ပြန်ဖြေလိုက်ပါတယ်။ ဆက်ပြီး 'မင်းတို့ တရားစောင့်ရင် နိုင်ငံအနှံ့ မြေဆီလွှာတွေ ဩဇာတက်ပြီး သီးနှံတွေလည်း အရသာ ရှိပါတယ်။ မင်းတို့ တရားပျက်ချိန်မှာတော့ တစ်တိုင်းပြည်လုံး မြေဆီလည်း ခြောက်ခန်း ယုတ်လျော့တယ်လို့' ရှင်းပြပါတယ်။

ဆင်းရဲသား အယောင်ဆောင်ထားတဲ့ ရှင်ဘုရင်က တရာဏာသီကို ပြန်ရောက်တော့ ရသေ့ကြီးပြောတဲ့ စကားကို လက်တွေ့ စမ်းသပ်ချင်လာတယ်။ ဒါနဲ့ နိုင်ငံကို အဓမ္မနည်း၊ တစ်နည်းအားဖြင့် မင်းကျင့်တရားနဲ့ မညီအောင် အုပ်ချုပ်တယ်။ အဲဒီ အဓမ္မ နည်းကိုတော့ ရှင်းပြဖို့လိုမယ် မထင်ပါဘူး။ ဓမ္မနည်းကိုသာ မသိရင် ရှိမယ် အဓမ္မကိုတော့ သဘောပေါက်ပြီးသားနေမှာပါ။

တစ်ရက် နှစ်ရက်လောက် တရားနဲ့မညီအောင် အုပ်ချုပ်ပြီး ရသေ့ကြီးဆီ ပြန်သွားတယ်။ ဆင်းရဲသား အသွင်နဲ့ပါပဲ။ ရသေ့ကြီးကလည်း အရင်ညောင်ပင်က ညောင်သီးနဲ့ပဲ ဧည့်ခံပါတယ်။ ခါးတာမှ ပါးစပ်ထဲတောင် ထည့်မရအောင် ခါးနေပါတယ်။ ထွေးထုတ်လိုက်တော့ ရသေ့ကြီးက မှတ်ချက်ချတယ်။ 'အသင် ဆင်းရဲသား၊ တိုင်းပြည်အုပ်ချုပ်တဲ့ မင်းက

တရားပျက်ပြီနဲ့ တူရဲ့' ဆိုတော့မှ ဆင်းရဲသားအသွင် ယူထားတဲ့ ရှင်ဘုရင်က လျှောက်တယ်၊ 'အရှင်ဘုရား။ တပည့်တော်ဟာ တိုင်းပြည်အုပ်ချုပ်တဲ့ မင်း ဖြစ်ပါတယ်၊ အရင်တစ်ခေါက်က ညောင်သီးမှည့်ကို ချိုမြိန်စေတာလည်း တပည့်တော် ဖြစ်ပါတယ်၊ အခုတစ်ခေါက် ညောင်သီးမှည့်ကို ခါးစေတာလည်း တပည့်တော်ပဲ ဖြစ်ပါတယ်၊ ရှေ့လျှောက် အမြဲ ချိုမြိန်အောင် ဆောင်ရွက်ပါမည် ဘုရား' လို့ ကတိပြုရှိခိုးပြီး ဟိမဝန္တာက ပြန်လာပါတယ်။

## အဘိုးကို သတိရတယ်

ကျုပ်အဘိုးဟာ ကျုပ်တို့ငယ်စဉ်က မင်းကျင့်တရား ဆယ်ပါးအကြောင်း ပြောလေ့ရှိခဲ့ပါတယ်။ အမေရိကန်တွေ လကမ္ဘာပေါ် ခြေချတာလည်း အတုလုပ်ပြတာဆိုပြီး သေတဲ့အထိ မယုံခဲ့သူ ပါ။ ဦးနေဝင်း အာဏာသိမ်းစဉ်မှာတော့ ဘယ်လို ထင်ကြေးပေးရမှန်းမသိဘဲ မျက်စိလည်နေခဲ့ပါတယ်။ အမေရိကန်တွေ လကမ္ဘာပေါ် ခြေချတာ မယုံတဲ့ အဘိုးဟာ ဦးနေဝင်းက 'ဒူးယား' တို့ 'ခပေါင်း' တို့ စတဲ့ ညီလာခံတွေ လုပ်ပြလိုက်တော့ ယုံသွားရှာပါတယ်။ မကြာပါဘူး။ အဘိုးရဲ့လယ်တွေ အမြောက်အမြား အသိမ်းခံရပါတယ်။ အသက်ကြီးပြီဆိုတော့ အဘိုးက သူကိုယ်တိုင် မလုပ်နိုင်လို့ လယ်အငှားချရပြီး လယ်လုပ်သူ လယ်ပိုင်ခွင့်နဲ့ အသိမ်းခံရပါရော။ အဲဒီ အချိန်ကစပြီး သခင်န တပ်တွေ မျှော်လို မျှော်၊ စကြမင်း (စကြဝတေးမင်း) မျှော်လိုမျှော်၊ ခုခေတ် မြေသိမ်းခံ လယ်သမားတွေလို ဖျပ်ဖျပ်လူး ခံစားခဲ့ရရှာပါတယ်။

ပြောချင်တာက အခု ကမ္ဘာ့အင်အား အကြီးဆုံးနိုင်ငံနဲ့ အာဏာအရှိဆုံး သမ္မတ၊ နံပါတ်ဝမ်းရဲ့ နံပါတ်ဝမ်းက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမဆောင်မှာ မိန့်ခွန်း ပြောနေတာ မြင်ရတော့ အိပ်မက်များလား အောက်မေ့မိပါတယ်။ ကြွလာတဲ့ ပရိသတ်တွေကလည်း တော်တော်များများက အိပ်မက်ထဲက ပရိသတ်တွေပါပဲ။ ချစ်ခင် လေးစားတဲ့ ပရိသတ်တွေပါပဲ။ နံပါတ်တစ် အကြည်ညိုဆုံး သပိတ်အိုင် ဆရာတော်ကြီး ကိုလည်း ဖူးလိုက်ရပါတယ်။

"မြန်မာနိုင်ငံ မင်္ဂလာပါ" နဲ့ မိန့်ခွန်းကို စတင်ပြီး 'ကျေးဇူးတင်ပါတယ်' နဲ့ အဆုံးသတ်ခဲ့တဲ့ သူ့ရဲ့ မိန့်ခွန်းက လက်ဖျား ခါလောက်ပါတယ်။ သူ့ရဲ့ အရည်အချင်း သူ့ရဲ့ဂုဏ်တွေကို ပြနိုင်ခဲ့တာပါ။

ရုပ်မြင်သံကြားမှာ Live ပြလို့ အစအဆုံး ကြည့်လိုက်ရပါတယ်။ အမေရိကန် သမ္မတကြီးရဲ့ မိန့်ခွန်းကို စိတ်ဝင်တစား နားထောင်ရင်း တစ်နေရာ ရောက်တော့ မျက်လုံးပြူးသွားပါတယ်။ (လိုက်မပြူးကြပါနဲ့ ခင်ဗျာ)

သမ္မတကြီးက off the people (ပြည်သူကိုဖြုတ်) bye bye people (ပြည်သူကို ခေါက်ထား) force the people (ပြည်သူကို နှိပ်ကွပ်) ဆိုတော့ဟာ လုပ်ကြပါပြီ။ သမ္မတကြီးက အင်္ဂလိပ်စကား သိပ်မရပါလား၊ အောက်မေ့တာ မဟုတ်ပေါင်ဗျာ၊ ကျုပ်နားက သိပ် မကောင်းတော့ နားကြားလွဲတာ ဖြစ်နေပါတယ်။ အမှန်ကတော့ of the people,

by the people နဲ့ for the people ပါလား။ ကဲကောင်းလို့ သမ္မတကြီးကို ဖုန်းလှမ်းဆက်ပြီး သတိပေးမိတော့ မလိုပါလား။

မိန့်ခွန်း နားထောင်နေတုန်း မိတ်ဆွေ တစ်ယောက်က ဖုန်းဆက်တယ်ဗျာ။ ဘတ်တွေကို ဒေါ်လာလဲပေးရာမှာ မရစ်ဖို့ညွှန်ကြားချက်တွေ ရှိထားပေမယ့် တော်ရုံသင့်ရုံဆိုရင်တောင် လက်မခံကြလို့ အခက်တွေ့နေကြတဲ့ အကြောင်း ဆက်တော့ ကျုပ်လည်း အသင့်မြတ်ဆုံး အကြံကို ချက်ချင်း ပေးလိုက်ပါတယ်။ 'အိုဘားမား ရောက်တုန်း သူ့ဆီသွားလဲ လိုက်ပါလား' လို့။

ကျုပ်တို့ သမ္မတကြီးနဲ့ အမေရိကန် သမ္မတကြီးတို့ နှစ်ဦး ဆုံတွေ့တဲ့အကြောင်းလည်း ပြောရဦးမယ်။ နည်းနည်း ကလေး ဆန်လို့ပါ။ သူတို့ကိုပြောတာ မဟုတ်ဘူး နော်၊ ကျုပ်တို့ လင်မယား ကလေးဆန်တာ ပြောချင်လို့ပါ။

ရုပ်မြင်သံကြားမှာ Live လာတော့၊ ကျုပ်က ကျုပ်တို့ သမ္မတဘက်က၊ ကျုပ်ဇနီးက အိုဘားမား ဘက်ကနေ ဘုန်းကြီးနှစ်ပါး နောက်က ကျောင်းသား နှစ်ယောက်လို အပြိုင် ပြောနေကြတယ်ဗျာ။

'ငါတို့ သမ္မတက အသားပိုဖြူတယ်ကွ'

'အိုဘားမားက အရပ်မြင့်တယ်'

'မင်းတို့ အိုဘားမားက မျက်နှာထားကြီးနဲ့'

'ဘာပြောတယ်၊ ရှင့်သမ္မတကြီးကလည်း အိမ်ရှင်ဖြစ်ပြီး ဧည့်သည်ကို မျက်နှာတောင် သိပ်မကြည့်ဘဲ စကားပြောနေတာ ကြည့်ပါလား ဟိုမှာ'

'ဒါကတော့ ဧည့်သည်က ညမအိပ်ဘဲ ဖြုန်းစားကြီး ပြန်တော့ စိတ်မကောင်းလို့ နေမှာပေါ့' 'ဟော-ဟော ပြုံးလိုက်ပြီ တွေ့လား'

'ဩော် ပြုံးဦးမှပေါ့တော်၊ ဟိုက ရွှေလက်ပိုင်ရှင်လေ၊ သူ့လက်နဲ့ ထိရင် အားလုံး ရွှေဖြစ်တာတော့'

'ဟာ - ဒုက္ခပဲ၊ ငါတို့ သမ္မတ ရွှေရုပ်တုကြီး ဖြစ်သွားရင် ဒုက္ခပဲ၊ သမ္မတကြီးရေ၊ အိုဘားမားနား သိပ်မကပ်နဲ့'

'ဒါတင် ဘယ်ကမလဲ သူလာရင် နောက်က ဒေါ်လာတွေပါ လိုက်လာတာတော့'

'မင်းက ဒေါ်လာပဲ မြင်တာကိုး။ လက်နက်တွေ ပြဿနာတွေလည်း လိုက်လာတတ်တာ မသိဘူး မဟုတ်လား'

'အိုး လိုက်ကာမှ လိုက်ရော ၊ ဒေါ်လာပဲ အရင် လာပါစေဦး'

'သူတို့မှာ မိတ်ဆွေတို့ ရန်သူတို့ မရှိဘူးကွ ဒီနေ့ မိတ်ဆွေက မနက်ဖြန် ရန်သူဖြစ်လိုဖြစ်၊ ဒီနေ့ ရန်သူက နောက်နေ့ မိတ်ဆွေ ဖြစ်လိုဖြစ်၊ ဘာကြိုးမှန်း မသိဘူး။ သူတို့မှာ ယာယီ မိတ်ဆွေနဲ့ ယာယီရန်သူပဲ ရှိတာ'

'အိုး ယာယီပဲဖြစ်ဖြစ် အဆင်ပြေဖို့ပဲ အရေးကြီးပါတယ်'

'သူများ နာခေါင်းပေါက်နဲ့ အသက်ရှူချင်တာကိုးကွ'

'ကိုယ့်နာခေါင်းပေါက်မှ မကောင်းတာ ဘာနဲ့ သွားရှူရမှာလဲ၊ ရှင် မတွေ့ဘူးလား။

ဝန်ကြီးဌာန ၁၅ ခုတောင် အလွဲသုံးစားလုပ်ထားတဲ့ သတင်း။ ရက်စက်ပါပေ့။ ပြည်သူကျတော့ စားစရာ မရှိ။

'××× ပြည်ပအားကိုးတွေပဲ ××× မင်းတို့'

'ရှင်တို့သာ၊ ကျားကျား မီးယပ် လုပ်နေတာ ဆန်မရှိ အစားကြီးတွေ၊ ကိုယ်ကျိုးရှာသမားတွေ'

'ထမင်းခူးတော့ကွာ'

'မခူးဘူးတော်၊ ကိုယ့်ဘာသာ ခူးစား'

'တောက်၊ ဒါမျိုးစမ်းလို့ ဘယ်ရမလဲ၊ ခူးတယ်ကွာ ကိုယ်ဘာသာ ×××'

*(အိုဘားမား - ဒေါ်စုနဲ့ အလည်သွားပုံကို Live ကြည့်လိုသော ပြည်သူများက သတင်းမှောင်ချသော မီဒီယာများအား မေတ္တာအမှောင် ချလိုက်ပါကြောင်း)*

■ ပြည်သူ့ခေတ်ဂျာနယ်
အတွဲ ၃၊ အမှတ် ၁၂၂

# နှစ်ထပ်ကွမ်း အမိန့် ကြော်ငြာစာများ

သမ္မတရုံးက ပထမအမိန့်ထွက်လာပြီး မကြာမီမှာ ပထမအမိန့်ကို လွှမ်းမိုးသော ဒုတိယအမိန့်ထွက်လာပြန်ပါတယ်။ ထုတ်ပြန်ကြေညာချက်တွေဟာလည်း ထုတ်ပြန်ပြီးသားသတင်းကို နာရီပိုင်းအတွင်းမှာ ပြန်ဖျက်သိမ်းပြန်ပါတယ်။ ခိုင်ခံ့မှု မရှိပါဘူး။ ဒီလိုဖြစ်ရပ်တွေဟာ ပြည်သူတွေအနေနဲ့ အစိုးရအပေါ်ထားတဲ့ ယုံကြည်မှုကို ပျက်ပြားစေပါတယ်။ အစကတည်းက သံသယရှိနေတဲ့ အခြေအနေမှာ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဆန္ဒပြမှု ဖြိုခွဲတာနဲ့ပတ်သက်ပြီး သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ် ၉၂/ ၂၀၁၂ ဟာ ဒီဇင်ဘာ ၁ ရက်မှာ ထွက်လာပါတယ်။ ဒီဇင်ဘာ ၃ ရက်မှာ အဲဒီအမိန့်ကို ဖျက်သိမ်းတဲ့နောက်ထပ်အမိန့်တစ်ခု ၉၅/ ၂၀၁၂ ထွက်လာပြန်ပါတယ်။

သမ္မတရုံးရဲ့အမိန့်ဟာ ကလေးကစားစရာ မဟုတ်ပါဘူး။ နိုင်ငံတကာကပါ စောင့်ကြည့်နေတာပါ။ အမိန့်မထုတ်ပြန်မီမှာ အပြန်ပြန် အလှန်လှန် စစ်ဆေးသုံးသပ်ပြီး ခိုင်မာမှုရှိအောင် ပြင်ဆင်ရပါမယ်။ ရုတ်တရက်ကြည့်ရင် အစိုးရအဖွဲ့အတွင်းမှာ စိတ်ဝမ်းကွဲမှုတွေ၊ သဘောထားကွဲလွဲမှုတွေ ရှိနေသလား ထင်မှတ်စရာ ဖြစ်နေပါတယ်။ မသေချာတဲ့အမိန့်တွေ၊ ဒုတိယမို့ အမိန့်တွေဟာ အခြေအနေကို ပိုရှုပ်ထွေးစေပြီး ပြည်သူတွေရဲ့စိတ်ကို သို့လော သို့လော သံသယ ပွားစေပါတယ်။

သမ္မတကြီးအပေါ် အထူးသဖြင့် မယုံကြည်တော့ပါဘူး။ အမိန့်တစ်ခု ထွက်လာရင် စောင့်ဦးပေါ့၊ မကြာခင် နောက်အမိန့်လာလိမ့်ဦးမယ်လို့ ပြက်ရယ်ပြုကြသူတွေ ရှိပါတယ်။

## တစ်ပြားတစ်ချပ် မစားရဘဲ ကြားညပ်သွားနိုင်ပါတယ်

လွှတ်တော်ရော အစိုးရအဖွဲ့ရော ပြည်သူက ယုံကြည်ကိုးစားတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို တာဝန်ပေးပြီး ပြဿနာရှင်းခိုင်းတာ မှန်ကန်ပေမယ့် ပြည်သူနဲ့ စီးပွားရေးသမားတွေကြားမှာ ဟန်ချက်မညီရင် ကြားညပ်သွားမှာ စိုးရပါတယ်။ သူတို့အနေနဲ့တော့ ဒေါ်အောင်ဆန်းစုကြည်ကို အသုံးချဖို့ပါပဲ။ ဒေါ်အောင်ဆန်းစုကြည်ပုံကို အစိုးရပိုင် မီဒီယာတွေမှာ သိပ်မတင်တာကြည့်ရင် သိနိုင်ပါတယ်။ ပြည်သူတွေဟာ ၈၈ မျိုးဆက် စတဲ့ ကြည့်ချင်တာတွေ ကြည့်ခွင့်မရဘဲ မကြည့်ချင်တာတွေပဲ ကြည့်နေကြရပါတယ်။

## သံဃ သရဏံ ဂစ်ဆာမိ

ဘယ်လောက် အန္တရာယ်များလိုက်သလဲဆိုရင် ကြေးနီ ထုတ်နေကြတဲ့ အဖွဲ့နှစ်ဖွဲ့မှာ တစ်ဖွဲ့က တပ်မတော်နဲ့နွယ်နေတဲ့ 'ဦးပိုင်လီမိတက်'ဖြစ်ပြီး ကျန်တစ်ဖွဲ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ 'အကြီးဆုံးလက်နက် ကုမ္ပဏီများမှာ တစ်ခုအပါအဝင်'ဖြစ်တဲ့ China North Industries Corp. (Norinco) ရဲ့ လက်အောက်ခံ ကုမ္ပဏီဖြစ်တဲ့ Wanbao Mining Limited ဖြစ်နေပါတယ်။

အခြေခံဥပဒေမှာ သမ္မတအဖြစ် အရွေးခံဖို့သတ်မှတ်တဲ့ အရည်အချင်းတွေထဲက တစ်ခုက စစ်ရေးအမြင်ရှိရမယ်လို့ ဆိုပါတယ်။ စစ်ရေးအမြင်ရှိတဲ့ သမ္မတကြီးဟာ 'လက်ပံတောင်းတောင် ကြေးနီစီမံကိန်း'အပေါ် အကြမ်းမဖက်ဘဲ ငြိမ်းချမ်းစွာဆန္ဒပြနေတဲ့ သံဃာတော်တွေ ကျိန်းစက်နေတဲ့ အချိန်မှာတော့ စစ်ရေးအမြင်နဲ့ မဖြေရှင်းသင့်ဘူးလို့ ထင်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေ အလေးအမြတ်ထားတဲ့ သံဃာတော်တွေခမျာ မီးလောင်တဲ့ ဒဏ်ရာတွေနဲ့ ဆေးရုံ ရောက်ကြရရှာပါတယ်။

အားလုံးသိကြမှာပါ၊ ဒီမိုကရေစီနိုင်ငံ စစ်စစ်တွေမှာ ဒီလို လုံအိပ်ပြီး ဆန္ဒပြနေခဲ့ရင် တာဝန်ရှိသူတွေက ဝိုင်းသယ်ချီမပြီး ညင်ညင်သာသာ ရွှေ့ကြရတာပါ။ ဆန္ဒပြသူအန္တရာယ်မပြုမချင်း ဘာမှ နာကျင်အောင် လုပ်လို့မရပါဘူး။ မီးသတ်ပိုက်နဲ့တောင် မပက်ရပါဘူး။ တာဝန်ရှိသူတွေက စည်းကမ်းရှိရှိ ဖယ်ရှားကြရပါတယ်။ ဒီလိုနဲ့ အဆင့်ဆင့် သွားရတာပါ။

ခုတော့ ရဲဘက်ဆိုင်ရာက မီးသတ်ပိုက်နဲ့ မျက်ရည်ယိုဗုံးပဲ သုံးတာလို့ ဆိုပါတယ်။ ဒါပေမဲ့ ဖဿပစ္စယာ ဝေဒနာမီးလောင်ဒဏ်ရာတွေ ရကုန်တာလည်း အားလုံးမြင်တွေ့နေရပါတယ်။ ဒါဆိုရင် 'မီးသတ်ပိုက်'လား၊ 'မီးပိုက်'လား။ မျက်ရည်ယိုဗုံးက ဘယ်က ထုတ်လုပ်တာပါလဲ။ ခုနက Wanbao ကုမ္ပဏီရဲ့ မိခင်ကုမ္ပဏီဖြစ်တဲ့ တရုတ်လက်နက်ကုမ္ပဏီကြီးက ထုတ်ပေးတာများလား။ ပြည်သူတွေ သိချင်ပြီး စိုးရိမ်နေကြပါတယ်။

ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ဗုဒ္ဓဘာသာတွေ **'သံဃ သရဏံ ဂစ္ဆာမိ'** လို့ အရိုအသေ အလေးအမြတ်ထားခဲ့တဲ့ သံဃာတော်တွေကတော့ ဗုဒ္ဓဘာသာရဲ့ နေ့ထူးနေ့မြတ်မှာ **'သံဃ သရဏံ ဂစ်ဆာမိ'** ကုန်ပါပေါ့လား။

## ပူစရာအစ၊ အပူစတွေ လာမှန်

ရေနံ့ပက်တာ မီးတွေလောင်ကုန်တဲ့အတွက် သံဃာတော်တွေကို အောက်ခြေမှာ တာဝန်ရှိသူတွေက ပြန်ဝန်ချပြီး ကန်တော့ကြပြန်ပါတယ်။ ပူဇော်ထိုက်သူကို ပူဇော်တာ မင်္ဂလာတစ်ပါးဖြစ်တာကို **'ပူဇာစ ပူဇနေယျာနံ'** ရယ်လို့ ဗုဒ္ဓ ဟောကြားခဲ့ပါတယ်။ ဒါပေမဲ့ သံဃာတော်တွေခမျာ မီးလောင်ဒဏ်ရာတွေနဲ့ ဆေးရုံရောက်ရပြီးမှ ကန်တော့တာဖြစ်လို့ သံဃာတော်တွေ အတော်များများကတော့ ရှောင်ကြပါတယ်။ **'ပူစရာအစ၊ အပူစတွေ လာမှန်'** မှာ တော်တော်ကို ကြောက်လန့် စက်ဆုပ်တော်မူကြရှာပြီ ထင်ပါရဲ့။

ဒါ့အပြင် တချို့သော သံဃာတော်တွေက အစိုးရကို ကံဆောင်သပိတ်မှောက်ဖို့ စီစဉ်နေကြတယ်လို့ သိရပါတယ်။ တကယ်လို့ ဆရာတော်တွေ တောင်းဆိုတဲ့အချက်တွေ မရရင် အစိုးရကို **'ပတ္တနိက္ကုဇ္ဇန'** (သံဃာတော်များကို အနာတရဖြစ်အောင် ပြုမူသော၊ သံဃာတော်များကို သွေးခွဲသော၊ ဆဲဆိုသော လာဘ်ပိတ်အောင် ပြုမူသောသူများထံမှ လှူသော အလှူပစ္စည်းများအား အလှူမခံဘဲ သပိတ်မှောက်ခြင်း) ပြုကြမယ်လို့ သိရပါတယ်။ နိုဝင်ဘာ ၃၀ ရက်က သံဃာတော်တချို့ ဆူးလေနဲ့ မြန်မာ့စီးပွားရေးဦးပိုင် ရုံးရှေ့မှာ ဆန္ဒ ဖော်ထုတ်ကြပါတယ်။ (မကွေးစာသင်တိုက်က ဖြစ်ပါတယ်)။ ရည်ရွယ်ချက်က လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အမြန်ဆုံးရပ်တန့်ပေးဖို့၊ တရုတ်ဝမ်ပေါင် ကုမ္ပဏီ အမြန်ဆုံးထွက်သွားဖို့နဲ့ သံဃာတော်တွေကို အကြမ်းဖက် မနှိမ်နင်းဖို့ ဖြစ်ပါတယ်။

ဒီဇင်ဘာ ၁ ရက်ကလည်း ရန်ကုန်မြို့က တရုတ်သံရုံးရှေ့မှာ သံဃာတော်တချို့နဲ့ ပြည်သူတချို့ ဆန္ဒဖော်ထုတ်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ ဦးဆောင်တဲ့ ဆရာတော်က လက်ပံတောင်းတောင် စီမံကိန်း ကန့်ကွက်သပိတ်စခန်းတွေကို အကြမ်းဖက်ဖြိုခွင်းမှုနဲ့ပတ်သက်ပြီး တာဝန်ရှိသူတွေ နုတ်ထွက်မှသာ ပြည်သူတွေ ကျေနပ်မှာဖြစ်တဲ့အကြောင်း။ ပြည်ထဲရေးဝန်ကြီးမှာ တာဝန်ရှိပြီး ချက်ချင်း နုတ်ထွက်ပေးမှ ကျေနပ်မှာဖြစ်တဲ့အကြောင်း။ တောင်းဆိုတာတွေ မလိုက်လျောရင် 'ပတ္တနိက္ကုဇ္ဇန' ကံဆောင်ပြီး သပိတ်မှောက်မှာဖြစ်တဲ့အကြောင်း ပြောပါတယ်။ အလားတူပဲ 'ဝမ်ပေါင်ကုမ္ပဏီ' လုပ်နေတဲ့ ကြေးစင်တောင်ကိစ္စ ရပ်တန့်ပေးဖို့ တောင်းဆိုကြပါတယ်။

## အကြောင်းရင်းက

အကြောင်းရင်းကိုရှာတော့ အရင်လူတွေ အာဏာရှိစဉ်က အရာရာကို အာဏာနဲ့လွှမ်းမိုးပြီး မရှင်းမရှင်းလုပ်သွားတဲ့ လုပ်ရပ်တွေကြောင့်ဆိုတာ တွေ့ရပါတယ်။ စည်းစနစ်နဲ့ မလုပ်ဘဲ စည်းလွတ်ဝါးလွတ် အရပ်ထဲက ပွဲစားတွေ လုပ်သလို လုပ်သွားခဲ့တာပါ။ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာ 'အမှတ် ၁ သတ္တုတွင်းလုပ်ငန်း'နဲ့ 'အိုင်ဗင်ဟိုကုမ္ပဏီ' တစ်ဝက်စီပိုင်တဲ့ လုပ်ငန်းကို အသီးသီး လွှဲပြောင်းမှုတွေ လုပ်ကြပါတယ်။ 'အမှတ် ၁ သတ္တုတွင်းလုပ်ငန်း'က 'မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်'ကို၊ 'အိုင်ဗင်ဟိုကုမ္ပဏီ'က အခုလူတွေသိကြတဲ့ 'ဝမ်ပေါင်ကုမ္ပဏီ'ကို လွှဲတာပါ။ အမှတ် ၁ သတ္တုတွင်းလုပ်ငန်းကို

ပေးရမယ့်ဒေါ်လာ သန်း ၁၀၀ ကို **'မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်'** က ပေးချေတာ မဟုတ်ဘဲ 'ဝမ်ပေါင်ကုမ္ပဏီ'က ပေးချေတယ်ဆိုတာ ပြည်ထောင်စု စာရင်းစစ်ချုပ်က စစ်ဆေးတွေ့ရှိပါတယ်။ ဒါဟာ အရပ်စကားနဲ့ ပြောရရင်တော့ နှစ်ပေါက်တစ်ပေါက် ရိုက်တယ် ခေါ်ပါတယ်။ 'မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်'က တစ်ပြားတစ်ချပ်မှ မစိုက် ထုတ်ဘဲ လုပ်ပိုင်ခွင့်ကို အလကား ရယူသွားတာပါ။ 'ဝမ်ပေါင်'က ထုတ်ပေးပြီး မြတ်လာ မယ့် အမြတ်ကို ထိုင်ယူနေရုံပါပဲ။

ဥပမာပြောရရင် လုပ်ပိုင်ခွင့်ရှိသူတွေနဲ့ညှိပြီး ပြည်သူ့ဘဏ္ဍာထဲဝင်မယ့် ဒေါ်လာသန်း ၁၀၀ နဲ့ ဝေစုကို 'ဦးပိုင်'က အသားလွတ် ရယူသွားတာပါပဲ။ ဒီ 'ဦးပိုင်'နဲ့ 'ဝမ်ပေါင်ကုမ္ပဏီ' မှာ ပါဝင်တဲ့ ရှယ်ယာရှင်တွေ အမည်စာရင်းကို ထုတ်ပြန်ပေးသင့်ပါပြီ။ အဖွဲ့အစည်းနဲ့ ကိုယ်ကျိုးရှာတဲ့ နောက်ကွယ်မှာ ပုဂ္ဂလိက ကိုယ်ကျိုးရှာမှုတွေ လက်သိပ်ထိုးခဲ့တာတွေ ရှိနေလို့သာ ဆန္ဒပြမှု နှိမ်နင်းပုံက ကြမ်းတမ်းရက်စက်တာလို့ ကောက်ချက်ချကြပါတယ်။ စာရင်းအင်းရဲ့ သဘာဝက ငွေအရင်းအနှီးကို ကိုယ်စားပေးသွင်းလို့ မရပါဘူး။ ဒီလိုသာ ပေးလို့ရစေတမ်းဆိုရင် မဟာ လာဘ်ပေးလာဘ်ယူမှုတွေကို တရားဝင်အောင် လုပ်ပေး သလိုဖြစ်မှာပါ။

## ကုစားဖို့ နည်းလမ်း

နိုင်ငံရေးကို စိတ်မဝင်စားဘူး ပြောခဲ့သူတွေ စဉ်းစားပါ။ ခုလို အရေးအခင်းမှာ ခင်ဗျားတို့ ဘက်က ဘယ်သူရှိပါသလဲ။ ခင်ဗျားတို့ မလေ့လာဘဲ မဲပေးခဲ့သူတွေက ပြည်သူတွေရဲ့ ဆန္ဒကို ဘယ်လို တုံ့ပြန်ပါသလဲ။ အလေးအမြတ်ထားတဲ့ သံဃာတော်တွေကို ဘယ်လို ပြုမူပါသလဲ။ နောင်မှာ နိုင်ငံရေးကို စိတ်ဝင်စားပါ။ လေ့လာပြီးမှ ပြည်သူ့ဘက်က ရပ်တည် မယ့်သူကို မဲပေးပါ။

'မြန်မာ့စီးပွားရေး ဦးပိုင်'ဆိုတာ စစ်တပ်ရဲ့ ပုံရိပ်ပါ။ သမ္မတကြီးဟာ တပ်မတော် အငြိမ်းစားပါ။ ပြည်ထဲရေးဝန်ကြီးက လက်ရှိ တပ်မတော်သားပါ။ ပြည်သူ့ဘက်က ရပ်မယ်လို့ ထင်ပါသလား။ ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့ စကားတွေကို ကြည့်ပါ။ သူ ရပ်တည်နေတဲ့ အနေအထားကြောင့် ပြည်သူ့ဘက်မှာ ရာနှုန်းပြည့် ရပ်တည်နိုင်မှာ မဟုတ် ပါဘူး။ ၅၀ ရာခိုင်နှုန်းပဲ ရပ်တည်မှာပါ။

ပြည်သူ့ဘက်က ရပ်တည်ပေးနေသူများကတော့ အာဏာမရှိ၊ လက်နက်မရှိတဲ့ သံဃာတော်များသာဖြစ်လို့ မြန်မာနိုင်ငံရဲ့အရေးဟာ အလွန်ရင်လေးစရာ ကြုံနေရပါတယ်။

ဒီစိတ်မချမ်းမြေ့စရာ ကိစ္စတွေဟာ အရပ်သားစစ်စစ်တွေနဲ့ ဖွဲ့စည်းထားတဲ့ အစိုးရ အဖွဲ့က ဒီမိုကရေစီစစ်စစ်ကို ကျင့်သုံးနိုင်တဲ့ အချိန်အခါ ရောက်မှသာလျှင် ပြေပျောက် ဖွယ်ရာ ဖြစ်ပါကြောင်းပါ။

■ အိပ်(စ်)ပရက်(စ်)တိုင်း(မ်)ဂျာနယ်

၁၂-၁၂-၂၀၁၂

# အံ့သြလွန်းလို့ သေတော့မယ်

**မချင့်မရဲ**

ခုတလော သမ္မတကြီး လုပ်ပုံတွေက ကျုပ်စိတ်ကို တော်တော် ကသိကအောက် ဖြစ်စေပါတယ်။ ကြည့်ဦးလေ၊ အရာရာမှာ အကောင်းမြင်တတ်အောင် လေ့ကျင့်ထားတဲ့ ကျုပ်က သမ္မတကြီးအနေနဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီရဲ့ ဥက္ကဋ္ဌရာထူးပါ ဆက်ယူထားမယ်ဆိုတော့ ဝမ်းသာမိပါတယ်။ ခြေသြ၊ ငါတို့ သမ္မတကြီးက တိုင်းပြည် တာဝန်တွေ များပြားလို့ မအားမလပ်တဲ့ကြားထဲက တစ်ဖက်တစ်လမ်းကနေ ပါတီတာဝန်ပါ ထမ်းဆောင်မယ်ဆိုရင် ကောင်းတာပေါ့လို့ ဝမ်းသာမလို့ ရှိတုန်းမှာ ပါတီ တာဝန်ကို ထမ်းဆောင်မှာ မဟုတ်ဘူးလို့ ဆိုလာပြန်ပါတယ်။ အခြေခံဥပဒေ ပုဒ်မ ၆၄ မှာ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ ရာထူး သက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခြင်း မပြုရလို့ ဆိုထားလို့ပါတဲ့။ ဥက္ကဋ္ဌ မလုပ်ရလို့တော့ ပုဒ်မ ၆၄ မှာ မပါသည့်အတွက် ဥက္ကဋ္ဌ ရာထူးကိုတော့ ယူမယ်ဆိုပါတယ်။ ဒါဆိုရင် ဘယ်လို အကျိုးကို မျှော်ကိုးပြီးတော့ အမည်ခံ ဥက္ကဋ္ဌ လုပ်ရတာပါလဲ၊ ကျုပ်အပါအဝင် ပြည်သူတွေက သိချင်လာပါတယ်။ ဒီလို လုပ်ရတဲ့ အကြောင်းရင်းက ဘာပါလဲပေါ့။

ကျုပ်တို့ ကာလသားအရွယ်တုန်းက နောင်တော် တစ်ယောက်က တစ်နေ့တော့ မင်္ဂလာဆောင်တယ်ဗျ။ ကာလသားတွေ ဝိုင်းမေးတော့ မင်္ဂလာဆောင်တာတဲ့၊ ကတိကဝတ်ထားလို့ လက်ဖျားနဲ့တောင် မတို့ဘူးတဲ့၊ တစ်ရက်လာလည်း လက်ဖျားနဲ့မတို့ နောက်တစ်ရက်

လာလည်း လက်ဖျားနဲ့မတို့ဘူးဘဲ ပြောနေတော့ ကြားရသူအပေါင်း မချင့်မရဲကြီး ဖြစ်ကြရတာပေါ့ဗျာ။

## ပြည်သူ့အသံ

ပြည်သူ့အသံကို ကြားချင်လှပါတယ် ဆိုတိုင်းလည်း ဝမ်းမြောက်ဝမ်းသာ မဖြစ်ကြစေချင်ဘူး။ တကယ်လည်း အသံတွေ ကျယ်လာရော အရင်အတိုင်းပဲ လက်သံပြောင်လှပါတယ်။ ပြော။ ဒါကတော့ အခုလည်း အရင်လူတွေပဲကိုး။ လက်ပံတောင်းတောင် ကြေးနီ စီမံကိန်းနဲ့ ပတ်သက်လို့ ဆန္ဒ ထုတ်ဖော်နေသူများကိုလည်း စိတ်မကောင်းစွာနဲ့ သတိပေးရပါတယ်။ ဒီမိုကရေစီ တကယ်ရမှ ဆန္ဒ ထုတ်ဖော်ပါလို့။ ဒါမှ မဟုတ်ရင်တော့ ဆေးရုံကို အိမ်လုပ်ပြီး နေရလိမ့်မယ်လို့။

အရင်လူတွေ လုပ်ခဲ့တာလို့ ဒီလူတွေက ပြောပါတယ်။ ဒါပေမဲ့ ဒီလူတွေက အရင်လူတွေပါပဲ။ အားလုံးလည်း သိကြပါတယ်။ အားလုံးမသိကြတဲ့ ကိစ္စကတော့ သပွတ်အူကြီး အကြောင်း ပါပဲ။ ပြည်သူ့လွှတ်တော်မှာ အဆိုတင်သွင်းခဲ့တဲ့ ပုလဲမြို့နယ် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ခေါ်ခင်စန်းလှိုင်ရဲ့ တင်ပြချက်ကို ကိုးကားပြီး ပြောရရင် ၂၀၁၀ ခုနှစ်ဆီကပေါ့ဗျာ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံရဲ့ အကြီးမားဆုံး လက်နက်ကုမ္ပဏီကြီးများ အနက် တစ်ခုဖြစ်တဲ့ china north industries corp. (NORINCO) ကမုံရွာ ကြေးနီစီမံကိန်းကို ဆက်လက် ဆောင်ရွက်မယ် ကြေညာပြီး သဘောတူညီချက် လက်မှတ်တွေ ထိုးခဲ့ကြတယ်တဲ့ဗျာ။

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန် အစည်းအဝေးကို တင်သွင်းတဲ့ ပြည်သူ့ငွေစာရင်း ကော်မတီရဲ့အစီရင်ခံစာ အမှတ်စဉ် ၃/ ၂၀၁၂ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအပေါ် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အရေးကြီးသော စစ်ဆေးတွေ့ရှိချက်များဆိုတာက တစ်နိုင်ငံလုံး အုတ်အော်သောင်းနင်း ဖြစ်သွားခဲ့တယ်ဗျာ။ အဲ၊ ဂျာနယ် တစ်စောင်တောင် တရားစွဲခံခဲ့ရတယ်လေ။

ဒီနေရာမှာ အလျဉ်းသင့်လို့ စာရင်းအင်းနဲ့ ပတ်သက်ပြီး ကျွန်ုပ် နားလည်သလောက် ဆွေးနွေးတင်ပြချင်ပါတယ်။ စာရင်းဆိုတာက ဘယ်လုပ်ငန်းမှာမဆို လုပ်ငန်း အောင်မြင်မှု ရှုံးသားမှု စတာတွေရဲ့ အချုပ်ပါပဲ။ စာရင်းဆိုတာ မပိုရဘူး။ မလိုရဘူး။ လိုရင် အပြစ်ရှိသလို ပိုရင်လည်း အပြစ်ရှိပါတယ်။ ငွေစာရင်းတွေဟာ အကြောင်း မနိုင်လှုံဘဲ ထွက်မသွားရသလို၊ အကြောင်းမနိုင်လှုံဘဲ ဝင်မလာရဘူး။ အကြွေးတွေ မရလို့ဆိုပြီး အကြွေး မပေးသူတွေကို လက်ညှိုးထိုးပုံချရုံနဲ့ ပြီးမသွားဘူး။ တာဝန်ယူထားသူမှာ ပြည်သူ့ဘဏ္ဍာနဲ့ ပတ်သက်ပြီး တာဝန်အပြည့်ရှိတယ်။ နောက်ဆုံး ရာသီဥတုကိုတောင် အကြောင်းပြလို့ မရဘူး။ ကြိုတွက်ထားပြီးသား ဖြစ်သင့်တယ်။ ပြည်သူ့ ဘဏ္ဍာဟာ ဘယ်နည်းနဲ့ ဆုံးရှုံးသည် ဖြစ်စေ ကိုယ်ကျိုးရှာထားခြင်း မရှိခဲ့ရင်တောင် စီမံခန့်ခွဲမှု ညံ့ဖျင်းလို့ဆိုတာ ဝန်ခံရမယ်။ တာဝန် ဆက်မယူသင့်ဘူး ပေါ့ဗျာ။

ဝန်ကြီးဌာန တစ်ခုတည်း နှစ်ခုတည်း မဟုတ်ဘဲ ၁၅ ခုကြီးတောင် စာရင်းအင်း

တွေ ကမောက်ကမဖြစ်နေတာ စစ်ဆေး တွေ့ရှိရတယ်ဆိုတော့ မာလိန်မှူးဖြစ်တဲ့ သမ္မတကြီးတောင် သူ ခန့်အပ်ထားတဲ့ သူတွေအတွက် တာဝန်ရှိနေပါတယ်။

အဲ၊ ခုနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် တင်သွင်းခဲ့တဲ့ အဆိုကို ကိုးကားပြီး ဆက်ရှင်းပြရရင်...

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့ဟာ ထူးခြားတဲ့နေ့ တစ်နေ့ပါပဲ။ အဲဒီနေ့ မတိုင်ခင်အထိ ၁၉၉၆ ခုနှစ်ဆီကပေါ့၊ အမှတ် ၁ သတ္တုတွင်းလုပ်ငန်းနဲ့ အိုင်ဗင်ဟို သတ္တုတွင်းကုမ္ပဏီ အချိုးတူ ဖက်စပ်ပြီး 'Myanmar Ivanhoe Copper Company Limited' (MICCL) ကို တည်ထောင်လိုက်ကြတယ်။ ကြေးနီ ထုတ်တာကျတော့ S&K Mine ဆိုတဲ့ နာမည်နဲ့ပါ။ 'စံပယ်တောင်၊ စံပယ်တောင် (တောင်ဘက်) နဲ့ ကြေးစင်တောင်မှ တူးဖော်လိုက်တာ ၂၀၀၆ ခုနှစ်မှာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၁၂ သန်းနဲ့ ၂၀၀၇ ခုနှစ်မှာ ဒေါ်လာ သန်း ၁၆၀ ရခဲ့ကြတယ်ဗျ။ (ကျုပ်အိတ်ကပ်ထဲကိုတော့ တစ်ပြားမှ ဝင်မလာတာ စိတ်ဆင်းရဲစရာပေါ့)။

ဒါပေမဲ့ ၂၀၀၇ ခုနှစ်မှာ ရှယ်ယာရှင် နှစ်ဦးနှစ်ဖက် အခွန်၊ ခိုင်ကြေးတွေနဲ့ အမြတ်ခွဲဝေမှုမှာ အငြင်းပွားခဲ့ကြပြီး အဲဒီနှစ်မှာပဲ အိုင်ဗင်ဟို ကုမ္ပဏီက သူ့ရဲ့ အစုရှယ်ယာအားလုံးကိုရောင်းဖို့ကြိုးစားခဲ့တယ်ဗျ။ ၂၀၀၇ ခုနှစ်မှာ ရှယ်ယာ ရောင်းချမှုတွေ ရှိခဲ့ပေမယ့် ထင်သာ မြင်သာ မရှိတာရယ်၊ ယုံကြည်စိတ်ချရမှု မရှိတာရယ်၊ ပြည်တွင်းက ကိုယ်ကျိုးစီးပွားတွေ ပါဝင် ပတ်သက်မှုတွေရယ်၊ EU ရဲ့ စီးပွားရေး ပိတ်ဆို့မှုကို ချိုးဖောက်တယ်လို့ သံသယရှိတာရယ်တွေကြောင့် ကန့်ကွက်မှုတွေ အများကြီးရှိခဲ့တယ်လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့ အဆိုမှာ ဖော်ပြထားပါတယ်။

အခု စိတ်ဝင်စားစရာ ကောင်းတဲ့ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့ ရောက်ပါပြီ။ စောစောက ပြောခဲ့သလို MICCL (Myanmar Ivanhoe Copper Company Limited) မှာ 'အမှတ် ၁ သတ္တုတွင်း လုပ်ငန်း' က ၅၀ ရာခိုင်နှုန်း 'အိုင်ဗင်ဟို ကုမ္ပဏီ' က ၅၀ ရာခိုင်နှုန်း ခုထိ ပိုင်ဆိုင်ထားတယ် ဆိုတာတော့ မှတ်မိကြမှာပါ။ နည်းနည်းတော့ အဲလေ အများကြီး ရှုပ်တယ်ဗျာ။ သည်းခံပြီး ဖတ်ကြပါ။ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်နေ့မှာတော့ အထက်ကပြောခဲ့တဲ့ ရှယ်ယာရှင် ၂ ဦးစလုံးက လွှဲပြောင်းမှုတွေ အသီးအသီး လုပ်ကြတယ်ဗျာ။ လွှဲပြောင်းမှုတွေကတော့ အမှတ် ၁ သတ္တုတွင်း လုပ်ငန်းက ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက် (UMEHL) ကို လွှဲလိုက်တယ်။ အိုင်ဗင်ဟို ကုမ္ပဏီက Wanboa Mining (Hong Kong) Copper Limited ကို လွှဲလိုက်တယ်။ ပြည်ထောင်စု စာရင်းစစ်ချုပ်က ထောက်ပြတာက ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက် (UMEHL) က ပေးချေရမယ့် အမေရိကန် ဒေါ်လာ သန်း ၁၀၀ ကို Wanboa Mining (Hong Kong) Copper Limited ကနေ ပေးပို့ခဲ့တယ် ဆိုတာပါပဲ။

စာရင်းဆိုတာ မှန်ကန်တဲ့နေရာကို မှန်ကန်တဲ့ ခေါင်းစဉ်နဲ့ မှန်ကန်တဲ့ ပမာဏ ထွက်ရမှာ ဖြစ်သလို မှန်ကန်တဲ့ နေရာက မှန်ကန်တဲ့ ငွေပမာဏဟာ မှန်ကန်တဲ့ ခေါင်းစဉ်နဲ့

ဝင်ရမှာဖြစ်ပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ တစ်ချက်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့ အဆိုမှာ ပါပါတယ်။ ခုနက ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက် (UMEHL) အစား အမေရိကန် ဒေါ်လာ သန်း ၁၀၀ ပေးသွင်းသွားတဲ့ Wanboa Mining Limited ဟာ ဒီဆောင်းပါး စာစောပိုင်းမှာ ဖော်ပြခဲ့တဲ့ တရုတ် ပြည်သူ့သမ္မတနိုင်ငံရဲ့ အကြီးမားဆုံး လက်နက် ကုမ္ပဏီကြီးများ အနက်က တစ်ခုဖြစ်တဲ့ china north industrises corp. (NORINCO) ရဲ့လက်အောက်ခံ ကုမ္ပဏီ ဖြစ်နေတယ် ဆိုတာပါပဲ။ အဲဒီထဲမှာ မျက်စိလည်စရာက Wanboa Mining Limited ကို Myanmar ရှေ့ကတင်ပြီး Myanmar Wanboa Minig Copper Limited (MWMCL) အဖြစ် ဖွဲ့စည်းပြီး လက်ပံတောင်းတောင် ကြေးနီစီမံကိန်း တူးကြတယ်။

Myanmar Yangtse Copper Ltd. (MYTCL) ကို စံပယ်တောင်၊ စံပယ်တောင် (တောင်ဘက်) နဲ့ ကြေးစင်တောင် ကြေးနီ စီမံကိန်းကို တူးဖော်ကြတယ်လို့ သိရပါတယ်။ အဲဒီ MYTCL ကိုတော့ ကျုပ် မသိဘူးဗျာ။ ဒါပေမဲ့ MYTCL ရော MWMCL ရော အစု ရှယ်ယာရှင်တွေ အမည်စာရင်းကိုကြည့်ခွင့် ရမယ်ဆိုရင်တော့ စိတ်ဝင်စားစရာ တော်တော် ကောင်းမယ်ဗျာ။ ဒါကိုတော့ မိုးနတ်မင်းကြီးပဲ သိနိုင်မှာပဲ။ မိုးနတ်မင်းကြီးတောင် ရှယ်ယာ ဝင်ထားမှန်းမှ မသိနိုင်တာ။

သဘာဝ တောတောင်တွေ ဖျက်စီးဆုံးရှုံးခံပြီး ရလာမယ့် ငွေကိုတော့ ဘယ်လောက်ဖြစ်ဖြစ် ကျုပ်လုံးဝ စိတ်မဝင်စားဘူးဗျ။ ဒီစိတ်က ကျုပ်တစ်ယောက်တည်း မဟုတ်ဘဲ နိုင်ငံချစ်သူ၊ ငွေကို အဓိက မထားသူ ပြည်သူတိုင်းမှာ ရှိလိမ့်မယ်ဆိုတာ ယုံကြည်ပါတယ်။ ဘယ်သူမှလည်း သွေးထိုးခြင်း လှုံ့ဆော်ခြင်း မရှိပါဘူး။ နိုင်ငံကို ချစ်တယ်ဆိုတာက သွေးထိုးမှတဲ့လားဗျာ။ ဒီတိုင်း မချစ်ကြရတော့ဘူးလား။ ပြည်သူတွေရဲ့ ဆန္ဒသဘောထား ကောက်ကြည့်ရင်တော့ စီမံကိန်း ရပ်စေချင်သူများမှာပါ။

## အလှည့်ကျရင်တော့

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ဆန့်ကျင်ဆန္ဒပြသူများကို အစိုးရအဖွဲ့က နှိမ်နင်းရာမှာ နိုင်ငံတကာ အဓိကရုဏ်းဖြိုခွဲမှု စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်တယ်လို့ ရုပ်မြင်သံကြားမှာ ကြေညာသွားပါတယ်။ နှိမ်နင်းစဉ် နှိမ်နင်းပုံကို ရုပ်မြင်မှတ်တမ်း ရိုက်ကူးထားခဲ့ရင်တော့ ကောင်းမှာပါ။ ရုပ်မြင်မှာ ရဲတပ်ဖွဲ့က မီးသတ်ပိုက်နဲ့ မျက်ရည်ယိုဗုံး သုံးတယ်လို့ ပြောပါတယ်။ ဆေးရုံက ဆရာဝန်ကြီးများက လူနာအဖြစ် ရောက်လာသူများဟာ မီးလောင်ဒဏ်ရာတွေနဲ့လို့ ပြောပါတယ်။ မီးသတ်ပိုက်ထဲ ရေထည့်ပက်ရင်တော့ မီးလောင်စရာ အကြောင်းမရှိဘူးလို့ လူတွေ သုံးသပ်ကြပါတယ်။

ရှိပါစေတော့ ပြည်သူတွေ ဆန္ဒပြတာကို ဥပဒေအရ ပြတ်ပြတ်သားသား အရေးယူပြီးတဲ့ အခါမှာ အစိုးရအဖွဲ့အတွင်း စာရင်းအလွဲသုံးစား။ စာရင်းမှား။ စာရင်းပြောင်း စာရင်းပျောက်မှု တွေကိုလည်း သမ္မတကြီးအနေနဲ့ ကိုယ့်အလှည့်မှာ မနွဲ့ဖို့ တိုက်တွန်းချင်ပါတယ်။ ဌာနပြောင်းရုံ၊ စာရင်းကျွာတဲ့ငွေ ပြန်အထည့်နိုင်းရုံနဲ့တော့ ပြည်သူတွေ ကျေနပ်မယ် မထင်ပါ။

စံပြအဖြစ် ထိထိရောက်ရောက် တရားဥပဒေအတိုင်း အရေးယူ ပြစ်ဒဏ် ချမှတ်ရင်တောင် လေးငါးမှုလောက်နဲ့တော့ ဖြိုမယ် မထင်ပါဗျာ။

အရိုးသားဆုံးပြောရင် သမ္မတကြီးရဲ့အစိုးရအဖွဲ့ကို တကယ် အောင်မြင်စေချင်ပါတယ်။ မနိုင်မနင်းဖြစ်ပြီး ဝန်ကြီးချုပ်ဦးနုတုန်းကလို တိုင်းပြည်အာဏာကို ပစ္စည်းတစ်ခုလို သဘောမျိုးနဲ့ ဟိုအပ်သည်လွှဲ လုပ်မှာပဲ ငယ်ထိပ် မြွေပေါက်ခံရမှာလောက် ကြောက်မိပါတယ်။ သမ္မတကြီးအောင်မြင်ပါစေ။ သမ္မတကြီးအလှည့်ပြီးရင် အရပ်သား စစ်စစ်ထဲက တစ်ယောက်ယောက်လည်း သမ္မတကြီးရဲ့နေရာကို ရပါစေ၊ ဆုတောင်းပါတယ်။

**အစ မကောင်းတော့**

အစ မကောင်းတော့ အနှောင်း ဗလာချာပါ။ သမ္မတကြီးနဲ့ လွှတ်တော်တွေ အကြားမှာ အပြန်အလှန် ပေးပို့ကြတဲ့ သဝဏ်လွှာတွေကို ဖတ်ကြည့်ရခြင်းအားဖြင့် ပြည်သူတွေ စိတ်မသက်သာ ဖြစ်နေရပါတယ်။ ဘာကြောင့် ဒီလို ဖြစ်နေကြတာလဲ၊ ဘာကို အခြေခံတာလဲဆိုတာ ပြည်သူတွေ သိပါတယ်။

ပြည်သူတွေကြားထဲမှာ ကျယ်ကျယ်ပြန့်ပြန့်ချပြီး ပွင့်ပွင့်လင်းလင်း၊ လွတ်လွတ်လပ်လပ် ဆွေးနွေးရင်း ပေါ်ပေါက်လာမယ့် 'အခြေခံ ဥပဒေ' သည်သာ ကုစားနိုင်မယ့် တစ်ခုတည်းသော ဆေးဖြစ်ပါတယ်။

■ **ပြည်သူ့ခေတ်ဂျာနယ်**

**အတွဲ ၃၊ အမှတ် ၁၂၃**

**ကိုးကား** - *ပုလဲမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် တင်သွင်းသော လက်ပံတောင်းတောင် ကြေးနီ စီမံကိန်းနှင့် ပတ်သက်သောအဆို။*

# အံ့ဩလွန်းလို့ သေတော့မယ်

## အံ့ဖွယ် ဗုဒ္ဓ သင်ခဲ့သမျှ

‘မတရား-အမွေ’ တွေ ဘူးပေါ်သလို ပေါ်လာကြပြီး ရှုပ်ယှက်ခတ် ပွေလီနေကြချိန်၊ ညောင်မြစ်တူးတဲ့ အဖွဲ့တွေက တူးနေကြလို့ လူတွေ အလုပ်ရှုပ်နေကြချိန်မှာ ကျုပ်တို့အတွက် ‘တရားမွေ’ အကြောင်း ဆွေးနွေးဖို့ အချိန်ကောင်းပါပဲ။

တကယ်တော့လည်း ပြဿနာတွေရဲ့ အဖြေက ဗုဒ္ဓတရားတော်တွေမှာ ရှိပြီးသားပါပဲ။ လူလူချင်း၊ အိမ်ထောင်စုချင်း။ လူမျိုးချင်း။ နိုင်ငံအချင်းချင်း၊ တိုက်ခိုက် သေကျေရတဲ့ ပြဿနာတွေ အာဖဂန်၊ အီရတ်၊ ဆီးရီးယား။ ပါလက်စတိုင်း။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စတဲ့ ပဋိပက္ခတွေ အားလုံးသော စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးနဲ့ လူမှုရေး ပြဿနာတွေဟာ ‘ကိုယ်ကျိုးရှာ တဏှာ’ ကနေ ဖြစ်ပွားလာရတယ်လို့ ဆိုပါတယ်။

According to the Buddha's analysis, all the troubles and strike in the world, from little personal quarrels in families to great wars between nations and countries, arise out of this selfish 'thirst'.

ကျွန်တော်ဟာ ‘မှတ်ပုံတင် ဗုဒ္ဓ ဘာသာ’ ဝင်ကနေ ဗုဒ္ဓဘာသာဝင်အစစ် ဖြစ်လာဖို့က ထင်သလောက်တော့ မလွယ်ခဲ့ပါဘူး။ ကျွန်တော့်လိုပဲ မှတ်ပုံတင် ဗုဒ္ဓဘာသာဝင်အဖြစ် မျောနေတဲ့ လူတွေလည်း မနည်းလှပါဘူး။ ဗုဒ္ဓက ဘာအတွက် ပင်ပန်း ဆင်းရဲခံပြီး သတ္တဝါတွေကို ချေချွတ်ဖို့ ကြိုးစားတာလဲ။ တပည့် သာဝကတွေ အများကြီးနဲ့ ဘုရားဆိုတဲ့ ဂုဏ်ထူးဘွဲ့ထူးကို မက်မောလို့လား။ ဒါမှမဟုတ် ဘာအတွက်လဲဆိုတာ ရေရေရာရာ

သိတဲ့လူလည်း သိပ်မရှိပါဘူး။ ကိုယ့်ကိုယ်ကိုယ် ညံ့လှပြီ အောက်မေ့တာ ကိုယ့်ထက် အဆမတန် ညံ့သူတွေလည်း တစ်ပုံကြီး တွေ့မြင်နိုင်တယ်ဗျာ။ အသက် ငါးဆယ်ကျော်တွေဗျာ၊ ဗုဒ္ဓ ဘာသာဝင်တဲ့၊ သူတို့စိတ်ထဲမှာ သိထားတာက လူသေရင် လိပ်ပြာလို ဝိညာဉ် ကောင်လေးက ပဋိသန္ဓေ မနေရမချင်း လျှောက်သွားနေတယ်တဲ့ဗျ။ ပဋိသန္ဓေ နေစရာတွေမှ အဲဒီဟာလေးက ဝင်ပြီး တွယ်ကပ်လိုက်တာဆိုပဲ။

ဒီလို သိထားတာ မှားမှန်းတော့ ကျွန်တော် ငယ်စဉ်ကတည်းက သိနေခဲ့တာပါ။ ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်လာဖို့ရာမှာ မေးခွန်းနှစ်ခုကို ကျွန်တော် ကျော်လွှားရမှာ ဖြစ်ပါတယ်။ 'ကိုးကွယ်မှုဟာ လူသားတွေအတွက် တကယ် လိုအပ်ပါသလား' ဆိုတဲ့ မေးခွန်းနဲ့ 'ကိုးကွယ်မှု လိုအပ်သည့်တိုင် ဗုဒ္ဓဘာသာကိုမှ ဘာကြောင့် ရွေးချယ်သင့်သလဲ' ဆိုတဲ့ မေးခွန်းနှစ်ခုပါ။

ပထမ မေးခွန်းအတွက် လူသားတစ်ယောက် ဖြစ်လာရာမှာ အလွန် အားငယ်စရာ ကောင်းမှန်း ကျွန်တော် ရိပ်စားမိခဲ့ပါတယ်။ မိခင်ဝိုက်ထဲမှာ ဒုက္ခခံခဲ့ရတဲ့အပြင် မွေးတော့လည်း ဒုက္ခတွေ ပေါင်းစုံ ဝန်းရံနေပါတယ်။ အငြိမ်းချောက်ဆုံး ဒုက္ခကတော့ အချိန်မရွေး သေနိုင်တယ်ဆိုတဲ့ ဒုက္ခ၊ အချိန်မရွေး ဖျားနာပြီး ရောဂါရနိုင်တဲ့ ဒုက္ခနဲ့ အချိန်မရွေး အိုနေတဲ့ ဒုက္ခတွေပါပဲ။ ရှုံ့ရှာစရာ အညစ်အကြေးတွေကလည်း ရှိသမျှ အပေါက်တွေကနေ အချိန်မရွေး ယိုစိမ့်ပြီးထွက်နေပါတယ်။ ဆာလောင်မှု ဒုက္ခနဲ့ ရာသီဥတု ဘေးဒဏ်တွေ သဘာဝအန္တရာယ်တွေနဲ့ အို ဒုက္ခတောကြီးပါပဲ။

အသက် တစ်ရက် ပိုပြီးကြီးတာနဲ့ ဒုက္ခအကြောင်းကို ပိုသိလာလိုက်တာ ချစ်တဲ့သူတွေနဲ့ တစ်ယောက်ပြီး တစ်ယောက် ကွေကွင်းရတဲ့ ဒုက္ခ၊ မချစ် မနှစ်သက်သူတွေ ရန်သူမျိုး ငါးပါးတွေနဲ့ ကြုံဆုံရတဲ့ ဒုက္ခတွေ စုံလိုက်တာမှ ပုံပြင်ထဲက မျောက်ကလေး ကြုံရသလိုပါပဲ။ အားလုံး ကြားဖူးပြီးကြမှာပါ။ မျောက်ကလေးက သစ်ပင်အောက်က နားကြတဲ့ ခရီးသွား အပေါင်း ဒုက္ခ၊ ဒုက္ခလို့ ညည်းတွားသံကို သစ်ပင်ပေါ်က ကြားရဖန်များတော့ ဒုက္ခကို သိချင်လာတယ်တဲ့။ ယုန်ပညာရှိလေးကိုသွားပြီး နားပူနားဆာလုပ်တော့ ယုန်ကလေးက ခုနစ်ရက်ရှိရင် ပြန်လာခဲ့လို့ ပြောလိုက်သတဲ့။ မျောက်က ခုနစ်ရက် အကြာမှာ ပြန်လာတော့ ယုန်ကလေးက အထုပ်တစ်ထုပ် ပေးလိုက်ပြီး သစ်ပင် လုံးဝ မရှိတဲ့ လွင်တီးခေါင်ရောက်ရင် ဖွင့်ကြည့်ဖို့ မှာလိုက်တယ်။ အိတ်ထဲမှာတော့ ခုနစ်ရက် အစာအငတ်ခံထားတဲ့ ခွေး တစ်ကောင် ထည့်ပေးလိုက်တာပါ။ ယုန်ကလေးမှာတဲ့အတိုင်း သစ်ပင်မရှိတဲ့ လွင်တီးခေါင်မှာ အထုပ်ကို ဖွင့်ကြည့်တဲ့ မျောက်ကလေး ဘယ်လိုနေမယ် မှန်းကြည့်ပါ။ ခွေးက ဒေါသတကြီးလိုက်၊ တက်စရာ သစ်ပင်မရှိ ပြေးရတော့မော ရောကတ် သွေးများပြောတုန်းက သဘောမပေါက် ကိုယ်ကိုယ်တိုင်ကြုံမှ ဒုက္ခအကြောင်းကို မျောက်ကလေးလိုပဲ မှတ်လောက် သားလောက်အောင် သိသွားကြရသူတွေချည်းပါပဲဗျာ။

အခြောက်တိုက် ဘဝင်မြင့်နေကြတဲ့ လူသားတွေဟာ ဒီ ဒုက္ခ ဘာကြောင့်ဖြစ် မှန်းလည်းမသိ အနာမသိ ဆေးမရှိတော့ ရောဂါတန်းလန်းနဲ့ ဒုက္ခသည်တွေ ဘဝကနေ မလွတ်မြောက်နိုင်တော့ဘူး။ ဒီတော့ အားကိုးရာကြရတယ်။ ဒီ ဒုက္ခကို ကြောက်ပုံ

ကြောက်နည်းလည်း မတူကြတော့ သူ့အကြိုက် ကိုယ့်အကြိုက် အားကိုး ရာကြရင်းကနေ ကိုးကွယ်မှု ဘာသာ အမျိုးမျိုးနဲ့ ကြုံခဲ့ကြရတယ်။

သူ့အကြိုက် ကိုယ့်အကြိုက်ဆိုတာက တချို့က လုံးဝ လွတ်မြောက်ချင်တယ်၊ တချို့က သက်သောင့်သက်သာ အကယ် ခံချင်တယ်။

ဗုဒ္ဓဘာသာကိုမှ ကျွန်တော် ရွေးချယ်ခဲ့တဲ့ အကြောင်းထဲမှာ မသက်သာချင်နေပါစေ၊ လုံးဝ လွတ်မြောက်ချင်တဲ့ လူစားမျိုး ဖြစ်တာရယ်၊ တခြား အကြောင်းရင်းတွေ အမြောက်အမြားပါပဲ။ ဗုဒ္ဓဟာ လူသား၊ စစ်စစ် လူသားမျိုးနွယ်ကမှ ကျင့်ကြံ အားထုတ်ပြီး ကိုယ့်အစွမ်း ကိုယ့်အစနဲ့ လွှနတ်ဖြဟ္မာ ပူဇော်ထိုက်တဲ့ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိခဲ့လို့ ဖြစ်တယ်။ ကိုယ်တိုင် ဒုလ္လဘအဖြစ်နဲ့ ရဟန်းဝတ် ခံခဲ့တဲ့ 'ကျောက်ဆင်တောရ' လို ဝိနည်းနဲ့ နေတဲ့ ဘုန်းကြီးကျောင်းတွေမှာ လေ့လာ အားထုတ်ရင်းနဲ့ ဆရာတင်ရမယ့် သံဃာ တော်တွေအပေါ် ယုံကြည် ကိုးစားသွားလို့ လည်းဖြစ်တယ်။ ဆရာတော်ကြီးတွေက ဗုဒ္ဓဘာသာကို ကိုးကွယ် ဝတ်ပြုရတဲ့ ကိုးကွယ်မှု ဘာသာမဟုတ်ဘဲ ကျင့်စဉ် တရားတော် အဖြစ် လမ်းပြ ဟောကြားတာ နာကြား ရလို့လည်း ဖြစ်တယ်။

ဗုဒ္ဓက 'ဘယ်သူကိုမှ တန်ခိုးဖြင့် ကယ်တင်ခြင်း မပြုနိုင်၊ လမ်းပြရုံသာ လမ်းပြနိုင်မည် ဖြစ်၍၊ သင့်ကိုယ်သာ သင်၏ မှီခိုရာပြု၍ နေကုန်လော့၊ သူတစ်ပါးကို သင်၏ မှီခိုရာ မဖြစ်စေသင့်' လို့ ပွင့်ပွင့်လင်းလင်း ရှင်းလင်း ဟောပြောတော် မူခဲ့လို့လည်း ဖြစ်ပါတယ်။

'Dwell making yourselves your refuge, and not anyone else as your refuge!

## လိုချင်ရင် ရမည်၊ မလိုချင်ရင် မရဘူး

ဗုဒ္ဓရဲ့ တရားတော်တွေဟာ အကင်းပါးပြီး အမြော်အမြင်ရှိတဲ့သူတွေ အတွက်တော့ အလွန် အကျိုးများစေတဲ့ တရားတွေ ဖြစ်ပြီး အကြောင်းကြောင်း ကတ်တီးကတ်ဖဲ့နဲ့ တတ်ယောင်ကား ရေတိုသမားတွေ အတွက်တော့ မဟုတ်ပေဘူး။

ကျွန်တော်ဟာ တစ်ခု ကံကောင်း သွားတာက တက္ကသိုလ် တက်စဉ်က ဆယ်တန်း အောင်မှတ်နည်းတဲ့အတွက် သတ္တဗေဒ အဓိကနဲ့ သင်ယူခဲ့ရတာပါပဲ။ စိတ်ဝင်စားသွားပြီး တခြား အမှတ်မြင့်တဲ့ ဘာသာတွေ ပြောင်းယူနိုင်တာတောင် မပြောင်းဖြစ်ခဲ့ပါဘူး။ အချိန်နဲ့အမျှ ဆဲလ်တွေ မော်လီကျူးတွေ ဖြစ်လိုက် ပျက်လိုက် အကြောင်း ဓာတ်ကြီးလေးပါးကို သိပ္ပံ နည်းကျကျ ဘိုင်အိုဓာတုဗေဒအဖြစ်၊ သက်ရှိတွေရဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသကို မိုက်ကရိုစကုပ်နဲ့ လေ့လာ သိရှိခွင့်ရတော့ ဗုဒ္ဓတရားတွေနဲ့ အလွန် နီးစပ်ခဲ့ပါတယ်။

ဗုဒ္ဓတရားဟာ ထိုင်တွေးနေရတဲ့ တစ်နည်းအားဖြင့် ဘာမှအလုပ် မလုပ်ဘဲ စိတ်ကူးသက်သက် ကြံဆရတဲ့ 'ဝါဒ တောရိုင်း' (Wilderness of opinions) မဟုတ်ပါဘူး။ ဝိပဿနာ တရားအားထုတ်မှုနဲ့သာလျှင် ဉာဏ်နှင့်ယှဉ်၍ ပွင့်လင်း သွားခြင်း ဖြစ်ပါတယ်။

ဗုဒ္ဓဘုရားအဖြစ်ကို ရောက်တော်မူအပြီးမှာ ဥဒါန်းကျူးတာကို ကျွန်တော် အလွန် စိတ်ဝင်စားပြီး လေ့လာပါတယ်။ 'ခန္ဓာအိမ်ကို အကြိမ်ကြိမ် ဆောက်လုပ်တဲ့ တဏှာ

လက်သမား သင့်ကို ငါသိပြီ၊ နောက်ထပ် ခန္ဓာအိမ်ကို သင် မဆောက်နိုင်စေရ' လို့ အမိပ္ပာယ်ရပါတယ်။ 'တည်တော ဆရာတော်ကြီး' ကတော့ ဥဒါန်းကျူးတယ်ဆိုတာ အသံထွက်ပြီး ပြောတာ မဟုတ်ဘဲ၊ စိတ်ထဲက မှတ်ချက် ချတာလို့ မိန့်ပါတယ်။

ရှိစေတော့၊ တကယ်တော့ အမှောင်တွေ ဖုံးလွှမ်းလွန်းအားကြီးတော့ လူသား (သတ္တဝါ) တွေဟာ ရိုးရှင်းတဲ့ အချက်တွေကိုတောင် မမြင်နိုင်တော့ဘူးဗျာ။ ကျွန်တော် သိတဲ့ သတ္တဗေဒနဲ့ ဆက်စပ်ပြီး တွေးတယ်၊ ဝိပဿနာ လုပ်တယ်၊ ဒီအခါမှာ အလွန် ရိုးရှင်းတဲ့ ဓမ္မကို ကျွန်တော် လေ့လာ တွေ့ရှိရပါတယ်။

'သတ္တဝါတွေဟာ လိုချင်ရင်ရတယ်၊ မလိုချင်ရင် မရဘူး'

တကယ်တော့ 'ချားလ်စ်ဒါဝင်'၊ 'အိုင်စတိုင်း' စတဲ့ သိပ္ပံပညာရှင်တွေဟာ ရုပ်ဘက် သက်သက်ပဲ တွေးခဲ့ကြတော့ ရာနှုန်းပြည့် အမှန်တရား (သစ္စာတရား) ကို မရရှိခဲ့ဘူးပေါ့ဗျာ။

'ဒါဝင်' ရဲ့ အဆိုအရ လူတွေဟာ အီတော်လူးရှင်း (ရွေ့ကဲဖြစ်စဉ်) အရ မျောက်ကနေ ဖြစ်ပါတယ်။ မျောက်က အသုံးပြုတဲ့အတွက် အမြီးက ရှည်မြဲ ရှည်နေတယ်။ လူတွေက အသုံးမပြုတော့တဲ့အတွက် အမြီးက ငုတ်တိုလေးပဲ ကျန်တယ်လို့ ဆိုပါတယ်။ မှန်ပါတယ် ကျွန်တော်တို့ ခင်ဗျားတို့ (မော်ဒယ် ကောင်လေး၊ ကောင်မလေးတွေလည်း ပါတယ်) မြီးညောင့်ရိုးလေးတွေ စမ်းကြည့်ရင် တစ်လက်မလောက် အမြီးရိုး ငုတ်တို လေးတွေ တွေ့နိုင်ပါတယ်။ ဒါဝင် မမြင်နိုင်ခဲ့တာက မျောက်က အမြီးကိုလိုချင်တဲ့ အမြီးတဏှာရှိပြီး လူမှာက အမြီးထွက်လာမှာကြောက်တဲ့ အမြီးတဏှာ ကင်းမဲ့နေတာကို မမြင်ခဲ့တာပါ။

အသုံးပြုတာနဲ့ တဏှာ (လိုချင်စိတ်)နဲ့ ပေါင်းပြီးမှ ဘဝဆိုတဲ့ ရရှိမှုဖြစ်လာတာပါ။ ကျွန်တော်တို့ လူသားတွေသာ တညီတညွတ်တည်း အမြီးထွက်စေချင်တဲ့ တဏှာရှိမယ်၊ အမြီးကိုလည်း တသသ လုပ်နေမယ်ဆိုရင် နောက်မျိုးဆက်တွေမှာ တဖြည်းဖြည်းနဲ့ အမြီး ရှည်ထွက်လာမှာ သေချာပါတယ်။

ဒီနည်းအတိုင်းပါပဲ ဘဝတွေကလည်း လိုချင်ရင် (ဆက်) ရမယ်။ မလိုချင်ရင် ထပ်မရတော့တာ ဓမ္မပါပဲ။

လိုချင်တဲ့အား (တဏှာ) ကလည်း အပြင်းထန်ဆုံး စွမ်းအင်ဖြစ်တဲ့အတွက် ဘဝ မလိုချင်တဲ့ စွမ်းအားကလည်း သူ့ထက် ပြင်းထန်ပါမှ ဘဝက သေချာပေါက်ငြိမ်းပြီး ဒုက္ခ ချုပ်ငြိမ်းမှာ ဖြစ်ပါကြောင်း တင်ပြလိုက်ပါတယ်ဗျာ။

■ ပြည်သူ့ခေတ်ဂျာနယ်
အတွဲ ၃၊ အမှတ် ၁၂၄

# အံ့သြလွန်းလို့ သေတော့မယ်

**မိခင်အတွက် ပါရဂူ**

မိတ္ထီလာမြို့မှာ နေတဲ့ မွေးမိခင်ကြီး ဦးနှောက်သွေးကြောပေါက်တဲ့ သတင်း ကြားရတော့ အမြန် ပြေးကြရပါတယ်။ ညီအစ်ကိုမောင်နှမတစ်တွေ ဆုံကြရပြီး ပုဂ္ဂလိက ဆေးရုံမှာ တင်ထားတဲ့ မိခင်ကြီးကို မန္တလေးမှာရှိတဲ့ အကြီးဆုံး ပုဂ္ဂလိက ဆေးရုံကြီး တစ်ခုမှာ ပြောင်း တင်လိုက်ကြပါတယ်။ ဦးနှောက်နဲ့ အာရုံကြော အထူးကုက ရန်ကုန်၊ မန္တလေးနဲ့ တပ်ကုန်းမှာပဲ ရှိကြပြီး တခြား တိုင်းမြို့ကြီးတွေမှာ မရှိကြောင်းလည်း ဗဟုသုတ ရလိုက်ကြပါတယ်။

မိခင်ကြီးက အသက် ၈၃ နှစ် ရှိပြီဖြစ်တော့ အခက်အခဲရှိပေမယ့် ညီအစ်ကို မောင်နှမ အားလုံးရဲ့ ညီညီညွတ်ညွတ် ကြိုးစားမှုကြောင့် အသက်သေးအန္တရာယ် ကနေ ကျော်လွှား လွတ်မြောက်ခဲ့ပါတယ်။ (ဆေးရုံကတော့ မြန်မာနိုင်ငံရဲ့ ထုံးစံ ပြုပြင်မွမ်းမံမှုပိုင်းမှာ အားနည်းလှပါတယ်။ စိတ်ပိုင်းဆိုင်ရာ သွန်သင်မှု မရှိလို့လား။ မြန်မာလူမျိုးဖြစ်လျက်နဲ့ ပြုံးပြုံးရွှင်ရွှင်လည်း မရှိကြပါဘူး။ ဆေးရုံဝန်ထမ်းများရဲ့ အပြုံးနဲ့ ဖော်ရွေမှုဟာ လူမမာများ အတွက် အားဆေးတစ်ခွက်ပါဗျာ)

ကျုပ်က ကျုပ်ရဲ့ မိခင်ကြီးလိုပဲ အမိမြန်မာနိုင်ငံကြီး လေဖြတ်ပြီး မမာမကျန်း ဖြစ်နေ တာကို သွားသတိရမိတယ်ဗျာ။

ကျုပ်တို့ ညီအစ်ကိုမောင်နှမတွေက တစ်စိတ်တစ်ဝမ်းတည်းနဲ့ ပါရဂူကို ရွေးချယ်ခဲ့ကြလို့ အန္တရာယ်ဆိုးကြီးကို ကျော်လွှားနိုင်ခဲ့ပေမယ့် ကံမကောင်း အကြောင်းမလှလို့ အမိမြန်မာနိုင်ငံ

အတွက် ပါရဂူနဲ့ တူတဲ့ အခြေခံ ဥပဒေကိုတော့ တစ်စိတ်တစ်ဝမ်းတည်း ရေးဆွဲခဲ့ကြတယ်လို့ မပြောနိုင်ဘူးဗျ။

လေဖြတ်ထားတဲ့ အမိနိုင်ငံကို ကုသရမယ့် ပါရဂူ (အခြေခံ ဥပဒေ) ကိုယ်တိုင်က လေဖြတ်ထားသလို ဖြစ်နေပြီး ကျုပ်တို့မှာ နောက်ကနေ တရွတ်ဆွဲရင်း လိုက်နေကြရတာနဲ့ တူတယ်ဗျ။ ဖွဲ့စည်းပုံကို ကျကျနန ရေးဆွဲထားတာပါလို့ ဆိုနေပေမယ့် ဘာပဲပြောပြော သူတို့လည်း ကိုယ့်ညီနောင် သားချင်းတွေပဲဆိုပြီး အားနာနာနဲ့ လိုက်နေကြရတာလည်းပါတယ်။

အားနာတယ် ဆိုတာလည်း နေရာတိုင်း မကောင်းဘူးဗျ။မိခင်ကြီးအတွက် ညီအစ်ကို မောင်နှမတွေ သဘောထား မတူတာရှိရင် ပါရဂူကို စောင့်မေးကြရတယ်။ ပါရဂူရဲ့ ဆုံးဖြတ်ချက်ကိုတော့ ဆန့်ကျင်လို့ မရဘူးလေ။ ဒီလိုအချိန်တိုင်းမှာ ကျုပ်က 'အခြေခံဥပဒေ' ကို သွား သွား သတိရမိတယ်။ ဘာလို့လဲဆိုတော့ မိခင်ကြီးအတွက် ပါရဂူကို မိသားစု အားလုံး တညီတညွတ်တည်း သဘောတူ ရွေးချယ်ခဲ့ကြတာကလား။ ဒါကြောင့် စဉ်းစားမိတယ်။ ပြော်...တော်ပါသေးရဲ့ ငါတို့ အခြေခံဥပဒေလိုမျိုး ဆိုရင်တော့ သူ ခေါ်လာတဲ့ ပါရဂူ၊ ငါ ခေါ်လာတဲ့ ပါရဂူ၊ ငါမကြိုက်ဘူး ပြောလျက်နဲ့ ခေါ်လာတဲ့ ပါရဂူ စသဖြင့် စိတ်ဝမ်းတွေ ကွဲပြီး ကြားထဲက မိခင်ကြီးခမျာ မတွေးဝံ့စရာပဲ။

## လျော့လိုက်ကြရအောင်

မန္တလေးမှာ တိုက်ဆိုင်ပုံက အနန္တော အနန္တငါးပါးထဲက နှစ်ပါးဖြစ်တဲ့ သံဃာတော်တွေနဲ့ မိခင်ကြီး ဆေးရုံတက်နေကြရတာပဲ ဖြစ်ပါတယ်။ မန္တလေးမြို့သူ မြို့သားတွေကို သွားရင်း လာရင်း မေးမြန်းကြည့်တော့ မျက်နှာလေးတွေ ညှိုးပြီး မီးလောင်ဒဏ်ရာ ရထားတဲ့ သံဃာတော်တွေအတွက် စိတ်မကောင်းဖြစ်တဲ့အကြောင်း ပြောပြကြတယ်ဗျ။ ကျုပ်က အကြံတစ်ခုရတာနဲ့ ဆက်မေးတယ်။ တကယ်လို့ 'ဝမ်ပေါင်' တရုတ်ကုမ္ပဏီကို လုံးဝ ရပ်ဆိုင်းပြီး ငါတို့ရဲ့ တောတောင် သဘာဝတွေကို ကယ်တင်ဖို့ တစ်နိုင်ငံလုံး စုပြီး လျော်ကြေး ပေးမယ်ဆိုရင် မင်း ထည့်ဝင်နိုင်မလားဆိုတော့ လူငယ် တစ်ယောက်က ဝမ်းသာအားရ ခေါင်းညိတ်တယ်ဗျ။ သူ့တစ်လစာ ကျုပ် တစ်သိန်းထည့်ပါ့မယ်။ တကယ့် မျိုးချစ် ကလေးပါလားဗျာ ကြည့်စမ်း။ သူ့ခြေကို တစ်လက်မမှတောင် အဆုံးရှုံးမခံဘဲ တိုင်းတစ်ပါးလက်ထဲက ကယ်တင်ချင် သူလေးပါလား။

မန္တလေးသူ မန္တလေးသားတွေက မခေဘူးဗျ။ ဆွမ်းလောင်းတာကအစ အိမ်ရှေ့မှာ စားပွဲတစ်လုံးနဲ့ ဆွမ်းဟင်း၊ ဆွမ်းထမင်းတွေကို ဇလုံကြီးတွေနဲ့ တင်ပြီး သံဃာတွေကို တခမ်းတနား နေ့စဉ် လောင်းကြတာဗျ။ ဘာသာကို ချစ်တယ်၊ နိုင်ငံကို ချစ်တယ်၊ သူတို့ မြို့ကိုလည်း သူတို့ ချစ်ကြတယ်။ အငိုက်မိသွားလို့သာ တရုတ်မြို့ကြီး ဖြစ်သွားတာ။ သတင်းစာတောင် မန္တလေး နေ့စဉ်၊ ရတနာပုံ သတင်းစာ ဖတ်သူများတယ်။ တစ်ရက်မှာ အရင်ရက်က ကြေးမုံ မြန်မာ့အလင်းကို ခြေတိုအောင် ရှာရတယ်ဗျာ။

## မန္တလေးက ပြောတဲ့ သမ္မတကြီး အကြောင်း

မန္တလေးက မိတ်ဆွေများနဲ့ ရောက်တတ်ရာရာ ပြောရင်းက သမ္မတကြီး ဦးသိန်းစိန်ကို သူတို့ သဘောကျကြကြောင်း ပြောကြတယ်ဗျ။ ငါ လူကြီးဆိုပြီး အခွင့်အရေး မယူဘူးတဲ့၊ သားသမီးတွေ မြေးမြစ်တွေကလည်း လူတွင်ကျယ် လုပ်တာတို့၊ ရမ်းကားတာတို့ မရှိဘဲ ရိုးဖြောင့်ကြတယ်တဲ့။ နာမည်ပျက် မရှိဘူးတဲ့။ ပြည်ပခရီး ထွက်ရင်လည်း တိုင်းပြည် ဘဏ္ဍာငွေနဲ့ တစ်အုပ်တစ်မကြီး ခေါ်သွားပြီး သုံးဖြုန်းတာတွေ၊ သံရုံး ဝန်ထမ်းတွေကို ဒုက္ခပေးတာတွေ မရှိဘူးတဲ့။ အဲ သံရုံးဝန်ထမ်းတွေကိုတောင် စွန့်ကြဲပြီး သီလပေး အနုမောဒနာပြုခဲ့ သေးသတဲ့ဗျာ။ (သံရုံးဝန်ထမ်းတွေကလည်း သီလ ခံယူပြီး လက်အုပ်ချီ ကန်တော့ကြရတော့ အနန္တော အနန္တ ငါးပါးကနေ တစ်ပါးတိုးပြီး အနန္တော အနန္တခြောက်ပါး ဖြစ်သွားတာပေါ့)

သံယာဆိုရင် အသည်းနိုက်အောင် ကြည်ညိုကြတဲ့ မန္တလေးသားတွေဟာ လက်ပံ တောင်းတောင် အရေးအခင်း နှိမ်နင်းတာနဲ့ ပတ်သက်ပြီးတော့ သမ္မတကြီးအပေါ်မှာ သဘောထားတွေ ပြောင်းကုန်ကြသတဲ့။ ဒီပုပ်ထဲက ဒီပဲပါကွာ ပြောသူကလည်း ပြောတယ်။ အကောင်း မမြင်ကြတော့ဘူး။ တချို့ကဆိုရင် မျက်စိလည်ကုန်ကြတယ်။ လက်ပံတောင်း တောင်မှာ သံယာတော်တွေကို ဆော်သွားတာ တာလီဘန်တွေနဲ့ ဘင်္ဂါလီတွေ ဖြစ်ရမယ်၊ ဗုဒ္ဓဘာသာတွေ ဆိုရင်တော့ ဒီလောက်အထိ မရက်စက်လောက်ဘူး ငြင်းသူက ငြင်းကြ တယ်ဗျာ။ တချို့ကလည်း သမ္မတကြီးကို ဘယ်လောက်ထိ ယုံလဲ ဆိုရင် ဒါ သမ္မတကြီး အမိန့်ပေးတာ မဖြစ်နိုင်ဘူး။ နောက်ကွယ်ကနေ တစ်ယောက်က အကျပ်ကိုင်ပြီး ညွှန်ကြား တာ ဖြစ်ရမယ်တဲ့။ (ကြံ့ကြံ့ဖန်ဖန်ဗျာ) ကျွန်ုပ်က သမ္မတကြီးရဲ့ ရုပ်သွင်ကို ကြည့်ပြီး နိုးလိုးနိုးလှ ဖြစ်မိတယ်။ သမ္မတ ကြီးရယ်၊ စစ်ဗိုလ်လူထွက် မဟုတ်ဘဲ ကျောင်းဆရာ လူထွက်ဖြစ်ဖြစ်၊ ဆရာဝန် လူထွက်၊ တရားသူကြီး လူထွက်၊ တစ်ယောက်ယောက် ဖြစ်လိုက်ပါတော့လား။

## နံရံကို ခေါင်းနဲ့ တိုက်မှာလား

ပြဿနာဆိုတာ အာဏာရှင်စနစ်မှာလို ရက်စက်နည်းမျိုးစုံ သုံးပြီး ဖုံးဖိထားတာမျိုး မဟုတ်တော့ ဒီမိုကရေစီစနစ်မှာ ထင်သာမြင်သာ ရှိမှာပဲ။ စုပေါင်း ဆွေးနွေးပြီး ညှိနှိုင်း သင့်တာမျိုးပါ။ နောက်ထပ်လည်း ပြဿနာတွေဟာ ပွင့်လင်းမြင်သာမှု ရှိနေသရွေ့ ပေါ်ပေါက်နေဦးမှာပါပဲ။ ပြဿနာဆိုတာ ကြောက်စရာ မဟုတ်ပါဘူး။ ကြောက်အား လန့်အားနဲ့ ဖြေရှင်းရင် မှားတတ်ပါတယ်။ ဒီလို ဖြေရှင်းပုံ ဖြေရှင်းနည်းဟာ ခေတ်မမီ တော့ပါဘူး။ တည်တည်ငြိမ်ငြိမ် ခံ့ခံ့ညားညား ဖြေရှင်းနိုင်ရင် ပြဿနာများလေ ဂုဏ်ယူစရာ ကောင်းလေ နေမှာပါ။ ခုတော့ ဒီလို အလွယ်တကူ ဖြစ်ကတတ်ဆန်း အကြမ်းနည်းနဲ့ ရှင်းတော့ ပိုရှုပ်သွားပါတယ်။ လွှတ်တော်ရဲ့ စုံစမ်းမှုကို ဘာကြောင့် မစောင့်နိုင်တာလဲ၊ သံသယတွေ ဝင်ကုန်ကြပါတယ်။ ဒီအတွက် အစိုးရအဖွဲ့ကိုယ်တိုင် ဝန်ချတောင်းပန်ဖို့ မျှော်လင့်နေကြပါတယ်။ နိုင်ငံရေးသမား၊ တစ်ယောက်အတွက် လိုအပ်တဲ့ အရည်အချင်း တစ်ခုက လုပ်သင့်တဲ့ အလုပ်ကို လုပ်သင့်တဲ့ အချိန်မှာ လုပ်ဖြစ်ဖို့ပါပဲ။

**အတ္တရဲ့သားကောင်**

ခုဖြစ်ပုံက အိမ်ကြက်ချင်း ခွပ်ကြရတာ ဖြစ်တဲ့အတွက် နှစ်ဖက်နာမို့ စိတ်မချမ်းမြေ့စရာပါပဲ။ လူတွေဟာ အတ္တကို ဘယ်လောက်ထိ ဆုပ်ကိုင်ထားချင်ကြတယ်ဆိုတာ တကယ့် ဖြစ်ရပ်ကလေး တစ်ခုနဲ့ အဆုံးသတ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စစ်မြေပြင်မှာ စစ်သားနှစ်ယောက်က ဆွေးမြည့်ပြီး သံချေးတက်နေတဲ့ နင်းမိုင်းအဟောင်းကြီး တစ်ခုကို ကြည့်ရင်း ငြင်းခုံနေကြသတဲ့။ တစ်ယောက်က ကွဲနိုင်သေးတယ်၊ တစ်ယောက်က မကွဲနိုင်တော့ဘူး။ ဒါနဲ့ မကွဲနိုင် သေးတယ်ဆိုတဲ့ စစ်သားက မခံချင်စိတ်နဲ့ နင်းပြလိုက်တာ မိုင်းကွဲပြီး ခြေထောက် နှစ်ဖက် ပြတ်လိုက်ရတယ်။ ကျန်တဲ့ စစ်သားက ခပ်လှမ်းလှမ်းကဆိုတော့ လက်တစ်ဖက်ပြတ်ပြီး မျက်လုံးတစ်လုံး ထွက်သွားသတဲ့။

ဒီလိုနဲ့ ဆေးတပ်က ကုပေးပြီး ပိုက်တန်းလန်း ထမ်းစင်ကိုယ်စီနဲ့ တောထဲ ဖြတ်သယ်သွားကြရတယ်။ တစ်နေရာမှာ နားကြလို့ ထမ်းစင်ချင်း ယှဉ်ချထားချိန်မှာ ခြေထောက်ပြတ်တဲ့ စစ်သားက လက်ပြတ်တဲ့ စစ်သားကို လှမ်းပြီး ပြောတယ်တဲ့။

'ဟေ့ကောင်ရဲ့ တွေ့တယ် မဟုတ်လား။ မိုင်းက ကွဲပါတယ်လို့ ငါ ပြောသားပဲ'

■ **ပြည်သူ့ခေတ်ဂျာနယ်**
**အတွဲ ၃၊ အမှတ် ၁၂၅**

# အံ့ဩလွန်းလို့ သေတော့မယ်

## အားလုံးသော ဆရာ၊ ဆရာမများသို့ အနူးအညွတ်

ဟုတ်ပါတယ်၊ ပထမတော့ ပြစ်မှားမိတာအမှန်ပါ။ သူများတိုင်းပြည်တွေရဲ့ မျိုးဆက်တစ်ခုပြီး တစ်ခုဟာ ခေတ်မီတဲ့ ပညာရေးစနစ်နဲ့ သူ့ထက်ငါ ကမ္ဘာ့ရေချာန်း မျက်နှာစာရဖို့သာ ဘာတစ်ပြန် ကျားတစ်ပြန် ကြိုးပမ်းပြိုင်ဆိုင် အနိုင်ယူနေကြချိန်မှာ ကျုပ်တို့ဆီက ပညာရေးစနစ်ကတော့ ဝုန်းဝုန်းလဲရာကတောင် မထနိုင်သေးပါဘူး။ ဒီလိုဆိုတော့ ငါတို့ဆီက ဆရာ ဆရာမတွေ ဘာလုပ်နေကြလဲ၊ အိပ်ပျော်နေကြလား။ တိုင်းပြည်နဲ့ လူမျိုးအပေါ်မှာ စေတနာမရှိကြဘူးလား။ ခေတ်နောက် ပြန်ဆွဲနေကြတာလား စသဖြင့် ကျုပ် တွေးခဲ့မိပါတယ်။ ဝန်ခံရရင် ဆရာ ဆရာမတွေ အားလုံးကို စိတ်ပျက်ခဲ့မိပါတယ်။

ဒါနဲ့ပဲ မြို့နယ်တစ်ခုမှာ ကျောင်းဆရာ ဆရာမတွေနဲ့ ဆွေးနွေးရင်း ထဲထဲဝင်ဝင် လေ့လာကြည့်လိုက်တော့မှ စိတ်ပျက်စရာကောင်းတာက ဆရာ ဆရာမတွေမဟုတ်ဘဲ ဝတစ်လုံးမှတောင် မရှိဘဲ ဝိလုပ်မယ်ဆိုပြီး လူကြားကောင်းရုံ အော်နေသူတွေ၊ အပေါ်ယံ ရွှေမှုန့်ကြဲချင်သူတွေ၊ သကာရည် လောင်းသူတွေ ဖြစ်နေပါတယ်။

## မနုဿ ဥယျာဉ်မှူးတို့ရဲ့ ရင်ဖွင့်သံ

မနုဿဥယျာဉ်မှူးတဲ့လားဗျာ၊ ဟား၊ ဟား။ ကျုပ်တို့ မြန်မာလူမျိုးက စကားလုံးလှလှ လေးတွေ ထုတ်လုပ်တဲ့နေရာမှာတော့ ဘယ်လူမျိုးမှ လိုက်မီမယ် မထင်ဘူးဗျာ။ ဆိုက်ကားနင်းသူကို ဆိုက်ကားဆရာ၊ မြင်းလှည်းမောင်းသူကို မြင်းလှည်းဆရာ၊

တသင်ပေးသူကို ကျောင်းဆရာ၊ ဥယျာဉ်မှူး။ မနုဿ ဥယျာဉ်မှူး ပိုက်ဆံမပေးရတိုင်း မြှောက်ပင့်ပြီး ပြောနေကြတာဗျ။ ဘာတဲ့ဗျ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်မယ်၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဥပဒေ အထက်မှာ ဘယ်သူမှမရှိစေရ၊ ပြည်သူ့အသံ လွှတ်တော်အသံ၊ ကောင်းလိုက်တဲ့ ဆောင်ပုဒ်တွေ၊ ချလိုက်တဲ့ မူဝါဒတွေ၊ လုပ်လိုက်တဲ့ သုတေသနတွေ၊ ထွက်လိုက်တဲ့ နိုင်ငံခြားတွေ နှစ်ပေါင်း ငါးဆယ်ကျော် ဒီလိုပဲ မစားရ ဝခမန်း၊ အရှုံးဘုံမြှောက် လေထဲတိုက်အိမ် ဆောက်၊ စကားလုံး လှလှတွေ ပီပြီး အသက်ရှူတွေကျပ်။ အလုပ်ရုံ ဆွေးနွေးပွဲကနေ အလုပ်တွေ ထွက်မလာဘဲ လေတွေပဲထွက်လာ။ 'မြန်မာ့အားကစား ကမ္ဘာကို လွှမ်းရမည်' ဆောင်ပုဒ်အကြီးကြီး ရေးချိတ်ထားပြီး အခန်းတံခါးပိတ် အိပ်နေကြသလိုပေါ့။ မနုဿ ဥယျာဉ်မှူးတွေ ဘာတွေမြှောက်လုံးတွေ လုပ်မနေပါနဲ့ဗျာ။ ကျောင်းဆရာဟာ ကျောင်းဆရာ ပေါ့။ အမှန်တကယ်တော့ ခေတ် အဆက်ဆက် အာဏာရှိသူတွေရဲ့ အသုံးချခံ အဆူခံ အငေါက်ခံ အနှိမ်ခံ အထင်သေးခံရတာပါပဲ။ 'မနုဿ နိုင်းဖတ်' ကြီးပါ။

ကျွန်မတို့ ဆရာ ဆရာမတွေ ဆိုတာကတော့ ဒီအလုပ်ကို ရွေးကတည်းက လောဘ သဏ္ဌာယနည်းပြီး စေတနာ မေတ္တာလည်း သူများထက် မနိမ့်တဲ့ သူတွေချည်းပါ။ ကျောင်းသား ဗဟိုပြု သင်ကြားနည်းက ပိုကောင်းတယ်ဆိုတာ လက်ခံပါတယ်။ တိုင်းပြည် တစ်ခု တိုးတက်ဖို့ အမှန်တကယ် လိုအပ်ပြီး ခေတ်က တောင်းဆိုတာလည်း အမှန်ပါပဲ။ အထက်က ညွှန်ကြားပေမယ့် လက်တွေ့လုပ်ဖို့ မဖြစ်နိုင်တာလည်း အမှန်ပါပဲ။ အထက်က ညွှန်ကြားဖို့ပဲ တတ်တာရှင့် လက်တွေ့ကျတော့ ကျွန်မတို့ဆရာ ဆရာမတွေ လောက်တောင် နားမလည်ကြဘူး။ ဒီလို လေလုံးထွားရုံနဲ့တော့ လူအထင်ကြီးရုံပဲ ရှိမယ်၊ လက်တွေ့ ဘယ်လိုမှ မအောင်မြင်နိုင်ဘူး ဆိုတာ သေချာပါတယ်။ ကျွန်မတင် မဟုတ်ဘူး။ ကျွန်မ သိသမျှ ဆရာ ဆရာမတွေ အားလုံးက မဖြစ်နိုင်ဘူးလို့ပဲ သုံးသပ်ကြပါတယ်။ ကျွန်မတို့ ဆရာ ဆရာမတွေ ဆိုတာက လက်သမားတွေ ပန်းရန်တွေနဲ့ တူပါတယ်။ ဘိလပ်မြေနဲ့ အုတ်ကျတော့ မပေးနိုင်ဘဲ တိုက်ဆောက်စမ်း ဆိုရင်တော့ ထိုင်နေရုံပဲရှင့်၊ ဗွတ်ခိုင်း နေရင်တော့ နိုင်းသူရဲ့ ဦးနှောက်ပိုင်းဆိုင်ရာ ချွတ်ယွင်းနေလို့ပါပဲ။

ကျောင်းသားဗဟိုပြုသင်ကြားစနစ်ဆိုတာက ကျောင်းသားရဲ့ပင်ကို အရည်အသွေးတွေ မြန်မြန်နဲ့ အားကောင်း ထွက်ပေါ်လာအောင် ဆရာက လမ်းပြမယ်၊ ဆရာတပည့် ဆွေးနွေး ရင်းနဲ့ အကဲခတ်ရင်းနဲ့ ကျောင်းသားရဲ့ ရှေ့ဆက်ရမယ့် ပညာရေးခရီးကို ကျောင်းသား ကိုယ်တိုင် မြင်လာတဲ့အထိ အကြံပေးမယ်၊ ကျောင်းသား တစ်ဦးစီရဲ့ အခြေအနေကို စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာက အစ အလစ်မပေးဘဲ စောင့်ကြည့်နေရမယ်။ လုပ်နိုင်ရင် တော့ အလွန်ကောင်းတဲ့ စနစ်ပါ ခင်ဗျာ။ ကောင်းပြီ အလွန်ကောင်းတဲ့ idea လည်း ရှိနေပြီ။ ပန်းချီဆွဲမယ့် ပိတ်ကားလည်းရှိတယ်၊ ဆွဲမယ့် ပန်းချီဆရာလည်း အဆင်သင့်၊ ပန်းချီကားကောင်းတစ်ချပ် ဖြစ်လာဖို့က အဆင့်မမီတဲ့ဆေးနဲ့ မဖြစ်နိုင်ဘူး။ ရုပ်ပိုင်းဆိုင်ရာ တောင် ဘယ်လောက်ပဲ လေ့ကျင့် လေ့ကျင့်၊ အာဟာရ မပြည့်ဝရင် ကြွက်သားတွေ

တိုးတက်မလာနိုင်ဘူး။ ဒီစီမံချက် အောင်မြင်နိုင်မလား၊ မအောင်မြင်ဘူး လားဆိုတာကို လက်တွေ့ပြမယ်။ (လေး တန်း ကျောင်းသားလေးများ၏ ထမင်းချိုင့် များ ထမင်းဘူးများကို တစ်ခုပြီး တစ်ခု ဖွင့်ပြရင်း ဆက်ပြောသည်) ကဲ၊ ကြည့် ဒီဘူးက ထမင်းဆီဆမ်းနဲ့ ပဲပြုတ်က တစ်နှစ် သုံးလေး ... ဆယ့်ငါးစေ့ ဒါပဲ၊ ဟော ဒီချိုင့် ချဉ်ပေါင်ကြော် တစ်ဇွန်းနဲ့ ငါးပိထောင်း။ ဒီဘူးက သက်သတ်လွတ် မျှစ်ကြော်၊ ကဲ ဒီဘူး တို့ဟူးသုပ်၊ ဒီချိုင့်က ကြက်ဥပြုတ် တစ်ခြမ်းနဲ့ ထမင်းဆီဆမ်း။ ဒီမှာလည်း ပဲပြုတ် ဒါက ကြက်ဥကြော်၊ ဒီမှာ ပဲပြုတ်၊ ဒါမျိုး စားနေရတဲ့ ကလေးတွေရဲ့ဉာဏ်ရည်ကို ဆရာ ဘယ်လိုထင်သလဲ။ နောက်ပြီး ကျောင်းသား ဖဟိုပြုသင်ဖို့က ကျောင်းသားဦးရေ တစ်ခန်းမှာ နှစ်ဆယ်ထက် ပိုလို့မရဘူး။

ကျွန်တော်တို့ဆီမှာ တစ်ခန်းတစ်ခန်း ကျောင်းသားများလွန်းလို့ ကျန်တာမပြောနဲ့ အောက်စီဂျင်တောင် မလုံလောက်ဘူး။ သင်ကြားချိန် ၃၅ မိနစ်မှာ နာမည်စာရင်း ခေါ်တာနဲ့တင် အချိန်ကုန်သွားလောက်တယ်။ တာဝန်ရှိ ပုဂ္ဂိုလ်ကြီးတွေကို ပြောလိုက်ပါ ဆရာ၊ ဒီစနစ်မသုံးမီ ကျောင်းသားလေးတွေရဲ့ ထမင်းဘူးတွေ ဖွင့်ကြည့်ပြီး တစ်ခုခု လုပ်ပေးကြပါဦး။ ဆရာ ဆရာမတွေပေါ်ချည်း တာဝန်တွေ ပုံမချဘဲ ကိုယ့်ချွတ်ယွင်းချက် တွေလည်း မြင်ကြပါဦး။ ကျောင်းသား ဗဟိုမပြုမီ ဆရာတွေကို ဗဟိုပြုပြီး ဆွေးနွေးကြပါဦး။ ဆရာတွေက လိုအပ်ချက်တွေ အားလုံးသိပါတယ်။ မသိတာက အပေါ်က ညွှန်ကြားတဲ့ သူတွေ ဖြစ်နေပါတယ်။ ကျောင်းသားဦးရေနဲ့ ဆရာမျှဖို့ ကျောင်းသားတွေရဲ့ အာဟာရ အနည်းဆုံး နိုင်ငံတကာ သတ်မှတ်တဲ့ အနိမ့်ဆုံး စံချိန်တောင်ပြည့်ဖို့ လူကြီးမင်းများ အရင်ဆုံး ကြိုးစားကြစေချင်တယ်ဗျာ။

ကျွန်မကတော့ အကြံပေးရရင် အခုအချိန်မှာ ပြည်သူတွေလည်း စိတ်ပြေပြီး သဘောကျသွားအောင် မူလတန်း ကျောင်းသားလေးတွေရဲ့ ထမင်းချိုင့်တွေထဲကို ကျိုကျိုတက် ချမ်းသာနေပြီဖြစ်တဲ့ သန်းကြွယ်သူဌေးညီနောင်တို့က တာဝန်ယူပြီး အလှူဒါန လုပ်ကိုင်စေချင်တယ်။ ဒါမှ မဟုတ်လို့ကတော့ အသက်ရှင်ရုံ စားနေကြရတဲ့ ကလေးတွေရယ်၊ ဆရာ မလုံလောက်တာရယ်၊ အခန်း မလုံလောက်တာရယ်ဆိုရင် ကျောင်းသား ဗဟိုပြုထက် ဘုန်းကြီး ဗဟိုပြု ကျောင်းတွေ များလာအောင် အားပေးတာကမှ သဘာဝကျဦးမယ်။ ဝမရှိဘဲ ဝိလုပ်လို့မှ မရတာရှင့်။

ကျွန်တော်တို့ ပညာရေးစနစ် ဂုန်းဂုန်းလဲသွားရတာကတော့ မဆန်းပါဘူး။ ပညာရေး စနစ်ကို ပညာရေးအကြောင်း နားမလည်တဲ့သူတွေ ဦးဆောင်ခဲ့လို့ပါပဲ။ ပိုပြီး ဆိုးဝါးသွားတာက ပညာရေးကို စစ်ရေးရှုထောင့်ကကြည့်ပြီး လုပ်သွားလို့ပါပဲ။ ကြောက်ရွံ့နေရတဲ့ ကလေးတွေ ခေါင်းငုံ့ခံပြီး ပြန်မပြောဝံ့တဲ့ ကလေးတွေ မွေးထုတ်ခဲ့ပါတယ်။

ကျောင်းသားတွေ စုစည်းမှု နည်းနိုင်သမျှနည်းအောင် အဆောင်မပေးတဲ့အပြင် မြို့ထဲမှာဝင်ပြီး ဆန္ဒပြတာ လှုံ့ဆော်တာ မလုပ်နိုင်အောင် ကျောင်းတွေကို မြို့ပြနဲ့ ဝေးကွာတဲ့ လယ်ကွင်းတွေထဲ ပို့ခဲ့ပါတယ်။ ဘွဲ့တွေကိုလည်း ချေးပေါ် သေးပေါ်ဖြစ်အောင် လုပ်ခဲ့တယ်။

လူတွေ ဆင်းရဲ ရုန်းကန်နေရမှ နိုင်ငံရေး တွေးချိန်မရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လူတွေရဲ့ ဆင်းရဲနွမ်းပါးမှုကို မသိကျိုးကျွန် ပြုခဲ့ပါတယ်။ ကျောင်းသားမိဘတွေ နွမ်းပါး

တဲ့အတွက် ကျောင်းသားတွေ အာဟာရမပြည့်မီပါဘူး။ စေတနာပါရင် လိုအပ်တာတွေ အရင်ဖြည့်ဆည်းရမှာပါ။

ကျွန်မပြောချင်တာက ဆရာ ဆရာမတွေကို မဖိနှိပ်ပါနဲ့။ အဖိနှိပ်ခံ ဆရာ ဆရာမတွေကနေ မွေးထုတ်လိုက်တဲ့ အနာဂတ်ရဲ့ ခေါင်းဆောင်တွေဟာ တောက်ပြောင်တဲ့ ခေါင်းဆောင်တွေ ဖြစ်မလာဘဲ လူစဥ်မမီတဲ့ ခေါင်းဆောင် အညံ့စားတွေပဲ ထွက်လာမှာရှင့်။ တစ်လောက ကြားလိုက်ရသလို 'တပည့်တော်တို့က တရုတ်ကိုလည်း ကြောက်ရပါတယ်ဘုရား' ဆိုတာမျိုး၊ ဟိုကြောက် သည်ကြောက်၊ ဟိုလက်ဖြန့် သည်လက်ဖြန့် ပြည်သူတွေရဲ့ ဆန္ဒကို သတ္တိရှိရှိ မလုပ်ရဲတဲ့ ခေါင်းဆောင်မျိုးတွေပဲ ထွက်လာမှာပဲ။

ကျွန်မကတော့ ကလေးတွေ အာဟာရမပြည့်ပေမယ့် သတ္တိရှိရှိ တွေးခေါ်တတ်အောင်တော့ ကြိုးစားပြီး သင်ပေးတယ်ရှင့်၊ ဒီကဗျာလေးလည်း ကျွန်မ စပ်ပြီး သင်ပေးတယ်ရှင့်။

## ကျောမွဲမှ ကျောမွဲသို့

ငါတို့ရဲ့ အာဏာရှင်တွေက တစ်ဆင့်၊ မင်းတို့ရဲ့ အာဏာရှင်တွေ ယူသွားခဲ့တဲ့ တောင်တွေ ပြန်ပေးပါ။ မင်းတို့သဘော ငါတို့ဆန္ဒ မပါဘဲ မြစ်ဧရာကို ဖောက်ခွဲမယ့်အကြံ ချက်ချင်း ရပ်တန့်ပါ။ မင်းတို့ ဒီမိုကရေစီ၊ ငါတို့လည်း ဒီမိုကရေစီ စစ်စစ်မှန်မှန်ရတဲ့နေ့ တို့ကျောမွဲချင်း တွေ့ကြမယ်။ ဧရာယာနန်စီ အရည်တည်မယ့်၊ တကယ့် ချစ်ကြည်ရေး ဆိုတာ ဒီတော့မှကြမှာ ကိုယ့်လူရေ။

***မှတ်ချက်။*** *ဆရာ ဆရာမများ၏ သဘောထားများကို ကြားသိရချိန်မှာတော့ ကျောင်းသားပေါ်ပြူစနစ်အကြောင်း၊ ဆွေးနွေးခဲ့စဉ်က ဆရာများက လက်သီးနဲ့ ဆွဲမထိုးခဲ့တာ ကျေးဇူးတင်မိပါတယ်။ အထင်မှား အမြင်မှားခဲ့မိသမျှလည်း အနူးအညွတ် တောင်းပန်အပ်ပါကြောင်း။*

■ **ပြည်သူ့ခေတ်ဂျာနယ်**
**အတွဲ ၃၊ အမှတ် ၁၂၆**

# အံ့ဩလွန်းလို့ သေတော့မယ်

**ဒီနှစ် အကယ်ဒမီ**

ပြည်သူ့ခေတ်ဂျာနယ်က စတိုင်အသစ်နဲ့ ထွက်မှာဆိုတော့ စာမူတွေပါ 'အဟောင်းထက်ပိုများသော' စတိုင်အသစ်နဲ့ ပေးမလားလို့ ကျုပ် အပါအဝင် စိတ်ကူးယဉ် ရင်ခုန်နေကြသူတွေ ရှိပါတယ်။

**၁၃ ကြိမ်မြောက် တိုင်းရင်းဆေးဆရာကြီးများ ညီလာခံ**

ညီလာခံကြီးကို ကြိုဆို ဂုဏ်ပြုလိုက်ပါတယ်။ တိုင်းရင်းဆေး ဆရာကြီးများကို မေတ္တာရပ်ခံပန်ကြားလိုတာကတော့ ဒီအချိန်ကစလို့ မီးလောင်ဒဏ်ရာ ပျောက်မယ့် ဆေးများကို အမြောက်အမြား ထုတ်လုပ်ပေးကြဖို့ပဲ ဖြစ်ပါတယ်။

နောက်ပြီး ရပ်ကွက်လူကြီး ဖြစ်ချင်တဲ့ရောဂါ၊ အမတ်ဖြစ်ချင်တဲ့ ရောဂါ အမြန်ဖြတ်ဆေး။ ဝန်ထမ်းကနေ ဘေးပေါက်များများရပြီး သန်းကြွယ်သူဌေး ဖြစ်ချင်တဲ့ရောဂါပျောက်ဆေး။ သေတဲ့အထိ ကုလားထိုင်ပေါ်က မဆင်းလို့ရလာတဲ့ ဘုရင်ဂျီနာလိမ်းဆေး အလုံးအရင်းနဲ့ ထုတ်ပေးဖို့လည်း တောင်းဆိုပါတယ်။ တိုင်းရင်းဆေးသမားတော်ကြီးများဟာ သမ္မတကြီးကို ကူညီတဲ့အနေနဲ့ ဆင်းရဲနွမ်းပါးမှု ပျောက်ကင်းဖို့ ဓာတ်စာနဲ့ဆေးဝါးတွေ တီထွင် ထုတ်လုပ်ကြစေချင်ပါတယ်ဗျာ။

## လင်းယုန်မြေသို့ သက်ပြီ (Eagle has landed)

လက်ပံတောင်းတောင် ကြေးနီ စီမံကိန်းနဲ့ ပတ်သက်လို့ တရုတ်နဲ့ မျက်နှာပျက်ရမယ့် အခြေအနေမှာ သူနဲ့ကာကင်းမိတဲ့ 'လင်းတ' တွေက ရွှေတိဂုံဘုရားမှာ အလိုက်ကန်းဆိုး မသိ လာနားကြတော့ အတိတ်တဘောင်တွေ ကောက်သူကကောက်၊ ကြောက်စရာမရှိ ကြောက်သူကကြောက် ရုတ်ရုတ်သဲသဲ ဖြစ်နေကြတယ်ဗျာ။ ဒါပေမဲ့ ၂၈-၁၂-၁၂ နေ့ ကြေးမုံသတင်းစာမှာ ဟသ်ာတမြို့နယ်ထဲမှာ ဇရာမ လင်းယုန်ငှက်ကြီးတွေ ဆင်းလာကြတော့မှ လူတွေ စိတ်သက်သာရာရသွားကြပါတယ်။ လင်းယုန်က ဘယ်သူ့ သင်္ကေတ လဲဆိုတာတော့ သိပြီးသားပါနော်။

ဒါကို အခွင့်ကောင်းယူပြီး သမားဂုဏ်ပြု ဟောကြ ပြောကြလုပ်နေတော့ ကျုပ် အနေနဲ့ မနေသာဘဲ (ဘယ်သူမှ မမေးပေမယ့်) ဝင်ဟောရတော့မှာပေါ့။ တကယ်တော့ အညို အလွန်ကြိုက်တဲ့ 'ရွှေလင်းတ' တွေ ရွှေတိဂုံဘုရားကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် လာနားကြတာဟာ တန်တော့၊ အဲဒီက 'ရွှေဝေါပက' တွေ ရက် အတော်ကြာအောင် ရေမချိုးကြလို့ပဲဆိုတာ ဇကန်ဇကော ဟောလိုက်ရပါတယ်ဗျာ။

## မနုဿ ဥယျာဉ်မှူးတို့ ဟစ်သံ ကျန်သေးတယ်

ပြီးခဲ့တဲ့အပတ်က ကျောင်းဆရာ ဆရာမတွေရဲ့ ရင်ဖွင့်သံ လက်ကျန်တွေလည်း ဒီအပတ် ဆက်ပြီး ဖော်ပြချင်ပါတယ်။ ပြီးခဲ့တဲ့အပတ် ဆရာမတစ်ယောက်ရဲ့ အာဘော်မှာ စာစီတာ ကျန်သွားခဲ့ပါတယ်။ သူပြောချင်တာက 'ဦးပိုင် လီမိတက်' နဲ့ 'ဝမ်ပေါင်ကုမ္ပဏီ' တို့ဟာ ခုလိုအချိန်မှာ မြန်မာနိုင်ငံ မူလတန်းကျောင်းသားလေးတွေကို တစ်ပတ်တစ်ကြိမ် အာဟာရ (တရုတ်နို့မှုန့်မဟုတ်ပါ) လှူဒါန်း ဖြည့်တင်းပေးကြမယ်ဆိုရင် မြည်သူတွေလည်း ဝမ်းမြောက်ကြမယ် ဆိုတာပါ။

ကျောင်းသား ဗဟိုပြု သင်ကြားရေးနဲ့ ပတ်သက်လို့ ဆရာ ဆရာမတွေ ပြောတာ တွေဟာ အလွန်မှန်ပါတယ်။ တကယ်တော့ သူများနိုင်ငံတွေမှာ ကျောင်းသား ဗဟိုပြု သင်ကြားရေး အောင်မြင်တယ်ဆိုတာက ကလေးတွေဟာ ဗဟိုပြုလောက်အောင် ကာယ ဉာဏ ဖွံ့ဖြိုးနေတယ်ဆိုတာ တွေ့ရပါတယ်။ မြေသြဇာကျွေးမယ့်သူရှိတယ်၊ ပိုးသတ်ဆေး ဖျန်းမယ့်သူ ရှိတယ်၊ ဆရာ ဆရာမတွေက ပေါင်းသင်ရေလောင်းရုံပါပဲ။ လူမှုဖူလုံရေးက ပြည့်ဝတဲ့ အာဟာရ ရနိုင်လောက်အောင် ငွေကြေး ထောက်ပံ့တယ်။ ကျန်းမာရေးအတွက် အခမဲ့ ကုသပေးတယ်။

သမ္မတကြီး ပြောသလို ဆင်းရဲနွမ်းပါးမှု လျှော့ချဖို့က နံပါတ်တစ် ဖြစ်နေပါတယ်။ နောက်ပြီး ကျန်းမာရေး စောင့်ရှောက်မှုပေါ့။ ကိုင်း-ဆရာ ဆရာမတွေရဲ့ ဟစ်သံကို နားထောင်ကြည့်ကြရအောင်။

■ ကျွန်တော်တို့ ဆရာတွေဟာလည်း မြေဖြူမှုန့်တွေ နေ့တိုင်း အဆုတ်ထဲ ဝင်နေတာမို့ အသက်နဲ့ ရင်းရတာပါပဲ။ လက်နက်ကိုင်မှ အသက်အန္တရာယ်ရှိတာ မဟုတ်ပါဘူး။ ဒါပေမဲ့ အခွင့်အရေး ရတာချင်းတော့ မတူဘူး ဖြစ်နေပါတယ်။ ဝန်ထမ်းချင်း အတူတူ ကျွန်တော်တို့

ကျောင်းဆရာတွေလည်း မဲ အရွေးမခံဘဲ လွှတ်တော်ထဲ ဝင်ထိုင်ခွင့် ရချင်ပါတယ်။ မိုးကျရွှေကိုယ်ဖြစ်ပြီး နစ်သီး စားချင်ပါတယ်။ *(မိုးကျ ရွှေကိုယ် ဆိုသည်မှာ ဝန်ထမ်း လောကဝေါဟာရ ဖြစ်သည်။ ဌာနဆိုင်ရာ တစ်ခုမှ အငြိမ်းစားယူပြီး အခြားဌာနသို့ အရာရှိ အဖြစ် ပြန်းစား ရောက်သွားခြင်း ဖြစ်သည်။ နစ်သီးစားဆိုသည်မှာ မူလဌာနမှ ပင်စင်လည်း ရသလို ဌာနသစ်မှ လစာလည်း ရသည်။ ပင်စင်ယူလျှင်လည်း ပင်စင်နစ်ခု ခံစားရသည်။ မက်လောက်စရာပါပေ။ စာရေးသူ)* အခွင့်အရေးက တန်းတူ မရဘူးဆိုတော့ စိတ်ဓာတ် ကျတယ်။ စိတ်ဓာတ်ကျတော့ တက်တက်ကြွကြွနဲ့ စာ မသင်ချင်တော့ဘူး။ သင့်ရုံပဲ။ ဒါကြောင့် ကြိုက်တဲ့ပညာရေးစနစ်လာခဲ့ ကြိုက်သလို လက်တည့်စမ်းကြ၊ ကျွန်တော် တို့ကတော့ အပြုံးမပျက်ပါဘူး။ အဲ စိတ်လည်း မလှုပ်ရှားပါဘူး ခင်ဗျ။

■ E.F.A (Education For All) လက်ထောက် ပညာရေးမှူးတွေကို ဆိုင်ကယ် ထုတ်ပေးတာဟာ တကယ်တော့ မြင်းကို ခိုတပ်ပေးတာပါပဲ။ တစ်နေ့တစ်ကျောင်း လာတော့တာပါပဲ။ သူတို့ကို EFA က ဆီဖိုးပေးပေမယ့် ကျွန်မတို့ ကျောင်းတွေကနေ ဆီဖိုး ဆိုပြီး သူတို့လာရင်ပေးရတယ်။ ကျောင်းကောင်းရင် ကောင်းသလို တစ်ခေါက် ကို ငွေခံရတဲ့အပြင် ၁၅၀၀၀ ထိ ပေးကြရတယ်။ ကျောင်း ကောင်းတယ်ဆိုတာက ကျောင်းသား မိဘတွေ စီးပွားရေး ပြေလည်တဲ့ကျောင်းမျိုး။ မြို့ပေါ်ကျောင်းမျိုးကို ပြောတာပါ။ မပေးရင် ဘာလုပ်မလဲဆိုတော့ အပြစ်ရှာမယ်၊ ဆူမယ် ကြိမ်းမယ်၊ ကျူရှင် ပေးတာတွေကို ထောက်မယ်။ သူတို့ကို မပေးဘဲနေရဲတဲ့ ကျောင်းရယ်လို့တော့ မကြားဖူးသေးဘူးရှင့်။

■ ကျူရှင် မပေးစေချင်ရင် မူလတန်းကျောင်း ဆရာကစပြီး တက္ကသိုလ်ဆရာတွေထိ သိက္ခာရှိရှိနေနိုင်မယ့် လစာ ပေးသင့်တယ်။ ဥပမာ၊ မူလတန်းနဲ့ တခြား အလယ်၊ အထက်ဆရာတွေ လစာလည်း သိပ်မကွာစေချင်ဘူး။ လစာမှလုံအောင် မပေးနိုင်ဘဲနဲ့တော့ ကျူရှင်ပေးတာ မပိတ်ပင်သင့်ဘူး။ အရက်ဆိုင်၊ ကာရာအိုကေတွေတောင် ခွင့်ပြုသေး တာပဲ။ အဲတစ်ခုတော့ အကြံပေးချင်တာက ကျူရှင်ကို ခွင့်ပြု ကိုယ့်အတန်းက ကလေး ကိုတော့ တခြား ဆရာဆီမှာပဲ ကျူရှင် ယူပါစေပေါ့။

■ ကျောင်းသားလေးတွေ ဆိုတာက များသောအားဖြင့် အလွန် ဆင်းရဲနွမ်းပါးကြပါတယ်။ ခများ ကျောင်းတောင် အနိုင်နိုင် တက်နေကြရတာ။ သူတို့ အိတ်ကပ်ထဲက နိုက်တယ် ဆိုရင်တော့ တော်တော် ရက်စက်တယ်ဆိုရမှာပဲ။ ဆိုးတယ်ရှင့်၊ ဒါတွေက ညွှန်ချုပ်တို့ ဒုဝန်ကြီးတို့အတွက် ငွေခံစရိတ်ထဲ ရောက်သွား။ ငွေသည်တွေရဲ့ ဗိုက်ထဲ ရောက်သွား တာပဲ။ ၁၉၉၅ ခုနှစ် ပတ်ဝန်းကျင်ကပေါ့ရှင်၊ ကျွန်မတို့ မြို့နယ်မှာက မူလတန်းကျောင်းက ၂၅၀ နီးပါး၊ အလယ်နဲ့ အထက်က ၂၀ လောက်ရှိတယ်။ ကျောင်းသား အားကစားပွဲ လုပ်မယ်ဆိုပြီး ကျောင်းသားတစ်ယောက် ၈၀ နှုန်း ကောက်ယူတော့ ကျပ်သိန်း ၉၀ ကျော်ရတယ်။ နောက်တော့ ကျောင်းသားအားကစားပွဲ မလုပ်ဖြစ်တော့ဘူးလို့ ကြားတယ်။ ကျောင်းသားတွေကို ပြန်မပေးဘူးရှင့်။ နစ်ကုန်တော့ အဲဒီ သိန်း ၉၀ မရှိတော့ဘူးလို့ ပြောတယ်။ ဘယ်ရောက်သွားလဲ ဝိုင်းမေးကြတော့ ညွှန်ချုပ်နဲ့ ဒုဝန်ကြီး တို့ လာတုန်းက ငွေစရိတ်လို့ပြောတယ်ရှင်၊ အခုလည်း ပညာထူးချွန်ဆုအတွက်ဆိုပြီး ကျောင်းသားတွေဆီက

ကောက်နိုင်းမြန်သည်။ ကလေးနဲ့ ကလေးမိဘတွေ အလွန် သနားစရာကောင်းပါတယ်။ ဆင်းရဲနွမ်းပါးမှု မလျော့ရင်နေပါစေ ပိုမွဲအောင်တော့ မလုပ်ကြပါနဲ့လို့ မေတ္တာရပ်ခံချင်ပါတယ်ရှင့်။

■ ဌာနဆိုင်ရာတွေ အားလုံးနီးပါး လာဘ်ပေးလာဘ်ယူတွေ၊ ဘေးပေါက်တွေ နားလည်မှုတွေနဲ့ ပေါ်ပေါ်ထင်ထင် လုပ်နေကြပြီး ဆရာ ဆရာမတွေကျမှ လာကြပ်တော့ ခြောက် နိုင်လို့ရလို့ နိုင်တာလို့ ထင်ပါတယ်။ တကယ်တမ်းကျတော့ ကျောင်းဆရာတွေကို လူတွေက လေးလေးစားစား ပြောဆို ဆက်ဆံကြတာ မရှိပါဘူး။ အာဏာရှင်ခေတ်တုန်းကများ လူကြီးပိုင်တယ်ဆိုတဲ့ လူတွေက ကျုပ်တို့ကို သူတို့ တပည့်တွေ ကျနေတာပဲ။ ကျုပ်တို့ရဲ့ လူမှုဆက်ဆံရေးကြီး တစ်ခုလုံးက မှားယွင်းနေတယ်လို့ ထင်ပါတယ်။ အာဏာပိုင်တွေများ ကျောင်းလာရင် ကျုပ်တို့က လက်အုပ်ပဲချီပြီး ကြိုရတော့ မလိုလို့ ခုထိ လက်အုပ်ချီရတာတွေ ရှိပါတယ်။

ကျုပ်အမြင်တော့ ကျောင်းသားနဲ့ ဆရာကြားမှာလည်း မှားယွင်းတဲ့ ဆက်ဆံရေး ဖြစ်နေသေးတယ်။ တော်ရုံတန်ရုံထက် ပိုပြီး ရိုသေရမယ်၊ လေးစားရမယ်ဆိုတာက ကြောက်ရွံ့ရမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်သွားနိုင်တယ်။ တချို့ ဆရာ ဆရာမတွေလည်း တုတ်ကြီး တဝင့်ဝင့် လုပ်နေကြတုန်းပဲ။ ကြောက်ရွံ့နေတဲ့ ကလေးတွေကို ဖော်ပြပြီး သင်ကြားလို့ မဖြစ်နိုင်ပါဘူး။ တပည့်တွေက ဆရာတွေကို ခင်မင်စရာ၊ ရင်းနှီးအားကိုးစရာ၊ တိုင်ပင်စရာလို့ မြင်လာတဲ့နေ့ကျမှ ကျောင်းသား ဗဟိုပြု သင်ကြားရေးက အောင်မြင်မယ်ဆိုတာ အတတ်ပြောရဲပါတယ်ဗျာ။

■ ပြည်သူ့ခေတ်ဂျာနယ်
အတွဲ ၃၊ အမှတ် ၁၂၇

# အံ့ဩလွန်းလို့ သေတော့မယ်

## အောက်ခြေက မပြောင်းဘူးဆိုတော့

ခုတစ်လော ရန်ကုန်မှာ မနေဖြစ်ဘဲ နယ်ဘက်မှာ အနေများခဲ့ပါတယ်။ ဒီအခါမှာ 'အောက်ခြေ' ရယ်လို့ ကင်ပွန်းတပ်ခံရတဲ့ ပညာရေးဝန်ထမ်းတွေ သစ်တောဝန်ထမ်းတွေ တရားရေးဝန်ထမ်းနဲ့ ကျန်းမာရေး ဝန်ထမ်းတွေအပြင်၊ ပျားမွေးမြူရေး ဝန်ထမ်းတွေကအစ အတူ စကားပြောရင်း၊ ဆွေးနွေးရင်းနဲ့ လက်တွေ့ဘဝထဲမှာ ယောင်လည်လည်တောင် ဖြစ်ခဲ့ရပါတယ်။

ယောင်လည်လည်ဆိုတာက သတင်းစာက ပြောတာတွေ၊ တချို့သော လူကြီးမင်းများ ပြောတာတွေဟာ ဝန်ထမ်းလောကက လူတွေ ပြောတာနဲ့ ဝိရောဓိဖြစ်နေပြီး တစ်ခါတစ်ရံ ရယ်စရာတောင် ဖြစ်နေလို့ပါပဲ။

သူတို့ကပြောပါတယ်၊ အောက်ခြေက မပြောင်းသေးဘူးလို့ အပေါ်ကနေ အသံကောင်း ဟစ်လိုက်တော့ ပြောနေတဲ့ အပေါ်က လူတွေကတော့ ပြောင်းပြီးသွားသလိုလို ထင်စရာကြီး ဖြစ်နေပါတယ်တဲ့။

တကယ်ဆိုရင် 'အဘ' လို့ မခေါ်ရတာကလွဲလို့ အရင်အတိုင်းပါပဲတဲ့။ အသားမှုန့် ကြော်ငြာထဲကလို 'အဘလက်ရာ အတိုင်းပါပဲလား' လို့ပဲ ပြောချင်ပါတယ်တဲ့။

တိုင်းမြို့ကြီး တစ်မြို့မှာ ဝန်ကြီးတစ်ပါး တိုင်းခန်း လှည့်လည် ကြွချီတော်မူလာတော့ ဝန်ကြီးက သူ့စရိတ်စကတွေအတွက် ငွေကျပ်တစ်သိန်း ချီးမြှင့်သတဲ့။ ဒါပေမဲ့ သူကြွမြန်းရာ တစ်လျှောက်နဲ့ 'ခင်နှာ' လို့ခေါ်တဲ့ ညစာပွဲတော်ကြီး ကျင်းပရတဲ့အတွက် တကယ်

ကုန်ကျသွားတာက သုံးသိန်းခွဲ လေးသိန်းလောက်ဆိုတော့ သူ့ရဲ့ဆိုင်ရာဌာနက နှစ်သိန်းခွဲ သုံးသိန်းစိုက်ကြရသတဲ့။ လိုအပ်တဲ့ငွေကိုတော့ ဖွတ်ကျော့ပြာစု ဝန်ထမ်းလေးတွေဆီက ဆက်ကြေးတောင်းသလို သူတို့ လူကြီးတွေက ကောက်ယူတာမို့ ခင်နှာဆိုရင် 'ရင်နာ' ကြရပါသတဲ့။ ဒါ့အပြင် ဝန်ကြီးကတော် အတွက်ပါ အထုပ်တွေ အပိုးတွေနဲ့ ကားချင်းတော့ လူချင်းတော့ပြီး ပဏ္ဏာတော် ဆက်သကြရပါသတဲ့။ ဒီအပို ဆာဒါးတွေက တချို့ကလည်း ဝန်ကြီးဆန္ဒကြောင့်၊ တချို့ကလည်း ဌာနဆိုင်ရာ လူကြီးတွေက ဖော်လံဖားပြီး လုပ်တာလို့ ထင်ကြေး ပေးကြသတဲ့။ ဘယ်သူကြောင့် ဘာကြောင့် ဖြစ်စေ ပြည်သူတွေ ဒီလောက် ဆင်းရဲမွဲတေနေချိန်မှာတော့ ခင်နှာပွဲ ခြိမ့်ခြိမ့်သဲကြီး မလုပ်သင့်ဘူးလို့ မြင်တယ်ဗျာ။

## နာမည်တောင် ပြောင်းရသတဲ့

နောက်ဝန်ထမ်းတစ်ယောက်က ဝင်ပြောတယ်။ ခု မကြာသေးခင်ကပဲ ဒီလို အဘတို့ရဲ့ ကျိန်စာသင့်သွားတဲ့ ဝန်ထမ်းတစ်ယောက် အကြောင်းပါ။ သူတို့ဌာနက ဝန်ထမ်းလေးမျာ ကံဆိုးချင်တော့ သူတို့ဌာနရဲ့ အကောင်၊ အဆင့်မြင့် ပုဂ္ဂိုလ်ကြီးရဲ့ နာမည်နဲ့ သုံးလုံးစလုံး သွားတူနေတာဗျ။ ထပ်ပြီး ကံဆိုးချင်တော့ ဆိုပါတော့ဗျာ။ နာမည်က 'ပြုံးမောင်မောင်' ထားပါတော့။ နယ်လာဆင်းတဲ့ ညွှန်ချုပ် ဦးပြုံးမောင်မောင်နဲ့ မလှမ်းမကမ်းမှာ ဝန်ထမ်းလေး ပြုံးမောင်မောင်ကို သူ့ အထက်အရာရှိက ကြိမ်းမောင်းတာ ကြားသွားသတဲ့။ 'ဟေ့ကောင် ပြုံးမောင်မောင်၊ မင်း ဦးနှောက်က ချေးစားတဲ့ ဦးနှောက်လားကွ' တဲ့။ ဦးပြုံးမောင်မောင်က မကြားချင်ယောင် ဆောင်နေပေမယ့် စိတ်ထဲကတော့ အနာပေါ် တုတ်ကျတာပေါ့ဗျာ၊ အစ ကတည်းကမှ သူ ဦးဆောင်နေတဲ့ ဌာနက မအောင်မြင်တဲ့ကြားထဲ။ နောက်တစ်ပတ် ဝန်ထမ်းလေး ပြုံးမောင်မောင် တစ်ယောက် ချင်းပြည်နယ်ကို မြန်းစားကြီး အပြောင်း ခံရတယ်တဲ့။

(စကားစပ်မိလို့ ပြောရရင် အပြစ်ရှိတယ်လို့ ယူဆတဲ့ အပြစ်သား ဝန်ထမ်းတွေကို ပြည်နယ်ကိုပို့တာ သက်ဆိုင်ရာ ပြည်နယ်သားတွေက မကြိုက်ဘူးတဲ့ဗျ။ သူတို့ပြည်နယ်ကို နှိမ့်ချဆက်ဆံတယ်လို့ ခံစားရပါတယ်တဲ့)

ဝန်ထမ်းလေး ပြုံးမောင်မောင်ဟာ ပြည်မကို ပြန်ရွှေ့ပေးဖို့ နှစ်စဉ် တောင်းပန် လျှောက်ထားရောမှာ နှစ်စဉ် ပယ်ချခံရပါတယ်တဲ့။ ဒါနဲ့ အလယ်အလတ်က လူကြီးတွေက သနားပြီး အကြံပေးတယ်။ 'မင်းတော့ နာမည်ပြောင်းမှ ပြန်ရွှေ့လာလို့ရမှာ' ဆိုတော့ နာမည် တကယ် ပြောင်းလိုက်ရပါတယ်။ ပြောင်းတဲ့ နှစ်မှာပဲ ပဲခူးတိုင်းဘက် ပြန်ပြောင်း ခွင့်ရတယ်တဲ့။ ဒါပေမဲ့ တစ်ရက်မှာ သူ့ရဲ့ မူရင်းနာမည် ပြုံးမောင်မောင်ကို ဦးပြုံးမောင်မောင် က မတော်တဆ တွေ့သွားပြီး ချင်းပြည်နယ်လောက် မဝေးတဲ့ တိုင်းတစ်တိုင်းကို ပြောင်းပစ် လိုက်တယ်တဲ့ဗျာ။ အံ့ဩလွန်းလို့။

## မပြောင်းရေးချ မပြောင်း

ဒါကိုကြည့်ရင် အထက်ပုဂ္ဂိုလ်တွေဟာ အကျင့်စရိုက်ကော စားတာသောက်တာကော

နည်းနည်းလေးမှ မပြောင်းတာ တွေ့ရပါတယ်။ အာဏာရှင်ခေတ်က ပေါ်ပေါ်ထင်ထင် လုပ်တယ်။ အခု မထင်မရှား လုပ်တယ်၊ ဒါပဲ ကွာပါတယ်။

ခုထိ လူကြီးတွေလာရင် (လက်ငင်း မပါရင် အကြွေးနဲ့) ဆီလိုက်ထည့်ပေးရတယ်။ လိုက်ကျွေးရမွေးရတယ်။ ဒီကုန်ကျစရိတ်တွေကို ကိုယ့်လစာနဲ့ကိုယ်တောင် မစားလောက်တဲ့ ဝန်ထမ်းက ဘယ်လို ပြန်ရှာရမလဲ။ လာဘ်စားရပြီပေါ့။

သူတို့ရဲ့ ကုန်ကျစရိတ်တွေ ကုပ်သွေး စုပ်တာတွေလည်း မခံချင်ဘူး၊ လာဘ်လည်း မစားချင်ဘူးဆိုရင်တော့ ဌာနရဲ့ ချောင်အကျဆုံးနေရာ ဘယ်သူမှ မသွားချင်တဲ့ နေရာတွေ အပို့ခံရတယ်တဲ့။

နောက်ထပ် မပြောင်းလဲသေးတာက မိုးပေါ်က ကျလာသလို ဘယ်က ရောက်လာမှန်းမသိ၊ ဘာမှမတတ်တဲ့လူတွေက ဌာနတစ်ခုလုံးကို သိချင်ယောင် တတ်ယောင်ကား လုပ်ပြီး ဟိန်းဟောက်ခြောက်စား လုပ်နေတာတွေ တော်တော် ခံစားကြရပါတယ်တဲ့။ ဌာနနဲ့မဆိုင်တဲ့ စည်းကမ်းတွေ တီထွင် နှိပ်စက်တာလည်း ခံကြရပါတယ်တဲ့။

ဒီစကားကို သစ်တော ဦးစီးဌာနက ဝန်ထမ်းတစ်ယောက်က ထပြီး ထောက်ခံပါတယ်။ သူကတော့ 'ဝန်ထမ်းကျင့်ဝတ်' ထဲက 'ဝန်ထမ်း၏ ဝန်ထမ်းမှုဆိုင်ရာ ခံစားခွင့်များ' ဆိုတဲ့ အထဲက ခံစားခွင့်တစ်ခု ဖောက်ဖျက် ခံနေရတာကို ထောက်ပြပါတယ်။ ပုဒ်မ ၉ ပိုဒ်ခွဲ (ဂ) မှာ နှစ်တိုး ခံစားခွင့် ဖွင့်ဆိုချက်က 'ချီးကျူးလောက်သောဖြစ်ရပ်ကို မရှိပါက အချိန်စေ့သည့်အခါ နှစ်တိုး ခံစားခွင့်ရှိသည်' လို့ ဆိုထားပါတယ်တဲ့။

ဒါပေမဲ့ သူတို့ရဲ့အထက်လူကြီးကတော့ ဌာနတစ်ခုလုံးက ဝန်ထမ်းတွေ ဖဟိုဝန်ထမ်းတက္ကသိုလ်မှာ (ဇေယျ-၁၄ ပတ်) မတက်ရသေးသူများကို နှစ်တိုး မပေးဘူးလို့ ဥပဒေပေါ်မှာ ဥပဒေဆင့်ပြီး ထွင်လုံးလုပ်လိုက်တော့ ဝန်ထမ်းအားလုံး စိတ်ပျက် ဒေါသထွက်ကြရပါသတဲ့။ ဖဟို ဝန်ထမ်းတက္ကသိုလ် ဆိုတာကလည်း ကိုယ်တက်ချင်တိုင်း တက်လို့မရလို့ ဖြစ်ပါတယ်။ ဟိုလူက ဟိုအမိန့်ထုတ် ဒီလူက ဒီအမိန့်ထုတ် ဝန်ထမ်းတွေကို တမင်နှိပ်စက်ဖို့များ လွှတ်လိုက်တာလားလို့တောင် အောက်မေ့နေကြရပါသတဲ့။ ဝန်ထမ်းဆိုတာကလည်း နှစ်တိုးလေး တစ်ထောင် နှစ်ထောင်လောက်ပဲ သူတို့ ဘဝမှာ မျှော်စရာရှိပါတယ်တဲ့။

ဝန်ထမ်းတွေ ဘယ်လိုခံစားနေကြရသလဲမေးရင် အခု လွှတ်လပ်ပွင့်လင်းတဲ့ စာနယ်ဇင်းတွေကလည်း အောက်ခြေဝန်ထမ်းတွေကို မီးမောင်း ထိုးပြနေပြီ။ ပြည်သူကလည်း လက်ညှိုးထိုး။ အထက်အရာရှိကြီးတွေကလည်း၊ သူတို့ကို လက်ညှိုးထိုး ကြားထဲမှာ ညပ်ပြီး စိတ်ဓာတ် ပျက်ပြား နေကြပါတယ်။

တချို့ ဌာနတွေမှာတော့ ခေတ်ပြောင်းတာတောင် သူတို့နဲ့မဆိုင်သလို မသိကျိုးကျွန်ပြုပြီး အထက်နဲ့ အောက် အပေးအယူမျကြ၊ ကြိတ်ပုန်းခုတ်ကြနဲ့ အရှိန်အဟုန် မပျက် ချီတက်ကြဆဲလို့ သိရပါတယ်။

## ဘယ်သူမှ မပြောင်းရင် တို့ပြောင်းရတော့မယ်

ဌာန အများစုမှာ အထက်ပုဂ္ဂိုလ်တွေက အောက်ခြေ ဝန်ထမ်းတွေ မပြောင်းလဲဘူးလို့ လက်ညှိုးထိုးတယ်။ အောက်ခြေ ဝန်ထမ်းတွေကလည်း အထက်ပုဂ္ဂိုလ်တွေ အနေအကျင့် အစားအသောက် မပြောင်းလဲဘူးလို့ ပြောတယ်။ တကယ်တော့ အထက်ကော အောက်ကော မပြောင်းလဲသေးတာ ပြည်သူတွေ မြင်တွေ့နေရပါတယ်။

ဒီလိုဆိုတော့ ဘယ်သူမှ မပြောင်းလဲကြရင် ပြောင်းလဲရမှာက ပြည်သူတွေ ဖြစ်ပြီး ပိုဆင်းရဲတဲ့ဘဝကို ပြောင်းကြရမှာ ဧကန်ဖြစ်နေပါတယ်။

နောက်ထပ် မပြောင်းလဲတာလေးတစ်ခုကို ဟိုတယ် ပိုင်ရှင်တစ်ယောက်က စာရွက်ကလေး ထုတ်ပြရင်း ပြောပါတယ်။ လာမယ့် အရေးတောင် အာရ အားကစားပွဲတော် ရန်ပုံငွေဆိုပြီး ဘယ်ဇုန်က ဘယ်လောက် ပေးရမယ်။ ဟိုတယ်ဇုန် အားလုံးအတွက် ထည့်ဝင်ရမယ့်ငွေက ကျပ်သိန်း ၅၄၀ ဆိုတာ စာရွက်ကလေးမှာ အထင်းသား ဖော်ပြထားပါတယ်။ စိတ်ညစ်တာလည်း မျက်နှာမှာ အထင်းသားပေါ့ဗျာ။

တခြား ဝန်ထမ်းတွေကလည်း ညအချိန်မတော်အထိ တယ်လီဖုန်း (လူကြီးဆီက) စောင့်ဖို့ ဂျူတီချခံရတဲ့ကိစ္စဟာ အလုပ်သမားအခွင့်အရေး ချိုးဖောက်တာပဲလို့ ပြောပါတယ်။ နောက်တစ်ယောက်ကတော့ လူကြီးတွေ အတွက်ကတော့ ဝိတ်ရက်တောင်မရှောင် ခရီးထွက်တာ စစ်ဆေးရတာ ပျော်စရာပါတဲ့။ ဆင်သွားရင် လမ်းဖြစ်တာကိုး။ သူတို့အတွက်ကတော့ နားရက်မှာ မနားရတော့ဘဲ အထက်ဖား အောက်ဖိတဲ့ လူမကြီးတကြီးတွေရဲ့ မတရား ခိုင်းစေမှုကြောင့် ကိုယ်ပိုင်အချိန်ဆိုတာ မရှိတော့ပါဘူးလို့ ပြောကြတယ်ဗျာ။

■ ပြည်သူ့ခေတ်ဂျာနယ်
အတွဲ ၃၊ အမှတ် ၁၂၀

# အံ့ဩလွန်းလို့ သေတော့မယ်

**လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေး ကော်မတီ**

ကြိုဆိုပါတယ်။ ဒါပေမဲ့ မှတ်မိပါသေးတယ်။ န.ဝ.တ ခေတ်ကာလ ရုံးတွေမှာ စာတန်းနှစ်ခု ကပ်ကြရပါတယ်။ တစ်ခုက 'တိကျ၊ မှန်ကန်၊ မြန်ဆန်' ဖြစ်ပြီး နောက်တစ်ခုက 'လာဘ်ပေးရန်မလို' ဆိုတဲ့ စာတန်းနှစ်ခုတွေတော့ ပြည်သူတွေ အားတက်ဝမ်းသာ ဖြစ်ကြပါတယ်။ ရုံးတွေမှာ လာဘ်မပေးကြရတာဟာ မြန်မာပြည်သူတွေအတွက် အံ့ဖွယ် တစ်ပါးပါပဲ။ ကိုယ်က လက်ဖက်ရည်ဖိုး ဆိုပြီး ပေးမိရင်တောင် ရုံးဝန်ထမ်းတွေက လက်ကလေး တကာကာနဲ့ ငြင်းပါတယ်။ တကယ့်ကို မင်္ဂလာကျက်သရေ ရှိလိုက်တာ။ ဒါပေမဲ့ တစ်လနှစ်လလောက်ပဲ ခံပါတယ်။ အရင်ကထက်တောင် လောဘတကြီး တောင်းတယ်။ သဒ္ဓါသလောက် မဟုတ်တော့ဘဲ ပြည်သူတွေရဲ့ စည်းစိမ်ကို အကျပ်ကိုင်ပြီး လုယက်သလို ဖြစ်လာပါတယ်။ လူတွေက စာတန်းတွေကို ပြောင်ပြောင်လာပါတယ်။ 'တိကျ၊ မှန်ကန်၊ မြန်ဆန်' အစား 'ပေးကြ၊ မြန်မြန်၊ အကြံအဖန်' နဲ့ 'လာဘ်ပေးရန် မလို' အစား 'လာဘ်ပေး။ ရန်မလို' လို့ ပြောင်ပြောင်ကြတာပါ။ ဘာကြောင့် ဒီလို ဖြစ်သွားရတာလဲ သုံးသပ်တော့ လူကြားကောင်းအောင် လူမြင်ကောင်းအောင် ဟန်ပြတာဖြစ်ပြီး အစိုးရအနေနဲ့ စိတ်ရင်းစေတနာ မပါလို့ပါပဲ။

ခုလည်း ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့စွဲနဲ့ လာဘ်ပေးလာဘ်ယူမှု အရေးယူ ဆောင်ရွက်ရေး ကော်မတီ ဖွဲ့စည်းတဲ့အကြောင်း နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာ

အမှတ် ၉/၂၀၁၃ နဲ့ ထွက်လာပါတယ်။ ပြည်သူတွေ နောက်တစ်ကြိမ်ထပ်ပြီး ဝမ်းသာကြရပြန်ပါတယ်။

လာဘ်ပေးလာဘ်ယူတာတွေ ပြည်သူ့ဘဏ္ဍာထဲက ခိုးယူတာတွေ၊ စီမံကိန်းတွေ ချပေးပြီး ဖြတ်ယူတာတွေ စာချုပ်ချုပ်ရင် စားပွဲအောက်က ပေးကြရတာတွေ၊ တရားခံကို လွတ်အောင် ပိုက်ဆံယူပြီး အကြံပေးတာတွေ၊ သက်သေခံ ပစ္စည်း ဖျောက်ပစ်တာတွေ၊ ဆေးစစ်ချက်ကို အမှန်အတိုင်း မပြတာတွေ၊ ဆင်းရဲတဲ့ ကျောင်းသားကလေးတွေ အိတ်ကပ်က နှိုက်ယူတာတွေ၊ တာဝန်နဲ့ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပြီး ပြည်သူ့ဆီက ညှစ်တာတွေ၊ ပြည်သူ့ပိုင်ပစ္စည်း ရောင်းစားတာတွေ၊ ဝန်ထမ်း၊ အပြောင်းအရွှေ့နဲ့ နေရာကောင်းရဖို့ ဝန်ထမ်းတွေက လူကြီးကို လာဘ်ထိုးရတာတွေ၊ တချို့ နာမည်ကြီး ကျောင်းတွေမှာ ကျောင်းသား ကျောင်းဝင်ခွင့်ရဖို့ မိဘတွေက ကျောင်းဝင်ခွင့်ကိုင်ထားတဲ့ လူကြီးကို သိန်းဆယ်ချီပြီး လာဘ်ပေးရတာတွေ၊ အမြတ်ခွန်တွေ သက်သာဖို့ စံချိန်စံညွှန်း မကိုက်ညီတဲ့ ကုန်ပစ္စည်းကို ထုတ်ခွင့်ရဖို့၊ အလုပ်ရဖို့ မရေမတွက်နိုင်အောင် လာဘ်ပေး လာဘ်ယူမှုတွေ အသွင်သဏ္ဌာန်အမျိုးမျိုး ပုံသဏ္ဌာန် အမျိုးမျိုးနဲ့ 'လာဘ်ယဉ်ကျေးမှုကြီး' အမြစ်တွယ်ပြီး အကြီးအကျယ် ထွန်းကားနေပါတယ်။

## ပုဂ္ဂလိက လုပ်ငန်းတွေလည်း စားတယ်

ဒီလာဘ်ယဉ်ကျေးမှုကြီးက ပုဂ္ဂလိက ကဏ္ဍတွေထိပါ ကူးစက်ပြန့်ပွားနေပါတယ်။ ပုဂ္ဂလိက လုပ်ငန်းတွေက လာဘ်စားတယ်ဆိုတာ မထင်စရာပါ။ ဒါပေမဲ့ နယ်မြို့တစ်မြို့မှာ ပုဂ္ဂလိက ဘဏ်တွေက ဖွင့်တော့ မြို့ခံတွေ အလုပ်လျှောက်ကြတာပေါ့။ အလုပ်ခန့်ဖို့ ရန်ကုန်က လာတဲ့ (ဝန်ထမ်း ရွေးချယ်ရေးကျင့်ရေးလို အဖွဲ့) အဖွဲ့ကို အလုပ်ရဖို့ ငါးသိန်းကနေ ဆယ်သိန်း လာဘ်ထိုးကြရတယ်လို့ ကြားပါတယ်။ သူတို့သူ့ဌေးက ဒီလူ ခန့်လိုက်ပါလို့ မှာသွားတာတောင် ငွေမထိုးရင် ပြောင်ပြောင်တင်းတင်း ငြင်းသတဲ့ဗျာ။ အလုပ် အင်တာဗျူး မေးခွန်းက 'ဘယ်လောက် ပေးနိုင်သလဲ' တဲ့။

## CS2A နဲ့ FL12

လာဘ်ပေးလာဘ်ယူက နေရာတိုင်းမှာကို ရှိနေတာ။

စတိုးဆိုင်ပိုင်ရှင်တစ်ယောက် ပြောပြတာလေးကို နားထောင်ကြည့်ရင် သိမှာပါ။ သူက ဆိုင်မှာ အရက်ဖြူနဲ့ အရက်နီ (နိုင်ငံခြားအရက်) တင်ရောင်းပါတယ်။ အရက်ဖြူက CS2A ခေါ်ပြီး နိုင်ငံခြားအရက်က FL12 တဲ့ဗျ။ အရက်ဖြူ လိုင်စင်က တစ်သိန်းဖြစ်ပြီး နိုင်ငံခြားအရက်လိုင်စင်က ငါးသိန်း ဆောင်ရတယ်။ သူက အရက်ဖြူအတွက် လိုင်စင်ကြေး တစ်သိန်းဆောင်ပြီး နိုင်ငံခြားအရက်ပါ ရောင်းတာဗျ။ သက်ဆိုင်ရာတွေက ဖိဖိစီးစီး စစ်ဆေးခြင်း မလုပ်ရင် စီးပွားရေးသမားကတော့ ဒီလို ရှောင်လေ့တိမ်းလေ့ ရှိပါတယ်။

တစ်နေ့မှာ သူ့ မရှိခိုက် သူ့ဆိုင်ကို လာစစ်ပြီး FL12 ခေါ်တဲ့ နိုင်ငံခြားအရက်လိုင်စင် လုပ်မထားတဲ့အတွက် ဆိုင်မှာရှိသမျှ နိုင်ငံခြား အရက်အားလုံးကို ရဲစခန်းက သိမ်းသွားပါတယ်။ ဒီမှာတင် လာဘ်ပေးလာဘ်ယူ ဇာတ်လမ်းရှည်ကြီး စတော့တာပါပဲ။

သူ့ (ဆိုင်ရှင်)က သိသိချင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ ရဲစခန်းက သက်ဆိုင်ရာ တာဝန်ကျကို သုံးသောင်းစီ ပေးလိုက်တယ်။ နေ့မကူးဘဲ အဲဒီနေ့ ညနေမှာပဲ သိမ်းထားတဲ့ အရက်ပုလင်းတွေ အားလုံးနီးပါးကို ဆာလာအိတ်နဲ့ ထည့်ပြီး ပြန်ပို့ပေးတယ်တဲ့။ လေးငါးပုလင်းလောက်ပဲ စာရင်းကို လိမ်ပြလိုက်တာပါ။

ဥပဒေကို လိုသလို လုပ်နေကြတာပါ။ အရပ်ထဲက ချာတိတ်တစ်ယောက်ကို ပိုက်ဆံပေးပြီး (အငှားတရားခံ) ဆိုင် အလုပ်သမားဆိုပြီး ပြကြပါတယ်။ သူ့ဆိုင်မှာ သူ မရှိခိုက် အလုပ်သမားက ရောင်းမှားဝယ်မှား ဆိုပြီး ဇာတ်လမ်းဆင်ပါတယ်။

## ဥပဒေ အထက်မှာ

အခု အမှုက တရားရုံးကို ရောက်သွားပါပြီ။ တရားသူကြီးနဲ့ မတွေ့ခင်မှာ ရုံးစာရေးမနဲ့ ဝန်ထမ်းတွေကို တွေ့ပြီး သူ့ဈေးနဲ့ သူ ရှင်းပေးလိုက်ပါတယ်။ နောက်တစ်ဆင့်အနေနဲ့ တရားသူကြီးနဲ့တွေ့ပြီး ဆွေးနွေးခွင့် ရသွားပါတယ်။ အဲ တရားသူကြီးကလည်း သူ့ပေါက်ဈေးနဲ့သူပါ။

တရားသူကြီးကို ပေါက်ဈေးနဲ့ ရှင်းပြီးတဲ့အခါမှာ တရားသူကြီး ပေးလိုက်တဲ့ အကြံအတိုင်း ဆက်လုပ်ပါတယ်။

ဒီနေရာမှာ 'ကြီးတဲ့အမှု ငယ်စေ၊ ငယ်တဲ့အမှု ပပျောက်စေ' ဆိုတဲ့ စကားနဲ့ မရောထွေးစေလိုဘူးဗျာ၊ ဥပဒေ ချိုးဖောက်သူတစ်ယောက်ဟာ သူ ကျူးလွန်တဲ့ ပြစ်ဒဏ်ကတော့ မလွတ်မြောက်စေသင့်ဘူးပေါ့ဗျာ။ ခုတော့ လာဘ်စားပြီး ကြီးတဲ့အမှုကော ငယ်တဲ့အမှုကော ပျောက်အောင် လုပ်လိုက်ကြတော့ ဥပဒေ အထက်မှာ ဘာရှိလဲဆိုတဲ့ မေးခွန်းရဲ့ အဖြေထွက်လာပါတယ်။ ဥပဒေရဲ့ အထက်မှာ ငွေနဲ့ အာဏာ ရှိနေပါတယ်။

တရားသူကြီးက တရားခံကို ပြစ်ဒဏ်ပေးရမယ့်အစား လာဘ်ငွေရတဲ့အတွက် ဥပဒေကို လက်တစ်လုံးကြားရှောင်ဖို့ အကြံပေးပါတယ်။ ဥပဒေမျက်နှာကို မကြည့်ဘဲ ငွေမျက်နှာကို ကြည့်သွားတာပါ။

တရားသူကြီးပေးတဲ့ အကြံကို ကြည့်ပါ။

ဆိုင်ရှင်ဟာ FL12 (နိုင်ငံခြားအရက်)အတွက် လိုင်စင်ဆောင်မထားပေမယ့် ပြီးခဲ့တဲ့ တစ်လလောက်က လျှောက်ထားခဲ့တယ်လို့ **Back Date** (နောက်ကြောင်း ရက်စွဲ)နဲ့ အထောက်အထားတွေ စာရွက်စာတမ်းတွေ လုပ်ရမှာပါ။ ဘယ်လိုနည်းနဲ့ လုပ်ရမှာလဲဆိုတော့ လာဘ်ပေးလာဘ်ယူနည်းနဲ့ လုပ်ရမှာပါ။ တရားသူကြီးပေးတဲ့ အကြံပါဗျာ။ တရားခံနဲ့ ထမင်းအတူစား အရက်အတူသောက်ကြရင်း ပေးတဲ့ အကြံ ဖြစ်ပါတယ်။

**Back Date** ဆိုလို့ ကျုပ်တို့နိုင်ငံဟာ ကမ္ဘာမှာ ရှာမှရှားတဲ့ နိုင်ငံဖြစ်တယ်ဗျ။ ဘယ်ရုံးက ဘယ်ခုနှစ်ရက်စွဲပါတဲ့ စာရွက်စာတမ်း လိုချင်သလဲ သူ့ဈေးနဲ့သူ မှုရင်းရအောင်

လုပ်ပေးမှာပါ။ ကျုပ်ရဲ့ ဂရန်မူရင်းကို ပေါင်ပြီး မချေးတော့ဘူးဗျာ။ နောက်ထပ် မူရင်းဂရန် ထုတ်ယူမယ်။ ရတယ်ဗျာ။ လာဘ်ပေးလာဘ်ယူကိစ္စက လိုက်စားနေတော့ အုပ်ချုပ်ရေး ယန္တရားမှာ မူလီတွေ ချောင်ပြီး မလည်ပတ်နိုင်တော့ဘူး။ အစိုးရရုံးတွေရဲ့ တန်ဖိုးက ပျောက်ကွယ်နေပါတယ်။ စီးပွားရေး လုပ်ငန်းတွေမှာလည်း ယုံကြည် စိတ်ချရမှု ပျောက်ဆုံးပြီး လည်သူစားတမ်းစနစ် ဖြစ်နေတယ်။ ရိုးသားစွာ ယှဉ်ပြိုင်ရင် နောက်မှာ ကျန်ခဲ့မယ်ဆိုတဲ့ သဘောပါပဲ။ ဒါကြောင့် တစ်နိုင်ငံလုံးဟာ မရိုးသားမှုတွေနဲ့ ယှဉ်ပြိုင်ရင်း အသက်မွေးနေကြပါတယ်။ ဥပဒေရဲ့ အခန်းကဏ္ဍကို လျစ်လျူရှုပြီး မေ့လျော့နေကြပါတယ်။

စောစောကဆိုင်ရှင် (တရားခံ)ဟာ FL12 (နိုင်ငံခြား အရက်) လိုင်စင် လျှောက်ထားဆဲ ဖြစ်ကြောင်းကို သက်သေပြဖို့ စာရွက်စာတမ်းအစစ်ကို နောက်ကြောင်းပြန် လုပ်မယ်ဆိုရင် လေးနေရာလေးဌာန ဖြတ်သန်းရပါမယ်။ ရပ်ကွက်ရုံး၊ ရဲစခန်း၊ ထွေအုပ်ရုံးနဲ့ ယာစ်မျိုးရုံးပါ။ တရားသူကြီး အကြံပေးတဲ့အတိုင်း ဆောင်ရွက်လိုက်တာ အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပါတယ်။

သူဟာ FL12 (နိုင်ငံခြားအရက်) လိုင်စင်ကို မလျှောက်ထားဖူးဘဲနဲ့ လွန်ခဲ့တဲ့ တစ်လလောက်က လျှောက်ထားခဲ့တဲ့ အကြောင်း ရုံးတွေရဲ့ ဖိုင်တွဲထဲမှာ အခိုင်အလုံ ရောက်သွားခဲ့ပါပြီ။ ကိုင်း ဘာတတ်နိုင်သေးလဲ။ ခုံရုံးဖွဲ့ပြီး စစ်ရင်တောင် ဟာကွက်တွေမှာ မဟုတ်ပါဘူး။

အခုဆိုရင် ဆိုင်အလုပ်သမားဆိုပြီး အငှားတရားခံလည်း ရှိထားပြီ။ ဒီအလုပ်သမားက အလုပ်ဝင်ကာစမို့ မသိလို့ နိုင်ငံခြားအရက်တွေကို ဝယ်ဖို့ လက်ခံထားမိပါတယ်။ နောက်ပြီး ဆိုင်ရှင်ဟာ နိုင်ငံခြား အရက်လိုင်စင် လျှောက်ထားဆဲ ဖြစ်တဲ့အတွက် ရိုးသားတဲ့ စေတနာလည်း ရှိတယ်။ တရားသူကြီးကိုလည်း ပေးပြီးပြီ။ အစကတည်းက လွှတ်ချင်နေတာဆိုတော့ 'လွှတ်စေ သတည်း။ လွှတ်စေ သတည်း' ပေါ့ဗျာ။ တစ်ခါတုန်းက ပုံပြင်ပါ။

## ကြုံဆိုပါတယ် ဒုသမ္မတကြီး

လာဘ်ပေးလာဘ်ယူမှု အရေးယူ ဆောင်ရွက်ရေး ကော်မတီ ဖွဲ့စည်းရာမှာ ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတကြီး ဒေါက်တာ စိုင်းမောက်ခမ်းက တာဝန်ယူမှာဖြစ်လို့ ကြုံဆိုလိုက်ပါတယ်။ ဒုသမ္မတကြီးကို ရှုမြင်ရတာ ပကာတိ ရိုးသားဖြူစင်တယ်လို့ ထင်မိပါတယ်။ နောက်ကြောင်း ရှင်းလင်းပြီး အရှိကို အရှိအတိုင်း သုံးသပ်သူ အရပ်သားတစ်ဦး ဖြစ်ပါတယ်။ ဒု သမ္မတကြီးရဲ့ မိန့်ခွန်းတစ်ခုမှာ ဌာနဆိုင်ရာတွေနဲ့ ပတ်သက်လို့ ဌာနနဲ့ မဆိုင်သူတွေ မကျွမ်းကျင်သူတွေကို အရေးပါတဲ့ နေရာမှာ ခန့်အပ်ခြင်းကို ဝေဖန်သုံးသပ်ထားတာ ပြည်သူတွေ အားရကျေနပ်စွာ ထောက်ခံခဲ့ကြပါတယ်။ ဒါပေမဲ့ ဒုသမ္မတကြီးပြောတဲ့ အထက်က ပိတ်ဆို့မှုတွေဟာ ခုထိ ရှိနေတုန်းပါပဲ။

လာဘ်ပေးလာဘ်ယူမှုကို ဘယ်လို အရေးယူ ဆောင်ရွက်ကြမယ်ဆိုတာ စိတ်ဝင်စားစရာပါ။ တိုင်လာမှ အရေးယူမှာလား။ မတိုင်တဲ့ ကိစ္စတွေကော...။ ကျောင်း သင်ခန်းစာတွေထဲမှာ လာဘ်စားတဲ့ လူတွေကို ကလေးတွေ အားမကျဘဲ ရွံရှာစက်ဆုပ်လာဖို့ ထိထိ

ရောက်ရောက် သင်ကြားဖို့ အစီအစဉ်ရှိလား။ လတ်တလော လက်ပူ တိုက်ရုံပဲလား။ နောင် အနာဂတ်မှာ လာဘ်ပေးလာဘ်ယူ လုံးဝ ပပျောက်ရေး ဘယ်လို ဆောင်ရွက်မလဲ။ ပြီးခဲ့တဲ့ လာဘ်စားမှုတွေအပေါ် ဘယ်လို သဘောထားပါသလဲ။ တစ်နိုင်ငံလုံး သိပြီး အောချရလောက်အောင် လာဘ်စားခဲ့လို့ ကျိုကျိုတက် ချမ်းသာတဲ့ ဘီလီယံနာကြီးတွေကို နောက်ကြောင်းပြန် အရေးမယူဘူးလား။ ပေးအပ်ထားတဲ့ ဘွဲ့ထူး ဂုဏ်ထူးတွေကို လွှသိရုပ်ကြား မရုပ်သိမ်းဘူးလား။ သူတို့ကို ခုခေတ် လူငယ်တွေက အားကျအတုယူရမှာလား။

အရင်အရင် လုပ်ရပ်တွေလို ဟန်ပြရုံသက်သက် မဟုတ်ဘဲ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်ပေးဖို့ တောင်းဆိုပါတယ်။ ခုသမ္မတကြီးအနေနဲ့ အရည်အချင်းရှိရှိ အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ရင်း အားပေးလိုက်ကြောင်းပါဗျာ။

■ **ပြည်သူ့ခေတ်ဂျာနယ်**

**အတွဲ ၃၊ အမှတ် ၁၂၉**

# အံ့ဩလွန်းလို့ သေတော့မယ်

## လွှတ်တော်နဲ့ ဒေါက်တာဆိတ်ဖွား

လွှတ်တော်မှာ အရေးကြီးအဆို တင်သွင်းရလောက်တဲ့ အထိ အရေးပါတဲ့အတွက် ဒေါက်တာဆိတ်ဖွားရဲ့ Above the Law ကို အင်တာနက်မှာ ဖတ်ကြည့်ရပါတယ်။ ဒေါက်တာ ဆိတ်ဖွားရဲ့ ဝေဖန်ချက်ဟာ ဒီလောက်အထိ ကိုယ်စားလှယ်ကြီးများ အချိန်ပေး ဆောင်ရွက်ရလောက်အောင် တိုင်းပြည် အတွက် အရေးမကြီးလှတာကို တွေ့ရပါတယ်။ လွှတ်တော် ဆိုတဲ့ နေရာဟာ အရေးမကြီးတဲ့ ကိစ္စတွေ ကိုယ်ရေးကိုယ်တာ ဆန့်တာတွေ ဆွေးနွေးရမယ့် နေရာ မဟုတ်ပေဘူးဗျာ။

တကယ်ဆိုရင် အရေးကြီးအဆို တင်သွင်းတော့မှ လူတွေ စိတ်ဝင်စားပြီး ဒေါက်တာ ဆိတ်ဖွား နာမည်ကြီးဖို့ပဲ ဖြစ်နေပါတယ်။ အမှန်ကတော့ အင်တာနက်ဆိုတာ သန်းပေါင်း များစွာသော လူသားတွေ ရေးချင်ရာရေး တင်နေတဲ့ စာပလက်ဖောင်းတစ်ခု ဖြစ်တယ် ဗျာ။ ဒါတွေကို လျစ်လျူရှုပြီး နိုင်ငံအတွက် အလွန်အရေးကြီးနေတဲ့ ငြိမ်းချမ်းရေး ကိစ္စမျိုး အတွက် အကြိတ်အနယ် ဆွေးနွေးဆောင်ရွက်ရင် ပိုပြီး တန်ဖိုးရှိမယ် ထင်ပါတယ်။

နိုင်ငံကို ဦးဆောင်နေတဲ့ ပြည်သူ့ကိုယ်စားလှယ်ကြီးများရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို ဘာမှမဟုတ်တဲ့ ဒေါက်တာ ဆိတ်ဖွားအတွက် သုံးလိုက်မယ်ဆိုရင် မတန်ဘူးလို့ မြင်မိ ပါတယ်။

## ဆရာကြီး ဦးသုခရဲ့စကား

'တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ် ဖြစ်ရမည်' ဆိုတဲ့ စကား ရေပန်းစားခဲ့ဖူးပါတယ်။ နှစ်ပေါင်း ငါးဆယ်ကျော်တဲ့တိုင် ငြိမ်းချမ်းရေး မရခဲ့ဖူး။ ငြိမ်းချမ်းတဲ့ နိုင်ငံတစ်ခု အဟုတ် မဖြစ်ခဲ့ဖူးဆိုတော့ 'တကယ်မဖြစ်ချင်လို့ တကယ်မလုပ်၊ အဟုတ်မဖြစ်တော့ပါ' ဆိုတဲ့ သဘောလား တွေးမိပါတယ်။

စစ်ပွဲရှိမှ စစ်တပ်ရဲ့ ဩဇာ အရှိန်အဝါ ရှိမယ်ဆိုတဲ့ သဘောတရားက မှန်ပေမယ့် ငြိမ်းချမ်းတဲ့ နိုင်ငံတွေမှာသာ နိုင်ငံတကာ အဆင့်မီတဲ့ ကြည်း၊ ရေ၊ လေ တပ်မတော် တည်ထောင်နိုင်မှာ ဖြစ်ပါတယ်။ အခုဆိုရင် အာရှနိုင်ငံတွေရဲ့ကြည်းရေလေ တပ်မတော်တွေ ဘယ်လောက်ထိ မယှဉ်သာအောင် တိုးတက် ကွာခြားသွားပြီလဲ သိနိုင်ပါတယ်။ ကျုပ်တို့ရဲ့ တပ်မတော်ကိုလည်း ကျုပ်တို့ အဆင့်မြင့်မြင့် မြင်ချင်ပါတယ်။

## သမ္မတကြီးရဲ့စကား

ဇန်နဝါရီ ၁၉ ရက်နေ့ နေပြည်တော်မှာ ကျင်းပတဲ့ နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံး ကျင်းပတဲ့ ဖိုရမ် 'မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်း ဆောင်ရွက်ရေးဖိုရမ်' မှာတော့ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်က ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ အားတက်ဖွယ်စကားတွေ ပြောကြားသွားခဲ့ပါတယ်။

'စစ်မှန်သော ငြိမ်းချမ်းရေး ရရှိသည်အထိ မိမိ အနေဖြင့် ဆောင်ရွက်သွားမည် ဖြစ်တယ်' လို့ ဆိုပါတယ်။ အမှန်တရားအနေနဲ့ ပြောရရင် ဗမာတိုင်းရင်းသားနဲ့ ကချင် တိုင်းရင်းသား ပြည်သူတွေရဲ့ နှလုံးသားထဲမှာ စစ်မှန်တဲ့ ငြိမ်းချမ်းရေး ရှိပြီးသား ဖြစ်ပါတယ်။ ကြိုက်တဲ့ ဗမာကို မေးကြည့်ပါ။ ကချင်ပြည်နယ်မှာ ဖြစ်နေတဲ့ စစ်ပွဲအတွက် စိတ်ချမ်းသာတဲ့လူ မရှိပါဘူး။ အားလည်း မပေးပါဘူး။ ကြိုက်တဲ့ ကချင်ကို မေးကြည့်ပါ။ ဒီအတိုင်းပဲ အဖြေထွက် မှာပါ။ ဒါပေမဲ့ တကယ် တိုက်ခိုက်နေကြတာ ဗမာစစ်တပ် (KIO ရဲ့ အခေါ်) နဲ့ KIO နှစ်ဦးတည်းပါပဲ။ ကချင်ဘက်ကရော ဗမာဘက်ကရော ပြည်သူတွေ မထောက်ခံတဲ့ စစ်ပွဲတွေပါ။ KIO ဟာ မဆိုင်တဲ့ အရပ်သားတွေကိုပါ တိုက်ခိုက် လာတဲ့အတွက် နိုင်ငံရေး သိက္ခာကျပါတယ်။ ဒီစစ်ပွဲကို ပေါ့ပေါ့တန်တန် သဘောထားရင် မှားပါမယ်။ ကြီးမားတဲ့ ပြဿနာတွေဆီကို ဆွဲခေါ် သွားနိုင်ပါတယ်။ ငြိမ်းချမ်းရေးသည်သာ အဖြေ ဖြစ်ပါတယ်။

တိုးစစ်ဆင် နှိပ်ကွပ်မှသာ ငြိမ်းချမ်းရေး စကားသံတွေ ထွက်လာမယ်။ ဆွေးနွေးပွဲ စကားဝိုင်းကို ခြေကုန်လက်ပမ်း ကျပြီး ရောက်လာမယ်ဆိုတဲ့ အယူအဆက ခေတ်မမီတော့ ပါဘူး။ သမ္မတကြီးရဲ့စကားထဲမှာ 'ယခုအခါ တပ်မတော်က အကန့်အသတ်ဖြင့် ဆောင်ရွက် နေသော စစ်ရေးကိစ္စ ဆောင်ရွက်မှုများ ရပ်ဆိုင်းရန် အမိန့်ပေးထားပြီး ဖြစ်ပါကြောင်း' လို့ပါတဲ့အတွက် ပြည်သူတွေ အားတက်ရပါတယ်။ တပ်မတော်ကို သမ္မတကြီးအနေနဲ့ အမိန့်ပေးလို့ရပါလားဆိုတဲ့ အသိတရားဟာ ပြည်သူအားလုံးအတွက် အားဆေးတစ်ခွက်ပါပဲ။

ထူးဆန်းတာက ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် သတင်း ထုတ်ပြန်ရေး အဖွဲ့ကလည်း သတင်း ထုတ်ပြန်ချက် ၃/ ၂၀၁၃ ကို ထုတ်ပြန်ပြီး ဒီဇင်ဘာ ၂၇ ရက်ကစတဲ့ ပွိုင့် ၇၇၁ တောင်ကုန်း အပါအဝင် လဂျားယန်ဒေသ KIO/KIA စခန်းတွေကို တပ်မတော် စစ်ကြောင်းတွေက ရှင်းလင်း တိုက်ခိုက်မှုကို သတင်း ထုတ်ပြန်ခဲ့ပါတယ်။

## ပြည်သူ့လွှတ်တော်ရဲ့ငြိမ်းချမ်းရေး တိုက်တွန်းချက်

တကယ်တမ်း ငြိမ်းချမ်းရေးအတွက် တိုက်တွန်းခဲ့တာက နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့ ကတည်းက ငြိမ်းချမ်းရေး လိုလားပြီး စစ်ဆန့်ကျင်တဲ့ ပြည်သူတွေ တရားအစွဲအဆို ခံပြီး တိုက်တွန်းခဲ့ကြရရှာတာပါ။ အဲဒီ ကတည်းက ပြည်သူတွေရဲ့ ငြိမ်းချမ်းရေး လိုလားမှုကို အားပေးရမယ့်အစား အစိုးရအနေနဲ့ ဆန္ဒပြခွင့်တွေကို ပိတ်ပင်ခဲ့တာဟာ အလွန် မှားယွင်းပါတယ်။

အခုလို ပြည်သူ့လွှတ်တော်ကတောင် 'စစ်ပွဲတွေရပ်' 'ငြိမ်းချမ်းရေး ဆွေးနွေးပွဲ အမြန်ဆုံးစပါ' လို့ တောင်းဆို နေပြီဆိုတော့ ဆိုခဲ့တဲ့ ဒီတောင်းဆိုချက်အတိုင်း တောင်းဆို ဆန္ဒပြတဲ့ ပြည်သူတွေကို အမှုကနေ ကင်းလွတ်ခွင့် ပြုသင့် ပါပြီ။

ပထမ ဒီဇင်ဘာ ၂၇ ရက်က KIO ကို တပ်မတော်က ထိုးစစ်တွေ ဆင်နွှဲတော့ လွှတ်တော်က အခု ဇန်နဝါရီ ၂၈ ရက်နေ့ကျမှ 'ပြည်သူ့လွှတ်တော်က ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရန်အတွက် ကချင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော KIO/KIA နှင့် အစိုးရတပ်များအကြား ပစ်ခတ်တိုက်ခိုက်မှုများအား ချက်ချင်း ရပ်ဆိုင်းပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ အမြန်ဆုံး စတင် ဆောင်ရွက်ကြရေး တိုက်တွန်းချက်' ကို ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် အားလုံးမှ သဘောမတူသူ မရှိဘဲ ထောက်ခံ အတည်ပြုခဲ့တာ ပါ။

ဒါပေမဲ့ ထိုးစစ်ဆင်တာကတော့ ပြီးသွားခဲ့ပါပြီ သမ္မတကြီးကလည်း စစ်ပွဲရပ်ဆိုင်းဖို့ အမိန့်ပေးတယ်လို့ ပြောထားပါတယ်၊ ရပ်ဆိုင်းသွားပြီးမှ အမိန့်ပေးတာလား ဆိုတာတော့ မရှင်းလင်းပါဘူး။

အားရှိစရာ ကောင်းတာက 'ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် သတင်း ထုတ်ပြန်ရေးအဖွဲ့' သတင်း ထုတ်ပြန်ချက် ၃/ ၂၀၁၃ မှာ 'တပ်မတော်သည် ငြိမ်းချမ်း ရေး စကားဝိုင်းမှတစ်ဆင့် မိမိတပ်စခန်းများကို ရွှေ့ပြောင်းပေးရန် ဆုံးဖြတ်ထားခဲ့သော်လည်း...' ဆိုတဲ့အချက် တစ်ခု ကတော့ ငြိမ်းချမ်းရေးအတွက် ဆန္ဒရှိတယ်လို့ ယူဆရ ပါတယ်။ တပ်စခန်းတွေ ဘယ်ကို ရွှေ့ပြောင်းမယ်လို့တော့ မပါဘူးပေါ့များ။

## သားချင်းတွေရဲ့သဘောထား

၂၀၁၂ ခုနှစ် အောက်တိုဘာလ ၃၀ ရက်က ပထမဆုံးအကြိမ် ပြုလုပ်ခဲ့တဲ့ 'ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ' နဲ့ 'ကချင် လွတ်မြောက်ရေး အဖွဲ့ (KIO) တို့ရဲ့ ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေးပွဲကို ရွှေလီမြို့ ကျင်းချိန် ဟိုတယ်မှာ

ကျင်းပခဲ့ကြပါတယ်။ ဆွေးနွေးပွဲကို နှစ်ဖက်စလုံး တက်ရောက်ကြတာဖြစ်လို့ နှစ်ဖက်လုံးက ငြိမ်းချမ်းရေးအတွက် ဆန္ဒရှိတယ်လို့ ယုံကြည်ကြရပါတယ်။ KIO ဘက်က ၉ ယောက် တက်ရောက်ပြီး KIO ပညာရေး ဌာနတာဝန်ခံ ဦးဆွမ်လွတ်ဂမ်က ဦးဆောင်ပါတယ်။ မြန်မာ အစိုးရဘက်က အဖွဲ့ဝင် ၁၂ ဦး တက်ရောက်ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုဥက္ကဋ္ဌ၊ သမ္မတရုံး ဝန်ကြီးဌာနဝန်ကြီး ဦးအောင်မင်း ဦးဆောင်ပါတယ်။

အားမရှိစရာ တစ်ချက်ကတော့ KIO ဘက်က တပ်ပိုင်းဆိုင်ရာ တာဝန်ရှိသူ ဗိုလ်ချုပ် ဂွမ်မော် တက်ရောက်လာခြင်း မရှိသလို မြန်မာ အစိုးရဘက်က ကာကွယ်ရေး ဝန်ကြီးဌာနက ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးလည်း ဆွေးနွေးပွဲကို မလာဘဲ မူဆယ်မြို့မှာ နေရစ်ခဲ့ပါတယ်။ ဒါကြောင့် စစ်ရေးအရှိန် လျှော့ချရေးနဲ့ ပတ်သက်လို့ မဆွေးနွေးနိုင်ခဲ့ကြပါဘူး။

KIO ဘက်က စစ်ဘက်ဆိုင်ရာ ဗိုလ်ချုပ်ဂွမ်မော် မလာနိုင်တာဟာ အစိုးရက ထိုးစစ်ဆင်နေမှုကြောင့် စစ်ရေး ကွပ်ကဲမှုတွေ လုပ်နေရလို့ပါလို့ ဦးဆွမ်လွတ်ဂမ်က ပြောပါတယ်။

## KIO ဘက်က ဘာလိုချင်တာလဲ

တိုင်းရင်းသား လူမျိုးစုတွေကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဖက်ဒရယ် ပေးဖို့နဲ့ ကိုယ့်လူမျိုးကို ကိုယ် အုပ်ချုပ်ဖို့ KIO ဘက်က ဆန္ဒရှိပါတယ်။

KIO က လက်ရှိကချင်ပြည်နယ် ဝန်ကြီးချုပ်က ကချင်လူမျိုးဖြစ်တာ၊ လွှတ်တော်ထဲမှာ ကချင်လွှတ်တော် ကိုယ်စားလှယ်တွေ ရှိနေတာကို အသိအမှတ် မပြုလိုပါဘူး။ ဒါဟာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မဟုတ်သေးဘူးလို့ ဆိုပါတယ်။ KIO လိုချင်တာက ကိုယ့်ပြည်နယ်ရဲ့ ဥပဒေကို ကိုယ့်ဘာသာ ရေးဆွဲပြဋ္ဌာန်းပြီး အုပ်ချုပ်ချင်တာပါ။

KIO က လက်ရှိ သမ္မတကြီး ဦးသိန်းစိန်ရဲ့ အစိုးရ အပေါ် ပိုပြီး ယုံကြည်မှုရပါတယ်။ 'စစ်အစိုးရလက်ထက် ဆွေးနွေးပွဲဆိုတာက သူတို့ ပြောတာကို လိုက်နာရမယ်၊ ကိုယ့် ဆန္ဒကို ထုတ်ဖော်ခွင့် မရှိဘူး။ အခုကတော့ တစ်ပိုင်းတစ်စတော့ ထုတ်ဖော်ပြောခွင့် ရလာတာပေါ့၊ လူတွေ အားလုံး ပြောခွင့်ရတယ်' လို့ ဦးဆွမ်လွတ်ဂမ်က ပြောပါတယ်။

KIO က နောက် ဆွေးနွေးပွဲကို ကြားခံ (တရုတ် ပြည်ထဲ) မှာပဲ လုပ်ချင်တဲ့ ဆန္ဒရှိပုံ ရပါတယ်။ မြန်မာ အစိုးရဘက်က တိုက်ပွဲအရှိန် မလျှော့ဘူးလို့ KIO က စွပ်စွဲပါတယ်။

'ကျွန်တော်တို့ဘက်ကတော့ သူတို့ (အစိုးရတပ်) မလာရင် မပစ်ဘူး။ ပစ်စရာမှ မရှိတာ။ သူတို့ လာမှ ပစ်တာ၊ ကျွန်တော်တို့ ပြည်နယ်ကို သူတို့ တက်လာတာကိုး။ အဲဒါပဲ၊ သူတို့ လျှော့ရင် စစ်ပွဲတွေ မရှိတော့ဘူး'

KIO က သမ္မတ ဦးသိန်းစိန် အစိုးရအပေါ် ဒီလို မြင်ပါတယ်။

'ဦးသိန်းစိန် အစိုးရကတော့ သူတို့ အခြေခံ ဥပဒေနဲ့ သူ အုပ်ချုပ်နေတာပေါ့၊ အဲဒီ အခြေခံ ဥပဒေကို ကျွန်တော်တို့က လက်မခံဘူး'

မြန်မာ အစိုးရ အနေနဲ့ KIO ရဲ့ နေရာမှာ ကိုယ်ချင်းစာ ကြည့်ဖို့လိုသလို၊ KIO

အဖွဲ့ အနေနဲ့ကလည်း မြန်မာ အစိုးရရဲ့ ရပ်တည်မှုကို ကိုယ်ချင်းစာနာစိတ် အပြည့်နဲ့ စဉ်းစား တွေးခေါ် သုံးသပ်ကြဖို့လိုပါတယ်။ ကိုယ့်အယူအဆ သဘောထားကို တရားသေ ဆုပ်ကိုင် မထားသင့်ဘူးဆိုတာတော့ ခေါင်းဆောင်နေရာမှာနေရင် သိထားသင့်ကြပါတယ်။

ပြည်တွင်းစစ်ရှိနေတဲ့ နိုင်ငံဟာ ဆင်းရဲ ကျပ်တည်းမှုနဲ့ ရင်ဆိုင်ရမှာပါပဲ။ နှစ်ဖက်လုံးရဲ့ တစ်နေ့တာ စစ်စရိတ်ဟာ ဒေါ်လာ သန်းပေါင်းများစွာ ကုန်ကျမှာပါ။ စားရမဲ့ သောက်ရမဲ့ ပြည်သူတွေကို ထောက်ထားသင့်ပါတယ်။

သိထားသင့်တဲ့ အချက်တစ်ချက်ကတော့ မြန်မာ အစိုးရ စစ်တိုက်နေတာကို ဗမာတွေ မထောက်ခံပါဘူး။ KIO စစ်တိုက်နေတာ လမ်းတံတားတွေ ဖျက်ဆီးနေတာ ကိုလည်း ကချင်ပြည်သူတွေ မထောက်ခံပါဘူး။

ဗမာကော ကချင်ကော လိုချင်တဲ့ တစ်ခုတည်းသော ဆန္ဒကတော့ 'ငြိမ်းချမ်းရေး' ပဲ ဖြစ်ကြောင်းပါဗျာ။

■ ပြည်သူ့ခေတ်ဂျာနယ်
အတွဲ ၃၊ အမှတ် ၁၃၀

# အံ့ဩလွန်းလို့ သေတော့မယ်

**မနေ့က အခြေခံ ဥပဒေ**

အခြေခံဥပဒေ ဆိုတာဟာ ပြောင်းလဲနေတဲ့ ခေတ်နဲ့အညီ ဆီလျော်အောင် အမြဲ ပြင်ဆင်နေကြရတာပါ။ ဒါတောင် အခြေခံ ဥပဒေ အများစုဟာ ပြည်သူတွေ ကျေကျေနပ်နပ် လွတ်လပ်စွာ ပါဝင်ရေးဆွဲခဲ့တဲ့ အခြေခံဥပဒေ များ၊ ဖြစ်ကြပါတယ်။ ဒါလည်းပဲ ပြင်ဆင်နေကြရပါတယ်။ မနေ့က အခြေခံဥပဒေဟာ ဒီနေ့မှာ ဆီလျော်သေးလား အမြဲ သုံးသပ်ကြရပါတယ်။ ကျုပ်တို့ရဲ့ အခြေခံဥပဒေဟာ ပြည်သူတွေကို အသိပေးပြီးမှ ထုတ်ပြန်ထွက်ပေါ်လာတဲ့ အခြေခံဥပဒေ တစ်နည်းအားဖြင့် ပြည်သူကို ထင်ဟပ်တဲ့ အခြေခံဥပဒေ၊ ပြည်သူ ကိုယ်တိုင် အလွှာအသီးသီးက လွတ်လပ်စွာ တင်ပြခွင့် ဆွေးနွေးခွင့်၊ ဝေဖန်ခွင့်၊ ကန့်ကွက်ခွင့်တွေနဲ့ တရားမျှတစွာ ထွက်ပေါ်လာတဲ့ တစ်နိုင်ငံလုံး ကျေနပ်တဲ့ အခြေခံ ဥပဒေလား။ ဒါမှမဟုတ် အာဏာရှင် လက်ထက် အာဏာနဲ့ လွှမ်းမိုး ချုပ်ချယ်ပြီး ကိုယ်လိုချင်တဲ့ပုံစံသွင်းပြီး လုပ်သွားခဲ့တာလား။ စဉ်းစားဝေဖန်ပြီး ဒီမိုကရေစီပါလို့ ခေါ်းစဉ်တပ်ထားတဲ့ ခုလိုအချိန်မျိုးမှာ ဒီမိုကရေစီ နည်းလမ်းနဲ့အညီ ရဲရဲဝံ့ဝံ့၊ သမာသမတ်ကျကျ ပြင်ဆင်ကြဖို့ အစိုးရအဖွဲ့နဲ့ လွှတ်တော် အရပ်ရပ်က သတ္တိမွေးကြရပါမယ်။ ဒါမှသာ သမိုင်းမှာ ပြည်သူ့ဘက်တော်သား နိုင်ငံချစ်သူများအဖြစ် နာမည်ကောင်းနဲ့ ကျန်ခဲ့မှာ ဖြစ်ပါတယ်။ ဒီအတိုင်း မှိန်းမနေဘဲ သူများ မပြင်ဆင်ခင် ကိုယ်ပြင်လိုက်ဖို့ရာ နောက်ဆုံး အခွင့်အရေးပါပဲ။ ပြည်သူ့မျက်နှာ ထောက်မလား။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ရဲ့ မျက်နှာ ထောက်မလား၊ ပြည်သူတွေ စောင့်ကြည့်နေပါတယ်။

ဒါတို့လိုချင်တဲ့ ပုံစံပြောင်ဆိုပြီး ပုံသေကြီးချုပြီး မသိကျိုးကျွန် အမှန်တရားကို မျက်ကွယ် မပြုသင့်ပါဘူး။ ပြည်သူဆိုတာ နီးရာဓား ကြောက်ရတာပါပဲ။ ကြောက်လို့က တစ်ကြောင်း လမ်းခင်းပေးမယ် စတဲ့ မြူလုံးတွေနဲ့ ပြည်သူ ဘဏ္ဍာထဲကပဲ ငါးကြင်းဆီနဲ့ ငါးကြင်းကြော် သွားတာက တစ်ကြောင်း၊ မစစ်မှန်တဲ့ ဆန္ဒမဲတွေအကြောင်း၊ သမိုင်းမှာ အမာရွတ်အနေနဲ့ ထင်ကျန်ရစ်ပါတယ်။ စစ်မှန်တဲ့ ဆန္ဒမဲ ဆိုတာက ဘယ်ပယောဂမှ မပါဘဲ ပြည်သူ့ရင်ထဲက လာရပါမယ်။

## ဝိုလ်တစ်ရာ ငယ်သားတစ်ယောက်

အခြေခံဥပဒေ ပုဒ်မ ၃၄၂ မှာ **'နိုင်ငံတော် သမ္မတသည် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ၏ အဆိုပြု ထောက်ခံချက်ဖြင့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကို ခန့်အပ် တာဝန်ပေးရမည်'** လို့ ဖော်ပြထားပါတယ်။ ဒါပေမဲ့ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကို တာဝန်က ရပ်စဲဖို့ ဘယ်လို ဆောင်ရွက်ရမယ်ဆိုတာ ရှာလို့ မတွေ့ဘူး ဖြစ်နေ ပါတယ်။ ခန့်ခွင့်သာရှိပြီး ဘယ်သူကမှ ထုတ်ပယ်ခွင့် မရှိဘူး ဖြစ်နေပါတယ်။

အခြေခံဥပဒေ ပုဒ်မ ၃၄၇ မှာ **'နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေ အရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်၊ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူ ညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်'** လို့ ဆိုပါတယ်။ ဒါပေမဲ့ ပုဒ်မ ၃၄၃ အရ စစ်ဘက် တရားစီရင်ရာတွင် (ဆိုပြီး တန်းတူညီမျှ မဟုတ်တဲ့ သဘောမျိုး၊ စာရေးသူ) (က) တပ်မတော်သားများအတွက် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်။ (ခ) တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်သည်လို့ ဆိုပြန်ပါတယ်။ အကယ်၍ 'မည်သူမဆို ဥပဒေ အရာတွင် တန်းတူညီမျှ' ဆိုတဲ့ စကားရပ်အရ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၏ အဆုံးအဖြတ် အပြီးအပြတ် မဖြစ်သင့်ဘဲ အရပ်သားရော တပ်မတော်သားများပါ အားလုံး အလေးအမြတ် ပြုရမယ့် 'ပြည်ထောင်စု တရား လွှတ်တော်ချုပ်' ရဲ့ အဆုံးအဖြတ်ကသာလျှင် အပြီးအပြတ် ဖြစ်စေရမည်လို့ ဖြစ်သင့်ပါတယ်။

အခုတော့ အရပ်သားစကားနဲ့ ဆိုရရင် အရပ်ဘက်က စစ်ဘက်ကို ဝင်စွက်ခွင့်မရှိဘဲ တပ်မတော်သားတွေက နိုင်ငံသားတစ်မျိုး၊ အရပ်သားတွေက နိုင်ငံသား တစ်မျိုး ပေါင်း နိုင်ငံသား နှစ်မျိုးဖြစ်နေတဲ့ အဓိပ္ပာယ် ထွက်နေ ပါတယ်။ ဒါပေမဲ့ စစ်ဘက်ကတော့ အရပ်ဘက်ကို အခြေခံ ဥပဒေ ပုဒ်မ ၄၁၈ (က) နဲ့ (ခ) အရ အရေးပေါ် အခြေအနေ ကြေညာတာနဲ့ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး အာဏာ အရပ်ရပ်ဟာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် လက်ထဲကို ရောက်သွားပြီ။

## တစ်မိုးတည်းအောက်မှာ ညီညီမျှမျှ

ပုဒ်မ ၃၃၈ မှာ **'နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်း အားလုံးသည် တပ်မတော်၏ကွပ်ကဲမှုအောက်တွင် ရှိရမည်'** ဆိုတာလည်း Power Balance အာဏာ ချိန်ခွင် ညီမျှမှု မရှိဘူး။ အရပ်ဘက်ဆိုင်ရာ လက်နက်ကိုင် အဖွဲ့အစည်းတွေ ဥပမာ၊

ပြည်သူ့ရဲ့ အားလုံးဟာ အရပ်ဘက် အုပ်ချုပ်မှုအောက်မှာ ရှိသင့်တယ် ဆိုတာလည်း နိုင်ငံတကာ ဥပဒေလေ့လာသူတွေ သိပြီးဖြစ်ပါတယ်။ ဒီလို အာဏာ တစ်ဖက်စောင်းနင်းမှုတွေ အခြေခံ ဥပဒေမှာ ရှိနေခဲ့ရင် ၁၉၆၂ ခုနှစ် အာဏာသိမ်းပွဲမျိုးတွေ ငှက်ပျောသီး အခွံနွှာစားရတာ ထက်တောင် အလွယ်တကူ လုပ်လို့ရပါတယ်။ လက်ရှိ ကာကွယ်ရေး ဦးစီးချုပ် ဒုဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်ဟာ ပကတိ ရိုးသားဖြောင့်မတ်မှု ရှိတယ်လို့ မြင်ပါတယ်။ ဒါပေမဲ့ တခြား မရိုး ဖြောင့်သူ၊ အာဏာမက်တဲ့ စစ်ဝါဒီ တစ်ဦးတစ်ယောက် ဒီရာထူးမှာ ရောက်လာ ခဲ့ရင် နိုင်ငံရဲ့ ကံကြမ္မာဟာ အလွန် စိုးရိမ်စရာ ကောင်းတယ်လို့ ကြိုတင် စဉ်းစားထားသင့်ပါတယ်။

တပ်မတော်နဲ့ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ထံမှာ အာဏာနဲ့ လုပ်ပိုင်ခွင့်တွေ တစ်ဖက်စောင်းနင်း စုပုံထားခြင်းဟာ တိုင်းပြည်ရဲ့ အနာဂတ်အတွက် အန္တရာယ် ရှိနေပါတယ်။ သိပ်စွန့်စားရာရောက်လို့ ရေတို မကြည့်ကြဘဲ ရေရှည် အမြော်အမြင် ရှိကြဖို့ တိုက်တွန်းချင်ပါတယ်။ အမှန်ဆိုရင် ပြည်သူ့ရဲတပ်ဖွဲ့ အပါအဝင် Civil Armed Forces အရပ်ဘက် လက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ အကြီးအကဲဟာ အရပ်သားပဲ ဖြစ်သင့်ပြီး တပ်မတော်ရဲ့ ၈၀ ရာနိုင်နှုန်းလောက် အင်အားတိုးချဲ့ ဖွဲ့စည်းသင့်တယ်။ တခြား တိုင်းပြည်နဲ့ စစ်မက်ဖြစ်တာမျိုးကလွဲလို့ နိုင်ငံရဲ့ အရေးပေါ် အခြေအနေတွေကို ပြည်သူ့ရဲတွေ ထိန်းချုပ်နိုင်မယ့် အင်အားမျိုးနဲ့ ဘဏ္ဍာငွေ သုံးစွဲမှုတွေ ရေးဆွဲသင့် ပါတယ်။

## ကျေးကျွန်ပြုမှု

အခြေခံ ဥပဒေ ပုဒ်မ ၃၅၈ မှာ **'နိုင်ငံတော်သည် ကျေးကျွန် ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်'** လို့ ပြဋ္ဌာန်းထားပေမယ့် သွယ်ဝိုက်ပြီး ကျွန်ကဲ့သို့ ခိုင်းစေမှုတွေဟာ တချို့ နေရာမှာ မြင်တွေ့နေရဆဲပါ။ တချို့ အဖွဲ့အစည်းတွေ တချို့ ဌာနဆိုင်ရာတွေမှာ အစိုးရလခစားတဲ့ ဝန်ထမ်းတွေကို လူကြီးတွေက ကိုယ်ရေးကိုယ်တာနဲ့ မိသားစု အရေးကိစ္စတွေမှာ ကျွန်ပြုခိုင်းစေမှုတွေ ခုချိန်ထိ ပေါ်ပေါ်ထင်ထင် လုပ်နေကြတာဟာ အခြေခံဥပဒေကို ပြောင် ချိုးဖောက်တာပါပဲ။

ပုဒ်မ ၃၅၄ (ခ) အရ **'လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်နဲ့ စီတန်း လှည့်လည်ခွင့်'** အခွင့်အရေးကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့် ပေးထားပေမယ့် တစ်ဖက်လှည့်ပြီး ဒီအခွင့်အရေးကို ပိတ်ပင်ဟန့်တားလို့ရအောင် ပြဋ္ဌာန်းတဲ့ ဥပဒေကို ပြင်ဆင်သင့်ပါတယ်။ ဥပမာ ငြိမ်းချမ်းစွာ ဆန္ဒပြမယ့် သူများဟာ သက်ဆိုင်ရာ ရဲစခန်းမှာ နေရာအသိပေးရုံနဲ့ ခုပ္ပမှ မဖြစ်အောင် တာဝန်ယူကြောင်းလောက်ပဲ ပြဋ္ဌာန်းသင့်ပါတယ်။ ရဲစခန်းရဲ့ ခွင့်ပြုချက် ယူစရာမလိုဘဲ အကြောင်းကြားစာ ရရှိကြောင်းလောက်ပဲ ဖြစ်သင့်ပါတယ်။ ဒါမှ ဒီမိုကရေစီ နိုင်ငံအစစ် ဖြစ်လာနိုင်ပါတယ်။

## သမင်မွေးရင်း ကျားစားရင်း

အခြေခံဥပဒေဆိုင်ရာ ခုံရုံး ဘယ်တော့ ပြန်ဖွဲ့စည်းဖြစ်မှာလဲ၊ ပြည်သူတွေလည်း လည်ပင်း တစ်တောင်လောက် ရှည်ရင်း မျှော်တော်ဇောနဲ့ မောနေကြပါပြီ။ ဒီသက်တမ်း ငါးနှစ်

အတွင်းမှာ ဖွဲ့ဖြစ်ပါ့မလား။ ဖွဲ့ပြီးလို့ ရေလိုက်ငါးလိုက် မပြောဆိုတတ်ရင် အဖြုတ်ခံရရင် သမင်မွေးရင်း ကျားစားရင်း ဖြစ်ဦးမှာလား။ ဒီအဖွဲ့ တစ်ခုတောင် ညီညီညွတ်ညွတ် မဖွဲ့နိုင်ဘူးလား။ ဥပဒေရဲ့ အထက်မှာ ဘယ်သူတွေလဲ တွေးနေကြပါပြီ။

## အကြောက်တရားအသစ်

ဘာမှ မပြောခင် အခုလက်ရှိ လွှတ်တော် ကိုယ်စားလှယ် အားလုံး အစိုးရအဖွဲ့ အားလုံးဟာ လူတော် လူကောင်းတွေ ပါလို့ စကားပလ္လင်ခံလိုက်ပါရစေ။ အကြောင်းရှိလို့ပါ။

ဒါပေမဲ့...ဆိုတာကို ပြောချင်ပါတယ်။

ဒါပေမဲ့...နောက် ရွေးကောက်ပွဲမှာ ဦးနောက်စံချိန် မမီသူတွေ အရွေး ခံခဲ့ရရင်၊ ဒါမှမဟုတ် ငွေနဲ့သော် လည်းကောင်း၊ ညစ်နည်းမျိုးစုံနဲ့ သော်လည်းကောင်း အရည်အချင်း မရှိတဲ့ သူတွေ အရွေးခံခဲ့ရရင် နောက်ပြီး အုပ်စုဖွဲ့ ဂိုဏ်းဖွဲ့ပြီး လုပ်ချင်ရာ လုပ်ကြရင် ပြည်သူ သဘောတူနိုင်မယ့် ကိစ္စတွေ ဥပက္ခာပြုပြီး 'ဤ' တွေ အားလုံးကို 'ကျွဲ' လုပ်ပစ်ကြရင် ဆိုတဲ့ အလွန်ကြောက်စရာ ကောင်းတဲ့ ပူပန်မှုမျိုး ပြည်သူမှာ ရှိနေပါပြီ။

ခုဆိုရင် ပြည်သူတွေဘက်မှာလည်း စိုးရိမ်ပူပန်မှုတွေ နဲ့အတူ နောင်တတွေ ရနေကြပါပြီ။ ကိုယ့်ရဲ့ မဲတစ်ပြားကို တန်ဖိုးထားတတ်လာပြီ။ ရွေးကောက်ပွဲမှာ မဲပေးတဲ့ ကိစ္စ ကို ပေါ့ပေါ့ဆဆ သဘောထားမှာ မဟုတ်တော့ပါဘူး။

## Mr. Bullet နဲ့ တစ်နပ်စားကိုယ်တော်

ပြည်သူတွေ အငမ်းမရ ငြိမ်းချမ်းရေး လိုချင်နေတဲ့အချိန်မှာ နစ်ဖက်တပ်တွေကြောင့် မဟုတ်ရင် တိုင်းရင်းသား အချင်းချင်း ချစ်ကြည်နေကြတဲ့ အချိန်မှာ စစ်သွေးကြွ စကားလုံး တွေသုံးပြီး ယမ်းငွေ့တွေ မွှန်အောင်၊ ပြည်ထောင်စု ပြိုကွဲအောင် လုပ်သူမျိုးကိုလည်း ပြည်သူတွေ မဲပေးရမှာ ကြောက် သွားပါပြီ။

အကြွေးကြေအောင် ဆင်းရဲနွမ်းပါးမှု မဖြစ်အောင် ထမင်းတစ်နပ်ပဲ စားပါဆိုတဲ့အကြံမျိုးပဲ ပေးတတ်တဲ့ သူမျိုးက နိုင်ငံရဲ့ အရေးပါတဲ့ နေရာမျိုးမှာ ဦးဆောင်နေတာလည်း အလွန် စိတ်ခတ်ကျဆင်းနေကြပါပြီ။ တစ်နပ်ပဲ စားပါဆိုတော့ တစ်နပ်စားဉာဏ်ဆိုတာ ဒါမျိုးလားလို့ကလေး တွေက မေးကြပါတယ်။ ပြည်သူကို သနားရင် ဒီအကြံ ဒီလောက်နဲ့တင် ရပ်ဆိုင်းဖို့ တောင်းပန်ချင်ပါတယ်။ နောက်တစ်ခါ အကြံပေးရင် နောက်တစ်နပ်ပါ မစားဖို့ ဆင်းရဲနွမ်းပါးမှု ပပျောက်ဖို့ လူလောကကြီးကနေ အပြီးအပိုင် ထွက်သွား ပါလားလို့ အကြံပေးမှာ သေချာပါတယ်။ တကယ်တော့ ပြည်သူတွေ မဆင်းရဲရအောင် လယ်သမား တွေ လျှော့စားဖို့ မလိုပါဘူး။ လယ်သမားတွေက အစားမကြီးကြရှာပါဘူး။ တကယ်ဆိုရင် ဌာနဆိုင်ရာ အကြီးအကဲတွေ၊ ဝန်ကြီးတွေ လျှော့စားမှသာ တိုင်းပြည်ချမ်းသာလာမှာ ဖြစ်ပါကြောင်း...။

■ ပြည်သူ့ခေတ်ဂျာနယ်
အတွဲ ၃၊ အမှတ် ၁၃၂

# အုံကြွလွှန်းလို့ သေတော့မယ်

## ဒါလေး တစ်ခုတော့ ခွင့်လွှတ်စေချင်တယ်

နိုင်ငံတစ်ခုမှာ နိုင်ငံ လွတ်လပ်ရေးအတွက် လေးလေးနက်နက် ကြိုးပမ်းခဲ့တဲ့ ခေါင်းဆောင်တွေ ကွယ်လွန်ကုန်ကြတဲ့အခါမှာ ယောင်တောင်တောင် ပါခဲ့ဖူးတဲ့ လူတစ်ယောက်က နိုင်ငံရဲ့ အထွတ်အထိပ် တက်ဖြစ်သတဲ့ဗျူ။ ဖြစ်တာမှ အားလုံးက ဗိမ့်ဗိမ့်တုန်အောင် ကြောက်ရတဲ့ အာဏာရှင်ကြီး ဖြစ်တာဗျူ။ လက်ညှိုးညွှန်ရာ ရေဖြစ်ပေါ့ဗျာ။ အိမ်သာတက်ရင်တောင် ဘာမှ ကိုယ်ကိုယ်တိုင် လုပ်စရာမလိုဘူးတဲ့။ တော်တော် တန်ခိုးထွားပုံဗျာ။

ခက်တာက သူက ငြိမ်ငြိမ်မနေဘဲ ဟိုလျှောက်သွား သည်လျှောက်သွား။ ပါးစပ်နဲ့ လက်ကလည်း ငြိမ်ငြိမ် မနေဘူးတဲ့။ သူ့နောက်တော်ပါးတွေကလည်း အဲဒီ ပါးစပ်နဲ့ လက်လှုပ်သမျှကို သူတို့ နားလည်သလို အဓိပ္ပာယ်ဖော်ပြီး လိုက်လုပ်ကြတာဗျူ။ ဥပမာဗျာ၊ တစ်ရက်မှာ ကားပေါ်ကနေ ဒီနေရာမှာ အိမ်နှစ်လုံးပါလား ဆိုတော့ နောက်ရက် သူ့တပည့်တွေက ခြောက် မျက်စိနောက်လို့ ထင်ပါရဲ့ဆိုပြီး အိမ်နှစ်လုံးကို ဖျက်ပစ်သတဲ့ဗျာ။

ရွာနဆိုင်ရာတွေ သွားစစ်ရင်း မိတ်ဟောင်း ဆွေဟောင်းတွေလို့ ‘ဟကောင်ကြီး မင်း ရှိတုန်းပဲနော်’ လို့ နှုတ်ဆက်တော့ တပည့်တွေက ဒီလူကို မရှိစေချင်ဘူးနဲ့ တူတယ်ဆိုပြီး ပင်စင် ပေးပစ်သတဲ့ဗျူ။ တစ်ရက်မှာ အင်္ဂလိပ် သတင်းစာ ဖတ်ကြည့်ပြီး နားမလည်တာနဲ့ လွှင့်ပစ်လိုက်တယ်ဗျူ။ ပါးစပ်ကလည်း ‘တောက်၊ နယ်ချဲ့အင်္ဂလိပ်တွေတော့ကွာ’ လို့ ကြိမ်းတာကို တပည့်တွေက ကြားသွားပြီးတော့ ကားဆိပ် ရထားဆိပ်တွေ မြို့အဝင်တွေက ဆိုင်းဘုတ်တွေမှာ ရေးထားတဲ့ အင်္ဂလိပ်စာတွေကို အကုန် လိုက်ဖျက်ကြသတဲ့။ အင်္ဂလိပ်စာ

လေ့လာ လိုက်စားသူတွေကိုလည်း နယ်ခဲ့အလိုတော်ရိတွေ ဆိုပြီး ရွတ်ချွပဲတွေ လုပ်သတဲ့။

နောက်တစ်ခါ 'လူတန်းစားညီမျှရင် ကောင်းမှာပဲ' လို့ အာဏာရှင်ကြီး ညည်းတွားတာကို သူ့တပည့်တွေက ကြားသွားသတဲ့။ ခေါင်းဆောင်ကြီးနယ် ဒီလောက် လွယ်တာများ ညည်းနေရတယ်လို့ ဆိုပြီး ချမ်းသာတဲ့ လူတွေရဲ့ပစ္စည်းတွေကို သိမ်း၊ မွဲအောင်လုပ်လိုက်တော့ ပြည်သူအားလုံး ဆင်းရဲပြီး လူတန်းစား ညီမျှသွားသတဲ့။

ခေါင်းဆောင်ကြီးဟာ သူကိုယ်တိုင်ကလည်း ညံ့၊ သူ့တပည့်တွေကလည်း သူ့ထက် ညံ့ဆိုတော့ တိုင်းပြည်က တစ်နှစ်ထက် တစ်နှစ် မွဲလာလိုက်တာ ကုန်းကောက်စရာ တောင် မရှိတော့ဘူးတဲ့။ ဒါနဲ့ စိတ်ပျက်လက်ပျက်နဲ့ ခရီးတွေချည်း ထွက်နေသတဲ့။ ခရီးထွက်ရင် သူစတိုင်က ဘောင်းဘီနဲ့ ဟာဝိုင်ယံရှပ်လို့ ခေါ်တဲ့ ကွက်တိကွက်ကျား အကျီလက်တိုပွပွကို အမြင် ထုတ်ဝတ်တယ်။ ခါးကြားမှာတော့ ခြောက်လုံးပြူး အမြဲ ထိုးထားတယ်။

တစ်ရက် နယ်ဘက်မှာ ကားနဲ့ သွားရင်း ကားလမ်းဘေးမှာ ထန်းပင်တွေ ရှိသတဲ့။ (မေ့လို့ဗျာ၊ ထန်းပင်ဆိုမှ သတိရတယ်၊ ဘယ်နိုင်ငံလဲဆိုတာ မပြောရသေးဘူး။ ထန်းပင်ဆိုတိုင်း မြန်မာနိုင်ငံ မဟုတ်ပါဘူး။ မြန်မာတစ်နိုင်ငံတည်း ထန်းပင် ပေါက်တယ် မထင်ပါနဲ့၊ လက်တင် အမေရိကနိုင်ငံတွေမှာလည်း **Palm-tree** လို့ ခေါ်တဲ့ ထန်းပင်တွေရှိပါဗျား၊ မြန်မာနိုင်ငံလို ပေါက်ကရတွေးတဲ့ လူတွေကိုလည်း သတိပေးရဦးမယ်။ ကိုဆိတ်ဖွားကို မအံ့သြပါနဲ့ဗျာ၊ ကျူပ်လာ။ မော်လည်း မကြည့်ဝံ့ဘူး။ ထိလည်း မထိဝံ့ဘူး။ ထိရင် မီးပွင့်မယ်ဆိုတာ သိနေတော့ ဘယ်ထိလိမ့်မလဲ၊ သူများနိုင်ငံပဲ သွားထိမှာပေါ့၊ သူများ နိုင်ငံတွေက သဘောထားကြီးပုံ။ ကြက်ဥပုပ်နဲ့ပေါက်ပေါက်၊ ခရမ်းချဉ်သီးပုပ်နဲ့ ပေါက်ပေါက်၊ အော်ဆဲဆဲ၊ ကာတွန်းတွေ ကြိုက်သလို ဆွဲ၊ အနုပညာစင်ပေါ်တက်တက်၊ နိုင်ငံရေး စင်ပေါ်တက်တက်၊ စင်ပေါ်က လူကို စင်အောက်က လူက ကိုယ်ရေးကိုယ်တာတောင် ထိခွင့်ရှိခွင့် ရှိတယ်၊ စင်ပေါ် ရောက်ရင် ကိုယ့်ကိုယ်ကိုယ် မပိုင်ဘူး။ အများပြည်သူက ပိုင်တယ်၊ ဒီလို မဖြစ်ချင်ရင် အစကတည်းက စင်ပေါ် မတက်နဲ့၊ အစမ်းသပ်မခံနိုင်ရင် စင်အောက်မှာပဲနေ၊ ရာနှုန်းပြည့် ဒီမိုကရေစီနိုင်ငံတွေမှာ ပြောတာပါ။ ဒီမှာတော့ Mr. **Bullet** ပြောတာလည်း မှန်ပုံ၊ တစ်နပ်စား ကိုယ်တော်ကြီး မိန့်တာလည်း မှန်ပုံ၊ 'ဤ' ကို 'ကျွဲ' လုပ်ခဲ့ရင်တောင် မှန်ပုံလို့ ထောက်ခံ ဝေဖန်တာမျိုး မလုပ်ရင် 'Media Friendly' ဖြစ်မှာ မဟုတ်ဘူးလို့ အသံလွှင့်တဲ့ သူက လွှင့်တယ်) (ဆိတ်ဖွားအမှုက ကုလသမဂ္ဂအထိ ရောက်နိုင်တယ်နော်)

ဒါနဲ့ ဇာတ်လမ်းဆက်ရရင် ခုနက မြန်မာနိုင်ငံ မဟုတ်တဲ့ နိုင်ငံတစ်နိုင်ငံက အာဏာရှင်ကြီးဟာ ထန်းပင်အောက် ကနေ ဝါသနာ အရ မော့ကြည့်လိုက်တော့ ထန်းပင် တက်နေတဲ့ ထန်းတက်သမားက တိုက်တိုက်ဆိုင်ဆိုင် သူ့တစ်ချိန်က လက်တွဲခဲ့တဲ့ ရဲဘော်ရဲဘက် ဖြစ်နေတယ်။ ထန်းပင်ပေါ်က အဆင်းခိုင်းပြီး သူ့တပည့်တွေနဲ့ ခပ်လှမ်း လှမ်းကို ခေါ်မေးတယ်။

စီးပွားရေး အဆင်ပြေလား မေးတော့၊ ထမင်းနပ်မှန်အောင် မစားရဘူး ဖြေတယ်။ အာဏာရှင်ကြီးက စိတ်မကောင်းဖြစ်သွားပြီး ဒါဆိုရင် ဌာနဆိုင်ရာ တစ်ခုခုမှာ ဝန်ကြီးခန့်မယ် မင်း လုပ်မလားလို့ မေးတယ်။ သူ့ရဲဘော်က ငြင်းတော့ ဒုဝန်ကြီး၊ ငြင်းပြန်တော့ ညွှန်ချုပ် ဒုညွှန်မှူး၊ လက်/ညွှန် အဆင့်ဆင့် မေးသွားတာ အားလုံးကို ငြင်းတယ်။ ပြီးမှ မရဲတရဲ မေးတယ်။ စာရေးလေးပဲ လုပ်လို့ မရဘူးလား တဲ့။

အာဏာရှင်ကြီးခမျာ အံ့ဩ စိတ်တိုပြီး ပြန်ဖြေတယ်။

'အဲဒီရာထူးတော့ ငါ မပိုင်ဘူး။ တကယ်တတ်မှ ရတာ၊ နောက်ပြီး အရည်အချင်းစစ် စာမေးပွဲအောင်မှ မင်း ဖြေရင်လည်း မအောင်နိုင်ဘူး။ ထန်းပဲ တက်စားတော့ ငါ သွားမယ်' တဲ့။

## ငါးတန်းနဲ့ ပြိုင် ဘယ်သူမှ မနိုင်

ဘယ်သူမှ မနိုင်တာ မဆန်းပါဘူး။ ဆယ်တန်း စာမေးပွဲကြီး ကျင်းပတဲ့နေ့တွေမှာ စာမေးပွဲအပြီး လမ်းတွေပေါ် ကြည့်လိုက်ရင် နှစ်သစ်ကူးထားသလို စက္ကူစတွေ ဆိုက်မျိုးစုံ ဖွေးဖွေးလှုပ်နေပါတယ်။ ဒါတွေကို မသိယောင် မမြင်ယောင် ပြုနေခြင်းဟာ ပညာရေးစနစ်ကို မြောင်းထဲရောက်အောင် တွန်းပို့နေသလိုပါပဲ။ 'ဝမ်းစွေ့' တို့ကလည်း မြန်မာ ကျောင်းသား အားလုံး သူ့နိုးဇာတ်သွင်းပေးတဲ့ အနေနဲ့ ခိုးချတဲ့ ကိရိယာတွေ တီထွင် ပေးကြပါတယ်။ ဘောလ်ပင်ထဲက ဆွဲထုတ်လို့ရတဲ့ စက္ကူလိပ် စသဖြင့် မျိုးစုံပါပဲ။ လူကြီးတွေ အားလုံး ငါးတန်းကို နိုင်မှ နိုင်ငံတိုးတက်မှာနော်။

ပညာရေးစနစ်က ဘယ်လောက်ထိ အောက်တန်း ကျတဲ့ ဘဝ၊ လူရာမဝင်တဲ့ ဘဝ ရောက်သွားလဲဆိုရင် စာပေးစာယူကို လူစားထိုးပြီး အဖြေခိုးလို့ရတယ်လို့ ကြားရပါတယ်။ သူ့ပေါက်ဈေးတောင် ရှိသတဲ့။ (စကားမစပ် ဘယ်စာမေးပွဲဖြစ်စေ လူစားထိုး အဖြေခိုးတာ စစ်ဆေး တွေ့ရှိရင် ဖြေခိုင်းသူ ဖြေပေးသူနှစ်ဦးစလုံးကို ထောင်ဒဏ် များများ အပြစ်ဒဏ် ပေးနိုင်တဲ့ ဥပဒေတော့ ကျုပ်တို့ လိုလာပါပြီ။ ဘာကြောင့်လဲဆိုတော့ ပိုက်ဆံပေး ကိုယ်စား အဖြေခိုင်းလို့ ဆယ်တန်းအောင်၊ ဆယ်တန်းအောင် ဘွဲ့ရလို့ အရာရှိဖြစ်၊ အရာရှိအဖြစ်နဲ့ ဌာနဆိုင်ရာတွေကို ဦးဖွဲ့ဆိုပြီး ရောက် လူတစ်ယောက်ရဲ့ဘဝ တိုးတက်ကြီးပွား သွားတာ ဝမ်းသာစရာပေမယ့် သန်းခြောက်ဆယ် ဒုက္ခဆင်းရဲ ရောက်မယ့် အရေးကတော့ ဝမ်းနည်းဖို့ ကောင်းပါတယ်)

ငါးတန်းနဲ့ ပြိုင်ရင် ကျုပ်လည်း နိုင်မယ် မနိုင်မယ် မသေချာပါဘူး။ ကျုပ် မနိုင်တာက အရေးမကြီးပါဘူး။ ကျုပ်အထက်က လူတွေ (ကျုပ်က မြေညီထပ်မှာနေတာ) နိုင်ပါစေလို့ ဘုရားမှာ နေ့စဉ် ဆုတောင်းမိပါတယ်။ ဒါမှ အထက်ကနေ ပေါက်ကရ (အမှိုက်တို့ ရေဆိုးတို့ သွန်တာမျိုး) လုပ်တာ မမြင်ရ မတွေ့ရမှာပါ။

ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေကို ကြည့်ပါ။ ခိုးမချဘဲ တကယ်တတ်တဲ့ ဥပဒေပညာရှင်တွေ Ph.D ဒေါက်တာဘွဲ့ ရသူတွေဟာ အုပ်ချုပ်ရေး အဆောက်အအုံမှာ အားကောင်း နေကြတာပါ။ စာမေးပွဲ ခိုးချဖို့ မဆိုထားနဲ့ ဒေါက်တာဘွဲ့ စာတမ်းတင်စဉ်က ကူတဲ့

စာသားတွေ တွေ့လို့နောက်ကြောင်း တူးကြဖော်ကြရင်းနဲ့ ဂျာမနီနိုင်ငံက ကာကွယ်ရေးဝန်ကြီး နုတ်ထွက်ခဲ့ရဖူးပါတယ်။

ကျွန်တော်တို့ဆီမှာ ဌာနဆိုင်ရာ အကြီးအကဲတွေ ခန့်အပ် တာဝန်ပေးကြတယ်။ ဘယ်လိုပုံစံ ဘယ်လို သုံးသပ်ချက်တွေနဲ့ ခန့်အပ်ကြ ထောက်ခံကြတာလဲ။ မက်လောက်စရာ ကောင်းတဲ့ အခွင့်အရေးတွေနဲ့ (စားရဲရင် နေ့ချင်းညချင်း ကြီးပွားမယ့်) တာဝန်တွေကို ခွဲတမ်းပုံစံနဲ့ ဥပမာ၊ နိုင်ငံရဲ့ အဆင့်မြင့် အရာရှိကြီးမို့ ဒါမှမဟုတ် အငြိမ်းစားမို့ ဦးစားပေးရတာလား။

သက်ဆိုင်ရာ ဌာနရဲ့ ဘာသာရပ်ကို မတတ်ကျွမ်းဘူးပဲထားပါ။ စိတ်ဝင်စားမှုနဲ့ စေတနာကတော့ အဓိက လိုအပ်ပါတယ်။ ဦးဆောင်ရမယ့် သူတစ်ယောက်ဟာ တာဝန် ပေးလို့ ရာထူးတစ်ခုကို ရလာခဲ့ပါတယ်။ ဂုဏ်ဒြပ်နဲ့ တကွ အခွင့်အရေးတွေကလည်း ပြင်းရက်စရာ မရှိဘူး။ ဒါနဲ့ စိတ်ဝင်စားမှု မရှိပေမယ့်လည်း ရေလိုက်ငါးလိုက် အချိန် ကာလတစ်ခုကို ဖြတ်ကျော်သွားမယ်။ ဒါပေမဲ့ အောက်ခြေမှာ ဘာတွေ ဖြစ်နေလဲ မလေ့လာဘူး။ ပြည်သူ ဘာတွေ လိုအပ်နေလဲ သူ မသိဘူး။ အောက်ကျမှာစိုးလို့ တကယ် တတ်ကျွမ်းတဲ့ ပညာရှင်တွေကို အားမကိုးဖြစ်ဘူး။ စိုးရိမ် တုန်လှုပ်တဲ့အတွက် အဝေးကို ပို့တယ်။ တတ်တတ် မတတ်တတ် ကိုယ်နဲ့ အဆင်ပြေသူ ကိုယ့်ကို သစ္စာရှိမယ့် သူ အပေးအယူ မျှမယ့်သူတွေကိုပဲ အနီးအနားမှာ ထားမယ်။ ဒါကြောင့် သူ့နားမှာ ဘာတွေ ဖြစ်ပျက်နေလဲ အမှန်အတိုင်း ပြောမယ့်သူ မရှိဘူး။ ဒါကြောင့် အမှန်မမြင်နိုင်တဲ့အမြင် နီးစပ်ရာက ပြောသမျှ အမှားတွေချည်းပဲ မြင်နေတယ်။ အန္တရာယ်ကိုလည်း မမြင်နိုင်တော့ဘူး။ သူလည်း ဒုက္ခနဲ့ လက်တစ်ကမ်းရောက် ပြည်သူမှာလည်း အကျိုးမဲ့။

အမှားကို ဝန်ခံချင်တဲ့ သတ္တိကလည်း ကျွန်တော်တို့ မြန်မာတွေမှာ တစ်စက်မှ မရှိကြ။ ကိုယ်ကျိုးစွန့်ဖို့ဆိုတာက ဒဏ္ဍာရီပါ။ အနစ်နာခံတာလည်း ပုံပြင်ထဲမှာပဲ ရှိပါတယ်။ ပြည်သူ သန်းခြောက်ဆယ်ရဲ့ အသံမပြောနဲ့၊ တစ်ယောက်တလေရဲ့ အသံကိုတောင် ခံနိုင်ရည် မရှိပါဘူး။ ဝေဖန်တာကို ကြိုဆိုပါတယ်ဆိုတာ အပေါ်ယံပါဗျာ။ တကယ်တော့ မြှောက်ပင့်ပြောတဲ့ ဝေဖန်မှုမျိုးကိုသာ ကြိုဆိုတဲ့ အမြောက်ကြိုက်ကြီးတွေချည်းပါပဲ။ တိုးတက်ဖို့တော့....။

■ ပြည်သူ့ခေတ်ဂျာနယ်
အတွဲ ၃၊ အမှတ် ၁၃၃

# အံ့ဩလွန်းလို့ သေတော့မယ်

**သုံးမတ် ဒီမိုကရေစီ**

ခုချိန် ဒီမိုကရေစီ တစ်ခွန်းပြောလို့ တစ်ကျပ်နှုန်းပဲ ဒဏ်ရိုက်ပါ။ ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံစာရင်းထဲ ကျုပ်တို့နိုင်ငံ ချက်ချင်း ရောက်သွားမှာ သေချာပါတယ်။ ဒီမိုကရေစီ စနစ်ဟာ ပြည်သူ့အတွက် ဘယ်လောက် မြိန်ရှေရှက်ရေ ရှိလိုက်ပါသလဲ။ တချို့ဆိုရင် ဒီမိုကရေစီ နည်းကို သောက်သုံးလိုက်ကြတာ ရေတစ်မတ်ဖိုး ရောထားမှန်းတောင် မသိရှာကြပါဘူး။

ဘယ်သိနိုင်မှာလဲဗျာ။ ထမင်း ခုနစ်ရက်လောက် မစားရတဲ့သူကို ထမင်းရည်ကျဲကျဲ တိုက်လိုက်တော့ အငမ်းမရသောက်ပြီး ကောင်းလှချည့်ဆိုသလိုပေါ့။ အသိတရား ဝင်လာတော့မှ ကိုယ်ကလွဲရင် တစ်လောကလုံး အကောင်းဆုံးတွေ စားနေကြတာပါလား။ ငါ့ဘဝက အနိမ့်အရင်းစားရတဲ့ ဘဝပါလားဆိုတဲ့ အမြင်မှန်ရသွားမှာပါ။ ကိုယ့်ကိုယ်ကိုယ်လည်း တော်တော် သနားသွားပြီး ဒေါသတွေ အလိပ်လိုက် ထွက်လာရော။ ကိုယ့်ကိုယ်ကိုယ်ပဲ သည်လောက် အ,ရပါ့မလားလို့ အပြစ်တင်ရမလား။ ဘာမှ မသိမမြင်အောင် မျက်စိပိတ် နားပိတ် လုပ်ခဲ့တဲ့သူတွေကိုပဲ စိတ်တိုရမလား။ တကယ်ကို ဆိုးပါတယ်။

စဉ်းစားစရာပါ။ ထမင်းရည်ကို အကောင်းဆုံးဆိုတဲ့ အမြင်နဲ့ သေရတာ ကောင်းသလား။ ထမင်းရည်ဟာ အညံ့ဆုံးပဲ သူ့ထက် ကောင်းတဲ့ အစားအစာတွေ အများကြီး ရှိတယ်ဆိုတာ သိပေမယ့် ထမင်းရည်နဲ့ပဲ မခွဲခွာစတမ်း စခန်းသွားပြီး သေရတာ မြတ်မလား။ ဒါမှမဟုတ် ထမင်းရည်ထက် ကောင်းတာကို သိလည်း သိမယ်၊ ရအောင်လည်း

သုံးဆောင်ပြီးမှ သေရတာ မြတ်မလား၊ စဉ်းစားသင့်ပါတယ်။ ကိုယ့်ရဲ့ သက်တမ်းမှာ မမီခဲ့ရင်တောင်မှ လာမယ့် မျိုးဆက်တွေ ခံစားရမယ်ဆိုရင် ကြိုးစားရကျိုးနပ်ပါတယ်။

အစာ မစားရတာကြာရင် ထမင်းရည်ကျဲကျဲလေးတောင် ခံတွင်း တွေ့သလိုပါပဲ။ ခုချိန်မှာ ဒီမိုကရေစီနိုင်ငံ မဟုတ်သေးပေမယ့် ကူးပြောင်းဖို့ကြိုးစားနေတဲ့ အချိန်မှာတောင် စာနယ်ဇင်း လွတ်လပ်ခွင့်ကို ဖိနှိပ် ချုပ်ချယ်ရာကနေ မကြာသေးခင်က ကန့်သတ်မှုတွေ ဖယ်ရှားခဲ့တာတွေ၊ အာဏာပိုင်များနဲ့ ခရိုနီ အလွှာများသာ လက်ဝါးကြီး အုပ်ထားတဲ့ ကားသွင်းခွင့်ကို မပေးသော ကာလက ထိန်းချုပ်မှုတွေကို လျော့ပါးပေးခဲ့တာတွေ၊ ဒေသ တချို့ကလွဲရင် နေရာ အတော်များများမှာ ဟောပြောပွဲ ခွင့်ပြုခဲ့တာတွေ၊ လက်တွေ့မှာ ကန့်သတ်ပိတ်ပင်မှုတွေ ရှိနေသေးပေမယ့် လွတ်လပ်စွာ စီတန်းလှည့်လည်ခွင့်ပြုချင်တဲ့ အရိပ်အယောင်ပြခဲ့တာတွေ၊ ရွှေနံ့စက် ဝယ်ခဲ့ရတဲ့ လက်ကိုင်ဖုန်းတွေအပေါ် အရင်ကလောက် အမြတ်ကြီး မစားတော့တာတွေ၊ တွေ့ကရာ ပုဒ်မနဲ့တပ်ပြီး မတရား ဖမ်းဆီးထားတဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခဲ့သူတွေလည်း အားလုံးနီးပါး လွှတ်ပေးခဲ့တာတွေ၊ ဒါတွေဟာ ပြည်သူတွေရဲ့ မွေးရာပါ အခွင့်အရေးတွေမှန်းသိပေမယ့် တမင် မတရားဖိနှိပ်ရာ ကနေ လွှတ်ပေးတယ်ဆိုတော့လည်း ထမင်းရည်ကျဲကျဲ သောက်ရသလို အရသာရှိရပြန် ပါတယ်။ တချို့က ဘုမသိ ဘမသိနဲ့ ဒီမိုကရေစီ ရပြီလို့ ထအော်မယ်လုပ်လို့ မနည်း ဆွဲထားရပါတယ်။

ဒီမိုကရေစီ၊ ပွင့်လင်းမြင်သာမှု၊ တရားဥပဒေ စိုးမိုးရေး၊ e-government စတဲ့ စကားလုံးတွေကို လူတန်းစား အမျိုးမျိုးက ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ပြောနေကြပါတယ်။ ဘယ်သူတွေ ဘယ်ရည်ရွယ်ချက်နဲ့ ပြောပြော တကယ် ဖြစ်လာရင် တကယ် ကောင်းလွန်းတဲ့ အချက်တွေ ဆိုတာတော့ သေချာပါတယ်။

## ဆိုက်ရောက် ညော်စာရင်း

တရားဥပဒေစိုးမိုးရေး ဆိုတာသာ တကယ် ရာနှုန်းပြည့် ဖြစ်လာခဲ့ရင် မြဟ္မစိန်ရဲ့တရား ထွန်းကားသွားတာနဲ့ တူပါတယ်။ အုပ်ချုပ်သူ လူတန်းစား၊ သူဌေးသူကြွယ် ခရိုနီတွေက အစ အခြေခံ လူတန်းစားအထိ တရားဥပဒေရဲ့မျက်နှာတစ်ခုတည်း ကြည့်ပြီး ဘယ်သူမှ မဟုတ်မမှန်တာ မလုပ်ကြတော့ပါဘူး။ မဟုတ်မမှန်တာကို ဘယ်သူမှ မလုပ်ကြတော့တဲ့အတွက် ဘယ်သူက ဘယ်သူ့ကိုမှ ကြောက်ရွံ့စရာ မလိုပါဘူး။ ကြောက်ရွံ့မှုအကြောင်း ပြောရင်းနဲ့ ကြောက်ရွံ့မှုတွေထဲမှာ ဘယ်ကြောက်ရွံ့မှုက အဆိုးဝါးဆုံးလဲ ပြောချင်ပါတယ်။ အစိုးရ တစ်ရပ် (သို့မဟုတ်) အာဏာရှင်တစ်စုရဲ့ ကြောက်ရွံ့မှုက အဆိုးဝါးဆုံးပါပဲ။ အာဏာ လက်လွှတ်ရမှာ ကြောက်တာနဲ့ တရားတာ မတရားတာ မကြည့်တော့ဘဲ အလွန် ကြီးမား တဲ့ အတွန်နဲ့ ရမ်းကားတော့တာပါပဲ။ ဥပမာပြရင် ဗေဒင်ဆရာ ဟောတာနဲ့ မွေးကင်းစ ကလေးတွေကို လိုက်သတ်တဲ့ ရှင်ဘုရင်လိုပါပဲ။

နောက် ဥပမာတစ်ခုကတော့ ဆယ်အိမ်တစ်ယောက် အုပ်ချုပ်တဲ့ ကိုလိုနီနယ်ချဲ့တွေရဲ့ ဖျူရိုကရက် အုပ်ချုပ်ရေး ပုံစံပါပဲ။ သူတို့ အာဏာလက်လွှတ်ရမှာ ကြောက်တဲ့အတွက်

ဆယ်အိမ်ကို တစ်ယောက် အုပ်ချုပ်ပြီး မလှုပ်နိုင်အောင် ဖိထားတာပါ။ ခုအစိုးရထိ မြန်ရေ ရှက်ရေ ကျင့်သုံးနေတာ ရှက်စရာပါ။

တရားဥပဒေစိုးမိုးဖို့ အရေးအကြီးဆုံး အချက်က ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေဟာ တရားမျှတမှု၊ သန့်ရှင်း စင်ကြယ်မှုရှိရဲ့လား ဆိုတာပါပဲ။ ဥပမာ၊ အခြေခံဥပဒေဆိုရင် ပြည်သူတစ်ဦးချင်းစီရဲ့အပေါ်မှာ အခြေခံရပါမယ်။ ပြည်သူ တစ်ဦးချင်းစီက မျှမျှတတ ကျေကျေနပ်နပ် လိုက်ပါလာနိုင်မယ့် ဥပဒေမျိုး ဖြစ်ရပါမယ်။ အခြေခံဥပဒေဟာ အစိုးရတစ်ဖွဲ့ ဖွဲ့စည်း အုပ်ချုပ်ဖို့ အသုံးပြုမယ့် ကိရိယာ တစ်ခုလိုမျိုး မဖြစ်သင့်ပါဘူး။ ကိုယ် မပါဝင်လိုက်ရတဲ့ ပေါ်လာတဲ့ ဥပဒေတစ်ခုကို စိတ်ချမ်းချမ်းသာသာ လိုက်နာရဖို့ဆိုတာ အသိဉာဏ်ရှိတဲ့ လူသားတစ်ယောက်အနေနဲ့ ခက်ခဲနေမှာပါ။

ဥပဒေ စင်ကြယ်မျှတဖို့ ဆိုတာလည်း ဥပမာပြရရင် အခုအချိန်မှာ ကမ္ဘာ့ရွာကြီးလို့ တင်စားပြီး ဆက်ဆံမှု နယ်ပယ်သစ်တစ်ရပ် ထူထောင်ကြတယ်။ ဥရောပနိုင်ငံတွေ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ဗီဇာမလိုဘဲ ဥဒဟို သွားလာနေကြပြီ။ အာဆီယံနိုင်ငံတွေမှာလည်း မကြာခင် ဖြစ်လာတော့မယ်။ ဗီဇာခက်တဲ့ နေရာမှာ ကမ္ဘာကျော်ခဲ့တဲ့ မြန်မာနိုင်ငံတောင် အခု 'ဆိုက်ရောက်ဗီဇာ' တွေနဲ့ ခွင့်ပြုနေပါပြီ။ ဒီအချိန်မှာ မြန်မာပြည်သူတွေ တစ်ရပ်ကွက်နဲ့ တစ်ရပ်ကွက် တစ်မြို့နယ်နဲ့ တစ်မြို့နယ် ဧည့်စာရင်းတိုင်ရမယ်ဆိုရင် မျှတပါ့မလား။ တရားနည်းလမ်းကျရဲ့လား။ ဘယ်သူဘယ်ဝါမှန်းမသိတဲ့ တိုင်းတစ်ပါးသားကိုတော့ ဒေါ်လာမျက်နှာနဲ့ ဆိုက်ရောက်ဗီဇာပေးပြီး ကိုယ့်လူမျိုး အချင်းချင်းကျတော့ တစ်ရပ်ကွက်နဲ့ တစ်ရပ်ကွက် ကူးတာတောင် ယုံကြည်မှု မရှိဘူးဆိုတဲ့ အဓိပ္ပာယ် သက်ရောက်နေပါတယ်။

တကယ်ဆိုရင် တိုးတက်တဲ့ ဥပဒေ ရာနိုင်နှုန်းသော ဒီမိုကရေစီနိုင်ငံတွေမှာ ရပ်ကွက်ရုံး ဆိုတာ မရှိပါဘူး။ အမေ့ဗိုက်ထဲကနေ ကျောင်းတက် အိမ်ထောင်ကျ အလုပ်လုပ်ရင်း သုသာန်ရောက်တဲ့အထိ မြို့နယ်ရုံး တစ်ရုံးတည်းကပဲ ဆောင်ရွက်ပါတယ်။ မွေးစာရင်း သေစာရင်း၊ လက်ထပ်၊ လူမှတ်ပုံတင်၊ ကားမှတ်ပုံ၊ အိမ်သား အတိုးအလျှော့ကို ဒီမှာဆိုရင် မြို့နယ်တွေအုပ်ရုံးတစ်ရုံးတည်းက ဆောင်ရွက်ပါတယ်။ တကယ်တမ်းကျတော့ ရပ်ကွက် ရုံးတွေဟာ အာဏာရှင် အစိုးရမျိုးအတွက်သာ အကျိုး ရှိကောင်းရှိမှာပါ။ ပြည်သူအတွက်တော့ မလိုအပ်တဲ့ ထောက်ခံစာ၊ မလိုအပ်တဲ့ ခွင့်ပြုချက်၊ မလိုအပ်တဲ့ ဧည့်စာရင်း စတာတွေနဲ့ ဝန်ထုပ်ဝန်ပိုး ဖြစ်နေပါတယ်။ အလုပ်လည်း ဒီလောက် မများလှဘဲ ငုတ်တုတ်ထိုင်ပြီး ချောင်းဝက ဖျင်းမှားလို ပြည်သူအိတ်ကပ်ထဲက ပိုက်ဆံကို မျှော်နေကြတာပါ။ အိမ်ထောက် မယ့်သူက ကျပ်နှစ်သောင်းပေးရတာမျိုး၊ ဘာကိစ္စပေါ်ပေါ် ကိစ္စအပေါ် လိုက်ပြီး အနည်းဆုံး နှစ်သောင်းပါပဲ။ မကျေမနပ်နဲ့ပေးရတဲ့ ပြည်သူတွေရဲ့ အမြင်မှာ ရပ်ကွက်ရုံးတွေကို ဦးသိန်းစိန် အစိုးရရဲ့ အစိတ်အပိုင်းအဖြစ် မြင်ပါတယ်။ သူတို့ ဘယ်လောက်စားစား ဦးသိန်းစိန် အစိုးရ စားတာပါပဲ။ အစိုးရကို နာမည်ဖျက်မှာကတော့ ရပ်ကွက်ရုံးတွေပါပဲ။

ရပ်ကွက်ရုံးတစ်ခုဟာ အစိုးရအတွက် အလုပ် လုပ်တာလား။ ပြည်သူအတွက် အလုပ် လုပ်တာလား၊ စဉ်းစားပါ။ ပြည်သူကို အလုပ်အကိုင် ရှာပေးဖို့လား။ ကျန်းမာရေး စောင့်ရှောက်ဖို့လား။ သက်ကြီးရွယ်အိုတွေကို အလုပ်အကျွေးပြုဖို့လား။ စားဝတ်နေရေး

မဖူလုံသူတွေကို ကူညီဖို့လား၊ ဒါမှမဟုတ် ရပ်ကွက်ထဲက ပြည်သူတွေကို ဖိနှိပ်ဖို့ ကိရိယာတစ်ခုများလား။

## လွယ်လွယ်နဲ့ ရခဲ့ရင်

အစိုးရတစ်ရပ်ဟာ အုပ်ချုပ်ခွင့်အာဏာကို လွယ်လွယ်နဲ့ ရခဲ့ရင် ရွေးကောက်ပွဲမှာလည်း မဲကို လွယ်လွယ်နဲ့ ရခဲ့ရင် တန်ဖိုး သိပ်မထားတတ်ပါဘူး။ ပြည်သူဆန္ဒမဲကို အကြိတ်အနယ် ယှဉ်ပြိုင်ပြီး ခက်ခက်ခဲခဲနဲ့ရမှ တန်ဖိုးထား လေးစားမှာ ဖြစ်ပါတယ်။ တန်ဖိုးထား လေးစားတဲ့ အတွက် စေတနာလည်း ထားရပါတယ်။ အရည်အချင်းကိုလည်း ကြိုးစား ဖြည့်တင်းပြီး ကိုယ်ကျိုးလည်း စွန့်ရပါတယ်။ ဒီလို အစိုးရမျိုးမှသာ e-government လုပ်ဖို့ အဆင်ပြေမှာပါ။ e-government အကြောင်းကို ရေးခဲ့ဖူးပါတယ်။ လုပ်နိုင်ရင် အလွန် ကောင်းမွန်တဲ့ စနစ်ပါပဲ။ ဘာပဲပြောပြော လက်ရှိ အစိုးရအနေနဲ့ e-government အကြောင်း ပြောဖော် ရတာတောင် ဝမ်းသာရမလိုပါပဲ။ e-government ဆိုတာ ဘယ်လိုဟာမျိုးပါလိမ့်။

အစိုးရဌာနဆိုင်ရာတွေ အားလုံး၊ ဘဏ်တွေ အားလုံးကို IT နည်းပညာနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်တာပါပဲ။ ရုံးတွေမှာ မလိုအပ်ဘဲ လူတွေ အချိန်ကုန်ခံရမယ့် ကိစ္စတွေ မရှိတော့ပါဘူး။ ဖုန်းခ၊ မီတာခ၊ မြေငှားခ၊ အိမ်လခ အားလုံး နီးစပ်ရာ ဘဏ်တစ်ခုကနေ သွင်းလိုက်ရင် မိနစ်ပိုင်းနဲ့ ပြီးစီးသွားမှာပါ။ ရုံးတွေကို လူကိုယ်တိုင် မလိုအပ်ဘဲ မလာရအောင် လုပ်တဲ့ နည်းစနစ်ဆိုရင်လည်း မှန်ပါတယ်။ ပြည်သူအတွက် ဦးထိပ်ပန်ဆင်ထားတဲ့ အစိုးရအတွက်ဆိုရင် e-government က အထောက်အကူ ဖြစ်ပါတယ်။

ဉပမာ-သာမန် အိမ်ရှင်မတစ်ယောက် ဈေးဝယ်ရင်း အိမ်အပြန် ဈေးဆိုင်တွေ ရှိတဲ့ ကွက်လပ်တစ်ခုထဲမှာ စက်ဘီးလဲကျသွားပြီး ဒူးနဲ့ပေါင်မှာ ဒဏ်ရာ ရရှိသွားတယ်။ ဘာနဲ့မှ နိုက်မိတိုက်မိတာ မဟုတ်ဘဲ သူ့ဘာသာ လဲကျတာပါ။ စေတနာမရှိ ဉာဏ်မရှိတဲ့ အစိုးရတစ်ရပ်ရဲ့ ဌာနဆိုင်ရာတွေဟာ ဒီအိမ်ရှင်မအပေါ် ဘယ်လို မှတ်ချက်ပေးကြမလဲ။ သူ့ဘာသာ လဲကျတာ၊ ကျွန်တော်တို့နဲ့ အနေသာကြီးပဲ။ ဒါမှမဟုတ် စက်ဘီးစီးတာ ဂရုစိုက် စီးမှပေါ့၊ ပစ္စည်းတွေကို အသေအချာ ချိတ်မှပေါ့၊ စသဖြင့် ပြောကြမယ်ပေါ့။ မှန်ပါတယ်၊ ကျောက်ခေတ် ဦးနှောက်နဲ့ စဉ်းစားရင် သူ့ဘာသာသူ လဲကျတာ ဘာဆိုင်လဲပေါ့။

ကဲ အခု ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်ဖို့ အပြော မဟုတ်ဘဲ လက်တွေ့လုပ်နေတဲ့ စေတနာကော အသိဉာဏ်ကော မြင့်မားတဲ့ e-government စနစ်လည်း သုံးနေတဲ့ အစိုးရတစ်ရပ်ရဲ့ ဌာနဆိုင်ရာတွေ ဘယ်လို အလုပ် လုပ်သွားလဲ ကြည့်ကြရအောင်။

ဒီအိမ်ရှင်မဟာ အစိုးရက ကျန်းမာရေး အာမခံ လုပ်ပေးထားတဲ့အတွက် ဆေးခန်းမှာ အခမဲ့ ဆေးကုသခံဖို့ ချက်ချင်း သွားခဲ့ပါတယ်။ ဆရာဝန်က ဝတ်ကျေတမ်းကျေ မဟုတ်ဘဲ အသေအချာ စမ်းသပ် စစ်ဆေးပြီး ဖြစ်စဉ်ကိုပါ မေးပြီး ကွန်ပျူတာဖိုင်ထဲမှာ ထည့်ပါတယ်။ သူ့ရဲ့ web-site က ဌာနဆိုင်ရာ အားလုံးနဲ့ ချိတ်ဆက်ထားတာပါ။

နှစ်ပတ်၊ သုံးပတ် အတွင်းမှာ အိမ်ရှင်မဆီကို ကျန်းမာရေးအာမခံ၊ လူမှုဖူလုံရေး၊ စည်ပင် စတဲ့ ဌာန ပေါင်းစုံက စာတွေ အထပ်လိုက် ရောက်လာပြီး ပါလာတဲ့ ပုံစံတွေ

ဖြည့်ပြီး ပြန်ပို့ရပါတယ်။ ပြန်ပို့ဖို့ တံဆိပ်ခေါင်းပါ ထည့်ပေးထားပါတယ်။ သဘောကတော့ ဒီဒဏ်ရာကနေ တဖြည်းဖြည်း ကြီးကျယ်လာခဲ့ရင် လျော်ကြေးပေးဖို့ ရှိပါတယ်။ ဖြည့်ရတဲ့ ပုံစံမှာလည်း ဥပမာ-ပလက်ဖောင်းရဲ့ မပြေပြစ်မှုကြောင့် စက်ဘီးလဲကျရတာလား။ ဆိုင်ရဲ့ ရှေ့မှာ လုပ်ထားတဲ့ အခင်းအကျင်းကြောင့် အနှောင့်အယှက်ဖြစ်ပြီး လဲကျရတာလား။ လူရှုပ်လို့လား။ ယာဉ်ကြောပိတ်ဆို့မှု ကြောင့်လား။ အိမ်ရှင်မ ခများ ဒဏ်ရာ ပျောက်တာတောင် စာတွေ ပြန်ထည့်နေရတုန်းပါပဲ။ အစိုးရ အဖွဲ့က လူတစ်ယောက်ကို ပစ်ပယ်မထားတဲ့ သဘောပါ။ ရထားတွေ ကားတွေပေါ်မှာလည်း မကြာခဏ သက်ဆိုင်ရာ ဌာနတွေက စစ်တမ်းလိုက်ကောက်ပါတယ်။ လူတွေကို ရေတွက်တယ်၊ ကျေနပ်မှု ရှိ မရှိ အကြံဉာဏ် ပေးချင်တာတွေ ရေးမှတ်ပြီး ယူသွားပါတယ်။ ပြည်သူ့အသံကို လာပြောတဲ့အထိတောင် မစောင့်ပါဘူး။

ပြည်သူကို ဂရုမစိုက်ရင် ပြုတ်မှာဆိုတော့ ကြိုးစား လိုက်ကြတာဗျာ။ မိတ်ဆွေ တစ်ယောက်က ပြောတယ်။ စိတ်ပင်ပန်းရင် သချိုင်း (သူတို့ဆီမှာ သချိုင်း မြို့ထဲ ထားပါတယ်) မှာ သွားထိုင်ပြီး အနားယူတယ်။ သစ်ပင် ပန်းမန်တွေနဲ့ သာယာလှပလွန်းလို့ ကြာကြာတောင် မထိုင်ရဲဘူးတဲ့။ သေချင်စိတ် ပေါက်ပေါက်လာလို့တဲ့။ (အဲလောက်ထိ လှပါတယ်) ဆေးရုံတွေကို လူမမာ သွားမေးရင်လည်း ကြာကြာ မထိုင်ရဲဘူးတဲ့။ သန့်ရှင်း သပ်ရပ် လွန်းပြီး ဆရာဝန်၊ ဆရာမတွေက နတ်သား နတ်သမီး များလား အောက်မေ့ ရလောက်အောင် သဘောမနော ကောင်းလွန်းလို့ ဆေးရုံတက်ချင်စိတ် ပေါက်လာတယ် ပြောကြပါတယ်။ အဲဒါ ကျုပ်တို့ နိုင်ငံထက် ဆိုးတဲ့ ပြာပုံဘဝကနေ ထူထောင်ခဲ့တဲ့ နိုင်ငံတစ်ခု ဖြစ်ပါတယ်ဗျာ။

■ ပြည်သူ့ခေတ်ဂျာနယ်

အတွဲ ၃၊ အမှတ် ၁၃၄

# အံ့ဩလွန်းလို့ သေတော့မယ်

**အိပ်မက်**

သမ္မတကြီးက ရုတ်တရက် စင်ကာပူကို ဆေးကုသခံချင်လို့ သုံးလတိတိ သမ္မတ ရာထူးနေရာမှာ ကျုပ်ကို လွှဲပေးခဲ့တယ် ဆိုပြီး အိပ်မက် မက်တာဗျ။ ကျုပ်က ချက်ချင်း လက်မခံသေးဘူး။ သမ္မတကြီးရယ်၊ ဒုသမ္မတ နှစ်ယောက်တောင် ရှိတာပဲ သူတို့ထဲက တစ်ယောက်ယောက်ကို လွှဲပေးခဲ့ပါလားဆိုတော့ ဒုသမ္မတ နှစ်ယောက် ဖြစ်နေလို့ ခက်နေတာလေ၊ တစ်ယောက်က အရပ်က၊ တစ်ယောက်က တပ်ကဆိုတော့ စိတ်ဝမ်းတွေ ကွဲမှာစိုးလို့ ဆုံးဖြတ်ရ ခက်နေတာလို့ ဖြေပါတယ်။

စဉ်းစားရခက်နေတဲ့ သမ္မတကြီးဟာ စတုတ္ထမဏ္ဍိုင်ကိုလည်း သံယောဇဉ် အရှိဆုံး၊ အယုံကြည်ဆုံးဆိုတော့ နောက်ပြီး စတုတ္ထမဏ္ဍိုင်မှာလည်း ဒီရာထူးနဲ့ သင့်တော်တာ ကျုပ်တစ်ယောက်ကိုပဲ မြင်တယ်ဆိုတော့ (ဒီလို မှန်ကန်တဲ့ အမြင်ရှိလို့လည်း သမ္မတဖြစ်တာပဲ) ကျုပ်က စိတ်မပါ့တပါနဲ့ လက်ခံလိုက်ရပေမယ့် ရင်ကတော့ တော်တော်လေးနေပါတယ်။ (အိပ်မက်ထဲမှာတောင် သမ္မတရာထူး ခဏယူဖို့ ရင်လေးနေတယ်ဆိုတော့ အပြင်မှာ တကယ် လွှဲပေးမယ်ဆိုရင် ထွက်ပြေးရမယ့် သဘောရှိပါတယ်)

ရင်လေးတာကိုလည်း အပြစ်မပြောနဲ့လေ၊ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ခြောက်ဆယ် ကျော် ဘယ်အစိုးရမှ လျှပ်စစ်မီးမှန်အောင် လုပ်မပေးနိုင်သေးဘူး။ ကျေးရွာ အားလုံး လျှပ်စစ်မီးရောက်အောင် လုပ်မပေးနိုင်ခဲ့ဘူး။ ခု အစိုးရလည်း လုပ်မပေးနိုင်ဘူး။ ကျုပ်ကို

ရာထူး လွှဲပေးတဲ့ အခမ်းအနားတောင် မီးပျက်နေလို့ မီးစက်နှိုးပြီး လုပ်ရတယ်။ လယ်သမားတွေက အလုပ်လက်မဲ့ မြေမဲ့ ယာမဲ့တွေ ဖြစ်ကုန်ပြီး ငြိမ်းချမ်းရေးက မရသေးတဲ့ကြားထဲမှာ Bullet လွှတ်မယ့် စစ်သွေးကြွသူတွေကလည်း အနှောင့်အယှက်။ တန်ဖိုးနည်း ဖုန်းတွေကလည်း၊ အချိန်ဆွဲဆွဲ သွားလိုက်တာ လူတွေတော့ မေ့လောက်ပါပြီ။ မီးရထားတွေ ဘတ်စကားတွေကလည်း သူများ နိုင်ငံက လာလုပ်ပေးမယ်ဆိုတဲ့ မျှော်လင့်ချက်လေးပေးပြီး ဘာမှ တိုးတက်အောင် မလုပ်နိုင်၊ လုပ်လည်း မလုပ်တတ်ဘဲ လက်မှိုင်ချနေကြရတဲ့အချိန်ပါ။

ကျန်းမာရေးကလား။ ပါတာ အကုန်ထုတ်၊ စည်းစိမ်ပြုတ်၊ မထုတ်လို့ကတော့ သေဖို့သာ ပြင်ပေတော့ပဲ။ ပညာရေးက ကျောင်းသား ဖဟိုပြုပြီး စာမေးပွဲမှာ နိုးချတဲ့ ပညာရေး ဘွဲ့လွှန်ထိ ဆရာဝန် အင်ဂျင်နီယာက အစ ကျူရှင်ယူရတဲ့ ပညာရေးစနစ်။ တရားစီရင်ရေး မပေးရတဲ့ နေရာမရှိ ထောင့်စေ့အောင် လာဘ်ပေးလာဘ်ယူ လုပ်ရတဲ့ တရား စီရင်ရေးစနစ်။

အလုပ်သမား အခွင့်အရေး လယ်သမား အခွင့်အရေးတွေကို သက်ဆိုင်ရာ တာဝန်ရှိသူတွေက ထဲထဲဝင်ဝင် စိတ်ဝင်စားခြင်း ရယူပေးနိုင်ခြင်း လမ်းစ မမြင်သေးပါဘူး။

ခြင်တွေ ယင်တွေကပေါ၊ အမှိုက်ပုံတွေ၊ မစီးတော့တဲ့ ရေမြောင်းတွေ၊ ချွေးလေ ချွေးလွင့်တွေ၊ စည်းကမ်း မရှိ ခင်းကျင်းပြီး ကျန်းမာရေးနဲ့ မညီတော့တဲ့ အနံ့အသက် ဆိုးဝါးပြီး အဆင့်အတန်း နိမ့်ကျတဲ့ စည်ပင်ဈေးတွေ မြို့နယ်တိုင်းမှာ ရှိနေတာတွေ။ အိမ်ပြင် အိမ်ဆောက်၊ မီးသွယ် ရေသွယ်က အစ အသက်ရှူတာကလွဲလို့ ကိစ္စရပ်တိုင်း မှာ လာဘ်ပေးလာဘ်ယူမှုကြီးက ဘယ်သူမှ ဂရုမစိုက်ဘဲ ကြီးထွားမြဲ ကြီးထွားနေတာတွေ။

ဘိုးစဉ်ဘောင်ဆက် မြန်မာစစ်စစ်တွေက နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ ဖြစ်နေတာတွေ။ လိုင်းကြေး မတတ်နိုင်လို့ နိုင်ငံသား စိစစ်ရေးကတ် လက်မဲ့ဖြစ်နေပြီး မြန်မာ စကားနဲ့ တိုင်းရင်းသား စကားကို လုံးလုံး မတတ်သူတွေက နိုင်ငံသား စိစစ်ရေးကတ် လက်ဝယ်ရှိနေတာတွေ။

ဒီလို ရှေ့မတိုး နောက်မဆုတ် ကဖျက်ယဖျက် အခြေအနေကြီးကိုကြည့်ပြီး စိတ်ပျက်နေတဲ့ ကြားထဲမှာ ကျုပ်ကို စစ်ရေးအမြင်မရှိလို့ ဒီလို ရာထူးနဲ့ မသင့်တော်ပါဘူးလို့ ကန့်ကွက်တဲ့သူတွေက ရှိသေးတယ်ဗျာ။ ဒါနဲ့ ဓားရေး လှံရေးတွေ ထွက်ပြ သေနတ်ပစ်ပြ ဖုံးခွဲပြ လုပ်လိုက်တော့မှ သူတို့ သဘောကျသွားတယ်။ သူတို့ သိတာလည်း ဒီလောက်ပဲလေ။

ကျုပ်ကလည်း စတုဌ္ဌမဏ္ဍိုင်ကလာပြီး သမ္မတ တာဝန် ထမ်းဆောင်နိုက်မှာ မညံ့တဲ့ အကြောင်း ပြရမှာပေါ့။ ညံ့ရင်လည်း စတုဌ္ဌမဏ္ဍိုင်အကြောင်း ကိုယ် အသိဆုံးပဲလေ ဝိုင်းပြီး ထုကြ ထောင်းကြမှာပေါ့။ သမ္မတကြီး လက်စ မသတ်နိုင်သေးတဲ့ အလုပ်၊ မအောင်မြင်သေးတဲ့ အလုပ်တွေကို အောင်မြင်အောင် လုပ်ရမှာဆိုတော့ ခေါင်းမီးတောက် အောင် စဉ်းစားရတာပေါ့။

သမ္မတကြီး လက်စမသတ်နိုင်တာ ဘာကြောင့်လဲ။ မအောင်မြင်တဲ့ ကိစ္စတွေဟာ ဘာကြောင့်လဲ စဉ်းစားရင်း အဖြေထွက်လာတယ်။ ကျုပ် တာဝန်ယူတဲ့ ကာလသုံးလမှာ ဝန်ကြီးဌာနက ဝန်ကြီးတွေ အားလုံးကို လစာအပြည့်နဲ့ ခွင့်ပေးလိုက်ပြီး အားလုံး ငွေဆောင်

မှာ သွားအနားယူ အပန်းဖြေနိုင်းလိုက်တယ်။ ဖုန်းတွေလည်း ယူသွားခွင့် မပြုဘူး။ ကျုပ်က သမ္မတ တာဝန်အပြင် ဝန်ကြီးတွေ အားလုံးရဲ့ တာဝန်ပါ ယူထားလိုက်တယ်။ တာဝန်ထမ်းဆောင်တဲ့ နေ့ကစပြီး အကြံပေးတွေ ပြောတာကို ပြောင်းပြန်လုပ်တယ်။

တီရှပ်ဝတ်ပြီး ထီးကလေး တစ်ချောင်းနဲ့ ကျုပ် စီးနေကျ တက္ကစီဆရာကို အဖော်ခေါ်ပြီး ပြည်သူတွေကြားမှာ တိုင်းခန်းလှည့်တယ်။ ရွှံ့ဗွက်တွေနဲ့ နံစော်နေတဲ့ ဈေးတွေထဲ လျှောက်သွားတယ်။ ကမ္ဘာ့အသားနားဆုံး မြို့ပတ်ရထားစီးတယ်။ ဘတ်စကားစီးတယ်။ ပြည်သူ့ ဆေးရုံတွေထဲ အခန်းစုံအောင် လိုက်ကြည့်တယ်။ ခါတိုင်း သမ္မတကြီးကို ခေါ်ပြနေကျ မဟုတ်တဲ့ စိုက်ကွင်းတွေ၊ ကျောင်းတွေ လယ်သမား အလုပ်သမားတွေရဲ့ ဘဝစစ် ဘဝမှန်တွေကို လိုက် ကြည့်တယ်။ ငိုချင်းချချင်စိတ်တောင် ပေါက်လာတယ်။ ဒီလို သွားရာမှာ ရုပ်ဖျက်ဖို့တော့ မလိုဘူးဗျ။ ကျုပ်တို့ နှစ်ယောက်ကို လူမပြောနဲ့ ခွေးတွေကတောင် မမှတ်မိလို့ ရှောင်မပေးကြဘူး။

ဌာနဆိုင်ရာ အောက်ရုံးတွေ အထက်ရုံးတွေ ဝင်ထွက်ကြည့်တယ်။ ကျုပ်ကို သမ္မတ အသစ်မှန်းမသိတော့ တောင်းလိုက်တဲ့ အကြံအဖန်ဗျာ။အားမနာ ပါးမနာ တိုးတိုး တစ်မျိုး ကျယ်ကျယ်တစ်ဖုံ၊ ချော့လိုက် ခြောက်လိုက် မြှောက်လိုက် နှိမ်လိုက် ပွဲစားနဲ့တစ်မျိုး တိုက်ရိုက်မှ ဆိုသူဆို၊ သမ္မတရာထူးတောင် ချက်ချင်း ပြန်အပ်ချင် လောက်အောင် စိတ်ဓာတ်ကျသွားတယ်။ သန့်ရှင်းတဲ့ အစိုးရဖြစ်ဖို့ နေနေသာသာ ဝဲဲ့တဲ့တဝ မရောက်အောင်တောင် လုပ်နိုင်ပါ့မလား။

ဌာနဆိုင်ရာ အကြီးအကဲ တာဝန်လည်း ကျုပ်ပဲ ကိုင်ထားတော့ လာလိုက်ကြတဲ့ ဖုန်းတွေဗျာ၊ နားထောင် ကြည့်ကြပါဦး။ ဒီတန်ဖိုးနည်း ကိစ္စလေး ဆိုင်းထားပေးပါတဲ့။ တစ်လဆိုင်းရင် သိန်းငါးထောင် ပေးပါ့မယ်တဲ့။ ဟိုနေရာလေး တူးပါရစေ၊ ဒီနေရာလေး ဆွပါရစေ၊ စမ်းသပ်နေတုန်းမှာကို ဒေါ်လာတစ်သန်း ပေးထားပါ့မယ်တဲ့။ ဟိုရာထူးနေရာကို ပြောင်းပေးပါ၊ ရွှေသုံးဆယ်သား ကန်တော့ပါ့မယ်တဲ့။ ဟိုး ရှေးဟောင်း အဆောက်အအုံကြီး လုပ်ကိုင်ခွင့်ပေးပါတဲ့။ ဟိုအားကစားကွင်းကြီး လုပ်ခွင့်ပေးပါတဲ့။ ပြည်သူပိုင် သိမ်းထားတဲ့ အဆောက်အအုံ ပြန်ပေးပါ။ ဟိုပါမစ် ပေးပါ၊ ဒီပါမစ် ပေးပါ။ ဘယ်လောက်ပေးပါ့မယ်၊ ဘယ်လို လုပ်ပေးပါ့မယ်နဲ့ ဝိုင်းဖွဲ့နေလိုက်ကြတာဗျာ ငါးတွေ ဝိုင်းတွတ်နေသလိုပါပဲ။

ကျုပ်လည်း အဆိုပြုလာတဲ့ သူတွေ အားလုံးကို မငြင်းပစ်ဘဲ နှပ်ထားလိုက်တယ်ဗျ။ ကျုပ်မှာ အကြံရှိတယ်။ကျုပ် တာဝန်ထမ်းဆောင်နိုက်မှာ ပြည်သူတွေလည်း လက်တွေ့ အကျိုးရှိအောင် လုပ်ပေးသွားချင်တယ်။ သမ္မတကြီးကိုလည်း စိတ်မပျက်စေချင်ဘူး။

နောက်တစ်ရက်မှာပဲ ပြည်တွင်းက ခရိုနီ နိုင်ငံခြားက ခရိုနီတွေ အားလုံးကို ဖိတ်ပြီး ညစာ စားပွဲ လုပ်တယ်။ ခရိုနီတွေကို အထင်မသေးနဲ့ဗျ။ အလွန်လျှင်ပြီး အလွန် အတွက်အချက် တော်ကြတာကလား။ ကျုပ် စွပ်ထားတဲ့ ခြေအိတ်ကို သိန်းငါးရာ ပေးဝယ်မယ်လုပ်နေလို့ မနည်း တောင်းပန်ရတယ်။ (မိန်းမနဲ့ တိုင်ပင်ပါရစေဦးလို့)

ဒါနဲ့ စာရင်းစစ်ချုပ်ကြီးနဲ့ တိုင်ပင်ရတာပေါ့။ အကူအညီပေးမယ့် နိုင်ငံခြားက ငွေတွေ၊ ပြည်တွင်း ခရိုနီ၊ နိုင်ငံခြား ခရိုနီနဲ့ ညှိထားတဲ့ ငွေတွေ၊ လှူမယ်ဆိုတဲ့ ငွေတွေ၊ ဌာနဆိုင်ရာတွေ

ဘက်ကနေ လှိမ့်ဝင်လာမယ့် ငွေတွေအားလုံး ပေါင်းကြည့်ပြီး လိုတိုးပိုလျှော့ လုပ်လိုက်တော့ ကျုပ်သန်းပေါင်း သန်း ခြောက်ဆယ် ရတယ်ဗျ။ မြန်မာပြည်သူဦးရေနဲ့ ကိုက်အောင် လုပ်ထားတာလေ။ လိုရင် ဗဟိုဘဏ်မှာရှိတဲ့ရွှေတွေတောင် သမ္မတအမိန့်နဲ့ထုတ်ရောင်းဖို့ ကြံထားတာဗျ။ အားလုံး တွက်ချက်ပြီးတာနဲ့ လူတစ်ဦးကို ကျုပ်တစ်သန်းနှုန်းနဲ့ အိမ်တိုင်ရာရောက် လိုက်ဝေပေးတယ်။ နိုင်ငံသား စိစစ်ရေးကတ် မရှိရင်လည်း မြန်မာ တိုင်းရင်းသား စကားပြောတတ်ရင် ပေးတယ်။ မိသားစု ခြောက်ယောက်ရှိရင် ခြောက်သန်း ပေးတယ်။ မတတ်နိုင်ဘူးဗျာ။ အခွင့်အရေးဆိုတာ နှစ်ခါမလာဘူး။ ကိုယ်လုပ်ပိုင်ခွင့်ရှိတုန်း လုပ်ပေးခဲ့ရတာ။ ကျန်တဲ့ အပိုင်းကတော့ သမ္မတကြီး ပြန်လာရင် ကြည့်ရှင်းလိမ့်မယ်။

ပြည်သူတွေ စိတ်ချမ်းသာဖို့ရှည်း လုပ်ပေးလို့ မဖြစ်သေးဘူး။ သမ္မတကြီး စိတ်ချမ်းသာဖို့လည်း ကျုပ်မှာ တာဝန် ရှိတယ်။ ခုထိ ပျက်နေတဲ့ မီးအတွက် မီး စိမ်ကိန်း (လျှပ်စစ်မီး မဟုတ်ပါ) ဆွဲလိုက်တယ်။ တစ်မြို့နယ်တိုင်းမှာ ဧရာမ ဖယောင်းတိုင် စက်ရုံကြီး တစ်ရုံစီ ဆောက်ပေးလိုက်တယ်။

ပြည်သူတွေကတော့ ပျော်မဆုံးပေါ့ဗျာ။ ဘယ်အစိုးရ လက်ထက်မှ ဒီလောက်များတဲ့ငွေ မကိုင်ဖူးဘူးဆိုတော့ ကျုပ်ကိုတောင် ရာထူးက မထွက်စေချင်ကြဘူး။

သမ္မတကြီး စင်ကာပူက ပြန်လာတော့ ကျုပ်က ယာယီသမ္မတအနေနဲ့ လေဆိပ်သွားကြိုရတယ်။ လူတန်းစား ပေါင်းစုံ တောင်သူလယ်သမားတွေလည်း လာကြိုကြတယ်။ သမ္မတကြီးက မေးတယ်၊ ဟိုလန်ကွတ်တီ ဝတ်ထားတဲ့ လူမဟာရုပ် ပေါက်နေသူတွေက ဘယ်သူတွေတုံးဆိုတော့ ဖြေရသေးတယ်။ "လယ်သမားတွေပါခင်ဗျ ထမင်းတစ်နပ် လျှော့စားတာတောင် အကြွေး မကျေသေးလို့၊ အဝတ်ပါ မဝတ်ဖို့ ကျွန်တော် အကြံပေးထားလို့ပါ" လို့။

ခရီးရောက်မဆိုက်ပဲ သူ မရှိခင် သုံးလ အတွင်း ကျုပ် ကြိုးစားပမ်းစား လုပ်ခဲ့တာတွေ အားရပါးရ အစီရင်ခံလိုက်တော့ သမ္မတကြီးခမျာ မူးမေ့ပြီး လဲကျသွားတယ်။ ဒီမှာတင် ကျုပ် အိပ်မက်ကနေ လန့်နိုးတော့တာပါပဲ။

■ ပြည်သူ့ခေတ်ဂျာနယ်

အတွဲ ၃၊ အမှတ် ၁၃၅

# အံ့ဩလွန်းလို့ သေတော့မယ်

## ငါတို့ခေတ်မှာ ညံ့ပုံတွေ

ငါတို့ခေတ်မှာ ငါတို့ ညံ့ပုံတွေကတော့ စာဖွဲ့လို့ ကုန်မယ် မထင်ပါဘူး။ သမုဒ္ဒရာရေကို မင်ဖျော်ရေးတောင် ကုန်နိုင်ပါ့မလား။ တခြား မကြည့်ပါနဲ့။ နိုင်ငံက ခွက်ချည်းကျန်ခဲ့ပြီး၊ ကျန်နေတဲ့ ခွက်ကိုတောင် ကိုယ်ချင်းမစာတဲ့ နိုင်ငံက အတင်းလာလုခံနေရတဲ့ဘဝ ရောက်နေပေါ့ဗျာ။ သမ္မတကြီးတောင် နေဝ်ဝ ဖင်လန် သွားရင်း အကူအညီ သွားတောင်း နေရတယ်ဆိုတော့ တွေးကြည့်ပါဗျာ။ အရင်လူတွေ ဆိုးခဲ့သမျှ ဇွဲကောင်းကောင်းနဲ့ တစ်ယောက်တည်း ခါးစည်းပြီး ခံနေတာတွေတော့ အားတောင်နာမိပါတယ်။ သူ့ကို အားပေးဖို့ကလည်း ကိုယ်ကိုယ်တိုင်က အားမရှိ။ ကိုယ့်ခေတ်မှာ ကိုယ်ညံ့ခဲ့တာ ကိုယ်သာ အသိဆုံးမို့ပါ။ မျိုးဆက်သစ်တွေကိုလည်း မျက်နှာပူမိပါရဲ့။ သူတို့ကိုလည်း မညံ့စေချင်ဘူး။ ကိုယ့်ကို လည်း သူတို့က အထင်ကြီးမှာ မဟုတ်ဘူး။ ကိုယ်က သူတို့ရဲ့ အတုယူစရာ စံပြမှ မဖြစ်ခဲ့ တာပဲ။ ဒီတော့ ငါတို့ခေတ်မှာ ငါတို့ ဒီလို ညံ့ခဲ့ကြတယ်။ ဒါတွေကို မင်းတို့ ပြုပြင် နိုင်ရင် ကမ္ဘာ့အလယ်မှာ တောက်ပြောင်တဲ့ မျိုးဆက်တစ်ခု ဖြစ်လာလိမ့်မယ်။ ဒီလိုပဲ ပုစ္ဆာရဲ့ အဖြေကို ထုတ်နိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

## ညံ့ခဲ့သမျှ

ပထမဆုံး ပြောချင်တာက ငါတို့ခေတ်မှာ ငါတို့ရဲ့ ဉပဓိရုပ်တွေ အရုပ်အမောင်းနဲ့ ကိုယ်ခန္ဓာ ဖွံ့ဖြိုးမှုတွေဟာ နိုင်ငံတကာနဲ့ ယှဉ်လိုက်ရင် အထင်သေးစရာတွေ ဖြစ်နေခဲ့တယ်။

ဒါဟာလည်း စိတ်အလိုကို လိုက်ခဲ့ကြလို့ပဲ။ ဂျပန်လူမျိုးတွေလို အာဟာရကို အဓိကထားပြီး စီမံကိန်းနဲ့ မစားသောက်တတ်ဘဲ လျှာအလိုလိုက်ပြီး စားခဲ့ကြတော့ ပုပုကွကွ သူများ ပခုံးလောက်နဲ့ ပုံပန်းမကျတော့ပါဘူး။ ဒီကြားထဲမှာ တို့လူမျိုးတွေရဲ့ ကွမ်းစားထားတဲ့ သွားကြီးတွေဟာ နိုင်ငံခြားသားတွေ ကြားမှာ ရုပ်သိပ်ပျက်ပါတယ်။ ကွမ်းတံတွေးတွေကို ဟိုနား ပစ်ခနဲ ဒီနား ပစ်ခနဲ ထွေးနေရတာလည်း ကိုယ့်အဆင့်ကိုယ် သတ်မှတ်နေသလိုပဲ။ ကွမ်းတွေ ငုံပြီးပြောတဲ့ စကားဟာ ဝလုံးဝထွေး နိုင်ပြီး မြန်မာစကား မြန်မာလူမျိုး အချင်းချင်းတောင် နားမလည်ပါဘူး။ ဘာအဝတ်ကိုပဲ ဝတ်ဝတ် သပ်သပ်ရပ်ရပ် မဝတ်သင့်ဘူးလား။ ဘယ်လောက် ဆင်းရဲတဲ့ အိမ်ဖြစ်ဖြစ် , သန့်သန့်ရှင်းရှင်း စည်းကမ်းတကျနေရင် မကောင်းဘူးလား။ စာပေတွေ ရုပ်ရှင်တွေထဲက တခြား လူမျိုးတွေရဲ့ စည်းကမ်းရှိပုံ၊ သန့်ရှင်းပုံတွေ အလုပ်ကြိုးစားပုံတွေ စတဲ့ အတုယူစရာ ကောင်းတာတွေကို အတုမယူ ဖြစ်ခဲ့ကြဘူး။ ဝတ်စားဆင်ယင်မှုတွေ၊ အရက်သောက်တာတွေ စတဲ့ အတုမယူသင့်တာတွေကို အတုယူခဲ့ကြတယ်။ ဒီလို ညံ့ခဲ့ကြတယ်။

ငါတို့ခေတ်မှာ စည်းကမ်းဟာ ဖရိုဖရဲ ဖြစ်ခဲ့တယ်။ စည်းကမ်းမရှိကြတော့ ဗိုလ်ချုပ် ပြောခဲ့သလို အခု ငါတို့ နိုင်ငံဟာ ဘာနိုင်ငံ ဖြစ်နေပြီလဲ။ နိုင်ငံကို ချစ်တယ်လို့ ပါးစပ်က တဖွဖွ ပြောနေမယ့်အစား ကိုယ်တိုင် စည်းကမ်း ရှိမှသာ နိုင်ငံချစ်ရာ တကယ်ရောက်မှာပဲ။ ကိုယ့်စည်းနဲ့ ကိုယ် မနေခဲ့ကြတဲ့အတွက် ငါတို့ခေတ်ဟာ မှောင်မိုက်နေခဲ့တယ်။ အချိန်တွေလည်း ဖြုန်းတီးခဲ့ကြတယ်။ အချိန် တန်ဖိုး မသိတော့ ချိန်းရင် ဘယ်တော့မှ မတိကျဘူး။ ငါတို့ဟာ လူပျင်းတွေဖြစ်ခဲ့တယ်။ အုပ်ချုပ်တဲ့သူတွေ အာဏာရှင်တွေကိုပဲ တစ်ချိန်လုံး အပြစ်ဖို့ကြတယ်။ မှန်ပါတယ်။ သူတို့မှာ အပြစ်ရှိပါတယ်။ ဒါပေမဲ့ လူဖျင်း လူညံ့တွေ အုပ်ချုပ်တာကို တွန်းလှန်ဖယ်ရှားခြင်း မပြုနိုင်တဲ့သူတွေက ပိုညံ့ရာ ရောက်ပါတယ်။

## တောလူးမင်းလို ညံ့ခဲ့တယ်

ကာယပိုင်း မဖွံ့ဖြိုးခဲ့သလို တွေးခေါ်မြော်မြင်မှုမှာလည်း အလွန် အားနည်းခဲ့ကြတယ်။ ဟိုလူပြော အဟုတ်ထင်၊ သည်လူပြော အဟုတ်ထင် အလိမ်ခံဖို့ရာ အဆင်သင့်၊ ဗိုလ်ချုပ် ဘယ်သူကတော့ ချောတယ်တော့တဲ့။ လာသေးတယ်။ ကိုယ့်တူ ကိုယ့်သားတွေကို ထောင်ထဲထည့်မှ မှတ်ကရော။ အာဏာရှင်တွေကို ကန့်ကွက်ပြီး လုပ်တဲ့ ဆန်ရှင် (sanctions) ကိုလည်း အပြစ်တင်လို တင်။ ဒေါ်အောင်ဆန်းစုကြည်ကိုတောင် ဆန်ရှင် တရားခံအဖြစ် မြင်သူတွေ တို့ခေတ်မှာ အံ့ဩစရာ ရှိခဲ့တယ်။ ဆန်ရှင် လုပ်တဲ့ နိုင်ငံတွေက ဒီနေ့ အာဏာရှင်တွေ ဆင်းသွားရင် ဒီနေ့ ဖွင့်မယ်ဆိုတာလည်း သဘောမပေါက်ကြ။ ညံ့ပုံက ကျွန်စစ်သား ငါနိုးပါတယ်ဆိုတဲ့ တောလူးမင်းလိုလူစားတွေ တို့ခေတ်မှာ တစ်ပုံကြီး။

စိတ်ဓာတ်တွေလည်း တို့ခေတ်မှာ ပျက်စီးသွားတယ်။ ဒီတော့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုး မထားတော့ဘူး။ မြင့်မြတ်မှု၊ စာနာမှု၊ တည်ကြည်ဖြောင့်မတ်မှုတွေကို ငွေနဲ့ လဲခဲ့ကြတယ်။ တိုင်းပြည် အနာဂတ်နဲ့ ကိုယ့်ယုံကြည်မှုကို လဲမ်းခင်းတဲ့ ကျောက်နဲ့

တက်ညီလက်ညီ လဲခဲ့ကြတယ်။ မြစ်ကို မြင်လျှင် ခွင်ဖန်မယ်၊ သစ်တောတွေရင် ရှင်းပြီး တောင်မြင်ရင် ဖြိုမယ်၊ မြေမြင်ရင် သိမ်းမယ်။

မစားသင့်တာတွေလည်း စားခဲ့ကြတယ် တို့ခေတ်မှာ။ ကလေးတွေဆီက စားတယ်၊ လူမမာတွေဆီက စားတယ်၊ အားကစားသမားတွေဆီက စားတယ်၊ နောက်ဆုံး အလောင်းကောင်ဆီကတောင် ကြုံကြံဖန်ဖန် စားတယ်၊ ဘယ်သူ့သေသေ ငတေမာအောင် စားခဲ့ကြတာ တို့ခေတ်ပေါ့။

## မညီညွတ်တာ တို့ပဲ

တို့ခေတ်တစ်လျှောက်လုံး ဘာနဲ့ တူသလဲ။ ငရဲပြည်မှာ ငရဲသားအချင်းချင်း တစ်ယောက်ရဲ့ သွေးသားတွေကို တစ်ယောက်က တရုန်းရုန်း ဖဲ့စားနေတာနဲ့ တူတယ်။ ကမ္ဘာပျက်နေသလိုပေါ့။ ဒီတော့ တစ်ယောက်နဲ့တစ်ယောက် စိတ်ဝမ်းတွေ ကွဲပြီး စည်းရုံးမှု မရှိခဲ့ကြဘူး။ နိုင်ငံရပ်ခြား ရောက်ရင် ပိုသိသာတယ်။ နှစ်ယောက်ရှိရင် သုံးဖွဲ့ ဖြစ်တာ တို့ကလည်း အများကြီးပါပဲ။ ပထမ နှစ်ယောက်ပေါင်းပြီး တစ်ဖွဲ့ ဖွဲ့တယ်။ နောက်ပိုင်း တစ်ယောက်တစ်ဖွဲ့စီ ထပ်ဖွဲ့လို့ စုစုပေါင်း သုံးဖွဲ့တောင် ဖြစ်သွားပါတယ်။ ဘဝင်တွေကလည်း သိပ်မြင့်ခဲ့ကြတယ်။ ကိုယ်သာ အတော်ဆုံး၊ အတတ်ဆုံး၊ တိုင်းပြည်ကို အချစ်ဆုံးလို့ လူတိုင်း အထင်ရောက်နေကြတဲ့ လူတွေလည်း အများကြီး ရှိတယ်။ တကယ်တမ်း တိုင်းပြည်ချစ်ဖို့ နေနေသာသာ ကိုယ့်ရပ်ကွက်မှာတောင် အိမ်စေ့အောင် ချစ်နိုင်ကြရဲ့လား။ ကျိုးက ဘုတ်မြှောက်၊ ဘုတ်က ကျိုးမြှောက်နဲ့ ကျိုးဘဝင်နဲ့ ဘုတ်ဘဝင်တွေ ဖြစ်ကုန်မှာစိုးရတယ်။ နေရာရှူး၊ ဥက္ကဋ္ဌ ရှူး၊ ခေါင်းဆောင် ရှူးတွေလည်း ရှိသေးတယ်။ ဘဝင်မြင့်တာပဲ တတ်ပြီး ဘာမှမတတ်ကြတာ တို့ခေတ်လို့ အထင်ခံရရင် ရှက်စရာကြီး။

ဝုဒ္ဓက သွန်သင်ခဲ့တာ တခြား၊ လုပ်နေကြတာက တခြားပါ။ ကိုယ့်ဘာသာ ကိုယ့်လူမျိုးကို အထင်သေးမယ့် အပေါက်တွေချည်း လုပ်ခဲ့ကြတယ်။ တိုင်းရင်းသား၊ သွေးချင်းတွေအပေါ်မှာလည်း အပေါ်ယံ ဟန်ပြ ချစ်ပြ နေခဲ့ကြတာ တို့ခေတ်ပါပဲ။ တို့ခေတ်မှာ တိုင်းရင်းသားတွေ အပေါ်မှာ ရိုးသားမှု မရှိဘဲ လိမ်ဖို့တောင် ကြိုးစားခဲ့ကြတာတွေ ရှိပါတယ်။ ဟိုလိုလို ဒီလိုလိုနဲ့ တိုင်းရင်းသားတွေအတွက် ထိရောက်အောင် ဘာမှ လုပ်မပေးနိုင်ခဲ့ကြပါဘူး။ အတ္တ အကျိုးအတွက် တိုင်းပြည်အကျိုးကို မငဲ့ဘဲ အချင်းချင်း လိမ်ခဲ့ကြတယ်။ ကမ္ဘာကိုလည်း ခေတ်မီ ဖွံ့ဖြိုးတဲ့ နိုင်ငံဖြစ်နေပြီလို့ ကြော်ငြာလိမ် ကြော်ငြာစား လုပ်ခဲ့တယ်။ အာဏာပိုင်တွေက ပညာရေးစနစ်ကို ဖျက်ဆီးတဲ့ နေရာမှာ ဆရာ ဆရာမ တွေက ရေနစ်သူ ဝါးကူထိုး လုပ်ခဲ့တယ်၊ လည်သူစားတမ်း ဆိုးညစ်မှု အောက်တန်း ကျမှုတွေက အနာဂတ်ကိုဦးဆောင်မယ့် ကျောင်းသားလောကမှာပါ ကူးစက်ကြီးထွားခဲ့တယ်။ စာမေးပွဲ ခိုးချတယ်။ လူစားနဲ့ ဖြေတယ်။ မေးခွန်းပေါက်အောင် လိုက်ခဲ့တယ်။ စာစစ်တဲ့ ဆရာတွေကို လိုင်းဝင်ဖို့ ကြိုးစားခဲ့တယ်။ ဒါမျိုးတွေ များလာတော့ ပညာရေးလောက ပြောင်းဆန်သွားခဲ့တယ်။ တို့ခေတ်မှာ ပညာရေးဟာ အဆိုးဆုံးဖြစ်ခဲ့တယ်။ အမြီးကျက် အမြီးစား ပညာရေးစနစ် ဖြစ်သွားခဲ့တယ်။

## ဟသ်ာကိုးသောင်း ဝင်စားတဲ့ မြန်မာ

အာဏာမြဲရေး၊ ရာထူးမြဲရေး၊ စားကျက် မပျောက်ရေးအတွက် မြန်မာ အချင်းချင်း ဟသ်ာကိုးသောင်း ဇာတ်ခင်းခဲ့တာတွေလည်း အများကြီး။ လူတော်လူကောင်း တိုင်းပြည်ရဲ့ အညွန့်အဖူးတွေကို အာဏာပိုင်တွေက ရက်ရက်စက်စက် နှိပ်ကွပ်ခဲ့ကြတယ်။ မရှိတဲ့ ပုဒ်မတပ်ပြီး မကြားဖူးတဲ့ ထောင်ဒဏ်တွေနဲ့ နှိပ်စက် ညှဉ်းပန်းခဲ့တာ မင်းမဲ့စရိုက် အစစ်ပါပဲ။ ခြေလွှန့်လက်လွှန့်နဲ့ လူမမည် ကျောင်းသားလေးတွေဟာ အစိမ်းခြွေ အခြွေခံခဲ့ကြရတယ်။ တိုတစ်တွေဟာ ကျောင်းသား လူငယ်တွေကိုလည်း၊ မကာကွယ်နိုင်ခဲ့သလို မျိုးချစ် သံဃာတော်တွေကိုလည်း၊ မကာကွယ်နိုင်တဲ့အတွက် တိုင်းပြည်ရဲ့ အဖိုးမဖြတ်နိုင်တဲ့ သံဃာတော်တွေ အသက် ဆုံးရှုံးရတယ်။ ကျည်ဆန်ခေတယ် မီးကြရှုရတယ်။ တို့ခေတ်ပါပဲ။

တို့ခေတ်မှာပဲ မြန်မာစကားမတတ်တဲ့ လူမျိုးခြားတွေ လာဘ်ပေးလာဘ်ယူလုပ်ပြီး နိုင်ငံထဲမှာ ပေါ်ပေါ်ထင်ထင် လာပြီး နေထိုင်ကြတယ်။ မြန်မာ လက်ငုတ်တွေကို ငွေများများ ပေးပြီး ကန်ထုတ်ခဲ့ကြတယ်။ ဆင်းရဲမွဲတေနေတဲ့ ကာလ ဆိုတော့ သူတို့အတွက် အကွက်ကောင်းပေါ့။ တို့မြန်မာတွေ ရင်နင့်နင့်နဲ့ မြို့လယ်တွေကနေ ဖယ်ပေးခဲ့ကြရတယ်။ နောက်က ကျွန်တွဲလောင်းနဲ့ အကျင့်ပါခဲ့တဲ့ အာဏာပိုင်တွေဟာ ဝန်ထမ်းတွေကို တစ်လုညစီ အိမ်မှာ ခေါ်ခိုင်းပြီး မြန်မာ အချင်းချင်း ကျွန်ဇာတ်သွင်းခဲ့ကြတယ်။ တို့ခေတ်မှာပဲ လာဘ်ပေးလာဘ်ယူ ယဉ်ကျေးမှုကြီး အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ကြတယ်။ ပျော်ပျော် ကြီး မရှက်မကြောက် ထိပ်ဆုံးကနေ အောက်ဆုံးထိ လာဘ်စားခဲ့ကြတယ်။ မထင်တဲ့ စည်းစိမ်၊ လာဘ်တွေ ဝင်လာတော့ အထင်တစ်မျိုးရောက်ပြီး ဘိုးတော် သာသနာက ရှေ့တန်းမှာ နေရာယူ ထွန်းကားခဲ့တယ်။ သံဃာတွေ နောက်ဆုတ်ခဲ့ကြရတယ်။ တို့ခေတ် ညံ့ပုံက ကိုယ့်ကိုယ်ကိုယ် ညံ့လို့ ညံ့မှန်းတောင် မသိဘဲ အောက်ခြေ လွတ်ခဲ့တယ်။ စိတ်ဝမ်းကွဲခဲ့ကြတယ်။ မျိုးဆက်သစ်တွေ ဒါတွေ မြင်နိုင်ရင် တို့လူမျိုး အောက်တန်း မကျတော့ဘူးလို့ အာမခံတယ်။

■ ပြည်သူ့ခေတ်ဂျာနယ်
အတွဲ ၃၊ အမှတ် ၁၃၆

# အံ့ဩလွန်းလို့ သေတော့မယ်

**မိုးနတ်မင်းကြီးရေ ကယ်ပါဦး**

မိုးနတ်မင်းကြီးက တရုတ်နဲ့ ကိုရီးယား မျိုးရိုး ဆိုပြီး ကိုယ့် လူမျိုးတွေချည်း ကယ်မနေပါနဲ့။ ကျုပ်တို့ မြန်မာ လူမျိုးတွေ ကိုရီးယား ဇာတ်လမ်းတွဲ အလွှတ်ရလုနီးပါး အားပေးကြတဲ့ မျက်နှာထောက်ထားပြီး ကယ်ပါဦး မိုးနတ်မင်းကြီးရဲ့။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းတဲ့ မိုးနတ်မင်းကြီးရေ လွှတ်တော်ကို တင်လိုက်ပြီတဲ့။ ကျုပ်တို့ စာနယ်ဇင်းသမားတွေမှာ သွေးပြောင်းပြန်စီးကုန်ပြီလား မှတ်ရတယ်ဗျား။ လွှတ်တော် ကိုယ်စားလှယ်ကြီးတွေ အပေါ်ယံ မဟုတ်ဘဲ အလေးအနက် စဉ်းစားပေးကြပါ။ လုပ်ငန်းကြီးကြပ်ဖို့တဲ့ ဖွဲ့ထားတာ တပ်ရင်းတစ်ရင်းစာပဲ။ လက်နက်ကိုင်တွေဗျာ စစ်သားတွေ၊ ရဲတွေ၊ ကျန်တဲ့ အဖွဲ့တွေကိုတောင် လက်နက် တပ်ဆင်မပေးပါစေနဲ့ ဆုတောင်း ရပါတယ်။ ဓားသွားထက် ကလောင်သွားက ထက်တယ်လို့ ကြားမိတော့ ကလောင်သွားထက် ထက်တဲ့ Bullet နဲ့ တွေ့ရမှာ ကြောက်တယ် မိုးနတ်မင်းရေ။ စတုတ္ထ မဏ္ဍိုင်ကို အကောင်းမြင်ထားတဲ့ သမ္မတကြီး ကိုယ့်စကားကိုယ် မမေ့ပါစေနဲ့။ ပြောပြီးစကား ပြောင်းလည်း မပြောင်းကြနော်။

ကျုပ်တို့နိုင်ငံ ကြံ့ခိုင်ရေးက စနစ်ပြောင်းပြီလားဆိုတော့ မပြောင်းသေးပါဘူး။ နိုင်ငံတကာကို လူသိရှင်ကြား ပြောင်းပါ့မယ်လို့ ပြောထားရုံပါပဲ။ လူတွေ ပြောင်းပြီလား ဆိုတော့လည်း အရင်လူ ၉၀ ရာခိုင်နှုန်းပါပဲ။ နှစ်ငါးဆယ်ကျော်အတွင်း အသွင်အမျိုးမျိုး ပြောင်းလိုက်၊

စနစ်အမျိုးမျိုး ပြောင်းလိုက်နဲ့။ တပ်မတော် အရာရှိကြီးများဟာလည်း နိုင်ငံရေးနဲ့ အုပ်ချုပ်ရေးဘက်မှာ အလုပ်ရှုပ်သွားလိုက်တာ တပ်မတော်ကြီး ခေတ်မီပြီး IT army ဖြစ်အောင် ကြိုးစားဖို့တောင် မေ့သလောက်ဖြစ်ခဲ့တယ် ထင်မိတယ်။ တခြား အာရှနိုင်ငံတွေရဲ့ army တွေနဲ့တော့ ကွာဟ သွားခဲ့ပါပြီ။ ကိုယ်က သတ္တိရှိလို့ လှံစွပ်ထိုးချင်ရင်တောင် ရန်သူက လူကိုယ်တိုင်လာတဲ့ခေတ် မဟုတ်တော့ပါဘူး။ အတတ်ပညာတွေပဲ လွှတ်လိုက်တာပါ။ ကိုယ်ပျောက် လေယာဉ်တွေ၊ မောင်းသူမဲ့ လေယာဉ်တွေနဲ့ တိုက်မယ်၊ အသံလှိုင်းနဲ့ တိုက်မယ်၊ ကြိုးပြတ်တုကနေ လေဆာနဲ့ တိုက်ခိုက်မယ်၊ ဘယ်သူ့ သွားပြီး လှံစွပ်နဲ့ ထိုးမှာလဲ၊ သေနတ်နဲ့ ပစ်မှာလဲ၊ သနားစရာပဲ။

ပုံနှိပ်သူများ။ ထုတ်ဝေသူများ။ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့မှာ တပ်မတော်သားနဲ့ စသုံးလုံးလို လက်နက်ကိုင်တွေ ထည့်ထားတာ မဆီလျော်တဲ့အပြင် အရှန်ဆိုးအကျည်းတန် နေပါတယ်။ တခြားနိုင်ငံတွေမှာ ပုံနှိပ်ထုတ်ဝေသူတွေကို မှတ်ပုံတင် ခိုင်းတယ်ဆိုတာက အမြတ်ခွန်ကောက်ဖို့ပဲ ရည်ရွယ်တာပါ။ အမြတ်ခွန်ဌာနက လူတွေ ပါဝင်ခြင်း မရှိတဲ့ ဒီကြီးကြပ်ရေး အဖွဲ့ဟာ အမြတ်ခွန်ကို စိတ်မဝင်စားဘဲ ဘာကို စိတ်ဝင်စားနေလဲဆိုတာ ဇာတ်ရုပ်ပေါ်လာပါတယ်။

ငြိမ်ဝပ်ပိပြား ခံစားခဲ့ရတဲ့ ပြည်သူတစ်ယောက်အနေနဲ့ ပါးရေနပ်ရေတော့ ရှိလာပြီဗျ။ အရင် ၁၉၆၂ ခုနှစ်ဆီကလောက် အတီးအတာကြီးတော့ မဟုတ်တော့လို့ အထိုက်အလျောက် ခန့်မှန်းတတ်လာပါပြီ။ ကျုပ်တို့တော့ အချိုကြီး အလိမ်ခံရပြီ ထင်တယ်ဗျာ။ ကျုပ်တို့တင် မဟုတ်ဘူး။ တချို့ နိုင်ငံတွေပါ အလိမ်ခံရပြီ ထင်တယ်။ တချို့ နိုင်ငံကြီးတွေကတော့ အတွေ့အကြုံအရ ဟန်ပြလောက်ပဲ ယုံယုံပြပြီး စောင့်ကြည့်တုန်းပဲ။ ၂၀၁၅ ကျမှ အဖြေပေါ်မှာဆိုတော့ အဖြေပေါ်မှာ မူတည်ပြီး ပုံအောကြမှာ ဖြစ်တယ်။

ကျုပ် တွက်ကိန်းကတော့ လက်ရှိ အစိုးရဟာ ကြားဖြတ် ရွေးကောက်ပွဲမှာ ရှုံးနိမ့်ထားတော့ ၂၀၁၅ ခုနှစ် မဲအောင်နိုင်ရေးအတွက် နည်းပေါင်းစုံ သုံးလိမ့်ဦးမှာဖြစ်တယ်။ အရင်ကလည်း မဲနိုင်ဖို့ဆိုရင် ဘာဖြစ်ဖြစ်လုပ်ခဲ့တဲ့ သမိုင်းကြောင်း ရှိတယ်။

ပုံနှိပ်ထုတ်ဝေသူနဲ့ စာနယ်ဇင်းသမား စာရေးသူများဆိုတာ လင်နဲ့မယားပါပဲ။ ဒါကြောင့် ပုံနှိပ်ထုတ်ဝေသူကို ထိန်းချုပ်ဖို့ ကြိုးစားခြင်းဟာ မီဒီယာကို ထိန်းချုပ်ချင်လို့ပါ။

စာပေ အဆိပ်အတောက် ဆိုတာဟာ စာပေစိစစ်ရေး ရှိစဉ်ကတည်းက ပေါ်ပေါ်ထင်ထင် ရောင်းဝယ်နေကြတာပါ။ အဲဒီအချိန်က နုတ်ဆိတ်နေပြီး အခုမှ ဘုမသိ ဘမသိ သံယောင်လိုက် ထောက်ခံသူတွေလည်း ရှိပါသေးတယ်။ ရေနစ်တော့မယ့် မီဒီယာကို ဝါးကူထိုးတာပေါ့ဗျာ။ တိုင်းပြည် နစ်နာမှာတော့ မမြင်ကြဘူး။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို ဦးနောက်သေးသေးလေးနဲ့တော့ သုံးသပ် ဝေဖန်ခြင်း မလုပ်ကြစေချင်ဘူးဗျာ။ နိုင်ငံရေးသမားတွေကို ရာဇဝတ်မှု မြောက်တဲ့ ဥပဒေ ပုဒ်မတွေနဲ့ မကြားဖူးတဲ့ ထောင်ဒဏ် ချခဲ့တာတွေ တရားဥပဒေရဲ့ အပေါ်ကနေပြီး တရားသူကြီးတွေကို အကျပ်ကိုင် အနိုင်ကျင့်ပြီး ကြိုးကိုင်ခဲ့တာတွေ ဘီဘီစီ နားမထောင်ရ

ဒေါ်အောင်ဆန်းစုကြည်ပုံ မဆွဲရ၊ ဒေါ်မာမာအေး သီချင်း နားမထောင်ရ၊ ဆရာမင်းသုဝဏ် ကဗျာ မရွတ်ဖတ်ရ၊ စာရေးဆရာတွေ မဟောရ မပြောရ ဆိုတာတွေဟာ Bullet မှန်ဖူးတဲ့ စာသူငယ်လို ကျွန်တော်တို့ရဲ့ အမှတ်သည်းခြေမှာ ရှိခဲ့ဖူးပါတယ်။

အစိုးရတစ်ရပ်ဟာ ခြေလှမ်းပျက်တော့မယ်ဆိုရင် အရင်ဆုံး မီဒီယာကို ချုပ်ကိုင်ဖို့ ကြိုးစားလေ့ ရှိတာပါပဲ။ မီဒီယာဆိုတာလည်း တခြား မဟုတ်ဘဲ ပြည်သူ့ရဲ့ နားမျက်စိ မဟုတ်လား။ ပြည်သူတွေကို လှည့်စားတော့မယ်ဆိုရင် အမှန်တရားကို ဖော်ထုတ်မယ့် မီဒီယာကို ကျပ်ထားမှ ဖြစ်မယ်လေ။

ကျန်တာတွေ ထားလိုက်ဦးဗျာ။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းရဲ့ အခန်း ၃ 'ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် လိုက်နာရန် စည်းကမ်း အပိုဒ် ၇(ခ) 'တရားဥပဒေ စိုးမိုးရေးကို ပျက်ပြားစေရန်သော် လည်းကောင်း။ ဆူပူအကြမ်းဖက်မှု ဖြစ်ပွားစေရန်သော် လည်းကောင်း လှုံ့ဆော်ခြင်း'၊ အပိုဒ် ၇(င) 'ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် အခြား တည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင် ဖောက်ဖျက်ရာရောက်သည့် အရေးအသား စာများ ထုတ်ဝေခြင်း' မလိုက်နာရင် အရေးယူမယ်ဆိုတော့ မြေသိမ်းခံရတဲ့ လယ်သမားတွေဘက်က ရေးလည်း အရေးယူခံရမယ်၊ လက်ပံတောင်းတောင်မှာ မီးလောင် ခံရတဲ့ သံဃာတွေဘက်က ရေးလည်း အရေးယူခံရမယ်၊ ဖိနှိပ်ခံရတဲ့ ဝန်ထမ်းတွေဘက်က ရေးလည်း အရေးယူ ခံရမယ်၊ အစိုးရကို ဝေဖန်ရင် အခြေခံဥပဒေကို ဝေဖန်ရင် အရေးယူ ခံရမယ်။ ကဲ... ကျွန်တော်တို့ ဘာရေးရမှာလဲ။

အမှန်ကတော့ လက်ရှိ အစိုးရအဖွဲ့ဝင်တွေ ဆိုတာ အများစုကလည်း အရင် အစိုးရထဲကပါပဲ။ မီဒီယာတွေကို ဖိနှိပ်ချင်တဲ့ သဘောထားကလည်း မပြောင်းလဲသေးဘူးလား မသိပါဘူး။ လတ်တလော ဖွင့်ပေးလိုက်ရတာက စီးပွားရေး ပိတ်ဆို့ အရေးယူထားတဲ့ နိုင်ငံတွေရဲ့အမြင် ပြောင်းသွားအောင် မတတ်သာလို့ ယာယီ ဖွင့်ပေးခြင်းမျိုးလား မသိပါဘူး။ ဒီလို ဖွင့်ရင် ဒီလို ညစ်ညမ်းတာတွေလည်း အလျှိုအလျှို ပေါ်လာနိုင်တာ အားလုံး သိပြီးသားပါ။ ညစ်ညမ်းတဲ့ အဆိပ်အတောက်ကို သီးသန့် အရေးယူလို့ မရဘူးလား။ ရဲတပ်ဖွဲ့က ဒီလောက်တော့ မညံ့ကြဘူးလို့ ထင်ပါတယ်။

အေးဗျာ မိုးနတ်မင်းကြီးရယ်၊ ခင်ဗျားလည်း သိလောက်ပါတယ်။ ကျွန်ုပ် ဟောကိန်း ထုတ်ရရင်တော့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ခုနှစ်ရက်သားသမီး စိတ်မချမ်းမြေ့စရာ ကိစ္စတွေ ပေါ်လာလိမ့်ဦးမယ်ဗျ။ အချစ်စစ်တို့ရဲ့ သွားရာလမ်းက မဖြောင့်ဖြူးဘူးဆိုခဲ့ရင် ဒီမိုကရေစီ သွားရာလမ်းက ပိုဆိုးတယ်ဗျို့။ မဖြောင့်ရုံတင်မကဘူး တကယ့် ဝက်ပါပဲ။ အုန်ကြောင်ကြောင် အတာတာ လုပ်နေရင်တော့ ဝက်ပါထဲက မလွတ်ဘူးဗျာ။ မျက်စိလည်း ရှင်ပါမှ ဦးနှောက်လည်း လျင်ပါမှ အရင်အတိုင်းပဲ လူတွေ ပြောသမျှ ယုံရင်တော့ အရင်အတိုင်းပဲ ခံရဦးမှာပဲ။ မိုးနတ်မင်းကြီးရေ ကြည့်လုပ်ဦး။

■ ပြည်သူ့ခေတ်ဂျာနယ်

အတွဲ ၃၊ အမှတ် ၁၃၇


ကောင်းဆက်နိုင်
အံ့ဩလွန်းရှိ
သေသေတော့မယ်